

# သဘာဝသယံဇာတ ဖက်ဒရယ်စနစ် – မြန်မာနိုင်ငံအတွက် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များ

Andrew Bauer, Natalie Kirk and Sebastian Sahla
with contributions from
Khin Saw Htay, Ko Ko Lwin and Paul Shortell

ဇန်နဝါရီ ၂၀၁၈

Natural Resource Governance Institute

## ကျေးဇူးတင်လွှာ

ဤအစီရင်ခံစာ ပြီးမြောက်ရေးအတွက် သုတေသနပြုလုပ်ရာတွင် ပါဝင်ကူညီပေးခဲ့သော ခင်စောဌေး၊ ကိုကိုလွင်နှင့် Paul Shortell တို့အား သူတို့၏ အားပေးကူညီမှုများအတွက် အထူးကျေးဇူး တင်ရှိပါသည်။ ထို့အပြင် Nitish Arora ၊ အေးကြည်သာဆွေ၊ Sumit Bisarya ၊ Vicky Bowman ၊ Rani Febrianti ၊ Jelson Garcia ၊ Hosana Chay ၊ Rebecca Iwerks ၊ Jeremy Liebowitz ၊ Cielo Magno ၊ မော်ထွန်းအောင်၊ Fikri Muhammadi ၊ Sri Murniati ၊ Dorjdari Namkhaijantsan ၊ Matthieu Salomon ၊ Annamari Salonen ၊ Amir Shafaie ၊ Nomuuntugs Tuvaan ၊ Claudia Viale နှင့် Tricia Yeoh တို့ကိုလည်း လမ်းညွှန်မှုနှင့် ပါဝင်ကူညီမှုတို့အတွက် ကျေးဇူးတင်ရှိပါသည်။

This report was made possible by funding from the U.K. government, the Australian government, and the United States Department of State. The opinions, findings and conclusions stated therein are those of the authors and do not necessarily reflect those of the above-mentioned organisations.

UKaid from the British people

Australian Government
Department of Foreign Affairs and Trade

FUNDING PROVIDED BY THE UNITED STATES GOVERNMENT

# မာတိကာ


အကြောင်းအရာ အကျဉ်းချုပ် ........................................................................ ၂

နောက်ခံ အကြောင်းအရာ ........................................................................ ၅

သယံဇာတ စီမံအုပ်ချုပ်မှု လုပ်ပိုင်ခွင့်နှင့် တာဝန်များ ခွဲဝေခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအတွက် ထည့်သွင်းစရာများ ......... ၁၇

လုပ်ငန်းလိုင်စင် ချပေးခြင်း ........................................................................ ၁၉

မြေယာမှတ်ပုံတင်ခြင်း နှင့် မြေယာစီမံခန့်ခွဲခြင်း ........................................................................ ၃၀

ဘဏ္ဍာရေးမူဘောင်များနှင့် အခွန်တော်ကောက်ခံခြင်း ........................................................................ ၃၉

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု ........................................................................ ၅၃

လုပ်ငန်းခွင် ဘေးကင်းရေးနှင့် ကျန်းမာရေး ........................................................................ ၆၀

ဒေသခံအကျိုး ဖွံ့ဖြိုးရေး ........................................................................ ၆၇

တစ်နိုင်တစ်ပိုင်နှင့် အသေးစားသယံဇာတ တူးဖော်ထုတ်လုပ်မှု ........................................................................ ၇၄

နောက်ဆက်တွဲ (၁)။ အကျဉ်းချုပ် ဇယားများ ........................................................................ ၈၂

နောက်ဆက်တွဲ (၂)။ ကျမ်းကိုးစာရင်း ........................................................................ ၉၀


မျက်နှာဖုံးဓါတ်ပုံ – NRGI အတွက် Suthep Kritsanavarin

## အကြောင်းအရာ အကျဉ်းချုပ်

ပြန်လည်အစားထိုး ဖြည့်တင်း၍ မရနိုင်သော သဘာဝ သယံဇာတများ (ရေနံ၊ သဘာဝဓါတ်ငွေ့၊ တွင်းထွက် နှင့် ကျောက်မျက်ရတနာများ) ကို စီမံခန့်ခွဲမှု ပြုလုပ်ရခြင်းသည် အမှန်ပင် ရှုပ်ထွေးလှသည်။ ရေရှည်သဘောဆောင်သည့် ဖွံ့ဖြိုးမှုဖော်ဆောင်ရာတွင် သယံဇာတကဏ္ဍ၏ အကျိုးပြုမှုကို ထည့်သွင်း အသုံးချနိုင်ရန် အစိုးရအနေဖြင့် သယံဇာတဆိုင်ရာ ကိစ္စရပ်အမျိုးအမျိုးအတွက် ဥပဒေနှင့် စည်းမျဉ်း စည်းကမ်းများကို ဖော်ထုတ်ရေးဆွဲရမည်။ ဒေသခံအသိုင်းအဝိုင်းအတွက်လည်း အကျိုးရှိ၊ နိုင်ငံတဝှမ်းမှ နိုင်ငံသားများအတွက်လည်း အကျိုးရှိစေရန် ရည်ရွယ်ရေးဆွဲရမည်။ လုပ်ပိုင်ခွင့် အခွင့်အာဏာများဟု ဆိုရာတွင် သယံဇာတ ရှာဖွေရေးနှင့် ထုတ်လုပ်မှုမှသည် မြေယာစီမံခန့်ခွဲခြင်း၊ ဘဏ္ဍာရေး မူဘောင်များ နှင့် အခွန်တော် ကောက်ခံခြင်း၊ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲခြင်း၊ လုပ်ငန်းခွင် ဘေးကင်းရေး နှင့် ကျန်းမာရေး၊ ဒေသခံများ အကျိုးစီးပွားဖြစ်ထွန်းတိုးတက်ရေး၊ တနိုင်တပိုင် နှင့် အသေးစား သယံဇာတ တူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုများအထိ ပါဝင်သည်။

သဘာဝသယံဇာတများ စီမံပုံနှင့်ပတ်သက်ပြီး စာအုပ်စာတမ်း အကြောင်းအရာများ ကျယ်ပြန့်စွာ ရှိနေသော်လည်း သယံဇာတ စီမံခန့်ခွဲခြင်း လုပ်ပိုင်ခွင့် အခွင့်အာဏာများ ဗဟိုချုပ်ကိုင်မှု လျှော့ချရေး အထူးသဖြင့် ဗဟိုနှင့် ပြည်နယ်ဒေသအဆင့် အစိုးရအဖွဲ့အစည်းများအား လုပ်ပိုင်ခွင့် တာဝန်များ ခွဲဝေပေးခြင်း မည်သည့်လုပ်ပိုင်ခွင့်များကို တွဲဖက် စီမံခန့်ခွဲရေး နှင့် မတူညီသော ဆက်စပ်အကြောင်းအရာများအရ မည်သည့် အုပ်ချုပ်စီမံခန့်ခွဲမှုပုံစံသည် အထိရောက်ဆုံးဖြစ်မည်ဆိုသော အချက်များအပေါ်တွင် အထူးပြုဖော်ပြထားချက်များ အလွန်နည်းပါးသေးသည်။

ယခုကိစ္စရပ်သည် လက်ရှိမြန်မာနိုင်ငံအတွက် အလွန်အရေးကြီးသည့် ကိစ္စရပ်ဖြစ်သည်။ ပြည်နယ်နှင့် ဒေသဆိုင်ရာ အစိုးရများသည် ဒေသအတွင်းရှိ သဘာဝသယံဇာတများကို ကိုယ်တိုင် ထိန်းချုပ်ရန် တောင်းဆိုမှုများမှာလည်း နေ့စဉ်နှင့်အမျှ ကြီးထွားလာလျှက်ရှိပြီး အထူးသဖြင့် ဒေသခံတိုင်းရင်းသား လက်နက်ကိုင်များကြားတွင် ဖြစ်သည်။ လက်ရှိ NLD အစိုးရကလည်း ဖက်ဒရယ် ပြည်ထောင်စု တည်ထောင်ရန်အတွက် ကတိကဝတ်ပြုထားပြီး သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ခြင်းများနှင့် ပတ်သက်၍ လုပ်ပိုင်ခွင့် အခွင့်အာဏာကို ပြည်နယ်ဒေသဆိုင်ရာ အစိုးရများသို့ ခွဲဝေပေးရန်လည်း အစီအစဉ်ရှိသည်။ အထူးသဖြင့် အစိုးရ၊ စစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကြား ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ဖြစ်လာစေရန် မူဝါဒရေးဆွဲသူများက ပြင်ဆင်လျက်ရှိသည်ဖြစ်ရာ သဘာ ဝသယံဇာတနှင့်ပတ်သက်သော ကိစ္စရပ်သည် အနာဂါတ်မြန်မာနိုင်ငံအတွက် အချက်အချာကျသော ကိစ္စရပ် ဖြစ်လာမည်ဖြစ်သည်။

သဘာဝသယံဇာတများအား စီမံအုပ်ချုပ်မှုနှင့်ပတ်သက်ပြီး ဗဟိုအစိုးရချုပ်ကိုင်မှု လျှော့ချရေးအတွက် ခြေလှမ်းများက စတင်ထားနှင့်ပြီဖြစ်သည်။ ဥပမာအနေဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်များအပေါ် တုံ့ပြန်မှု၊ ကျောက်မျက်ရတနာ အချောထုတ်လုပ်မှုနှင့် (လမ်းခင်း)ကျောက်တူးဖော်ခြင်းအတွက် အခကြေးငွေများ ကောက်ခံခြင်းကို ပြည်နယ်နှင့် ဒေသဆိုင်ရာ အစိုးရများသို့ စီမံပိုင်ခွင့် ပေးထားသည်။ မကြာသေးမီက ဗဟိုအစိုးရအနေဖြင့် ပြည်နယ်နှင့် တိုင်းအစိုးရများကို ပြည်နယ်ဒေသအဆင့် လုပ်ပိုင်ခွင့်ကို စတင်လွှဲပြောင်းပေးခဲ့ပြီး အထူးသဖြင့် တနိုင်တပိုင် နှင့် အသေးစား သယံဇာတတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းအတွက် လိုင်စင်ချပေးခြင်းနှင့် အချို့သော အခွန်တော် ကောက်ခံခြင်း လုပ်ပိုင်ခွင့် အခွင့်အာဏာများကို လွှဲပြောင်းခွဲဝေပေးခဲ့သည်။ ပြည်ထောင်စု အစိုးရမှ ပြည်နယ် နှင့် တိုင်း အစိုးရသို့ ဘတ်ဂျတ် လွှဲပြောင်းမှုသည် ပြီးခဲ့သည့် နှစ်အနည်းငယ်အတွင်းမှာ တိုးတက်မှုများ ရှိလာခဲ့သည်။ ၂၀၁၂ – ၂၀၁၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်နှင့်တိုင်း အစိုးရသို့ ဘတ်ဂျတ်လွှဲပြောင်းပေးမှုသည် နှစ်အလိုက် ရသုံး မှန်းခြေငွေစာရင်း၏ ၃.၄ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၁၅/၂၀၁၆ ဘဏ္ဍာနှစ်တွင် ၈.၇ ရာခိုင်နှုန်းထိ ရှိလာခဲ့သည်။

သို့သော်လည်း ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများသို့ ဘဏ္ဍာငွေ ခွဲထွက်ပေးခြင်းနှင့် အသေးစား လုပ်ပိုင်ခွင့်များ ချထားပေးမှုများဖြင့် တိုးတက်မှုများ ရှိလာသော်လည်း သဘာဝ သယံဇာတနှင့်ပတ်သက်သည့် လုပ်ပိုင်ခွင့် တိုးတက်တောင်းဆိုမှုများအတွက် စိတ်ကျေနပ်ဖွယ် အဖြေမဟုတ်ပါ။ ပြည်နယ်နှင့် တိုင်းဒေသကြီးမှ အစိုးရအရာရှိများသည် ကိစ္စအတော်များများအတွက် ပြည်ထောင်စုအဆင့်သို့ တာဝန်ခံ အစီရင်ခံနေရဆဲ ဖြစ်သည်။ ပြည်နယ်ဒေသအဆင့် Stakeholder များကလည်း သဘာဝသယံဇာတ လုပ်ငန်းကဏ္ဍ ဖော်ဆောင်ရေးအပေါ် လုပ်ပိုင်ခွင့် ပိုမို တောင်းဆိုကောင်း တောင်းဆိုလာနိုင်သလို

သဘာဝပတ်ဝန်းကျင် ထိခိုက်မှု ဆိုးကျိုးများ လျှော့နည်းစေရေး လုပ်ငန်းများတွင် ပိုမိုကြီးမားသော အခန်းကဏ္ဍကို တောင်းဆိုလာနိုင်သည့်အပြင် ဘဏ္ဍာရေးမဟုတ်သော အကျိုးအမြတ်များ တိုးတက်ခွဲဝေပေးရန်ကိုလည်း တောင်းဆိုလာနိုင်သည်။ ဖက်ဒရယ်ပြည်ထောင်စုဖြစ်စေ၊ ဗဟိုချုပ်ကိုင်မှု လျှော့ချထားသော တစ်ပြည်ထောင်စုနိုင်ငံဖြစ်စေ ပြည်နယ်ဒေသအဆင့်သို့ ခွဲထားပေးနိုင်သည့် သဘာဝသယံဇာတ စီမံအုပ်ချုပ်ရေး လုပ်ပိုင်ခွင့် အခွင့်အာဏာများကို ယခုအစီရင်ခံစာတွင် စုစည်းဖော်ပြထားပါသည်။ ထို့ပြင် အာရှ–ပစိဖိတ်ဒေသများမှ နမူနာ ကိစ္စရပ်များကို အဓိက လေ့လာထားခြင်းများ ပါဝင်ပြီး မူဝါဒချမှတ်သူများအနေဖြင့် မည်သည့် လုပ်ပိုင်ခွင့် အခွင့်အာဏာများကို ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရအဆင့်များသို့ ခွဲဝေလွှဲပြောင်းပေးမည် နှင့် မည်သည့်လုပ်ပိုင်ခွင့် အခွင့်အာဏာများအား တွဲဖက်စီမံခန့်ခွဲမည်ဆိုသော အချက်ကို ဖော်ပြထားသည်။

ယခုအစီရင်ခံစာတွင် ပြုစုသူများအနေဖြင့်  မတူညီသော စီမံအုပ်ချုပ်မှု ပုံစံများတွင် ကြုံတွေ့ရနိုင်သော အခက်အခဲများကို နှင့် အခွင့်အလမ်းများကို တင်ပြထားပါသည်။ အချို့သောကိစ္စရပ်များတွင် ပြည်နယ်ဒေသအဆင့် အစိုးရအား လုပ်ပိုင်ခွင့် ခွဲပေးလိုက်ခြင်းဖြင့် အချိန်ရှည်ကြာစွာ တည်ရှိနေသော နစ်နာမှုများနှင့် သဘာဝသယံဇာတအပေါ် ထိန်းချုပ်လိုမှု တောင်းဆိုချက်များအား ဖြေရှင်းရာတွင် အကျိုးရှိစေရုံသာမက အစိုးရ၏ အုပ်ချုပ်စီမံခန့်ခွဲမှုကိုလည်း ပိုမိုတက်ကောင်းမွန်စေသည်။ အချို့သောကိစ္စရပ်များတွင် ပြည်နယ်ဒေသအဆင့် အစိုးရအား လုပ်ပိုင်ခွင့် ခွဲပေးလိုက်ခြင်းဖြင့် အကျင့်ပျက်ခြစားမှု၊ မှားယွင်းသော စီမံခန့်ခွဲမှုနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်အား လျော့ပါးထိခိုက်စေမှုတို့ကိုလည်း မြင့်တက်လာစေနိုင်သည်။

အောက်ပါအချက်များသည် နမူနာလေ့လာချက်များမှ ဖြစ်သည်။

- **ပထမဦးဆုံးအနေဖြင့် (ဗဟို)အစိုးရက ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ချမှတ်ပြီး (ဒေသန္တရ) အခြား အစိုးရအဆင့်မှ အဆိုပါ ဥပဒေစည်းကမ်းများကို အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်ကြပ်မတ်သည့် နည်းလမ်းကို နိုင်ငံအများအပြားတွင် အသုံးပြုကြသည်။** ဥပမာအားဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်သော ဥပဒေမူဘောင်များကို ပြည်ထောင်စုအစိုးရက သတ်မှတ်ပြဋ္ဌာန်းသော်လည်း ခွင့်ပြုချက်လိုင်စင် ချပေးရာတွင် ဒေသန္တရအစိုးရများအား တရားဝင် အခန်းကဏ္ဍတစ်ရပ် ပေးထားခြင်း သို့မဟုတ် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးမှု ဖြစ်စဉ်အား ဆောင်ရွက်စေခြင်းဖြင့် အကောင်အထည်ဖော်မှုအပိုင်းတွင် လုပ်ပိုင်ခွင့် ခွဲပေးထားခြင်းဖြစ်သည်။ ဥပမာအနေဖြင့် မွန်ဂိုလီးယားနိုင်ငံတွင် နိုင်ငံတော်အဆင့် ဥပဒေအရ soum (ခရိုင်) ပြည်နယ်အုပ်ချုပ်ရေးမှူးများကို သတ္တုတွင်း သယံဇာတရှာဖွေရေး စီမံကိန်းများတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး အစီအစဉ်များအတွက် အကဲဖြတ် ဆန်းစစ်ရန် တာဝန်ရှိသူအဖြစ် ဖော်ပြထားသည်။ ကုမ္ပဏီများက စာချုပ်ပါ သတ်မှတ်ပြဋ္ဌာန်းချက်များကို ချိုးဖောက်လုပ်ဆောင်လာလျှင် ပြစ်ဒဏ်ပေးနိုင်သော အခွင့်အာဏာကိုလည်း ပြည်နယ်ဒေသအဆင့် အစိုးရများကို ပေးအပ်ထားသည်။ ယေဘုယျအားဖြင့် နိုင်ငံတော် အာဏာပိုင်များက လုပ်ငန်းခွင် ဘေးကင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေများကို ရေးဆွဲလေ့ရှိပြီး အကောင်အထည်ဖော် လုပ်ဆောင်မှုများ နှင့် စောင့်ကြည့်ကြပ်မတ်ခြင်း လုပ်ပိုင်ခွင့် အခွင့်အာဏာများကို ပြည်နယ်ဒေသအဆင့် အစိုးရအား ခွဲဝေပေးသည်။ ဥပမာအနေဖြင့် ဖိလစ်ပိုင်နိုင်ငံတွင် စောင့်ကြည့်စစ်ဆေးရေး အာဏာပိုင်များမှာ ဗဟိုအစိုးရ၏ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတဆိုင်ရာ ဌာန၏ ပြည်နယ်ရုံးများ ဖြစ်သည်။ ယခုကဲ့သို့ စီစဉ်ထားခြင်းကြောင့် စောင့်ကြည့်စစ်ဆေးရေး အာဏာပိုင်များကို စီမံကိန်းနှင့် ပို၍ နီးစပ်စေပြီး စုံစမ်းစစ်ဆေးမှုများသည် နိုင်ငံတော်အစိုးရသို့ တာဝန်ခံမှုရှိရကာ နိုင်ငံတော်အဆင့် စံချိန်စံနှုန်းများနှင့်အညီ ဆောင်ရွက်ခြင်းကိုလည်း ဖြစ်ပေါ်စေသည်။

- **ဒုတိယအနေဖြင့် နိုင်ငံအများစု၌ အချို့သောလုပ်ဆောင်မှုများအတွက် လုပ်ပိုင်ခွင့်ကို တွဲဖက်တာဝန်ယူသည်။** ဥပမာအနေဖြင့် ကုန်းတွင်း ရေနံ၊ သဘာဝဓာတ်ငွေ့ နှင့် တွင်းထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းလိုင်စင်များအား ကုမ္ပဏီများသို့ ချပေးရာတွင် အများအားဖြင့် ဗဟိုနှင့် ပြည်နယ်ဒေသအစိုးရများက တွဲဖက်ဆောင်ရွက်သည်။ ဖိလစ်ပိုင်နိုင်ငံတွင် တွင်းထွက်ပစ္စည်းထုတ်ယူခွင့် လိုင်စင်ကို ဗဟိုအစိုးရမှ ချပေးပြီး ဒေသန္တရ အုပ်ချုပ်ရေးအာဏာပိုင်များ (အချို့နေရာများတွင် ဌာနေတိုင်းရင်းသား လူမှုအသိုင်းအဝိုင်းများ) မှ တူးဖော်ခွင့်အတွက် အတည်ပြုချက်ပေးခြင်းဖြစ်သည်။ ဩစတေးလျနိုင်ငံတွင်လည်း ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေမှု နှင့် တူးဖော်ထုတ်လုပ်ခွင့်ကို ပြည်ထောင်စုဝန်ကြီး အပါအဝင် ပြည်နယ်၊ ဒေသဝန်ကြီးများနှင့် ဖွဲ့စည်းထားသည့် ပူးတွဲအာဏာပိုင်အဖွဲ့အစည်းတစ်ရပ်မှ ချပေးသည်။

- **တတိယအနေဖြင့် အချို့လုပ်ပိုင်ခွင့်အာဏာများကို အများအားဖြင့် ပြည်နယ်ဒေသအဆင့် အစိုးရများအား ခွဲဝေ တာဝန်ပေးထားသည်။** လုပ်ငန်းခွင် ဘေးကင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စောင့်ကြည့်စစ်ဆေးခြင်း၊ တစ်နိုင်တစ်ပိုင်နှင့် အသေးစား သယံဇာတတူးဖော်ရေး လုပ်ငန်းများအတွက် လုပ်ငန်းလိုင်စင် ချထားပေးခြင်း အစရှိသော ကိစ္စရပ်များတွင် အများအားဖြင့် ပြည်နယ်ဒေသအဆင့် အစိုးရများအား တာဝန်ပေးထားခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သယံဇာတ တူးဖော်ထုတ်လုပ်ရေး စီမံကိန်းများ၏ သက်ရောက်မှုများကို ဒေသန္တရ အဆင့်တွင် ပိုမိုတွေ့ကြုံခံစားရခြင်း နှင့် ဒေသန္တရ အစိုးရဝန်ထမ်းများအတွက် သတင်းအချက်အလက်ရယူမှုအား ပိုမို ကောင်းမွန်စေနိုင်သောကြောင့် ဖြစ်နိုင်သည်။

- **စတုတ္ထအချက်မှာ အချို့လုပ်ပိုင်ခွင့် အခွင့်အာဏာများအား ပြည်ထောင်စုအစိုးရများကို အများအားဖြင့် ခွဲဝေ တာဝန်ပေးထားသည်။** အခွန်နှင့် တွင်းဝခွန် နှုန်းထားသတ်မှတ်ခြင်း၊ အဓိက အခွန်တော်များ ကောက်ခံခြင်း၊ အကြီးစားနှင့် အလတ်စား ကုမ္ပဏီများနှင့် သဘောတူစာချုပ်များ ချုပ်ဆိုရန် ဆွေးနွေးညှိနှိုင်းခြင်း စသည့် တာဝန်များကို အများအားဖြင့် ဗဟိုအစိုးရမှ လုပ်ဆောင်လေ့ရှိသည်။ လုပ်ဆောင်ရသည့် လုပ်ငန်းဆောင်တာများ၏ နက်နဲရှုပ်ထွေးမှု နှင့် အကောင်အထည်ဖော် ဆောင်ရွက်မှုအတွက် ပိုမိုမြင့်မားသော အုပ်ချုပ်စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်တစ်ရပ်ကို လိုအပ်သည့်အတွက်ကြောင့် ဖြစ်နိုင်သည်။

သဘာဝ သယံဇာတ အုပ်ချုပ်စီမံမှု လုပ်ပိုင်ခွင့်များကို ခွဲဝေရေးဆိုင်ရာ မေးခွန်းအတွက် အလုံးစုံ ပြည့်စုံကိုက်ညီမှုရှိသော ဖြေရှင်းချက်တစ်ရပ် မရှိပါ။ အချုပ်ဆိုရလျှင် မြန်မာနိုင်ငံမှ ရွေးချယ်ထားသည့် လမ်းကြောင်းအတွက် သတိချပ်ရန် နှစ်ခုမှာ နိုင်ငံ၏ Stakeholder အမျိုးမျိုး၏ တောင်းဆိုချက်များအား ထည့်သွင်းစဉ်းစားရန်နှင့် ယခုလက်ရှိ လိုအပ်လျက်ရှိသော နိုင်ငံ၏ သယံဇာတ စီမံအုပ်ချုပ်ရေးကို ခိုင်မာအားကောင်းလာစေရန် ဖြစ်သည်။ အလားတူ မြန်မာနိုင်ငံအတွက် ဖော်ထုတ်ထားသည့် အကြောင်းအရာ အခြေပြု အသေးစိတ် လေ့လာသုံးသပ်ထားသော ဆန်းစစ်ချက်နှင့် ဆုံးဖြတ်ချက်များသည် အခြားနိုင်ငံများအတွက် သင့်လျော်မှုရှိမည်မဟုတ်ပါ။

မည်သို့ပင်ဆိုစေကာမူ သဘာဝသယံဇာတ ဖက်ဒရယ် စနစ်အတွက် အောက်ဖော်ပြပါ အခြေခံသဘောတရားများသည် ကျောထောက်နောက်ခံ ပြုနိုင်သည်။

- မည်သည့်အစိုးရအဆင့်တွင်ဖြစ်စေ လုပ်ပိုင်ခွင့် ခွဲဝေထားသော အစိုးရအဆင့်ဆင့်၏ ကဏ္ဍနှင့် လုပ်ပိုင်ခွင့် အခွင့်အာဏာများကို ရှင်းရှင်းလင်းလင်း သတ်မှတ်ခြင်း

- မတူညီသော အစိုးရအဆင့်တိုင်းတွင် ၎င်းတို့၏ တာဝန်များကို ကောင်းမွန်စွာ ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် စွမ်းဆောင်ရည်နှင့် အရင်းအမြစ်များ အခိုင်အမာ ရှိစေခြင်း

- ပြည်နယ်ဒေသဆိုင်ရာ အစိုးရ၏ စီရင်ပိုင်ခွင့်ဖြစ်သော်လည်း နိုင်ငံတော်အဆင့် လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင် အနိမ့်ဆုံး စံနှုန်းများကို ကျင့်သုံးခြင်း

- အစိုးရအဆင့်ဆင့်ကြားနှင့် နယ်မြေအသီးသီးကြားတွင် ဆွေးနွေးမှုများ၊ အချက်အလက် ဖလှယ်ခြင်းများ ပြုလုပ်နိုင်ရန် ဆောင်ရွက်ခြင်း

- စီမံကိန်း၏ အကျိုးသက်ရောက်မှုကို ကြုံတွေ့ရမည့် ဒေသခံလူထုကဲ့သို့ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများကိုလည်း အဆုံးအဖြတ်များ ပြုလုပ်ရာတွင် ပါဝင်စေခြင်း

- အစိုးရအဆင့်တိုင်းတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် အကျိုးရလဒ်များ ပို၍ ပွင့်လင်းမြင်သာမှုရှိစေရန် ဆောင်ရွက်ခြင်း

# ၁။ နောက်ခံအကြောင်းအရာ

## အကြောင်းအရာ

မြန်မာနိုင်ငံသည် လက်ရှိတွင် သဘာဝသယံဇာတ စီမံအုပ်ချုပ်ရေး နှင့် နိုင်ငံတစ်ခုလုံး၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် အသွင်ကူးပြောင်းနေသော အချိန်ဖြစ်သည်။ ၂၀၁၁ ခုနှစ်အစောပိုင်း၊ သမ္မတ ဦးသိန်းစိန်အစိုးရလက်ထက်မှ စတင်ခဲ့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုသည် ၂၀၁၅ ခုနှစ်တွင် ရွေးကောက်ခံခဲ့ရသော NLD အစိုးရလက်ထက်အထိ ဆက်လက်လုပ်ဆောင်နေပြီး နိုင်ငံ၏ အဓိကဦးစားပေး ကိစ္စရပ်အနေဖြင့် တည်ရှိနေဆဲဖြစ်သည်။ အဆိုပါငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် အခွန်တော်ငွေကို ဗဟိုအစိုးရ နှင့် ဒေသန္တရအစိုးရတို့အကြား မည်သို့ ခွဲဝေသင့်သည်ဆိုသည့် အကြောင်းအရာနှင့် နိုင်ငံရေး အခွင့်အာဏာတစ်ရပ်ကို ပြည်နယ်နှင့် တိုင်းများသို့ လွှဲပြောင်းမည့် အလားအလာ (ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရန် ရည်မှန်းချက် အပါအဝင်) တို့သည် ဆွေးနွေးမှု၏ အဓိက အချက်များအဖြစ် ထွက်ပေါ်လာခဲ့သည်။

ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် မြန်မာနိုင်ငံ၏ အနာဂတ် နိုင်ငံရေးဖွဲ့စည်းတည်ဆောက်မှု ပုံစံများအား ဆွေးနွေးပြောဆိုမှုများ ရှေ့ဆက်ဆောင်ရွက်သည်နှင့်အမျှ သယံဇာတ ထုတ်ယူခြင်းလုပ်ငန်းများနှင့်ပတ်သက်သော အရေးကိစ္စများသည် နိုင်ငံရေး ရေချိန်ညီမျှမှုအတွက် အဓိက အကြောင်းအရာ ဖြစ်လာဖွယ်ရှိသည်။ မြန်မာနိုင်ငံ၏ တိုင်းနှင့် ပြည်နယ်တိုင်းတွင် ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများရှိနေပြီး နိုင်ငံ၏ အရေးအကြီးဆုံး ကုန်းတွင်း တူးဖော်ရေးလုပ်ငန်းများမှာ ပဲခူးတိုင်း၊ ကချင်ပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တည်ရှိနေသည် (ပုံ ၁ တွင်ကြည့်ပါ)။ အထက်ပါဒေသများမှ Stakeholder များကလည်း အဆိုပါ တူးဖော်ရေးလုပ်ငန်းများမှ ကောင်းကျိုးအနည်းငယ်သာ ရရှိပြီး ဆိုးရွားသော လူမှုနှင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆိုးကျိုးများကိုလည်း ဆယ်စုနှစ်များစွာ ခံစားခဲ့ရပြီးဖြစ်ကြောင်း ပြောဆိုနေကြပြီဖြစ်သည်။ သဘာဝ သယံဇာတများအပေါ် ထိန်းချုပ်စီမံရေးအတွက် ဆွေးနွေးပြောဆိုမှုများမှာ တိုင်းရင်းသားဒေသများနှင့် ဗဟိုအစိုးရတို့အကြား တစ်ဖက်နှင့်တစ်ဖက် သမိုင်းနှင့်ချီသော မကျေနပ်မှုများနှင့် သက်ဆိုင်နေတတ်သည်။ အဆိုပါအချက်အနေဖြင့် ပြည်နယ်နှင့် ဒေသဆိုင်ရာ ခေါင်းဆောင်များနှင့် လက်နက်ကိုင်အဖွဲ့တို့၏ ကိုယ်စားလှယ်များကို ၎င်းတို့ဒေသတွင်းရှိ သဘာဝသယံဇာများမှ ဘဏ္ဍာရေး အကျိုးအမြတ်များကို ပိုမိုရရှိရေးသာမက ငြိမ်းချမ်းရေး တည်တံ့ခိုင်မြဲမှုအတွက် အဆိုပါကဏ္ဍအား ပိုမိုထိန်းချုပ်နိုင်ခွင့်ကိုပါ တောင်းဆိုခြင်းဆီသို့ ဦးတည်စေခဲ့သည်။ [၁]


> ပြည်နယ်နှင့် ဒေသဆိုင်ရာ ခေါင်းဆောင်များနှင့် လက်နက်ကိုင်အဖွဲ့တို့၏ ကိုယ်စားလှယ်များမှ ၎င်းတို့ ဒေသတွင်းရှိ သဘာဝ သယံဇာတများမှ ဘဏ္ဍာရေး အကျိုးအမြတ်များကို ပိုမို ရရှိရေးသာမက ငြိမ်းချမ်းရေး တည်တံ့ခိုင်မြဲမှုအတွက် အဆိုပါကဏ္ဍအား ပိုမို ထိန်းချုပ်နိုင်ခွင့်ကိုပါ တောင်းဆိုလာကြသည်။

အဆိုပါ ဦးတည်ချက်များထဲမှ ချိန်ခွင်လျှာ အပြောင်းအလဲအချို့မှာ လမ်းကြောင်းပေါ်ရောက်နေပြီး ဖြစ်သည်။ မူဝါဒချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း ကိစ္စရပ်များသည် အစဉ်အလာအရ နိုင်ငံတော်အဖွဲ့အစည်းများ၏ တာဝန်ဖြစ်သည်။ ၂၀၀၈ အခြေခံဥပဒေ ဖော်ပြချက်များဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးသို့ ကိစ္စရပ်အတော်များများအတွက် ဥပဒေပြုရေးဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာ အခွင့်အာဏာများပေးရန် ရည်ရွယ်ထားသည်။ သဘာဝ သယံဇာတ စီမံမှုနှင့်ပတ်သက်လျှင် ပြည်နယ်အဆင့်သို့ လုပ်ပိုင်ခွင့်လွှဲပြောင်းပေးမှု အနည်းငယ်ရှိသည်။ တိတိကျကျ ဆိုရလျှင် အချို့သော လိုင်စင်ချထားပေးခြင်းကိစ္စများနှင့် အခွန်ကောက်ယူခွင့်တို့ ဖြစ်သည်။ သို့တိုင်အောင် လုပ်ပိုင်ခွင့်အများစုကို ဗဟိုက ချုပ်ကိုင်ထားဆဲဖြစ်သည်။ [၂] (လေးထောင့်ကွက် ၁ ကိုကြည့်ပါ)။

---

၁ မြန်မာနိုင်ငံဆိုင်ရာ သယံဇာတဝင်ငွေ ခွဲဝေခြင်းနှင့်ပတ်သက်၍ အသေးစိတ် လေ့လာလိုပါက : Andrew Bauer, Paul Shortell and Lorenzo Delesgues, *Sharing the Wealth: A Roadmap for Distributing Myanmar's Natural Resource Revenues* (Natural Resource Governance Institute, 2016) ကို ကြည့်ပါ။

၂ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)။




ပုံ (၁)
မြန်မာနိုင်ငံအတွင်း
သဘာဝ သယံဇာတ
တူးဖော်မှုများ
လုပ်ဆောင်နေပုံပြ မြေပုံ

မြေပုံ – သက်နိုင်ဦး

### လေးထောင့်ကွက် ၁။ မြန်မာနိုင်ငံရှိ ပြည်နယ်/ဒေသ အဆင့် အုပ်ချုပ်စီမံခန့်ခွဲမှု ဖွဲ့စည်းတည်ဆောက်ပုံများ

မြန်မာနိုင်ငံတွင် တိုင်း ၇ ခု၊ ပြည်နယ် ၇ ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေ ၆ ခုရှိပြီး နေပြည်တော် နှင့် အနီးတစ်ဝိုက်ရှိ မြို့နယ်များပါဝင်သည့် ပြည်ထောင်စုနယ်မြေတစ်ခု ရှိသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်နယ် နှင့် တိုင်းများသည် သာတူညီမှုရှိသည်။ ပြည်နယ်နှင့် တိုင်းတစ်ခုစီတိုင်းတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ရှိသည်။ ပြည်နယ်/တိုင်း ဝန်ကြီးချုပ် တစ်ဦးအား ပြည်နယ်နှင့် တိုင်း လွှတ်တော်အမတ်များထဲမှ တစ်ဦးကို ပြည်ထောင်စုသမ္မတက ရွေးချယ်ခန့်ထားပြီး ပြည်နယ်/တိုင်းဒေသအစိုးရအား ဦးဆောင်ရသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ ခုနှစ်ဆယ့်ငါး ရာခိုင်နှုန်းကို ရွေးကောက်ပွဲရလဒ်ဖြင့် တိုက်ရိုက် ရွေးချယ်ခန့်ထားခြင်းဖြစ်ပြီး ကျန် နှစ်ဆယ့်ငါးရာခိုင်နှုန်းကိုမူ တပ်မတော်မှ ရွေးချယ်ခန့်အပ်သည်။ ပြည်နယ် သို့မဟုတ် တိုင်းများမှ ဝန်ကြီးအဖွဲ့က အုပ်ချုပ်ရေးပိုင်းကို တာဝန်ယူရသည်။ အဆိုပါ ဝန်ကြီးများကို ယေဘုယျအားဖြင့် ဝန်ကြီးချုပ်က ရွေးချယ်ရပြီး နိုင်ငံတော်သမ္မတက အတည်ပြု ထောက်ခံပေးရသည်။ ဤနေရာတွင် ချွင်းချက်အများအပြား ရှိသည်။ တပ်မတော်ကသာ နိုင်ငံတော် သို့မဟုတ် ပြည်နယ်နှင့် တိုင်းတို့၏ နယ်စပ်နှင့် လုံခြုံရေးဆိုင်ရာ ဝန်ကြီးများကို ကိုယ်တိုင်ခန့်အပ်သည်။ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များရှိသော လွှတ်တော်တွင် အဆိုပါ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များကို မိမိတို့သက်ဆိုင်ရာ တိုင်းရင်းသားများကို ကိုယ်စားပြုမည့် တိုင်းရင်းသားရေးရာဝန်ကြီးများအဖြစ် ခန့်အပ်သည်။ ပြည်နယ်/ဒေသအဆင့် အုပ်ချုပ်ရေးနှင့် တရားဥပဒေပြုရေး ကိစ္စရပ်များကိုမူ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ အထွေထွေ အုပ်ချုပ်ရေးဌာနမှ စိစိစစ်စစ် ကိုင်တွယ်အုပ်ချုပ်သည်။ (ပြည်ထဲရေးဝန်ကြီးဌာနသည် အခြေခံဥပဒေအရ စစ်တပ်မှ ဝန်ကြီးခန့်အပ်သော ဝန်ကြီးဌာန သုံးခုထဲမှ တစ်ခုဖြစ်သည်) အထွေထွေ အုပ်ချုပ်ရေးဌာနက ''ပြည်နယ်နှင့် တိုင်းအစိုးရရုံး''ကို အလိုအလျှောက် ဖွဲ့စည်းပြီး ပြည်နယ်ဒေသ အစိုးရ၊ လွှတ်တော်၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်နယ်ဒေသအဆင့် ဌာနများအတွက် အုပ်ချုပ်စီမံခန့်ခွဲမှုနှင့် ညှိနှိုင်း လုပ်ဆောင်ချက်လုပ်ငန်းစဉ်များကို ထောက်ပံ့ပေးသည်။ ပြည်နယ်နှင့် တိုင်းများတွင်လည်း တရားရုံးချုပ် ကိုယ်စီရှိပြီး ထိုတရားရုံးတို့သည် တရားသူကြီးချုပ်တစ်ဦး၏ ဦးဆောင်မှုအောက်တွင် တည်ရှိသည်။ အဆိုပါ တရားသူကြီးချုပ်တို့ကို နိုင်ငံတော်သမ္မတက ပြည်ထောင်စု တရားသူကြီးချုပ်၏ အကြံပြုမှုနှင့် ရွေးချယ်ခန့်အပ်ခြင်း ဖြစ်သည်။ [၃]

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဇယား ၂ တွင် ဖော်ပြထားချက်အရ ပြည်နယ် နှင့် တိုင်းတို့တွင် အသေးစားနှင့် အလတ်စား စွမ်းအင်ထုတ်လုပ်ရေးနှင့် ဖြန့်ချိရေး၊ ဒေသတွင်း အခြေခံအဆောက်အအုံ (ဒေသတွင်း ဆိပ်ကမ်းများ၊ လမ်းတံတား အစရှိသည်) အပြင် သဘာဝပတ်ဝန်းကျင် အကြပ်အတည်းများအပေါ် ပြန်လည်တုံ့ပြန်ရန်အတွက်လည်း ဥပဒေပြုရေး နှင့် အုပ်ချုပ်ရေး ကိစ္စရပ်များအတွက် တာဝန်ရှိသည်။ သဘာဝသယံဇာတ စီမံအုပ်ချုပ်ရေးနှင့်စပ်လျဉ်းပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေထဲတွင် ဖော်ပြထားသော တာဝန်များထဲမှ ကျောက်ဖြတ်ခြင်းနှင့် အချောထုတ်ခြင်း၊ ဆားနှင့် ဆားထုတ်လုပ်ခြင်းနှင့်သက်ဆိုင်သော ဥပဒေပြဋ္ဌာန်းမှု လုပ်ပိုင်ခွင့် အခွင့်အာဏာများကိုသာ ကနဦးတွင် သတ်မှတ်ခဲ့သည်။ [၄] ၂၀၁၅ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်အရ နိုင်ငံတော်အစိုးရအနေနှင့် ပြည်နယ်နှင့် တိုင်း အစိုးရများကို လုပ်ပိုင်ခွင့် အခွင့်အာဏာ လွှဲအပ်မှုများ စတင်ဆောင်ရွက်ခဲ့သည်။ အဆိုပါအချက်တွင် တစ်နိုင်တစ်ပိုင်နှင့် အသေးစားသတ္တုတွင်းများ၊ ရေနံတွင်းများအတွက် လိုင်စင်ချပေးထားခြင်း၊ အခွန်တော် ကောက်ခံခြင်း အခွင့်အရေးဆိုင်ရာ ပြင်ဆင်ချက်များလည်း ပါဝင်သည်။ [၅]

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေများနှင့် ဒေသတွင်မူ ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် ပြဋ္ဌာန်းထားချက်အရ ပြည်နယ်၊ တိုင်းများနှင့် တူညီမှုရှိပြီး မိမိတို့ဒေသကို ဦးဆောင်မည့်အဖွဲ့အား သွယ်ဝိုက်သော နည်းလမ်းဖြင့် ရွေးချယ်တင်မြှောက်ခွင့်ရှိသည်။ ယေဘုယျအားဖြင့် ယင်းဦးဆောင်သူများအား အပစ်အခတ် ရပ်စဲထားသော လက်နက်ကိုင်အဖွဲ့များက ထိန်းချုပ်ထားလေ့ရှိပြီး လေ့လာသူအချို့၏

၃ Hamish Nixon, Cindy Joelene, Kyi Pyar Chit Saw, Thet Aung Lynn and Matthew Arnold, *State and Region Governments in Myanmar* (MDRI and the Asia Foundation, 2015).

၄ Bauer et al., *Sharing the Wealth.*

၅ Republic of the Union of Myanmar, *Law 45/2015* (2015).

အဆိုအရ အာဏာခွဲဝေပေးထားသည့် ပုံစံမျိုးဖြင့် အုပ်ချုပ်စီမံသည်။[၆] အခြားစီမံအုပ်ချုပ်မှု အဆင့်များတွင် ခရိုင်၊ မြို့နယ်၊ မြို့၊ ရွာ၊ ရပ်ကွက် အစရှိသဖြင့် အဆင့်ဆင့်ရှိသည်။

လုပ်ပိုင်ခွင့် အခွင့်အာဏာ ခွဲဝေပေးမှု၏ အရေးပါမှုကို သိရှိလက်ခံသော်လည်း နိုင်ငံတော်အစိုးရ၏ ပြည်နယ်နှင့် တိုင်းများအား လုပ်ပိုင်ခွင့်များ ခွဲဝေပေးမှုသည် ဒေသအလိုက် ဟိုတစ်စ ဒီတစ်စဖြင့် မရေရာမှုနှင့် ရှုပ်ထွေးမှုများကိုသာ ဖြစ်ပေါ်စေသည့် စနစ်မကျသော အာဏာခွဲဝေမှု အသွင်သာ ဆောင်နေသည်။ ပြည်နယ်နှင့်တိုင်း လုပ်ပိုင်ခွင့်များသည် အမည်ခံသာရှိပြီး ဆုံးဖြတ်ချက် ချမှတ်သူများကလည်း နိုင်ငံတော်အဆင့် အဖွဲ့အစည်းများကိုသာ လက်တွေ့တွင် ဖြေကြားမှုများ ရှိသည်။ ပြည်နယ်နှင့် တိုင်း ဝန်ကြီးချုပ်များက နိုင်ငံတော်သမ္မတအပေါ် အကြွင်းမဲ့ တာဝန်ခံရသည်။ အများအားဖြင့် ပြည်နယ်/ဒေသဆိုင်ရာ ဥပဒေပြုလွှတ်တော်များ၏ လုပ်ပိုင်ခွင့်မှာ လက်တွေ့တွင် အကန့်အသတ်များရှိနေဆဲဖြစ်သည်။[၇]

အဆိုပါ ချို့ယွင်းချက်များ၏ ရလဒ်များ နှင့် ဗဟိုအစိုးရနှင့် တိုင်းရင်းသားနယ်မြေဒေသ ဧရိယာများပေါ်ရှိ သမိုင်းနှင့်ချီသော မကျေနပ်မှုများကြောင့် ပြည်နယ်ဒေသအဆင့် ကိုယ်ပိုင်စီမံ အုပ်ချုပ်လိုမှု တောင်းဆိုချက်များကို ပိုမိုအားကောင်းစေပြီး အထူးသဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ တောင်းဆိုမှုမှာ ပို၍ပြင်းထန်သည်။ ၂၀၁၇ ခုနှစ်၊ မေလအတွင်း မြန်မာအစိုးရ၊ စစ်တပ်နှင့် နိုင်ငံတော်အဆင့် အပစ်အခတ် ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တို့အကြား နောက်ဆုံးပြုလုပ်ခဲ့သော ငြိမ်းချမ်းရေးဆွေးနွေးပွဲ၏ ရလဒ်အနေဖြင့် အနာဂတ် ငြိမ်းချမ်းရေးအတွက် မူပေါင်း ၃၇ ချက်အပေါ် သဘောတူညီချက် ရရှိခဲ့ပြီး အဆိုပါသဘောတူညီချက်တွင် အနာဂတ် မြန်မာနိုင်ငံအနေဖြင့် ဖက်ဒရယ် ဒီမိုကရေစီနိုင်ငံ ဖြစ်လာရန်အချက်လည်း ပါရှိသည် (လေးထောင့်ကွက် ၂ တွင်ကြည့်ပါ)။ [၈] မည်သို့ပင်ဖြစ်စေ ဗဟိုအစိုးရနှင့် ပြည်နယ်/ဒေသအစိုးရတို့အကြားတွင် အချုပ်အခြာအာဏာကို စစ်မှန်စွာ ခွဲဝေကျင့်သုံးသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေးလုပ်ငန်းစဉ်သည် ရှုပ်ထွေးမှုနှင့် နှေးကွေးမှုများလည်း ရှိနိုင်သည်။

ငြိမ်းချမ်းရေးဆွေးပွဲများ ဆက်လက်လုပ်ဆောင်နေသည်နှင့်အမျှ သယံဇာတ တူးဖော်ရေးလုပ်ငန်းများနှင့် ပတ်သက်သော ကိစ္စရပ်များကလည်း မူဝါဒချမှတ်သူများနှင့် သက်ဆိုင်ရာ Stakeholder များအတွက် အဓိက အကြောင်းအရာ ဖြစ်လာပါလိမ့်မည်။ ၂၁ ရာစု ပင်လုံမူဝါဒ သဘောတူညီချက်များသည် ယခုကဏ္ဍအတွက် တိုက်ရိုက် ဖြေရှင်းဆောင်ရွက်နိုင်ခြင်း ရှိနိုင်ဦးမည်မဟုတ်ပါ။ တရားဝင် နှင့် တရားမဝင် လက်နက်ကိုင် အဖွဲ့အစည်းများအကြား သဘာဝသယံဇာတများကို ထိန်းချုပ်ခွင့်အတွက် ပြိုင်ဆိုင်နေသည့်အတွက် အထိအခိုက်မခံသည့် အနေအထားဖြစ်ပြီး ဒေသအများအပြားရှိ ပဋိပက္ခများကို မောင်းနှင်နေသော အဓိက အကြောင်းအရာလည်း ဖြစ်သည်။ ဥပမာအားဖြင့် ကျောက်စိမ်း ထုတ်လုပ်မှုသည် ကချင်ပြည်နယ်အတွင်းရှိ ပဋိပက္ခများနှင့် ကျယ်ပြန့်စွာ ဆက်စပ်နေပြီး ကချင်လွတ်လပ်ရေးအဖွဲ့ချုပ် (KIO)/ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နှင့် မြန်မာစစ်တပ် နှစ်ဖက်စလုံးက အဆိုပါ ကျောက်စိမ်း ထုတ်လုပ်မှုမှ အရေးပါသော ဝင်ငွေကို ရရှိနေကြသည်ဟု ပြောကြားမှုများ ရှိနေသည်။ KIO/KIA မှ ကိုယ်စားလှယ်တစ်ဦး၏ Global Witness သို့ ပြောကြားချက်အရ မြန်မာစစ်တပ် နှင့် ၂၀၁၁ ခုနှစ်တွင် စစ်ပွဲပြန်လည်ဖြစ်ပွားခဲ့သည့် အချိန်တွင် ၎င်းတို့အနေဖြင့် ကျောက်စိမ်းထုတ်လုပ်ရေး လုပ်ငန်းကို ဆက်လက်ထိန်းချုပ်ထားရန် မဟာဗျူဟာ ချမှတ်ခဲ့သည်ဟု ဆိုသည်။ ဝပြည် သွေးစည်းညီညွတ်ရေး တပ်မတော်/ပါတီအတွင်းရှိ အကြီးပိုင်းများကလည်း အဆိုပါ တွင်းထွက်ပစ္စည်းများနှင့် ကျောက်မျက်ရတနာ ကဏ္ဍတို့တွင် ၎င်းတို့၏ အစုရှယ်ယာများ ပါဝင်နေသည်ဟု စွပ်စွဲခံရခြင်းလည်း ရှိနေသည်။ [၉] နိုင်ငံအနေဖြင့် ဖက်ဒရယ်စနစ်သို့ တရားဝင် ပြောင်းလဲဖော်ဆောင် အောင်မြင်မှုရှိသည်ဖြစ်စေ ယခုလက်ရှိပုံစံအတိုင်း ဟန်ပြ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းဖြင့် ဆက်လက် လုပ်ဆောင်သွားသည်ဖြစ်စေ သယံဇာတ အရင်းအမြစ် အုပ်ချုပ်စီမံခန့်ခွဲမှု စိန်ခေါ်ချက်များသည် အဓိက ကိစ္စရပ်အဖြစ် ဆက်လက်ကျန်ရှိနေဦးမည်ဖြစ်သည်။

---

၆ Nixon et al., *State and Region Governments in Myanmar.*

၇ *Ibid.*

၈ International Crisis Group, *Building Critical Mass for Peace in Myanmar* (2017).

၉ Global Witness, *Jade: Myanmar's 'Big State Secret'* (October 2015); see also: Yimou Lee and Joel Schectman, "How a Rebel Myanmar Tin Mine May Up-end a Global Supply Chain," *Reuters,* 29 November 2016.

## လေးထောင့်ကွက် (၂) မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်

မြန်မာနိုင်ငံသည် တိုင်းရင်းသားဒေသများတွင် ဖြစ်ပွားနေသော ဗဟိုအစိုးရနှင့် လက်နက်ကိုင်အဖွဲ့များအကြား ပဋိပက္ခကြောင့် ဆယ်စုနှစ်နှင့် ချီပြီး ဒုက္ခခံစားခဲ့ရသော နိုင်ငံဖြစ်သည်။ အာရှဖောင်ဒေးရှင်း၏ သုတေသနအရ ၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ ပြည်နယ်နှင့်တိုင်း ၁၄ ခုတွင် ၁၁ ခုမှာ သိသာထင်ရှားသော လက်ရှိပဋိပက္ခနှင့် မီးခဲပြာဖုံး ပဋိပက္ခများကို ထိခိုက်ခံစားခဲ့ရသည်ဟုဆိုသည်။ ဒေသခြောက်ခုအတွင်းရှိ အရှည်ကြာဆုံးသော ပဋိပက္ခများသည် ပျမ်းမျှအားဖြင့် ၆၆ နှစ်ကျော်လာခဲ့ပြီဖြစ်သည်။ [၁၀]

၂၀၁၁ နှင့် ၂၀၁၃ ခုနှစ်အတွင်း အစိုးရဟောင်းနှင့် လက်နက်ကိုင်အဖွဲ့ အများအပြား နှစ်ဖက်သဘောတူ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါ လက်မှတ်ရေးထိုးမှုက ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် ရေးထိုးမည့် နိုင်ငံတော်အဆင့် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) အတွက် အခြေခံဖြစ်ခဲ့သည်။ NCA စာချုပ်တွင် လက်နက်ကိုင် အဖွဲ့ပေါင်းရှစ်ဖွဲ့က လက်မှတ်ရေးထိုးခဲ့ပြီး မြန်မာနိုင်ငံအတွင်းရှိ ပဋိပက္ခအတွင်းမှ လက်နက်ကိုင်အဖွဲ့များ၏ သုံးပုံတစ်ပုံက လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သော်လည်း လက်နက်ကိုင်များထဲမှ အင်အားအကြီးဆုံးများဖြစ်ကြသော ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) နှင့် ဝပြည် သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) တို့က ပါဝင်လက်မှတ်ရေးထိုးခြင်း မရှိခဲ့ပေ။ အားနည်းချက်များ ရှိသော်လည်း အဆိုပါ NCA သဘောတူညီချက် စာချုပ်သည် လက်နက်ကိုင်များပါဝင်သော ငြိမ်းချမ်းရေး သဘောတူညီချက် ဖြစ်ခဲ့ပြီး မြန်မာနိုင်ငံကို ဖက်ဒရယ်ပြည်ထောင်စု ဖြစ်လာစေရန် ရည်ရွယ်ချက်တစ်ခုကို စတင်မိတ်ဆက်လိုက်ခြင်းလည်း ဖြစ်သည်။ သို့သော်လည်း ဖက်ဒရယ်စနစ်၏ အဓိပ္ပါယ်အား မည်သို့ဖြစ်သင့်သည်ဟူသော အမြင်အမျိုးမျိုး ရှိနေခြင်းကြောင့် ပြည်ထောင်စုတစ်ခုအနေဖြင့် မည်သည့်ပုံစံတစ်ရပ်ကို လုပ်ဆောင်ရမည်၊ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်ဒေသ အစိုးရများအကြား အာဏာကို မည်သို့ ခွဲဝေသင့်သည်ဟူသော အသေးစိတ်အချက်အလက် အနည်းငယ်သာ NCA စာချုပ်မှ လမ်းညွှန် အထောက်အပံ့ပြုနိုင်ခဲ့သည်။ အသေးစိတ် ဆွေးနွေးမှုများကိုမူ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံသို့ ရွှေ့ပြောင်းခဲ့သည်။ [၁၁]

NLD ပါတီ အနိုင်ရရှိခဲ့သည့် ရွေးကောက်ပွဲတွင် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အစိုးရ၏ အဓိကဦးစားပေး မူဝါဒတစ်ရပ်အနေဖြင့် သတ်မှတ်ခဲ့သည်။ ငြိမ်းချမ်းရေး ညီလာခံကိုလည်း ၂၁ ရာစု ပင်လုံဟု အမည်သစ် ပြင်လိုက်သည်။ (အဆိုပါ အမည်မှာ ၁၉၄၇ ခုနှစ်တွင် ကျင်းပခဲ့သော တိုင်းရင်းသား နယ်မြေပေါင်းစုံမှ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးအတွက် မြန်မာနိုင်ငံနှင့်အတူ လွတ်လပ်ရေးရယူရန် သဘောတူညီခဲ့မှုကို အစွဲပြုထားသည့် အမည်ဖြစ်သည်) ပထမအကြိမ် ၂၁ ရာစု ပင်လုံညီလာခံကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပြီး လက်နက်ကိုင်အဖွဲ့ အများစု၏ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ၂၀၁၇ ခုနှစ်၊ မေလတွင် ဒုတိယအကြိမ်မြောက်ညီလာခံကို ထပ်မံကျင်းပခဲ့ပြီး အဆိုပါညီလာခံမှ မူပေါင်း ၃၇ ခုပါသော သဘောတူညီချက်ကို ရရှိခဲ့ကြသည်။ (အဆိုပါ မူပေါင်း ၃၇ ခုတွင် အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုအတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးပုံစံများအတွက် အလေးအနက်ဆောင်ရွက်မည့် ကတိကဝတ်များ ပါဝင်သည်) အစိုးရကလည်း အဆိုပါ ငြိမ်းချမ်းရေးညီလာခံကို ခြောက်လတစ်ကြိမ် ကျင်းပသွားနိုင်ရန် ရည်ရွယ်ချက် ရှိနေသည်။ [၁၂]

---

၁၀ Adam Burke, Nicola Williams, Patrick Barron, Kim Jolliffe and Thomas Carr, *The Contested Areas of Myanmar: Subnational Conflict, Aid, and Development* (The Asia Foundation, 2017).

၁၁ International Crisis Group, *Building Critical Mass for Peace.*

၁၂ *Ibid.*

## သဘာဝ သယံဇာတ ဖယ်ဒရယ်စနစ် ဆိုသည်မှာ အဘယ်နည်း။

မြန်မာနိုင်ငံသည်လည်း အခြားသယံဇာတ ကြွယ်ဝသော နိုင်ငံများနည်းတူ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော် (အချုပ်အခြာအာဏာပိုင်နိုင်ငံ) သည် နိုင်ငံအတွင်းရှိ မြေ နှင့် သယံဇာတများကို အကြွင်းမဲ့ ပိုင်ဆိုင်ကြောင်း ရေးဆွဲဖော်ပြထားသည်။ [၁၃] သို့သော်လည်း နိုင်ငံအများစုကမူ အာဏာနှင့် လုပ်ပိုင်ခွင့်များကို သဘာဝသယံဇာတများအား စီမံခန့်ခွဲရန်နှင့် အကျိုးအမြတ်ရရှိစေရန်အတွက် ပြည်နယ်/ဒေသ အစိုးရတို့ကို ခွဲဝေပေးလေ့ရှိပြီး နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြင့်သော်လည်းကောင်း၊ တရားဥပဒေ ပြုခြင်းဖြင့်သော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရကိုယ်စား လုပ်ကိုင်စေခြင်းဖြစ်သော်လည်းကောင်း အာဏာနှင့် လုပ်ပိုင်ခွင့်များကို ခွဲဝေပေးသည်။ [၁၄]

ဖက်ဒရယ်စနစ်နှင့် သဘာဝသယံဇာတ ဆိုသည်မှာ သဘာဝသယံဇာတ စီမံအုပ်ချုပ်ရေးနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့်များကို ပြည်နယ်/ဒေသ အစိုးရများထံသို့ အတိုင်းအတာတစ်ရပ်အထိ ပေးအပ်ထားခြင်းကို ဆိုလိုသည်။ ထိုသို့ တာဝန်ခွဲဝေရာတွင် စံပြပုံစံမှာ တစ်ခုတည်း ရှိသည်မဟုတ်ပေ (လေးထောင့်ကွက် ၃ ကိုကြည့်ပါ)။ အချို့နိုင်ငံများတွင် ပြည်ထောင်စုအစိုးရက ဥပဒေပြုခြင်း၊ အကောင်အထည်ဖော်ခြင်း သို့မဟုတ် စောင့်ကြည့်ကြပ်မတ်ခြင်းတို့အတွက် ပြည်နယ်/ဒေသ အစိုးရတို့ကို တာဝန်များကို ခွဲဝေပေး ခြင်း ပြုလုပ်လေ့ရှိသော်လည်း ဖက်ဒရယ်စနစ် အစစ်အမှန်တွင်မူ ပြည်နယ်/ဒေသ အစိုးရများသည် အဆိုပါ ကဏ္ဍအချို့ သို့မဟုတ် အားလုံးကို ဆောင်ရွက်နိုင်သည့် ဖွဲ့စည်းပုံ အချုပ်အခြာအာဏာရှိသည်။ အခြားနိုင်ငံများက ပုံစံအမျိုးမျိုးကို အသုံးပြုကြသည်။ ၎င်းတို့မှာ လုပ်ပိုင်ခွင့် အာဏာအချို့ကို ပြည်နယ်ဒေသအဆင့် နိုင်ငံရေးသမားများသို့ တာဝန်ခံရသော နိုင်ငံ့ဝန်ထမ်းများအား လွှဲအပ်ခြင်း၊ နိုင်ငံတော်အဆင့် အဆုံးအဖြတ်ပေးရသည့် ကိစ္စရပ်များတွင် ပြည်နယ်ဒေသ အဖွဲ့အစည်းများအား တရားဝင် ပါဝင်လာစေခြင်း (ဥပမာ ပြည်နယ်ဒေသ၏ ခွင့်ပြု အတည်ပြုမှု လိုအပ်စေခြင်း နှင့် ဆွေးနွေး တိုင်ပင်ခြင်းမှတစ်ဆင့်) သို့မဟုတ် နိုင်ငံတော်အဆင့် အဖွဲ့အစည်းများအနေဖြင့် ဒေသန္တရကိုယ်စားလှယ် တစ်ရပ် ရှိစေပြီး ၎င်းအနေဖြင့် နိုင်ငံတော်အဆင့် နိုင်ငံရေးသမားများအား အကြွင်းမဲ့ တာဝန်ခံရသော်လည်း ဒေသန္တရအကျိုးကို ရည်သန် ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။ နိုင်ငံအတော်များများသည် ရောပြွန်း ပုံစံတစ်ရပ်ကို ကျင့်သုံးကြသည်။ ဥပဒေပြုရေး အခွင့်အာဏာမှာ နိုင်ငံတော်အဆင့်တွင် ရှိနေနိုင်သော်လည်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် စောင့်ကြည့်ကြပ်မတ်ခြင်းတို့မှာ ပြည်နယ်ဒေသ အစိုးရများ၏ လုပ်ပိုင်ခွင့်ပြုသည့် ပုံစံဖြစ်သည်။

ကမ္ဘာနှင့်အဝှမ်းတွင် အကျိုးအမြတ်ခွဲဝေခြင်းသည် ပြည်နယ်/ဒေသဆိုင်ရာ Stakeholder များမှ တောင်းဆိုသော အရေးပါသည့် အချက်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင် ယင်းအတွက် အစပြု လုပ်ဆောင်နေမှုများ ရှိနှင့်ပြီးဖြစ်ကာ *Natural Resource Governance Institute's (NRGI)* မှ ၂၀၁၆ ခုနှစ်တွင် ထုတ်ဝေခဲ့သော *Sharing the Wealth: A Roadmap for Distributing Myanmar's Natural Resource Revenues* ဟူသည့် အစီရင်ခံစာတွင် ဆွေးနွေးထားခဲ့ပြီး ဖြစ်သည်။ သို့ရာတွင် ရှုပ်ထွေးမှုများနှင့် ရှည်လျားလှသော မြန်မာနိုင်ငံ၏ ပဋိပက္ခထဲတွင် အကျိုးအမြတ်ခွဲဝေပေးခြင်းက တိုင်းရင်းသား ကိုယ်စားလှယ်များ၏ နိုင်ငံရေးရည်မှန်းချက် အလိုကို မပြည့်ဝစေနိုင်သလို အကြမ်းဖက်မှုတို့ကို အဓိက မောင်းနှင်နေသော အချက်တို့ကို ဖြေရှင်းရန်အတွက် လုံလောက်မှု မရှိနိုင်ပါ။ ထို့အပြင် အကျိုးအမြတ်ခွဲဝေမှုဖြင့်လည်း အဆိုပါကဏ္ဍ၏ အုပ်ချုပ်ရေးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရန် မလုံလောက်မှန်း သက်သေပြနေသည်။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ဆက်လက်ကျင်းပနေသည့်အချိန်တွင် မူဝါဒချမှတ်သူများအနေဖြင့် ပြည်နယ်/ဒေသ အစိုးရများကို သဘာဝသယံဇာတ စီမံအုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့် အခွင့်အာဏာများ ပိုမိုပေးအပ်ရာတွင် ကြုံတွေ့လာနိုင်သည့် အခွင့်အရေးနှင့် အခက်အခဲတို့ကိုလည်း အလေးအနက်ထား ထည့်သွင်းစဉ်းစားသင့်သည်။

အကယ်၍ အသေအချာ စီမံနိုင်ခဲ့လျှင် ဖက်ဒရယ်စနစ် နှင့် သဘာဝ သယံဇာတ စီမံအုပ်ချုပ်မှုသည် မြန်မာနိုင်ငံ၏ သယံဇာတ ထုတ်လုပ်နေသော နေရာဒေသများမှ သမိုင်းဝင် ပဋိပက္ခများကို ဖြေရှင်းနိုင်

၁၃ Republic of the Union of Myanmar, *Constitution*.

၁၄ Nicholas Haysom and Sean Kane, *Negotiating Natural Resources for Peace: Ownership, Control and Wealth-sharing* (Centre for Humanitarian Dialogue, October 2009); Center for Constitutional Transitions, International IDEA and the United Nations Development Programme, *Oil and Natural Gas: Constitutional Frameworks for the Arab States Region* (2014).

ရန် နည်းလမ်းတစ်ခု ဖြစ်နိုင်သည့်အပြင် အလားအလာကောင်းများရှိသည့် သယံဇာတထုတ်ယူမှုကဏ္ဍသည် လူမှုဖွံ့ဖြိုးရေးအတွက် မောင်းနှင်ပေးနိုင်ပြီး တည်ငြိမ်အေးချမ်းမှုကိုလည်း ကျောထောက်နောက်ခံပြုနိုင်သည်။ အခြားနိုင်ငံများတွင် ဗဟိုအစိုးရအနေဖြင့် ပြည်နယ်/ဒေသအဆင့်သို့ အခွင့်အာဏာ ပေးနိုင်ခြင်းကြောင့် ပဋိပက္ခများကို ကျော်လွှားနိုင်ခဲ့ကြသည်။ ဥပမာအားဖြင့် အင်ဒိုနီးရှားနိုင်ငံတွင် Aceh၊ Papua နှင့် အနောက် Papua ဒေသများရှိ သယံဇာတအရင်းအမြစ် အခွန်တော်များကို ခွဲဝေပေးရန် သဘောတူညီမှုများက ပဋိပက္ခများကို နိဂုံးချုပ်ရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ [၁၅] အင်ဒိုနီးရှားနိုင်ငံက အခွန်တော်ငွေ ခွဲဝေခြင်းထက် စီမံအုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့် တာဝန်ဝတ္တရားများပါ ခွဲဝေပေးရန် ချဉ်းကပ် လုပ်ဆောင်ခဲ့သည်။ ဥပမာအနေနှင့် ၂၀၀၅ ခုနှစ်တွင် အင်ဒိုနီးရှားအစိုးရနှင့် လွတ်လပ်သော Aceh လှုပ်ရှားမှု (Free Aceh Movement) အကြား နားလည်မှု စာချွန်လွှာ ရေးထိုးနိုင်ခဲ့မှုသည် ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍအတွက် ပူးပေါင်းစီမံအုပ်ချုပ်နိုင်ရန် အခွင့်အရေးများ ဖန်တီးနိုင်ခဲ့သည်။ [၁၆]

သဘာဝသယံဇာတ ဖက်ဒရယ်စနစ်သည် သယံဇာတ အုပ်ချုပ်စီမံမှုအတွက် ကောင်းမွန်သော အကျိုးဆက်များကို ဖြစ်ပေါ်လာစေမည်ဖြစ်သည်။ အာဏာနှင့် လုပ်ပိုင်ခွင့်တို့ကို ဗဟိုချုပ်ကိုင်မှု လျှော့ချလိုက်ခြင်းဖြင့် ဆုံးဖြတ်ချက်ချမှတ်မှုကို Stakeholder များနှင့် ပိုမိုနီးစပ်စေပြီး သယံဇာတဆိုင်ရာ ကိစ္စရပ်များအတွက်လည်း တိုက်ရိုက်အကျိုးသက်ရောက်မှု ရှိစေမည့်အပြင် အစိုးရကိုလည်း ပိုမိုစွမ်းဆောင်ရည် ကောင်းမွန်စေမည်ဖြစ်ပြီး ထိရောက်မှုလည်း ပိုရှိလာမည်ဖြစ်သည်။ ဥပမာအားဖြင့် ဒေသန္တရဆိုင်ရာ တာဝန်ရှိသူများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအရာများ ဖြစ်ပျက်နေသောနေရာတို့ကို မြန်ဆန်စွာ ခြေရာခံနိုင်မည်ဖြစ်ပြီး တုန့်ပြန်ဆောက်ရွက်မှုများကိုလည်း ပိုမိုကောင်းမွန်စွာ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်အဆင့် အဖွဲ့အစည်းများ၏ ဒေသတွင်း ကိုယ်စားလှယ်တစ်ရပ်ထားရှိခြင်းဖြင့် ယင်းအချက်များကို ဆောင်ရွက်နိုင်ပြီး ဒေသခံ မဲပေးသူတို့အပေါ် တိုက်ရိုက် တာဝန်ခံရသော ဒေသန္တရ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများတွင် ပိုမိုအလေးထား ဆောင်ရွက်စေမှုကို ဖြစ်စေပါသည်။ အဆိုပါပုံစံက မြန်မာနိုင်ငံကဲ့သို့ စောင့်ကြည့်စစ်ဆေးခြင်းနှင့် ဥပဒေပြဋ္ဌာန်းခြင်းဆိုင်ရာ ကိစ္စရပ်များတွင် စွမ်းဆောင်ရည် အကန့်အသတ်ရှိပြီးပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်များအကြား အငြင်းပွားနေသော နေရာဒေသများအတွက် အထူးသဖြင့် အကူအညီ ဖြစ်စေနိုင်မည် ဖြစ်သည်။

ဒေသခံများကို ပိုင်ဆိုင်လုပ်ပိုင်ခွင့် ပေးခြင်းဖြင့် (local ownership) သယံဇာတ ထုတ်ယူခြင်းဆိုင်ရာ ကိစ္စရပ်များအပေါ် ဒေသတွင်း လူ့အဖွဲ့အစည်းတို့၏ ခိုင်မာသော ထောက်ခံမှုကို မြင့်တက်စေပြီး ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကိုလည်း တိုးတက်စေမည်ဖြစ်သည့်အပြင် ကုမ္ပဏီများ၏ ''တူးဖော်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် လူမှုရေးခွင့်ပြုချက်'' (social licenses) ရယူသည့် အလေ့အထကိုလည်း ခိုင်မာလာစေမည်ဖြစ်သည်။

## လေးထောင့်ကွက် (၃)။ ပြည်ထောင်စုအစိုးရ နှင့် ပြည်နယ်/ဒေသ အစိုးရတို့အကြား အခန်းကဏ္ဍနှင့် လုပ်ပိုင်ခွင့် အခွင့်အာဏာများ ပိုင်းခြားခြင်း

ယခုအစီရင်ခံစာတွင် ''သဘာဝသယံဇာတ ဖက်ဒရယ်စနစ်'' ဟု သုံးနှုန်းထားခြင်းသည် မူဝါဒ ချမှတ်သူများအနေဖြင့် ပြည်နယ်/ဒေသ အစိုးရတို့ကို ပိုမိုကြီးမားသော လုပ်ပိုင်ခွင့်များကို လွှဲပြောင်းခွဲဝေပေးရာတွင် ရရှိနိုင်သည့် ရွေးချယ်စရာများ၏ အတိုင်းအတာကို ဖော်ပြလိုသောကြောင့်ဖြစ်သည်။ ထိုကဲ့သို့သော အသုံးအနှုန်းကို ရွေးချယ်ခြင်းမှာ ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်မည့် မြန်မာနိုင်ငံ၏ မျှော်မှန်းချက်ကြောင့်လည်း ဖြစ်သည်။ သို့ရာတွင် ဖက်ဒရယ်စနစ်သည် ပြည်ထောင်စုအစိုးရ၏ အာဏာနှင့် လုပ်ပိုင်ခွင့်ကို ပြည်နယ်/ဒေသအစိုးရများသို့ ပေးအပ်ရန်အတွက် အန္တိမ ရည်ရွယ်ချက်အဖြစ် ကိုယ်စားပြုသည်။

---

၁၅ Natural Resource Governance Institute (NRGI) and the United Nations Development Programme (UNDP), *Natural Resource Revenue Sharing* (2016).


၁၆ Haysom and Kane, *Negotiating Natural Resources for Peace.*




အဆိုပါ အသုံးအနှုန်းများကို အကျယ်တဝင့်အားဖြင့် အောက်ပါအတိုင်း အမျိုးအစား ခွဲခြားနိုင်သည်။

- **ဗဟိုထိန်းချုပ်မှုဖြေလျှော့ခြင်း** ။ ။ နိုင်ငံတော်အဆင့် အစိုးရအနေဖြင့် နိုင်ငံ၏ မူဝါဒများကို ပြည်နယ်/ဒေသအဆင့်တွင် အကောင်အထည်ဖော်နိုင်မည့် ဒေသဆိုင်ရာ တာဝန်ရှိသူများကို ခန့်အပ်ခြင်းဖြစ်သည်။ ဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်ခြင်းကိစ္စတို့မှာ ပြည်နယ်ဒေသ အစိုးရနှင့် ပတ်သက်နေသူများနှင့် ပိုမိုနီးစပ်သွားမည်ဖြစ်သော်လည်း နိုင်ငံတော်အဆင့် အဖွဲ့အစည်းများအပေါ်တွင်သာ အကြွင်းမဲ့ တာဝန်ခံရမည်ဖြစ်သည်။
- **ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း/အာဏာခွဲဝေပေးခြင်း** ။ ။ အချို့ကိစ္စရပ်များအတွက် မူဝါဒရေးရာ ဆုံးဖြတ်ချက်များကို ပြုလုပ်ရန် ဒေသခံပြည်သူမှ ရွေးကောက်တင်မြှောက်ခံရသော၊ ပြည်ထောင်စု အစိုးရက လုပ်ပိုင်ခွင့်အာဏာ ပေးအပ်သည့် ပြည်နယ်ဒေသ အစိုးရများထံ ဆုံးဖြတ်ချက်ချ မှတ်ခြင်းနှင့် တာဝန်ခံမှုတို့ကို လွှဲပြောင်းပေးခြင်းဖြစ်သည်။ အများအားဖြင့် ယခုပုံစံတွင် ဒေသန္တရ အစိုးရအနေဖြင့် အခွန်တော်ငွေများကို တိုက်ရိုက်ကောက်ခံပိုင်ခွင့်နှင့် ဝန်ဆောင်မှုများကို ထောက်ပံ့နိုင်ခွင့်တို့ ပါဝင်သည်။
- **ဖက်ဒရယ်စနစ်** ။ ။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စု နှင့် ပြည်နယ်ဒေသ အစိုးရအဖွဲ့တို့အကြား ခွဲဝေပေးထားသည်။ ဆိုလိုသည်မှာ ပြည်နယ်ဒေသဆိုင်ရာ အစိုးရတို့၏ ဆုံးဖြတ်ချက်အချို့ကို ပြည်ထောင်စု အစိုးရအနေဖြင့် ဝင်ရောက်စွက်ဖက်ခြင်း မရှိနိုင်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တားမြစ်ထားသည်။ စစ်မှန်သော ဖက်ဒရယ်စနစ်တွင်မူ ပြည်နယ်ဒေသ အစိုးရများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖော်ပြထားသော သိသာထင်ရှားသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် လုပ်ပိုင်ခွင့်ရှိသည်။

လက်တွေ့တွင် နိုင်ငံအများအပြားမှာ ရောပြွန်းစနစ်ကို ကျင့်သုံးကြပြီး အဆိုပါပုံစံမှာ လုပ်ပိုင်ခွင့်အချို့ကို ပြည်ထောင်စုအစိုးရက ထိန်းချုပ်ထားပြီး ကျန်ရှိသော လုပ်ပိုင်ခွင့်များကို ပြည်နယ်ဒေသအဆင့်သို့ ပေးအပ်ထားခြင်းပုံစံမျိုး ဖြစ်သည်။ ဥပမာအားဖြင့် ပြည်ထောင်စုအစိုးရသည် နိုင်ငံ၏ အနိမ့်ဆုံးအဆင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံနှုန်းများကို သတ်မှတ်ပြဋ္ဌာန်းသော်လည်း ပြည်နယ်ဒေသ အစိုးရအဖွဲ့အစည်းများကို ပိုမိုတင်းကြပ်သော စည်းမျဉ်းစည်းကမ်းများ ချမှတ်နိုင်သော အခွင့်အရေး သို့မဟုတ် စောင့်ကြည့်စစ်ဆေးခြင်း နှင့် ကြပ်မတ်ခြင်း အခွင့်အရေးကို ပေးအပ်ထားသည်။ အချို့နေရာများတွင် လုပ်ပိုင်ခွင့်ကို ခွဲဝေကောင်း ခွဲဝေမည်ဖြစ်သည်။ ပြည်ထောင်စု အစိုးရမှ ဆုံးဖြတ်သော လိုင်စင်ချပေးခြင်း အဆုံးအဖြတ်များအပေါ်တွင် ပြည်နယ်အစိုးရ အဖွဲ့အစည်းများမှ ဗီတိုအာဏာ အသုံးပြုခွင့်ရှိနိုင်ခြင်း သို့မဟုတ် လိုင်စင်သဘောတူညီချက်များကို ညှိနှိုင်းဆွေးနွေးရာတွင် တွဲဖက်ပါဝင် ဆောင်ရွက်ရခြင်းတို့ကဲ့သို့ ဖြစ်သည်။




သို့ရာတွင် ဖက်ဒရယ်စနစ် နှင့် သဘာဝသယံဇာတ စီမံအုပ်ချုပ်ရာတွင် အခက်အခဲများ ကြုံတွေ့နိုင်သည်။ ဖက်ဒရယ်စနစ် ပုံစံများသည် သယံဇာတ ကြွယ်ဝသော ဒေသများနှင့် နိုင်ငံ၏ ကျန်ဒေသများအကြားတွင် မညီမျှမှုကို ဖြစ်ပေါ်စေတတ်သည့် အန္တရာယ်ရှိသည်။ ထိုသို့ဖြစ်လာခြင်းသည် နိုင်ငံရေးမတည်ငြိမ်မှု၏ ပြဿနာရင်းမြစ် ဖြစ်လာနိုင်ပြီး အဆိုပါပြဿနာကို ဘရာဇီးနိုင်ငံရှိ ရေနံတွင်းဝခွန်များကိစ္စ အငြင်းပွားမှုတွင်လည်း တွေ့နိုင်သည် (အပိုင်း ၅ တွင် အသေးစိတ် ကြည့်ပါ)။ သယံဇာတ ထုတ်ယူမှု

အခွန်တော်ငွေအပေါ်တွင် အလွန်အမင်း မှီခိုနေရခြင်းက ဒေသန္တရအစိုးရအား ဖွံ့ဖြိုးတိုးတက်မှု မတည်ငြိမ်ခြင်းနှင့် ကုန်စည်ဈေးနှုန်း အတက်အကျ ဖြစ်စဉ်ကိုလည်း ဖြစ်ပေါ်စေနိုင်သည်။

အရေးအကြီးဆုံး ပြဿနာက ဗဟိုချုပ်ကိုင်မှု လျှော့ချလိုက်သည့်အခါ နည်းပညာလိုအပ်ချက် မြင့်မားသော လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များက ပြည်နယ်ဒေသအစိုး၏လုပ်ပိုင်ခွင့်အတွင်း ရောက်ရှိလာသည့်အခါ ပြည်နယ်ဒေသဆိုင်ရာ တာဝန်ရှိသူများတွင် အဆိုပါတာဝန်များကို ပြီးမြောက်အောင် လုပ်ဆောင်နိုင်မည့် အရည်အချင်း ရှိမနေခြင်းဖြစ်သည်။ အာဂျင်တီးနားနိုင်ငံ၏ ဖက်ဒရယ်စနစ်တွင် ပြည်နယ်ဒေသ အစိုးရများအကြားရှိ ကျစ်လစ်မှုမရှိသည့် အစိုးရလုပ်ငန်းဌာန စုဖွဲ့မှု၊ မတည်ငြိမ်သော အခွန်စနစ်များ နှင့် ဆီလျော်မှုမရှိသော လိုင်စင်ချပေးခြင်း စနစ်များသည် ၁၉၈၀ ခုနှစ် နှင့် ၁၉၉၀ ခုနှစ် အစောပိုင်းကာလတို့တွင် ရင်းနှီးမြှုပ်နှံသူများကို ကြောက်လန့်စေခဲ့သည်။ [၁၇] ပွင့်လင်းမြင်သာမှု နှင့် တာဝန်ခံမှု ယန္တရားလုပ်ငန်းစဉ်တို့ အားနည်းသည့် အခြေအနေများတွင် ဒေသန္တရအစိုးရအား ပိုမိုကြီးမားသော လုပ်ပိုင်ခွင့်များကို ပေးအပ်လိုက်ခြင်းက အကျင့်ပျက်ခြစားမှုကိုလည်း မြင့်တက်စေနိုင်သည်။ ဥပမာအားဖြင့် အင်ဒိုနီးရှားနိုင်ငံတွင် ခွင့်ပြုချက်လိုင်စင် ချပေးသည့်ဖြစ်စဉ်တွင် ဗဟိုချုပ်ကိုင်မှုကို လျှော့ချလိုက်သည့်အခါ သတ္တုတူးဖော်ရေးကဏ္ဍ၏ စီမံအုပ်ချုပ်မှုပိုင်းတွင် စိန်ခေါ်မှုများ ဖြစ်ပေါ်ခဲ့သည် (အသေးစိတ်ကို အပိုင်း ၃ တွင်ကြည့်ပါ)။ စောင့်ကြည့်စစ်ဆေးရေးအတွက် ဒေသတွင်းရှိ လုပ်ဆောင်မှုစွမ်းရည် ညံ့ဖြင်းခြင်းက အဆိုပါကဏ္ဍအတွင်း စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ခြင်း၊ အထူးသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စများတွင် မလိမ့်တစ်ပတ် လုပ်ဆောင်မှုများကို ဖြစ်ပေါ်စေသည်။

အခြေခံအားဖြင့် လုပ်ပိုင်ခွင့် အခွင့်အာဏာ မည်သူ့ထံတွင်ရှိနေသည်ကို သေချာစွာမသိကြခြင်းကလည်း ကြုံတွေ့နေကျ စိန်ခေါ်မှုများထဲက စိန်ခေါ်မှုတစ်ခုဖြစ်သည်။ ဥပမာအားဖြင့် ဒေသန္တရအစိုးရက လိုင်စင်ချပေးခြင်း ကိစ္စရပ်များတွင် အထူးလုပ်ပိုင်ခွင့်ကို ကျင့်သုံးကောင်း ကျင့်သုံးနေမည်ဖြစ်သော်လည်း ဥပဒေအရ ထိုသို့ပြုလုပ်ပိုင်ခွင့် ရှိမရှိကိုမူ ရှင်းလင်းစွာ ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ (မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းများရှိ သတ္တုတွင်းကဏ္ဍအချို့ကို ဥပမာအနေဖြင့် လေ့လာနိုင် – အပိုင်း ၃ တွင်ကြည့်ပါ)။ အခြားအခြေအနေများတွင် ဖက်ဒရယ်စနစ်သည် နိုင်ငံ၏ သယံဇာတထုတ်ဖော်ခြင်းကဏ္ဍနှင့် သက်ဆိုင်သော ရှင်းလင်းသည့် နိုင်ငံတော် မဟာဗျူဟာများ ရေးဆွဲချမှတ်ခြင်း အလေ့အကျင့်တစ်ရပ်ကို အဟန့်အတားဖြစ်စေပြီး ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်ရန်အတွက် စံနှုန်းများ အပြိုင်အဆိုင်လျှော့ချခြင်းကို ဖြစ်စေနိုင်သည်။

ဗဟိုချုပ်ကိုင်မှု လျှော့ချလိုက်သည့်အခါ နည်းပညာလိုအပ်ချက် မြင့်မားသော လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ ပြည်နယ်ဒေသ အစိုးရ၏ လုပ်ပိုင်ခွင့်အတွင်း ရောက်ရှိလာသည့်အခါ ပြည်နယ်ဒေသဆိုင်ရာ တာဝန်ရှိသူများတွင် အဆိုပါတာဝန်များကို ပြီးမြောက်အောင် လုပ်ဆောင်နိုင်မည့် အရည်အချင်း ရှိမနေခြင်း ဖြစ်တတ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် သဘာဝသယံဇာတ စီမံအုပ်ချုပ်မှု စိန်ခေါ်ချက်များကို ရင်ဆိုင်ခဲ့ရပြီးဖြစ်သည်။ NRGI ၏ ၂၀၁၇ ခုနှစ် သယံဇာတ စီမံအုပ်ချုပ်မှုညွှန်းကိန်းတွင် မြန်မာနိုင်ငံ၏ လုပ်ဆောင်မှုများသည် သက်သေဖြစ်သည်။ အဆိုပါညွှန်းကိန်းထဲတွင် မြန်မာနိုင်ငံ၏ ချို့ယွင်းချက်အတော်များများကို ထောက်ပြထားသည့်အပြင် လုပ်ငန်းလိုင်စင် ချပေးသည့် ဖြစ်စဉ်တွင် ပွင့်လင်းမြင်သာမှု မရှိခြင်း၊ အခွန်တော်ငွေ စီမံခန့်ခွဲမှုနှင့် တရားဝင် မူဘောင်များကို အကောင်အထည်ဖော်ရာတွင် ကွာဟနေမှုတို့ကို ဖော်ပြထားသည်။ [၁၈] ဖက်ဒရယ်စနစ် နှင့် သဘာဝသယံဇာတ အကြောင်းကို ဆွေးနွေးရာတွင် အထက်ပါ အတားအဆီး ကန့်သတ်ချက်များကို ဖြေရှင်းရန် လိုအပ်သည်ကို သတိပြုမိရန်လိုပြီး အစိုးရအဆင့်တိုင်းသည် ဆုံးဖြတ်ချက်များ ထိရောက်စွာ ချမှတ်နိုင်ရန် အရေးကြီးသည်။ ဖက်ဒရယ်စနစ်သို့ သွားရာတွင် မည်သည့် ဖက်ဒရယ်စနစ် ပုံစံကို ကျင့်သုံးမည်၊ မည်သည့် ဖက်ဒရယ်အဆင့်ထိ ကျင့်သုံးမည်ဆိုသော ဆုံးဖြတ်ချက်များကို ဖြစ်လာနိုင်သော ကောင်းကျိုးဆိုးပြစ်များအပေါ် မူတည်ပြီး ဂရုတစိုက် စဉ်းစားသင့်ပါသည်။

ယခုအစီရင်ခံစာကို ရေးသားပြုစုသူများသည် အစီရင်ခံစာအား မြန်မာနိုင်ငံ သယံဇာတတူးဖော်သည့် ကဏ္ဍ၏ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေး တည်ဆောက်ဖွဲ့စည်းပုံတို့ကို မူဝါဒချမှတ်သူများနှင့် အကျိုးစီးပွား စိတ်ဝင်စားသော Stakeholder များအတွက်ရည်ရွယ်လျက် ဆွေးနွေးသွားမည်ဖြစ်သည်။ ၎င်းတို့အနေဖြင့် သယံဇာတ စီမံအုပ်ချုပ်ရေး လုပ်ပိုင်ခွင့်များကို ခွဲဝေရေးနှင့်ပတ်သက်ပြီး လုပ်ထုံးလုပ်နည်းပုံစံတစ်ခုကိုသာ အကြံပြုမည်မဟုတ်ဘဲ ကွဲပြားသော လုပ်ထုံးလုပ်နည်း ပုံစံများ၏ အခက်အခဲ နှင့် အခွင့်

၁၇ Andrew Bauer, Rebecca Iwerks, Matteo Pellegrini and Varsha Venugopal, *Subnational Governance of Extractives: Fostering National Prosperity by Addressing Local Challenges* (Natural Resource Governance Institute, August 2016).

၁၈ Natural Resource Governance Institute, *2017 Resource Governance Index* (2017).

အလမ်းများအပေါ် ဆွေးနွေးခြင်းကို လုပ်ဆောင်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် မည်သည့်လုပ်ထုံးလုပ်နည်းကို ရွေးချယ်သည်ဖြစ်စေ မတူညီသော Stakeholder များ၏ လိုလားချက်များနှင့် နိုင်ငံ၏ သယံဇာတ စီမံအုပ်ချုပ်မှု ခိုင်မာ အားကောင်းလာစေရန် အရေးပေါ် လုပ်ဆောင်မှု လိုအပ်သည့်ကိစ္စနှစ်ခုလုံးတို့ကို ထည့်သွင်းစဉ်းစားဖို့ လိုအပ်နေသည်။ ထို့အတူပင် ယခုအစီရင်ခံစာအတွင်း ပါဝင်သော အကြောင်းအရာ အသေးစိတ် သုံးသပ်မှုများနှင့် ဆုံးဖြတ်ချက်များသည် လက်ရှိမြန်မာနိုင်ငံ၏ ကိစ္စရပ်များနှင့်သာ လျော်ညီမည်ဖြစ်ပြီး အခြားနိုင်ငံများနှင့် သင့်တော်မည်မဟုတ်ပါ။

## အသေးစိတ်လေ့လာမှု မူဘောင် (Analytical Framework)

ယခုအစီရင်ခံစာကို ပြုစုသူများက အဓိကအားဖြင့် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့်တိုင်းများဆီသို့ သဘာဝသယံဇာတ အုပ်ချုပ်စီမံမှုဆိုင်ရာ လုပ်ပိုင်ခွင့်များကို ပို၍ ပေးအပ်လိုက်ခြင်းနှင့်ပက်သက်၍ အခွင့်အရေးများနှင့် အခက်အခဲများကို ပြုစုသုံးသပ်ထားခြင်းဖြစ်သည် (လေးထောင့်ကွက် ၁ တွင်ကြည့်ပါ)။ မြန်မာနိုင်ငံသည် ဗဟိုချုပ်ကိုင်မှုလျှော့ချရန် အားထုတ်လျက်ရှိပြီး လက်ရှိ ဖက်ဒရယ်စနစ်အပေါ် ဆွေးနွေးငြင်းခုံပြုလုပ်နေခြင်းတို့၏ အရေးပါသောအဆင့်တွင် ရောက်ရှိနေသောကြောင့် ပြည်နယ်နှင့်တိုင်းအစိုးရအဆင့်ကို ယခု ခွဲခြမ်းစိတ်ဖြာ သုံးသပ်မှုအတွက် ရွေးချယ်ရခြင်းဖြစ်သည်။ သို့ရာတွင် အစီရင်ခံစာတွင်ပါရှိသော စနစ်များသည် ယခု မြန်မာနိုင်ငံအတွက် တစ်ခုတည်းသော စံပြစနစ်တော့ မဟုတ်ပေ။ ဥပမာအားဖြင့် မြို့နယ်တာဝန်ရှိသူများ၏ ကဏ္ဍကို ထပ်မံတိုးချဲ့နိုင်သေးသည်။ ထို့အပြင် ပိုမိုကြီးမားသော လုပ်ပိုင်ခွင့်အခွင့်အာဏာကို ပြည်နယ်နှင့်တိုင်းများသို့ ခွဲဝေလိုက်ခြင်းသည် မြန်မာနိုင်ငံအတွင်းရှိ မတူကွဲပြားသော တိုင်းရင်းသားများနှင့် နိုင်ငံရေးအင်အားစုများ၏ ဆန္ဒကို ဖြည့်ဆည်းပေးရာရောက်မည်ဟု မဆိုလိုပါ။ အထူးသဖြင့် ၎င်းတို့ ထိန်းချုပ်ထားသော နယ်မြေအပိုင်းအခြားကို တရားဝင် အသိအမှတ်ပြု မခံရသည့် အင်အားစုများ၏ ဆန္ဒကိုလည်း ဖြေရှင်းပေးရာရောက်မည်ဟု အတိအကျ မဆိုနိုင်ပေ။ ယခုအစီရင်ခံစာသည် အစိုးရ၏ အောက်ပိုင်းအဆင့် သို့မဟုတ် ဌာနေတိုင်းရင်းသား ကဲ့သို့သော အစိုးရမဟုတ်သော Stakeholder များအတွက် သယံဇာတ စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ပိုင်ခွင့်များကို ခွဲဝေချပေးရန်အတွက် အမျိုးမျိုးသော ယန္တရားလုပ်ငန်းစဉ်များကို အခြားနိုင်ငံ အများအပြား၏ အတွေ့အကြုံများအပေါ်မူတည်ပြီး ပြုစုထားခြင်းဖြစ်သည်။

ယခုအစီရင်ခံစာသည် ရေနံ၊ ဓါတ်ငွေ့နှင့် သတ္တုကဏ္ဍနှင့်သက်ဆိုင်သည့် စီမံအုပ်ချုပ်မှုနှင့်ပတ်သက်သော လုပ်ပိုင်ခွင့်တို့အကြောင်း ဆွေးနွေးတင်ပြထားခြင်းဖြစ်သည်။ ယင်းတို့မှာ –

- လုပ်ငန်းလိုင်စင်ချပေးခြင်း
- ကြေးတိုင်နှင့် မြေယာစီမံခန့်ခွဲခြင်း
- ဘဏ္ဍာရေးမူဘောင်နှင့် အခွန်တော်ကောက်ခံခြင်း
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲခြင်း
- လုပ်ငန်းခွင် ဘေးကင်းရေးနှင့် ကျန်းမာရေး
- ဒေသအကျိုးစီးပွား
- တစ်နိုင်တစ်ပိုင်နှင့် အသေးစားသယံဇာတ တူးဖော်ထုတ်လုပ်ခြင်းတို့ ဖြစ်သည်။

ယခုအစီရင်ခံစာတွင် ဖော်ပြပါအကြောင်းအရာများကို ရွေးချယ်ခဲ့ရခြင်းမှာ စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ပိုင်ခွင့်၏ ကျယ်ပြန့်သောသဘောကို ထင်ဟပ်ပြရန်နှင့် မတူညီသော နယ်ပယ်များတွင် ရှိနေသော အခွင့်အလမ်းနှင့် စိန်ခေါ်မှုတို့ကို တင်ပြရန်ဖြစ်သည်။ အစိုးရများအကြား လွှဲပြောင်းပေးမှုဖြင့်လည်းကောင်း၊ အခွန်တော် တိုက်ရိုက်ကောက်ခံစေခြင်းဖြင့်လည်းကောင်း သဘာဝ သယံဇာတမှ ရသည့် အခွန်များကို ပြည်နယ်များသို့ ခွဲဝေပေးမှုပေါ်တွင် NRGI က လေ့လာထားခဲ့မှုပေါ်တွင် အခြေခံပြီး အထက်ဖော်ပြပါ ခေါင်းစဉ်များကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ယခုစာကို ပြုစုသူတို့အနေဖြင့် ပြည်နယ်ဒေသအဆင့်သို့ ပိုပြီး ကြီးမားသော လုပ်ပိုင်ခွင့်တာဝန်ကို ခွဲဝေပေးခြင်း နောက်ကွယ်မှ ဥပဒေ လုပ်ထုံးလုပ်နည်း အသေးစိတ်တို့ကို အဖြေရှာပြမည်မဟုတ်ပါ။


ယခုအစီရင်ခံစာထဲတွင် သင်ခန်းစာအနေဖြင့် အာရှ–ပစိဖိတ်နိုင်ငံများ၏ အတွေ့အကြုံတို့ကို အဓိကအားဖြင့် ဖော်ပြထားပြီး ဩစတေးလျ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ မွန်ဂိုးလီးယား နှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ အတွေ့အကြုံ သင်ခန်းစာအရပ်ရပ်တို့ကို ဖော်ပြထားသည်။ အဆိုပါနိုင်ငံများကို ရွေးချယ်ရာ

တွင် သယံဇာတတူးဖော်မှုအပေါ် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းဆိုင်ရာ မတူညီကွဲပြားသော ချည်းကပ်မှုများကို ထင်ဟပ်ပြနိုင်ရန်ဖြစ်သည်။ ယခုအစီရင်ခံစာထဲတွင် ဗဟိုအစိုးရ တစ်ခုတည်းကသာ ဆုံးဖြတ်ချက်ချမှတ်သော တစ်ပြည်ထောင်စုနိုင်ငံများ၊ ဗဟိုချုပ်ကိုင်မှုကို အများအပြား လျှော့ချထားသော သို့မဟုတ် ပြည်နယ်ဒေသအဆင့်သို့ သဘာဝ သယံဇာတ စီမံခန့်ခွဲမှုဆိုင်ရာ အပြည့်အဝ လုပ်ပိုင်ခွင့်ပေးထားသော ဖက်ဒရယ် ပြည်ထောင်စုများအကြောင်း ပါဝင်သည်။ ရွေးချယ်ထားသော အကြောင်းအရာများသည် သယံဇာတ စီမံအုပ်ချုပ်မှုကို ပြည်နယ်ဒေသအဆင့်မှာ ထိရောက်စွာ လုပ်ဆောင်နိုင်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲသော စီမံခန့်ခွဲရေးနှင့် ရင်းနှီးမြှုပ်နှံသူတို့၏ စိတ်ချယုံကြည်မှုတို့ကို ထိခိုက်စေသည့် အကြောင်းအရာများ အပါအဝင် အောင်မြင်မှုများနှင့် ရှုံးနိမ့်ထိခိုက်မှုများကို ထင်ဟပ်ပြထားသည်။ အချို့ကိစ္စများတွင် အစီရင်ခံစာကို ပြုစုသူတို့အနေဖြင့် အသေးစိတ် အကြောင်းအရာတို့ကို ဖော်ပြနိုင်ရန်အတွက် အာရှပစိတ်ဒေသပြင်ပမှ ဥပမာတို့ကိုလည်း ထည့်သွင်းဖော်ပြထားသည်။ အစီရင်ခံစာ ပြုစုသူတို့အနေဖြင့် ရေနံ၊ သဘာဝဓါတ်ငွေ့ကဏ္ဍ နှင့် သတ္တုထူးဖော်ရေးကဏ္ဍ နှစ်ခုတို့အကြား ပြဿနာများ ဖြေရှင်းရာတွင် ကွာခြားမှုများအကြောင်းကိုလည်း အလေးပေး ဖော်ပြထားသည်။ [၁၉]

အပိုင်း ၂ တွင် ဖက်ဒရယ်စနစ် နှင့် သဘာဝသယံဇာတ စီမံခန့်ခွဲမှုအတွက် ဆုံးဖြတ်ချက်တိုင်းတွင် လိုအပ်သည့် အထွေထွေ ထည့်သွင်းစဉ်းစားစရာများကို ဖော်ပြထားသည်။ အပိုင်း ၃ မှ ၉ အထိမှာ သယံဇာတစီမံအုပ်ချုပ်မှုဆိုင်ရာ အသေးစိတ် လုပ်ပိုင်ခွင့်တို့ကို ရှင်းပြထားသည်။ အပိုင်းများကို မူဝါဒနယ်ပယ်တစ်ခုစီတိုင်းအတွက် လုပ်ပိုင်ခွင့် အခွင့်အာဏာများကို ခွဲဝေခြင်းနှင့်စပ်လျဉ်းသည့် အခွင့်အလမ်းများနှင့် စွန့်စားရင်ဆိုင်ရမည့် အန္တရာယ်များကို အကျဉ်းချုံး လေ့လာဆန်းစစ်မှုတို့ဖြင့် အစပြုထားသည်။ ထို့နောက် မြန်မာနိုင်ငံရှိ လက်ရှိအခြေအနေပေါ် ခြုံငုံသုံးသပ်ချက်နှင့် အပြည်ပြည်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လေ့လာဆန်းစစ်မှု ဆက်လက်ဖော်ပြထားသည်။ မြန်မာနိုင်ငံ၏ မူဝါဒရေးဆွဲသူများအတွက် ထည့်သွင်းစဉ်းစားသင့်သည့်အချက်များကို အပိုင်းတိုင်းတွင် ဖော်ပြထားသည်။

၁၉ ကိစ္စအချို့တွင် ဆက်နွယ်မှုရှိသည့် သစ်တောကဏ္ဍကို စာတမ်းပြုစုသူများမှ ထည့်သွင်းစဉ်းစားခြင်း မပြုထားပါ။

## နာမူနာနိုင်ငံများ၏ အုပ်ချုပ်မှုစနစ်များ



# ၂။ သယံဇာတ စီမံအုပ်ချုပ်မှု လုပ်ပိုင်ခွင့်နှင့် တာဝန်များ ခွဲဝေခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအတွက် ထည့်သွင်းစရာများ

သဘာဝသယံဇာတ စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ပိုင်ခွင့်တို့သည် မည်သို့ဖြစ်သင့်သနည်းဆိုသော မေးခွန်းများကို ဖြေရှင်းရန်အတွက် အလုံးစုံ ပြီးပြည့်စုံသော ဖြေရှင်းချက်တစ်ရပ် မရှိပါ။ အပိုင်းတစ်ခုချင်းစီတွင် ပြည်နယ်အဆင့် စတိတ်ဟိုဒါများကို လုပ်ပိုင်ခွင့် တိုးတက်လွှဲပြောင်းပေးရာတွင် အသုံးပြုသည့်ပုံစံအမျိုးမျိုးကို ဖော်ပြထားသည်။ သဘာဝ သယံဇာတ စီမံမှု တိုးတက်ရေးဖြစ်စဉ်အတွက် အထောက်အပံ့ဖြစ်စေခဲ့သည့် အတိုင်းအတာပေါ် လိုက်ပြီး ကွဲပြားမှုများရှိသည်။ ပြည်နယ်ဒေသအဆင့်သို့ မည့်သည့်အခွင့်အာဏာများကို ပေးအပ်မည်နည်းဟူသောအချက်အား ဆုံးဖြတ်ရာတွင် နည်းပညာဆိုင်ရာ ဆုံးဖြတ်ချက်တစ်ခုသာမကဘဲ နိုင်ငံရေးအရ ထည့်သွင်းစဉ်းစားသင့်သည့် အချက်များစွာလည်း ရှိသည်။

မြန်မာနိုင်ငံအနေနှင့် မည်သည့်လုပ်ပိုင်ခွင့် ခွဲဝေခြင်းပုံစံကို ရွေးချယ်ကျင့်သုံးပါစေ ပြည်နယ်ဒေသအဖွဲ့အစည်းများ၏ သဘာဝသယံဇာတ စီမံအုပ်ချုပ်မှုကို ပိုမိုခိုင်မာအားကောင်းလာစေရန် ယခုအစီရင်ခံစာတွင် ဖော်ပြထားသည့်နိုင်ငံများ၏ အတွေ့အကြုံဥပမာများ၊ ဆက်စပ်ဆောင်ရွက်ရမည့် ကိစ္စများကို မှီငြမ်းသင့်သည်။ အလေးအနက်ထား ထည့်သွင်းစဉ်းစားရန် လိုအပ်သောအချက်များမှာ –

- **လုပ်ကိုင်ရမည့် အခန်းကဏ္ဍနှင့် လုပ်ပိုင်ခွင့်တို့ကို ရှင်းလင်းစွာ သတ်မှတ်ပါ ။** ။ ဥပဒေပြုခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြပ်စစ်ဆေးခြင်းတို့နှင့်ပတ်သက်ပြီး မည်သူက အဓိကတာဝန်ခံ လုပ်ပိုင်ခွင့်ရှိသည် ဆိုခြင်းကို ရှင်းလင်းသတ်မှတ်ထားရန် လိုသည်။ မြန်မာနိုင်ငံတွင် ပြည်ထောင်စု ဝန်ကြီးဌာနများအကြားတွင် လုပ်ငန်းထပ်နေခြင်း လုပ်ပိုင်ခွင့်တာဝန် မရှင်းလင်းမှုသည် စိန်ခေါ်ချက်တစ်ရပ်အဖြစ် ရှိနေသည်။ ဥပမာအနေဖြင့် ဥပဒေမူဘောင်အရ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် လုပ်ပိုင်ခွင့်တို့ကို ဝန်ကြီးဌာန အများအပြားကို ပေးအပ်ထားသည်။ ထို့ကြောင့် မည်သည့်အစိုးရ ဝန်ကြီးဌာနကမှ အုပ်ချုပ်စီမံနိုင်ခွင့် အပြည့်အဝ မရှိတော့ပဲ ရလဒ်အနေဖြင့် လုပ်ငန်းဆောင်တာများမှာ အပြည့်အဝ ပြီးမြောက်အောင်ခြင်း မရှိတော့ပေ။ ပြည်ထောင်စုအဆင့်တွင် ရှိနေသည် ဖြစ်ပါစေ သို့မဟုတ် ပြည်နယ်ဒေသ အစိုးရဖက်သို့ ရွှေ့ပြောင်းသွားသည်ဖြစ်ပါစေ တာဝန်ခံမှုနှင့် ထိရောက်မှုရှိသော အကောင်အထည် ဖော်ဆောင်မှု လုပ်ဆောင်နိုင်ရန် ဥပဒေမူဘောင်များကို ရှင်းလင်းစွာ ရေးဆွဲသတ်မှတ်ထားရန် အရေးကြီးသည်။

- **စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ အဟန့်အတားများအတွက် သတိရှိပါ ။** ။ ထိရောက်အောင်မြင်သည့် သဘာဝ သယံဇာတ စီမံမှုဖြစ်ရန်အတွက် လူအင်အား၊ ဘဏ္ဍာရေး၊ နည်းပညာ ပံ့ပိုးမှုများစွာ လိုအပ်သည်။ ပြည်နယ်ဒေသများ၏ သယံဇာတအပေါ် ထိန်းချုပ်ခွင့် တောင်းဆိုမှုများသည် နိုင်ငံရေးအရ အရေးပါသည့်အချက် ဖြစ်နေတတ်သည်။ ထို့ပြင် ပြည်နယ်ဒေသအဆင့်သို့ လုပ်ပိုင်ခွင့်ကို လွှဲပြောင်းရာတွင်လည်း ၎င်းအစိုးရများအနေဖြင့် ၎င်းတို့၏တာဝန်များကို အပြည့်အဝ ထမ်းဆောင်နိုင်ရန် စွမ်းဆောင်ရည် ပြည့်မှီနေရန် လိုအပ်သည်။ လုပ်ပိုင်ခွင့်များ လွှဲပြောင်းမပေးမှီ စီမံခန့်ခွဲမှု စွမ်းရည်နှင့် စီမံခန့်ခွဲမှုစနစ်များ အပါအဝင် စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများကို ပြုလုပ်ပေးရမည်ဖြစ်သည်။ စွမ်းရည်မြှင့်တင်ပေးခြင်းသည် ပြည်နယ်ဒေသ အစိုးရနှင့် ကုမ္ပဏီများအကြား ပေါ်ပေါက်လာနိုင်သည့် လုပ်ပိုင်ခွင့်မညီမျှမှု ပြဿနာများကို ကူညီဖြေရှင်းရန်အတွက် အရေးကြီးသည်။ အထူးသဖြင့် ပြည်နယ်ဒေသ အစိုးရအဖွဲ့အစည်းများက ဆောင်ရွက်ရန် အသင့်ဖြစ်မနေပါက ရင်းနှီးမြှုပ်နှံသူတို့အနေဖြင့် အဆိုပါအဖွဲ့အစည်းများကို မသိကျိုးကျွံ ပြုသွားတတ်ပြီး ပြည်ထောင်စုအစိုးရနှင့် လုပ်ကိုင်ဆောင်ရွက်ရေးကိုသာ တောင်းဆိုလာလိမ့်မည်။ ပြည်နယ်ဒေသအဆင့် အစိုးရများအား အကောင်အထည်ဖော်ဆောင်ရွက်လာနိုင်ရန် စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းအားဖြင့် ကြုံတွေ့ရမည့် အဆိုပါအခက်အခဲကို ဖြေရှင်းနိုင်မည်ဖြစ်သည်။

- **အနိမ့်ဆုံးစံနှုန်းများကို ထားရှိသတ်မှတ်ခြင်း ။** ။ သဘာဝသယံဇာတ ဖက်ဒရယ်စနစ် ကျင့်သုံးခြင်းကြောင့် လူမှုရေး၊ သဘာဝပတ်ဝန်းကျင်နှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ စံနှုန်းများကို ထိခိုက်မှု မရှိစေရန် အရေးကြီးသည်။ အထူးသဖြင့် ပတ်ဝန်းကျင် စီမံခန့်ခွဲရာတွင် ကြုံတွေ့ရလေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် ပတ်ဝန်းကျင်စီမံမှု အားနည်းပါက ပြည်နယ်ဒေသများ၏ နယ်နိမိတ်များကို ကျော်လွန်ပြီး အကျိုးသက်ရောက်မှု ရှိတတ်ခြင်းကြောင့်ဖြစ်သည်။ နိုင်ငံအတော်များများတွင် ပတ်ဝန်းကျင်ဆိုင်ရာ အနိမ့်ဆုံး စံနှုန်းတစ်ခုကို ပြည်ထောင်စုအဆင့်တွင် သတ်မှတ်ပြီး ပြည်နယ်အစိုးရအား အကောင်အထည်ဖော်ရန် တာဝန်ကို လွှဲပေးခြင်းဖြင့် အဆိုပါအခက်အခဲကို ဖြေရှင်းကြသည်။ ပြည်နယ်ဒေသ အစိုးရက ရေးဆွဲချမှတ်သည့် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများဖြင့် အဆိုပါစံနှုန်းတို့ကို အပြည့်အဝ

အထောက်အပံ့ပေးရသည်။

- **အစိုးရအဆင့်တိုင်း၏ တာဝန်ယူဆောင်ရွက်မှုများကို ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ခြင်း ။** ။ အစိုးရတစ်ရပ်တည်းကသာ တာဝန်တစ်ခုအား အကြွင်းမဲ့ လုပ်ပိုင်ခွင့်ရှိသင့်သော်လည်း ပြည်ထောင်စု အစိုးရနှင့် ပြည်နယ်ဒေသ အစိုးရအဖွဲ့အစည်းများ၏ ပူးပေါင်းလုပ်ဆောင်မှုရှိရန် လိုသည်။ အပြန် အလှန် ဆက်စပ်မှုရှိသည့် လုပ်ငန်းတာဝန်များကို အစိုးရအဆင့်ဆင့်မှ ခွဲဝေဆောင်ရွက်ရာတွင် အစိုးရအကြား ပူပေါင်းလုပ်ဆောင်ရန် အထူးအရေးကြီးသည်။ (ဥပမာ – အသေးစား သတ္တုနှင့် ရေနံ တူးဖော်ရေး လုပ်ပိုင်ခွင့်များကို ပြည်နယ်ဒေသအစိုးရများသို့ ခွဲဝေပေးပြီး အကြီးစား တူးဖော်မှုတို့ကို ပြည်ထောင်စုအဆင့် အစိုးရက တာဝန်ယူ ဆောင်ရွက်ခြင်းဖြစ်သည်။) အပြန်အလှန် ဆွေးနွေးနိုင်မှု လမ်းကြောင်းများကို ဖန်တီးခြင်းနှင့် အဆုံးအဖြတ် ချမှတ်သည့်အဆင့်တွင် မတူညီသော အစိုးရများ ပါဝင်ခြင်းသည် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်မှုကို တိုးတက်စေသည်။

- **အစိုးရမဟုတ်သော သက်ဆိုင်သည့် အစုအဖွဲ့များ၏ကဏ္ဍအား ထည့်သွင်းစဉ်းစားခြင်း ။** ။ သဘာဝ သယံဇာတ ဖက်ဒရယ်စနစ်အကြောင်းကို ဆွေးနွေးရာတွင် များသောအားဖြင့် အစိုးရဖွဲ့စည်း တည် ဆောက်မှုပုံစံကိုသာ အာရုံစိုက် ဆွေးနွေးတတ်ကြသော်လည်း လုပ်ငန်းလိုင်စင်ချပေးခြင်း၊ သဘာဝ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု၊ ကျန်းမာရေးနှင့် ဘေးကင်းရေး စုံစမ်းစစ်ဆေးခြင်းနှင့် ဒေသအကျိုးစီးပွား အတွက် ဆောင်ရွက်ခြင်းတို့ကဲ့သို့ ကိစ္စရပ်များအတွက် ဒေသတွင်း အဖွဲ့အစည်းများနှင့်လည်း ဆွေးနွေး တိုင်ပင်မှုများ ပြုလုပ်သင့်သည်။ လူနည်းစုအကျိုးကို အမြဲတမ်း ကိုယ်စားမပြုနိုင်သည့် နိုင်ငံရေးအဖွဲ့ အစည်းများရှိသော မြန်မာနိုင်ငံအတွက် အဆိုပါအချက်သည် အကျိုးရှိစေနိုင်သည်။ ဒေသတွင်း Stakeholder များ ပါဝင်မှုသည် တာဝန်ခံမှုနှင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုကို ပိုမိုအားကောင်းစေနိုင်သည်။ သို့ရာတွင် ကောင်းမွန်သည့် လုပ်ငန်းစဉ်များနှင့် အများပြည်သူသို့ တာဝန်ခံမှုရှိသည့် အဖွဲ့အစည်းများ၏ အခန်းကဏ္ဍအား အစားထိုး အသုံးပြုနိုင်သည့် အချက်တစ်ခု မဖြစ်သင့်ပါ။ ထို့ပြင် တာဝန်ခံမှုရှိသည့် လုပ်ငန်းရှင်များအား ဆွဲဆောင်နိုင်ရန် ၎င်း၏ စိုးရိမ်မှုကိုလည်း ထည့်သွင်းစဉ်းရန် လိုသည်။

- **ပွင့်လင်းမြင်သာမှု မြှင့်တင်ခြင်း ။** ။ ပွင့်လင်းမြင်သာမှုရှိခြင်းသည် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ် ဒေသ အစိုးရတို့အကြား ယုံကြည်မှုတည်ဆောက်နိုင်ရေးအတွက် အရေးကြီးသော အကြောင်းအရာ တစ်ခုဖြစ်သည်။ သယံဇာတ ထုတ်ယူခြင်းကဏ္ဍ၏ အချက်အလက်များကို အလွယ်တကူ ရရှိနိုင် အောင် ပြုလုပ်ထားခြင်းဖြင့် Stakeholder များအနေဖြင့် သတင်းအချက်အလက်နှင့် လုပ်ပိုင်ခွင့် မညီမျှမှု ကိစ္စရပ်များကို ဖြေရှင်းနိုင်မည်ဖြစ်သည်။ နိုင်ငံတော်အဆင့် အစိုးရ၏ အကြွင်းမဲ့ ထိန်းချုပ်မှု အောက်တွင်သာရှိသော ဆုံးဖြတ်ချက်များအပါအဝင် ဆုံးဖြတ်ချက်အားလုံးကို ပြည်နယ်ဒေသအစိုးရ များက အကောင်အထည်ဖော် ကြပ်မတ်မှု အားကောင်းလာစေရန် ပွင့်လင်းမြင်သာမှုက အရေးပါ သည်။ တစ်ချိန်တည်းမှာပင် အကယ်၍ ပြည်နယ်ဒေသအစိုးရများ လုပ်ပိုင်ခွင့်အာဏာ ပိုမိုရရှိလာပါ က အကျင့်ပျက်ခြစားခြင်းနှင့် စီမံခန့်ခွဲမှု လွဲမှားခြင်းအန္တရာယ်များကို ကြိုတင်လျှော့ချနိုင်ရန်အတွက် ဒေသန္တရအစိုးရ၏ တာဝန်ခံမှုယန္တရား လုပ်ငန်းစဉ်များအား ခိုင်မာအောင် ပြုလုပ်ရမည်။

# ၃။ လုပ်ငန်းလိုင်စင် ချပေးခြင်း

## ဘာကြောင့်အရေးပါသလဲ

လုပ်ငန်းလိုင်စင်ချပေးခြင်း ဆိုသည်မှာ ကုမ္ပဏီများအား စမ်းသပ်ရှာဖွေခွင့် နှင့် တူးဖော်ခွင့်ပေးသည့် ဖြစ်စဉ် ဖြစ်သည်။ ခိုင်မာပြီး ကောင်းမွန်စွာ အစီအစဉ်ရေးဆွဲထားသော လိုင်စင်ချပေးသည့်ဖြစ်စဉ်သည် အစိုးရ၏ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရည်ရွယ်ချက်များနှင့်အညီ စီမံကိန်းများကို ဖော်ဆောင်စေနိုင်မည်ဖြစ်သည်။ ပွင့်လင်းမြင်သာမှုရှိပြီး အမှန်တကယ် ထိရောက်သော ခွင့်ပြုချက်လိုင်စင်ချပေးခြင်းသည် ရင်းနှီးမြှုပ်နှံသူများအတွက် ခန့်မှန်းရ လွယ်ကူစေပြီး သေချာမှုကိုလည်း အထောက်အပံ့ပေးနိုင်သည်။ လိုင်စင်ချပေးသည့်ဖြစ်စဉ်တွင် အဆင့်နှစ်ဆင့်ရှိသည်။ ပထမအဆင့်မှာ မည်သည့်နေရာဒေသများတွင် သယံဇာတ ထုတ်ယူခွင့်ပြုမည်ဆိုသည်ကို အစိုးရက ဆုံးဖြတ်ခြင်းဖြစ်ပြီး ဒုတိယအဆင့်မှာ တူးဖော်ထုတ်လုပ်မည့် ကုမ္ပဏီကို ရွေးချယ်ဆုံးဖြတ်သည့် အဆင့်ဖြစ်သည်။ သီအိုရီအရဆိုလျှင် လိုင်စင်တစ်ခုချင်းစီအတွက် ဆွေးနွေးညှိနှိုင်းခြင်းမပြုလုပ်မီ တူးဖော်ရန်ဆုံးဖြတ်ခြင်း အရင်ပြုလုပ်ရသော်လည်း အဆိုပါနှစ်ခုလုံးက တူညီသော ဖြစ်စဉ်တစ်ခု၏ အစိတ်အပိုင်းများသာဖြစ်သည်။

လိုင်စင်ချမပေးမီအချိန်တွင် အစိုးရအနေဖြင့် သယံဇာတဇစ်မြစ်၊ ဘူမိဗေဒဆိုင်ရာ အချက်အလက်များနှင့် မြေပေါ်မြေအောက် ရပိုင်ခွင့်များအကြောင်း (အပိုင်း ၄ ရှိ မြေပုံအညွှန်းနှင့် မြေယာစီမံခန့်ခွဲခြင်းတွင် ကြည့်ပါ) ကို သေချာနားလည် သဘောပေါက်ရန် လိုသည်။ အစိုးရများအနေဖြင့်လည်း ကုမ္ပဏီများကို လုပ်ငန်းလိုင်စင်ချပေးရာတွင် လုံလောက်သောနည်းပညာနှင့် ငွေရေးကြေးရေး အခြေအနေကောင်းမွန်သော ကုမ္ပဏီများကို ချပေးရမည့်အပြင် သယံဇာတတူးဖော်မှုများ ပြုလုပ်ရာတွင် အဆိုပါကုမ္ပဏီများအနေဖြင့် ဘဏ္ဍာရေးအရ (အပိုင်း ၅ တွင်ကြည့်ပါ)၊ သဘာဝပတ်ဝန်းကျင် (အပိုင်း ၆ တွင်ကြည့်ပါ)၊ လုပ်ငန်းခွင်ဘေးကင်းရေးနှင့် ကျန်းမာရေး (အပိုင်း ၇ တွင်ကြည့်ပါ)၊ လူမှုစီးပွားရေးတာဝန်များ (အပိုင်း ၈ တွင်ကြည့်ပါ) [၂၀] နှင့်အညီ လိုက်နာလုပ်ဆောင်ရမည်ဖြစ်သည်။ အစိုးရအနေနှင့် လုပ်ငန်းခွင့်ပြုချက်လိုင်စင်ချထားပေးလိုက်ပြီဆိုပါက စောင့်ကြည့်စစ်ဆေးရန် နှင့် စည်းမျဉ်းစည်းကမ်း ဥပဒေများကို ကြပ်မတ်ရန် လိုအပ်သည်။

### လေးထောင့်ကွက် (၄) တူးဖော်သည့်ကုမ္ပဏီ၏ တာဝန်များကို သတ်မှတ်ပေးခြင်း

သယံဇာတထုတ်ယူရေး စီမံကိန်းများ၊ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ယေဘုယျအားဖြင့် ဥပဒေများနှင့် လုပ်ငန်းသဘောတူစာချုပ် နှစ်ခုစလုံးတွင် သတ်မှတ်ကြသည်။ တူးဖော်ရေးလုပ်ငန်းများတွင် ခိုင်မာကောင်းမွန်သော စီမံအုပ်ချုပ်မှုစနစ်ရှိသည့် အစိုးရများသည် လုပ်ငန်းရှင်များ လုပ်ဆောင်ရမည့် အဓိက တာဝန်ဝတ္တရားများကို ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများတွင် ဖော်ပြသတ်မှတ်ထားကြသည်။ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်များကိုမူ ထပ်ဖြည့် ဥပဒေပြဋ္ဌာန်းမှုတွင် (ဥပမာ အမိန့်ကြော်ငြာစာ) သတ်မှတ်သည်။ အခြားနိုင်ငံများ၌ အခြေခံ စည်းမျဉ်းစည်းကမ်းများကို ဥပဒေများတွင် သတ်မှတ်ဖွင့်ဆိုကြသော်လည်း သယံဇာတတူးဖော်ရေး ကိစ္စရပ်များအတွက် အသေးစိတ် စည်းကမ်းသတ်မှတ်ချက်များကို လုပ်ငန်းသဘောတူစာချုပ် တစ်ခုစီတိုင်းတွင် ဖော်ပြကြသည်။ အထူးသဖြင့် ဥပဒေမူဘောင်အား မကြာခဏ ပြင်ဆင်သော (သို့) ဥပဒေများအား အကောင်အထည်ဖော်ရာတွင် အားနည်းသော နိုင်ငံရေးအရ တည်ငြိမ်မှုမရှိသည့် နိုင်ငံများတွင် ပြုလုပ်လေ့ရှိသည်။ အဆိုပါနိုင်ငံများတွင် အစိုးရ နှင့် ပဋိပက္ခဖြစ်ပွားခြင်းနှင့် ဥပဒေ အပြောင်းအလဲများကြောင့် လုပ်ငန်များအပေါ် ထိခိုက်မှုမရှိစေရန် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အပြည်ပြည်ဆိုင်ရာ ခုံရုံးတွင် ဖြေရှင်းခွင့်နှင့် လုပ်ငန်းတည်ငြိမ်မှုနှင့်ဆိုင်သည့် ဥပဒေအပိုဒ် (stabilization clauses) ကို ထည့်သွင်းချုပ်ဆိုကြသည်။ စာချုပ်အခြေပြု စနစ်တွင် မတူညီသည့် သယံဇာတထုတ်ယူမှု စီမံကိန်းများအပေါ် စီမံအုပ်ချုပ်မှုဆိုင်ရာ တာဝန်များနှင့်ပတ်သက်ပြီး သိသာထင်ရှားသော ကွဲပြားမှုပုံစံများလည်း ရှိနေနိုင်သည်။ ယင်းအချက်က စောင့်ကြည့်စစ်ဆေးခြင်း နှင့် စည်းကမ်းကြပ်မတ်ရာတွင် အခက်အခဲရှိစေပြီး အကျင့်ပျက်ခြစားမှု အန္တရာယ်နှင့် အစိုးရမှ ရင်းနှီးမြှုပ်နှံသူများကို ညီတူညီမျှ ဆက်ဆံမှုမရှိခြင်းတို့ ဖြစ်လာစေပါသည်။

ခွင့်ပြုချက်လိုင်စင် ချပေးရန် ဆုံးဖြတ်ချက်ချရာ၌ ပြည်နယ်ဒေသ အစိုးရ၏ ပါဝင်စေခြင်းဖြင့် သယံဇာတ ထုတ်ဖော်မှု လုပ်ငန်းစဉ်ကြောင့် တိုက်ရိုက် အကျိုးသက်ရောက်မည့် Stakeholder များပါဝင်

---

၂၀ Licensing for artisanal and small-scale production is covered in section 9.

မှုအား ပိုမိုအားကောင်းလာစေမည့်အပြင် ဒေသ၏ စိုးရိမ်မှုများနှင့် လိုအပ်ချက်များကို အလေးထားလာစေပါသည်။ ပြည်နယ်ဒေသ အစိုးရ၏ ပါဝင်မှုက ဒေသခံများသည် သယံဇာတအား ပိုင်ဆိုင်သည်ဆိုသည့် အချက်ကို အသိအမှတ်ပြုခြင်းတစ်နည်းပင် ဖြစ်သည်။ ယင်းအချက်သည် သယံဇာတ တူးဖော်မှုများတွင် သမိုင်းကြောင်းအရ ဒေသတစ်ခုနှင့် ဗဟိုအစိုးရအကြား ပဋိပက္ခ မပြေလည်မှုများရှိသည့် အခြေအနေများတွင် အထူးသဖြင့် အရေးပါသည်။

သို့ရာတွင် လိုင်စင်လျှောက်လွှာများနှင့် (လိုအပ်ပါက) စည်းကမ်းသတ်မှတ်ချက်များအား ပြည်လည်ဆန်းစစ်ရာတွင် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများ အလွန်လိုအပ်သည်။ နိုင်ငံအများတွင် ဗဟိုအစိုးရပင်လျှင် အဆိုပါလုပ်ငန်းစဉ်များကို ထိရောက်စွာ စီမံနိုင်ရန် ရုန်းကန်ရလေ့ရှိသည်။ အကယ်၍ စွမ်းဆောင်ရည်အားနည်းသော ပြည်နယ်ဒေသအစိုးရကို ၎င်းလုပ်ပိုင်ခွင့်များ လွှဲပြောင်းပေးလိုက်မည်ဆိုပါက ပြဿနာမှာ ပို၍ဆိုးရွားလာနိုင်သည်။ အထူးသဖြင့် အစိုးရနှင့် ရင်းနှီးမြှုပ်နှံသူများအကြား သတင်းအချက်အလက် အချိုးမညီမှု သို့မဟုတ် အဆိုပါလုပ်ငန်းစဉ်အား ထိန်းကြောင်းရန် အတွေ့အကြုံမရှိပါက ပို၍ဆိုးရွားလာနိုင်သည်။ ရလဒ်အနေဖြင့် အစိုးရမှ အကျိုးသိပ်မရှိသော သဘောတူ စာချုပ်မှုများ ဖြစ်စေပါသည်။ အကယ်၍ တာဝန်ရှိသူတို့တွင် သင့်လျော်သော မှတ်တမ်းစနစ်နှင့် လျှောက်ထားမှုများကို ခြေရာခံခြင်းတို့ မရှိလျှင် ခွင့်ပြုချက်လိုင်စင်များကို ထပ်ခါထပ်ခါ ချပေးနိုင်သည့် အလားအလာများလည်း ရှိနေသည် (အပိုင်း ၄ တွင် အသေးစိတ်ကြည့်ပါ)။ ထို့အပြင် ပြည်ထောင်စုအစိုးရကို ခွင့်ပြုချက်လိုင်စင် ချပေးခြင်းဆိုင်ရာ ကိစ္စရပ်များမှ ဖယ်ရှားလိုက်ပါက အခြေခံ စံနှုန်းများ သတ်မှတ်ခြင်း၊ ထိရောက်သော ဘူမိဗေဒဆိုင်ရာ အချက်အလက်များကို ထိန်းသိမ်းထားခြင်း၊ သင့်လျော်သော အခွန်နှုန်းထား သတ်မှတ်ခြင်းနှင့် တူးဖော်မှု အတိမ်အနက် သတ်မှတ်ခြင်းတို့ လုပ်ဆောင်ရာတွင် ပို၍ ခက်ခဲလာမည်ဖြစ်သည်။

## မြန်မာနိုင်ငံ၏ လက်ရှိအနေအထား

### မြန်မာနိုင်ငံအတွက် အလေးထား ထည့်သွင်းစဉ်းစားသင့်သည့် အချက်များ

မြန်မာနိုင်ငံတွင် လုပ်ငန်းခွင့်ပြုချက် လိုင်စင်ချထားပေးခြင်းကို နိုင်ငံအဆင့် ထုတ်ပြန်ထားသည့် ဥပဒေအပေါ်တွင် အခြေခံကာ ဆောင်ရွက်သည်။ အကောင်အထည်ဖော် ကိစ္စရပ်အများစုသည် ပြည်ထောင်စုအစိုးရ၏ အခွင့်အာဏာအတွင်း ရှိနေသည်။ အသေးစားလုပ်ငန်းများ (အပိုင်း ၉ တွင်ကြည့်ပါ) အပေါ် ပြည်နယ်နှင့် တိုင်းအစိုးရတို့၏ စီမံပိုင်ခွင့်အာဏာကို အချို့သောပြဋ္ဌာန်းချက်များက တိုးမြှင့်ပေးထားသော်လည်း အကြီးစားစီမံကိန်းအတွက် လိုင်စင်ချပေးသည့် ကိစ္စများတွင် ၎င်းတို့၏ လုပ်ပိုင်ခွင့်ကို ကန့်သတ်ထားဆဲဖြစ်သည်။ သို့ရာတွင် တရားဝင် ပြဋ္ဌာန်းထားခြင်းမရှိသော်လည်း သက်ရောက်မှုရှိသည့် ပြည်နယ်ဒေသ အစိုးရ၏ အခန်းကဏ္ဍသည် အကြီးစား စီမံကိန်းအတွက် လိုင်စင်ချပေးရာတွင် အရေးပါလျက်ရှိသည်။ အထူးသဖြင့် သတ္တုကဏ္ဍတွင် တွေ့ရသည်။

မြန်မာနိုင်ငံတွင် လုပ်ငန်းခွင့်ပြုချက် လိုင်စင်ချထားပေးခြင်းနှင့် အကောင်အထည်ဖော် ကိစ္စရပ် အများစုသည် ပြည်ထောင်စုအစိုးရ၏ အခွင့်အာဏာအတွင်း ရှိနေသည်။

မြန်မာနိုင်ငံအတွက် အကျိုးရှိမည့် နည်းပညာနှင့် ငွေရေးကြေးရေးအရ အင်အားတောင့်တင်းသော သယံဇာတ တူးဖော်ထုတ်လုပ်ရေးကုမ္ပဏီများကိုသာ လုပ်ငန်းလိုင်စင် ချပေးနိုင်ရန်အတွက် ထိရောက်သော၊ ပွင့်လင်းမြင်သာမှုရှိသော၊ ကြိုတင်ခန့်မှန်းနိုင်သော ခွင့်ပြုချက်လိုင်စင်ချပေးသည့် လုပ်ငန်းစဉ်သည် အလွန်အရေးပါသည်။ သို့ရာတွင် လုပ်ငန်းလိုင်စင်ချပေးခြင်းသည် ယခုလက်ရှိတွင် စိန်ခေါ်မှုအခက်အခဲများနှင့် ရင်ဆိုင်နေရသည်။ လက်ရှိခေတ် တူးဖော်ရေးလုပ်ငန်းများနှင့် ဆီလျော်မှုမရှိသည့် မတိကျသော၊ ခေတ်နောက်ကျနေသော ခွင့်ပြုချက်ဆိုင်ရာ စည်းကမ်းချက်များ၊ မည်သည့်အစိုးရဌာနက ဆုံးဖြတ်ချက် ချမှတ်ရာတွင် ပါဝင်နေသည်ကို မရှင်းလင်းခြင်းနှင့် အမျိုးမျိုးသော ဥပဒေများတွင်ပါရှိသည့် ခွင့်ပြုချက်ဆိုင်ရာ လိုအပ်ချက်များ ရှုပ်ထွေးနေခြင်း အစရှိသည့် စိန်ခေါ်မှုများကို ရင်ဆိုင်နေရသည်။ အထူးသဖြင့် ကျောက်မျက်ရတနာ တူးဖော်ရေးလုပ်ငန်းတွင် လိုင်စင်ချပေးခြင်းနှင့်ပက်သက်၍ အခက်အခဲများစွာ ကြုံတွေ့နေရပြီး လက်ရှိရွေးကောက်ခံ NLD အစိုးရကလည်း အဆိုပါ လိုင်စင်ချပေးခြင်းဆိုင်ရာ ဥပဒေမူဘောင်ကို ပြန်လည်ပြုပြင်ပြောင်းလဲရန်အတွက် လုပ်ငန်းခွင့်ပြုချက်လိုင်စင် ချထားပေးခြင်းကို ၂၀၁၆ ခုနှစ်တွင် ယာယီဆိုင်းငံ့ထားခဲ့သည်။ [၂၁]

၂၁ Ye Mon and Kyi Kyi Sway, “Jade Mining Permit Extensions Suspended,” *Myanmar Times,* 27 July 2016.

## လိုင်စင်ချပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို စီမံအုပ်ချုပ်သည့် အဓိကဥပဒေများအပေါ် ခြုံငုံသုံးသပ်ချက်

သတ္တုတူးဖော်ရေးကဏ္ဍအတွက် လုပ်ငန်းလိုင်စင်ချပေးခြင်းနှင့် သက်ဆိုင်သော အဓိက ဥပဒေများမှာ မြန်မာ့သတ္တုတွင်းဥပဒေ (၁၉၉၄ ခုနှစ်တွင် ပြဋ္ဌာန်း၊ ၂၀၁၅ ခုနှစ်တွင် ပြင်ဆင်ရေးဆွဲ) နှင့် မြန်မာ့ကျောက်မျက်ဥပဒေ (၁၉၉၅ ခုနှစ်တွင် ပြဋ္ဌာန်း၊ ၂၀၀၃ နှင့် ၂၀၁၆ ခုနှစ်တွင် ပြင်ဆင်ရေးဆွဲ) တို့ဖြစ်သည်။ လိုင်စင်ချပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် အသေးစိတ် သတ်မှတ်ချက်များကို မြန်မာ့သတ္တုတွင်းဥပဒေ (၁၉၉၆) နှင့် မြန်မာ့ကျောက်မျက်ဥပဒေ (၁၉၉၆) တို့တွင် တွေ့ရှိနိုင်သည်။ ယခု အစီရင်ခံစာအား ရေးသားချိန်တွင် မြန်မာ့ကျောက်မျက် ဥပဒေ နှင့် မြန်မာ့သတ္တုတွင်း ဥပဒေတို့ကို ပြင်ဆင်ရေးဆွဲနေသည့် အချက်များကို ထည့်သွင်းစဉ်းစားခဲ့သည်။ ရင်းနှီးမြှုပ်နှံသူများ လိုက်နာရမည့် မြန်မာ့ရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၆) တွင် လုပ်ငန်းခွင့်ပြုချက်လိုင်စင် ပြုလုပ်ရန်အတွက် သတ်မှတ်လိုအပ်ချက်များ ထည့်သွင်းထားသည်။

ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍတို့တွင်မူ လုပ်ငန်းလိုင်စင်ချပေးခြင်းအတွက် သေချာစုစည်းရေးဆွဲထားသည့် ဥပဒေမူဘောင် မရှိသေးပေ။ ရေနံမြေ အက်ဥပဒေ (၁၉၁၈)၊ ရေနံအက်ဥပဒေ (၁၉၃၄) နှင့် မြန်မာ့ရေနံစည်းမျဉ်း ခွင့်ပြုချက် အက်ဥပဒေ (၁၉၆၂) တို့ကဲ့သို့ ဆယ်စုနှစ်ပေါင်းများစွာအတွင်း ပြန်လည်ပြုပြင် ရေးဆွဲခြင်းမရှိသည့် ကဏ္ဍအခြေပြု ဥပဒေများသာ ရှိနေပြီး အကျိုးဆက်အားဖြင့် လက်တွေ့ လုပ်ငန်းလိုင်စင်ချပေးခြင်း လုပ်ငန်းစဉ်များတွင် အသုံးပြုနိုင်ခြင်း မရှိပေ။ ယင်းအစား မြန်မာ့ရေနံ နှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း (MOGE) မှ ဖော်ဆောင်ထားသည့် ထုတ်လုပ်မှု မျှဝေရေး သဘောတူညီချက်များ (PSCs) နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၆) တို့ကသာ အဆိုပါကဏ္ဍအတွက် ဥပဒေအရ အဓိက မှီငြမ်းစရာ ဖြစ်လာသည်။ [၂၂]

ဥပဒေပြဋ္ဌာန်းမှု အတော်များများတွင် ပြည်နယ်ဒေသအဆင့် Stakeholder များအား လိုင်စင်လုပ်ငန်းစင် ချပေးရာတွင် အတိုင်ပင်ခံစေရန်အတွက် အခွင့်အရေးများကို ပြည့်စုံရှင်းလင်းစွာ ကိုးကားဖော်ပြထားသည်။ ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ပြည်ထောင်စုတိုင်းရင်းသားများ အကာအကွယ်ပေးရေး ဥပဒေအရ ဌာနေတိုင်းရင်းသားတို့သည် ၎င်းဒေသအတွင်း ပြုလုပ်မည့် သယံဇာတတူးဖော်ရေး စီမံကိန်းများနှင့် အခြားစီးပွားရေး လုပ်ငန်းများနှင့်ပတ်သက်ပြီး တိကျသေချာသော သတင်းအချက်အလက်များကို အဆိုပါလုပ်ငန်းများ အကောင်အထည်မဖော်မီ သိရှိထားရမည်ဖြစ်ပြီး အဆိုပါ ဌာနေတိုင်းရင်းသားများနှင့် အစိုးရတို့အကြား ဆွေးနွေးညှိနှိုင်းမှုများကိုလည်း ပြုလုပ်ခွင့်ရှိသည်။ [၂၃] ပြည်ထောင်စုတိုင်းရင်းသားများ အကာအကွယ်ပေးရေး ဥပဒေ၏ သက်ရောက်မှုရှိသော ရင်းနှီးမြှုပ်နှံမှုများအတွက် နောက်ထပ် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ရန် လိုအပ်နိုင်သည်ဟု မြန်မာ့ရင်းနှီးမြှုပ်နှံမှု စည်းမျဉ်းစည်းကမ်းများ (၂၀၁၇) တွင် သတ်မှတ်ပြဋ္ဌာန်းထားသည်။ (အောက်တွင် ကြည့်ပါ)။ [၂၄] ထို့အပြင် နိုင်ငံတော် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်စာချုပ် (NCA) တွင်လည်း အပစ်အခတ်ရပ်စဲရေး နယ်နိမိတ်အတွင်းရှိ ဒေသခံပြည်သူတို့အပေါ်တွင် ကြီးမားစွာ အကျိုးသက်ရောက်နိုင်သော စီမံကိန်းအစီအစဉ်များသည် သယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ခြင်း (EITI) စံချိန်စံညွှန်း လုပ်ငန်းစဉ်များအရ ဒေသန္တရ လူမှုအသိုင်းအဝိုင်းများနှင့် ဆွေးနွေးတိုင်ပင်ရမည်ဖြစ်ပြီး သက်ဆိုင်သည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းနှင့် ညှိနှိုင်းဆွေးနွေးရမည်ဟု ဖော်ပြထားသည်။ သို့ရာတွင် အဆိုပါ သတ်မှတ်ပြဋ္ဌာန်းချက်အား မည်သည့်အဆင့်ထိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်မှာ ရှင်းလင်းမှုမရှိပါ။ [၂၅]

---

၂၂ Myanmar Centre for Responsible Business, *Myanmar Oil and Gas Sector Wide Impact Assessment* (2014).

၂၃ Myanmar Centre for Responsible Business, *Myanmar Mining Sector Wide Impact Assessment on Limestone, Gold and Tin: Draft for Consultation* (2016).

၂၄ Republic of the Union of Myanmar, *Myanmar Investment Rules* (2017).

၂၅ Government of the Republic of the Union of Myanmar and the Ethnic Armed Organizations, *Nationwide Ceasefire Agreement* (March 2015).

## လိုင်စင်ချပေးရာတွင် အဓိက တာဝန်ရှိသည့် အာဏာပိုင်များအား ခြုံငုံသုံးသပ်ချက်

သတ္တုတွင်းကဏ္ဍတွင် သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနက လုပ်ငန်းလိုင်စင် ချပေးခြင်းဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ်ဆောင်ရွက်သည်။ စမ်းသပ်ရှာဖွေရေးကို ဘူမိဗေဒလေ့လာရေးနှင့် ဓါတ်သတ္တုရှာဖွေရေး ဦးစီးဌာန (DGSE) မှ လုပ်ငန်းအဝဝကို ဦးစီးဆောင်ရွက်သည်။ ထုတ်လုပ်ရေးအတွက်မူ သတ္တုတွင်းဦးစီးဌာနမှ ဆောင်ရွက်သည်။ လိုင်စင်ချပေးသည့် ဖြစ်စဉ်အားလုံးတွင် အခြားအစိုးရဌာန၏ အကြံပြု ဆောင်ရွက်ချက်များကို လိုအပ်မည်ဖြစ်ပြီး နောက်ဆုံးအဆင့်တွင် ပြည်ထောင်စု စီးပွားရေးကော်မတီက လိုင်စင်ချပေးခြင်းဆိုင်ရာ ဆုံးဖြတ်ချက်ကို အတည်ပြု ထောက်ခံပေးရမည်ဖြစ်သည်။ [၂၆] လိုင်စင်များကို ယေဘုယျအားဖြင့် ဦးရာလူစနစ်ဖြင့် ချပေးပြီး အစိုးရအနေဖြင့် လုပ်ငန်းဧရိယာတစ်ခုအတွက် လုပ်ငန်းဆောင်ရွက်ရန် စိတ်ဝင်စားသော ပထမဦးဆုံး ကုမ္ပဏီနှင့် တိုက်ရိုက် ညှိနှိုင်းဆွေးနွေးမှုများကို ပြုလုပ်သည်။ NRGI က သုံးသပ် အကဲဖြတ်ထားသော သတ္တုတွင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းသစ်မူကြမ်းတွင် တင်ဒါစနစ်ဖြင့် လိုင်စင်ချပေးရန် ဖော်ပြမှုရှိသော်လည်း မည်သည့်အချိန်တွင် မည်သို့ ကျင့်သုံးမည် စသော အသေးစိတ် လုပ်ငန်းစဉ်ကို ထည့်သွင်းထားခြင်း မရှိပေ။ [၂၇]

ဥပဒေတွင် ရှင်းလင်းပြတ်သားစွာ ဖွင့်ဆိုမထားသော်လည်း ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာကဏ္ဍတွင်မူ လိုင်စင်လျှောက်ထားမှုများကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ သုံးသပ်စိစစ်ဆေးပြီး ဝန်ကြီးဌာနများမှ ကိုယ်စားလှယ် ပါဝင်သော ကော်မတီတစ်ခုမှ အတည်ပြုသည်။ [၂၈] NLD အစိုးရလက်ထက်မှစတင်၍ လုပ်ငန်းလိုင်စင်အသစ် ချထားပေးမှုများ မရှိတော့ဘဲ ယခုအစီရင်ခံစာရေးသားနေသည့်အချိန်ထိ အဆိုပါကဏ္ဍ၏ တရားဝင်မူဘောင်သစ်အား အပြီးရေးဆွဲလျက်ရှိသည်။ ရှေ့ဆက်ကျောက်မျက်ကဏ္ဍ လိုင်စင်ချပေးခြင်း လုပ်ငန်းစဉ်များကို မည်သို့ လုပ်ဆောင်မည်မှာ မရှင်းလင်းပါ။

ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍတွင်မူ ဆွေးနွေးညှိနှိုင်းမှုနှင့် အကျိုးတူထုတ်လုပ်မှုခွဲဝေရေးစာချုပ် ချုပ်ဆိုရာ၌ နိုင်ငံတော်ပိုင် လုပ်ငန်းဖြစ်သော MOGE မှ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်။ [၂၉] စီမံကိန်းများ လုပ်ဆောင်သောအခါ ယေဘုယျအားဖြင့် MOGE က လိုင်စင်ပါ စည်းကမ်းများကို လိုက်နာခြင်း ရှိ မရှိကို ကြီးကြပ်သည်။ [၃၀] ယင်းအချက်က တစ်ဖက်တွင် စီးပွားရေးကဏ္ဍ၌ အကျိုးတူမိတ်ဖက် လုပ်ဆောင်မှုနှင့် အခြားတစ်ဖက်တွင် ကြီးကြပ်ရေးတာဝန် ယူထားသည့်အတွက်ကြောင့် အကျိုးစီးပွား ပဋိပက္ခကို ဖြစ်ပေါ်စေနိုင်သည်။ လျှပ်စစ်နှင့် စွမ်းအားဝန်ကြီးဌာန (MOEE) ၏ စောင့်ကြည့်စစ်ဆေးရေး အခန်းကဏ္ဍကိုလည်း ရှင်းလင်းစွာ ဖော်ပြထားခြင်း မရှိသေးပေ။ [၃၁]

ထို့အပြင် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ထက်ကျော်လွန်မည်ဟု ထင်ရသော သို့မဟုတ် ကြီးမားသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအကျိုးဆက် ရှိနိုင်မည်ဟုထင်ရသော ရင်းနှီးမြှုပ်နှံမှု အားလုံးသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန (MOPF)၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီ စီမံခန့်ခွဲမှုဆိုင်ရာ ညွှန်ကြားရေး (DICA) လက်အောက်ရှိ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) မှ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုချက်ကို လိုအပ်မည်ဖြစ်သည်။ MIC က ရင်းနှီးမြှုပ်နှံသူ၏ ဘဏ္ဍာရေးအခြေအနေ၊ ဥပဒေပိုင်းအရ အကျုံးဝင်မှုကို လေ့လာသုံးသပ်မည်ဖြစ်ပြီး ဥပဒေနှင့်အညီဖြစ်ကြောင်း ဟုတ်မဟုတ်ကိုလည်း အတည်ပြုမည်ဖြစ်သည်။ အထူးသဖြင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၆) နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ (၂၀၁၇) တို့နှင့် တိုက်ကြည့်စစ်ဆေးမည် ဖြစ်သည်။ ထိုသို့စစ်ဆေးရာတွင် ရင်းနှီးမြှုပ်နှံသူသည် ‘‘တာ

---

၂၆ စတိတ်ဟိုဒါနှင့် မေးမြန်းချက်

၂၇ စမ်းသပ်ရှာဖွေခြင်း၊ တူးဖော်ခြင်း ပြုလုပ်ရာတွင် ဘူမိအနေအထားလိုက်ပြီး ဆုံးရှုံးမှုများဖြစ်ပေါ်နိုင်သဖြင့် သတ္တုတွင်းကဏ္ဍတွင် လေလံစနစ်ဖြင့် လိုင်စင်ချထားပေးခြင်းကို အသုံးပြုလေ့မရှိပါ။ မြန်မာနိုင်ငံမှ သတ္တုတွင်းလုပ်ငန်း လုပ်ကိုင်နေသူများသည် ဆောင်ရွက်မည့် ဥပဒေပိုင်း ပြောင်းလဲမှုပေါ် စိုးရိမ်မှုများ ရှိနေကြသည်။

၂၈ စတိတ်ဟိုဒါနှင့် မေးမြန်းချက်

၂၉ Patrick Heller and Lorenzo Delesgues, *Gilded Gatekeepers: Myanmar's State-owned Oil, Gas and Mining Enterprises* (Natural Resource Governance Institute, 2016).

၃၀ Myanmar Centre for Responsible Business, *Myanmar Oil and Gas Sector Wide Impact Assessment.*

၃၁ စတိတ်ဟိုဒါနှင့် မေးမြန်းချက်

ဝန်ယူမှုရှိပြီး ရေရှည် ကျင့်ဝတ်ကောင်းမွန်သော'' လုပ်ငန်းဆောင်ရွက်မှု ရှိမရှိကို လေ့လာသုံးသပ်မည် ဖြစ်ပြီး သဘာဝပတ်ဝန်းကျင် နှင့် လူမှုဘဝတို့အပေါ် သက်ရောက်မှုနှင့်ပတ်သက်ပြီး ကန့်သတ်မှုများ ပြုလုပ်မည်ဖြစ်သည်။ မည်သည့်ရင်းနှီးမြှုပ်နှံမှုမဆို ပြည်ထောင်စုတိုင်းရင်းသားများ အကာအကွယ်ပေး ရေး ဥပဒေနှင့် သက်ဆိုင်နေပါက MIC အနေဖြင့် ပြည်နယ် သို့မဟုတ် တိုင်းအစိုးရ သို့မဟုတ် အခြား Stakeholder များ၏ အသေးစိတ် အကြံပေးချက်များကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ လက်တွေ့တွင် ဆောင်ရွက်မှု မည်သို့ အခြေအနေရှိသည်မှာ မရှင်းလင်းပေ။

အမေရိကန်ဒေါ်လာ ၅ သန်းထက် မပိုသော ရင်းနှီးမြှုပ်နှံမှုများကို မူအရ သက်ဆိုင်ရာ ဝန်ကြီးချုပ်က ဦးဆောင်သော ပြည်နယ် သို့မဟုတ် တိုင်းကော်မတီက ကိုင်တွယ်ရသည်။ သို့ရာတွင် သယံဇာတ တူး ဖော်ထုတ်လုပ်ရေး စီမံကိန်း အများစုသည် ရင်းနှီးမြှုပ်နှံမှု ပမာဏ အလုံးအရင်းနှင့် ဖြစ်လေ့ရှိခြင်း နှင့်၊ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများသည့် စီးမံကိန်းများအတွက် ၎င်းပြဋ္ဌာန်းချက်သည် အကြုံးမဝင် သည့်အတွက် ပြည်နယ်တိုင်း အစိုးရ၏ လုပ်ဆောင်ခွင့်မှာ အနည်းငယ်သာရှိသည်။ [၃၂]

မြန်မာနိုင်ငံတစ်ဝှမ်းရှိ သယံဇာတ တူးဖော်ရေးလုပ်ငန်း အများစုတွင် အကြီးစား လုပ်ငန်းလိုင်စင်များ ချထားပေးရာတွင် ပြည်နယ်ဒေသအဆင့် Stakeholder များ၏ တရားဝင် လုပ်ပိုင်ခွင့်မှာ ကန့်သတ် ထားခြင်း ခံနေရသည် (အသေးစား သယံဇာတ ထုတ်ယူပိုင်ခွင့်တွင် ၎င်းတို့၏ လုပ်ပိုင်ခွင့် အခွင့်အာဏာ မှာ တိုးတက်လာဖွယ် ရှိသည့်တိုင်အောင် – အပိုင်း ၉ ကိုကြည့်ပါ)။ သို့ရာတွင် အချို့ကိစ္စရပ်များ တွင် ပြည်နယ်ဒေသဆိုင်ရာ Stakeholder များ၏ လုပ်ပိုင်ခွင့်ကို တရားဝင်ပြဋ္ဌာန်းထားခြင်းမရှိသော်လည်း လက်တွေ့လုပ်ဆောင်နိုင်သည့် သိသာထင်ရှားသော လုပ်ပိုင်ခွင့်အာဏာ ရှိနေသည်။ သတ္တုတူးဖော်ရေး ကဏ္ဍတွင် လိုင်စင်လျှောက်ထားရန်အတွက် သက်ဆိုင်ရာ ပြည်နယ်ဒေသ အစိုးရ၏ ထောက်ခံချက်ကို လိုအပ်မည်ဖြစ်ပြီး အချို့သော အခြေအနေများတွင် မြို့နယ်အဆင့် အာဏာပိုင်တို့၏ ခွင့်ပြုချက်ကိုလည်း လိုအပ်မည်ဖြစ်သည်။ [၃၃] ဤဖြစ်စဉ်ကို တရားဝင် မူဘောင်အရ သတ်မှတ်ထားခြင်းမဟုတ်သော်လည်း လက်တွေ့တွင် MONREC အနေဖြင့် အထက်ပါ ထောက်ခံချက်များ မပါလျှင် လိုင်စင်အတွက် ခွင့်ပြုချက် မပေးပါ။ အင်တာဗျူး ဖြေကြားသူများအရ အချို့သောဝန်ကြီးချုပ်များအနေဖြင့် လိုင်စင်ပေးအပ် ခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို ဗီတိုအာဏာသုံးနိုင်သည်ဟု ဆိုသည်။ လိုင်စင်ချပေးသည့် လုပ်ငန်းစဉ် ကို ယခင်က ရပ်ဆိုင်းမှုများ ရှိခဲ့သည်။ ဥပမာအနေဖြင့် ၂၀၁၆ ခုနှစ်တွင် တနင်္သာရီတိုင်း အစိုးရက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းပြချက်ကြောင့် သတ္တုတူးဖော်ရေး ကုမ္ပဏီ ဆယ်ခု၏ လိုင်စင် လျှောက်ထားမှုအတွက် အတည်ပြု ခွင့်ပြုချက်ပေးရန် ငြင်းဆန်ခဲ့သည်။ [၃၄] တစ်နှစ်တည်းမှာပင် စစ် ကိုင်းတိုင်းအစိုးရကလည်း ဒေသတွင်းရှိသတ္တုတွင်းကုမ္ပဏီအများအပြား၏ လုပ်ငန်းခွင့်ပြုချက်လိုင်စင်ကို သက်တမ်းတိုးပေးတော့မည်မဟုတ်ကြောင်း ကြေညာခဲ့သည်။ [၃၅] လူအများပြောကြားချက်အရ လိုင်စင် ချပေးခြင်း လုပ်ငန်းစဉ်တွင် လိုင်စင်လျှောက်ထားသူများသည် ခရိုင်နှင့် မြို့နယ်အဆင့် အာဏာပိုင်များနှင့် သတင်းအချက်အလက်များ (ဥပမာ – မြေယာအသုံးပြုမှု၊ စိုက်ပျိုးရေး၊ သစ်တော အစရှိသည်ဖြင့်) ကို ရယူရန်အတွက် ထိတွေ့ဆက်ဆံရမည်ဟု ဆိုသည်။ အင်တာဗျူး ဖြေကြားသူများ၏ ပြောကြားချက်အရ အဆိုပါ အာဏာပိုင်များသည် သတင်းအချက်အလက်များကို မပေးခြင်းဖြင့် လိုင်စင်လျှောက်ထားသည့် ဖြစ်စဉ်ကို အချိန်ဆွဲထားနိုင်သည်ဟု ဆိုသည်။ ကျောက်မျက်ကဏ္ဍတွင် ပြည်နယ်ဒေသအဆင့် Stakeholder များသည် အလားတူ အခွင့်အာဏာမရှိကြောင်း သိရသည်။ [၃၆]

---

၃၂ Republic of the Union of Myanmar, Investment Rules; see also: Htin Lynn Aung, “Regions Can Approve up to US5$m Investments,” Myanmar Times, 13 March 2017.

၃၃ Myanmar Centre for Responsible Business, *Myanmar Mining Sector Wide Impact Assessment.*

၃၄ Su Phyo Win, “Tanintharyi Tightens Mining Oversight,” *Myanmar Times,* 17 August 2016.

၃၅ Chan Mya Htwe, “Sagaing Authorities Start Gold Mine Clampdown,” *Myanmar Times,* 23 June 2016.

၃၆ Myanmar Centre for Responsible Business, *Myanmar Mining Sector Wide Impact Assessment.*

## တရားဝင် အခွင့်အာဏာအပ်နှင်းထားခြင်း မခံရသူများ၏ အခန်းကဏ္ဍ

ပြည်နယ်ဒေသဆိုင်ရာ အစိုးရများ၏ တရားဝင်လုပ်ပိုင်ခွင့်အား ကန့်သတ်ခံထားရသောအခါ တရားဝင်မဟုတ်သော ပါဝင်ပတ်သက်သူများသည် de facto အာဏာအား ကျင့်သုံးကြသည်။ အတိအကျဆိုရသော် တရားဘောင် အပြင်ဖက်မှ လုပ်ဆောင်လျက်ရှိသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် ဒေသန္တရ အစိုးရဝန်ထမ်းများသည် လုပ်ငန်းခွင့်ပြုချက် လိုင်စင်ကို မည်သူရရှိရမည်၊ သတ္တုတူးဖော်ရေး လုပ်ငန်းများသို့ မည်သူက ဝင်ရောက်လုပ်ပိုင်ခွင့် ရှိရမည်စသည့် အဆုံးအဖြတ်ပေးရာတွင် ပါဝင်လျက်ရှိသည်။ [၃၇] ဥပမာအားဖြင့် Thomson Reuters ၏ သုတေသနအရ ရှမ်းပြည်နယ်မြောက်ပိုင်း ဝ ကိုယ်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းရှိ မန်မော် ခဲမဖြူသတ္တုတွင်းရှိ ကုမ္ပဏီအားလုံးကို ဝပြည် သွေးစည်းညီညွတ်ရေးတပ်မတော်(UWSA) (သို့) ဝပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) မှ အထက်လူကြီးများက ပိုင်ဆိုင် သို့မဟုတ် ထိန်းချုပ်ထားသည်။ [၃၈] အဆိုပါသတ္တုတွင်းများကို ပြည်ထောင်စုအစိုးရက ခွင့်ပြုထားခြင်း မဟုတ်ပေ။ MONREC အနေဖြင့် အလားတူ နိုင်ငံ၏ အချို့ဒေသများတွင် လုပ်ပိုင်ခွင့်လိုင်စင်ချထားပေးရာ၌ ထိန်းချုပ်နိုင်စွမ်းမရှိသည့် စိန်ခေါ်မှုတစ်ရပ်ကို ကြုံတွေ့နေရသည်။

> တရားဘောင်အပြင်ဘက်မှ လုပ်ဆောင်လျှက်ရှိသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များနှင့် ဒေသန္တရ အစိုးရဝန်ထမ်းများသည် လုပ်ငန်းခွင့်ပြုချက် လိုင်စင်ကို မည်သူ ရရှိရမည်၊ သတ္တုတူးဖော်ရေး လုပ်ငန်းများသို့ မည်သူက ဝင်ရောက်လုပ်ပိုင်ခွင့် ရှိရမည် စသည့် အဆုံးအဖြတ်ပေးရာတွင် ပါဝင်လျက်ရှိသည်။

ကျောက်မျက်ရတနာကဏ္ဍ တူးဖော်ရေးစီမံကိန်း လိုင်စင်ချပေးရာတွင် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (MEC) နှင့် မြန်မာ့စီးပွားရေး ဟိုးလ်ဒင်းလီမိတက်(UMEHL) တို့ကဲ့သို့ တပ်မတော်နှင့်ဆက်နွယ်သော ကုမ္ပဏီများက ဆုံးဖြတ်ချက်ကို ချမှတ်နိုင်သော အခွင့်အာဏာ အချို့တစ်ဝက်ရှိသည်ဟု နားလည်သဘောပေါက်ထားကြသည်။ အများအားဖြင့် တပ်မတော်နှင့်ဆက်နွယ်နေသော ကုမ္ပဏီများက သတ္တုတွင်းနှင့် ကျောက်မျက်ရတနာ တူးဖော်ရေး ခွင့်ပြုချက်လိုင်စင်များကို အခြား ပြင်ပကုမ္ပဏီများသို့ ပြန်လည်ခွဲဝေ ရောင်းချပေးလေ့ရှိပြီး အဆိုပါကုမ္ပဏီတို့ထံမှ ငှားရမ်းခအနေဖြင့် ဝေစုကို ပြန်လည်ကောက်ယူလေ့ရှိသည်။ အချို့သောအခြေအနေတို့တွင် အဆိုပါ တပ်မတော်နှင့်ဆက်နွယ်နေသော ကုမ္ပဏီကြီးများကပင် လိုင်စင်ပါ စည်းကမ်းချက်များအပေါ် လိုက်နာမှု ရှိ မရှိကို ကြီးကြပ်လေ့ရှိသည်။ [၃၉]

---

၃၇ Paul Shortell and Maw Htun Aung, *Mineral and Gemstone Licensing in Myanmar* (Natural Resource Governance Institute, 2016).

၃၈ Yimou Lee and Joel Schectman, “How a Rebel Myanmar Tin Mine May Up-end a Global Supply Chain,” *Reuters,* 29 November 2016.

၃၉ Heller and Delesgues, *Gilded Gatekeepers.*

## ကမ္ဘာတစ်ဝန်းမှ လက်တွေ့လုပ်ဆောင်မှု လုပ်ထုံးနည်းနာများအား လေ့လာခြင်း


ဤအစီရင်ခံစာအတွက် လေ့လာထားသော နိုင်ငံတစ်ခုချင်းစီတွင် ပြည်နယ်ဒေသအဆင့် အစိုးရ၏လုပ်ငန်းလိုင်စင်ချထားပေးခြင်း လုပ်ငန်းစဉ်အပေါ် လုပ်ပိုင်ခွင့်အတိုင်းအတာမှာ ကွဲပြားကြသည်။ ယေဘုယျအားဖြင့် သယံဇာတတူးဖော်ထုတ်လုပ်မှု လုပ်ပိုင်ခွင့်လိုင်စင် ချပေးခြင်းဆိုင်ရာ ဥပဒေမူဘောင်ကို ပြည်ထောင်စု အစိုးရအဆင့်မှ ရေးဆွဲကြသည်။ အချို့နိုင်ငံများတွင် ဒေသခံအဖွဲ့အစည်းများ သို့မဟုတ် ၎င်းတို့မှ ရွေးချယ်ထားသော ခေါင်းဆောင်များက လိုင်စင်ချပေးသင့်သည်၊ မသင့်သည်နှင့်ပက်သက်၍ ဆုံးဖြတ်ရာတွင် ပါဝင်ခွင့်ရကြသည်။ ထို့ပြင် တူးဖော်ထုတ်လုပ်မည့် ကုမ္ပဏီအား ရွေးချယ်ခြင်းနှင့် တူးဖော်ရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များအား ၎င်းတို့အနေဖြင့် ဆုံးဖြတ်ပိုင်ခွင့်ရှိကြသည်။

ပြည်နယ်ဒေသအဆင့် အစိုးရများသည် လုပ်ငန်းအကောင်အထည်ဖော်မှုတွင် ပါဝင်သော်လည်း လိုင်စင်ချပေးလုပ်ငန်းစဉ်အတွက် တရားဝင်မူဘောင် တစ်ရပ်တည်းကိုသာ နိုင်ငံများအနေဖြင့် လက်ခံကျင့်သုံးရခြင်း၏ အကြောင်းအရင်းတစ်ရပ်မှာ စံနှုန်းများကိုလျှော့ချခြင်းမှ ကာကွယ်ရန်အတွက်ဖြစ်သည်။ ကုမ္ပဏီများအား ပိုမိုဆွဲဆောင်ရန် ပြည်နယ်ဒေသ အစိုးရများအနေဖြင့် အချင်းချင်း ပြိုင်ဆိုင်မှုရှိနိုင်သည့်အတွက်ကြောင့် ဖြစ်သည်။ ယင်းအပြင် ပိုမိုသေးငယ်သော ဒေသန္တရ အစိုးရများက ကုမ္ပဏီကြီးများ၏ အမြတ်ထုတ်မှု (institutional capture)တို့ကြောင့် ထိခိုက်မှုများ ကြုံတွေ့နိုင်ပြီး အစိုးရများအတွက် အကျိုးကျေးဇူး ပိုမိုနည်းပါးသည့် စာချုပ်ချုပ်ဆိုမှုကို ဖြစ်စေနိုင်သည်။ ထို့ပြင် ဖက်ဒရယ်နိုင်ငံများတွင် သဘာဝသယံဇာတများအပေါ် ထိန်းချုပ်ခွင့် ရလိုမှုမှာ ပြည်နယ်ဒေသအဆင့် နိုင်ငံရေးသမားများ၏ အဓိကတောင်းဆိုချက်တစ်ရပ် ဖြစ်လေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် လိုင်စင်ချပေးသည့် ဖြစ်စဉ်သည် သယံဇာတ တူးဖော်ထုတ်လုပ်မှု လုပ်ငန်းများ မည်သည့်သတ်မှတ်ချက်အောက်တွင် ရှေ့ဆက် လုပ်ကိုင်ရမည်ကို လွှမ်းမိုးနိုင်သည့် အရေးပါသော နည်းလမ်းတစ်ခုပင်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ပြည်နယ်ဒေသအဆင့် Stakeholder များက စီမံကိန်းများ ရှေ့ဆက်လုပ်ဆောင်ရန် မည်သည့် စည်းမျဉ်းသတ်မှတ်ချက်များ ပြဋ္ဌာန်းရန် ဆုံးဖြတ်ချက်ချရာ၌ ပါဝင်ခွင့်မရှိလျှင်ပင် ၎င်းတို့အနေဖြင့် ယင်းစီမံကိန်းများအပေါ် ဗီတိုအာဏာ အသုံးပြုခွင့်ကို တောင်းဆိုလေ့ရှိကြသည်။

အများအားဖြင့် ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍထက် သတ္တုကဏ္ဍတွင် ပြည်နယ်နှင့် ဒေသအဆင့် အဖွဲ့အစည်းများ၏ ပါဝင်မှုအခန်းကဏ္ဍ ပိုကြီးမားလေ့ရှိသည်။

### လေးထောင့်ကွက် (၅) လိုင်စင်ချပေးခြင်းဆိုင်ရာ ဆုံးဖြတ်ချက်ချရာတွင် ပြည်နယ်ဒေသအဆင့်မှ ထိတွေ့လုပ်ဆောင်မှု ပုံစံများ

ဒေသန္တရအတွင်းရှိ ပါဝင်သက်ဆိုင်သူများ (ဒေသန္တရ အစိုးရများဖြစ်စေ၊ အရပ်ဘက်အဖွဲ့အစည်းဖြစ်စေ) တို့၏ လိုင်စင်ချပေးခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် လုပ်ပိုင်ခွင့် အတိုင်းအတာတစ်ခုထိ ပါဝင်ခွင့်ကို ဥပဒေမူဘောင်တွင် ထည့်သွင်းထားနိုင်သည်။ ပြည်ထောင်စုအစိုးရမှ ဦးစီးဆောင်ရွက်သည့် လုပ်ငန်းစဉ်များတွင် ပြည်နယ်ဒေသအဆင့်မှ ပါဝင်လုပ်ဆောင်နိုင်ခွင့် ပုံစံကို အမျိုးအစား ၄ ခု ခွဲခြားနိုင်သည်။ [၄၀]




- **အသိပေးခြင်း ။** ။ လိုင်စင်ချပေးခြင်းနှင့်သက်ဆိုင်သော လုပ်ငန်းစဉ်များနှင့် ဆုံးဖြတ်ချက်များကို နိုင်ငံတော်အဖွဲ့အစည်းများမှ ပြည်နယ်/ဒေသအဆင့် Stakeholder များကို တိုက်ရိုက်အသိပေးသည့် တစ်ဖက်သွား(one way) လုပ်ငန်းစဉ်
- **ဆွေးနွေးတိုင်ပင်ခြင်း ။** ။ လိုင်စင်ချပေးခြင်း လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ပြည်နယ်ဒေသအဆင့် Stakeholder များနှင့် ဆွေးနွေးမှုများပြုလုပ်သည့် နှစ်ဖက်သွား(two-way) လုပ်ငန်းစဉ်
- **အထောက်အပံ့ပေးခြင်း ။** ။ အစီအစဉ်ရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်းတွင် ပြည်နယ်ဒေသအဆင့်တို့ ပါဝင်သည့် နှစ်ဖက်သွား လုပ်ငန်းစဉ်
- **သဘောတူညီချက် ရယူခြင်း ။** ။ လိုင်စင်ချပေးခြင်း ဖြစ်စဉ်တွင် ပြည်နယ်ဒေသအဆင့် Stakeholder တို့အား လိုင်စင်ပေးအပ်ပိုင်ခွင့် သို့မဟုတ် ကန့်ကွက်ပိုင်ခွင့်ရှိသည့် နှစ်ဖက်သွား လုပ်ငန်းစဉ်

၄၀ Oxfam, *Community Consent Index 2015* (Oxfam Briefing Paper, 23 July 2015).

> အခြားကိစ္စရပ်များတွင် ပြည်နယ်/ဒေသအဆင့် အဖွဲ့အစည်းများသည် လိုင်စင်ချပေးခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များတွင် ဦးဆောင်နိုင်သည်။ ၎င်းတို့အနေဖြင့် ဗဟိုအစိုးရ အာဏာပိုင်များ သို့မဟုတ် အိမ်နီးချင်း ပြည်နယ်ဒေသအဆင့် အဖွဲ့အစည်းများ၏ အကြံပြု တိုင်ပင်ဆွေးနွေးမှုများကိုလည်း အပြန်အလှန်အားဖြင့် လိုအပ်နိုင်သည်။

## လုပ်ငန်းလိုင်စင် ချထားပေးခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်များ

လိုင်စင်ချပေးခြင်းနှင့် လိုင်စင်ပါသတ်မှတ်ချက်များ၊ လိုင်စင်များအတွက် သတ်မှတ်ချက်များကို ဆုံးဖြတ်ရာတွင် ပြည်နယ်ဒေသအဆင့်၏ ပါဝင်မှုသည် နိုင်ငံအလိုက် ကွဲပြားကြသည်။ ယေဘုယျအားဖြင့် ပြည်နယ်ဒေသအဆင့် အဖွဲ့အစည်းများ၏ အခန်းကဏ္ဍအား ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍတွင်ထက် သတ္တုတွင်းကဏ္ဍတွင် ပြည်နယ်ဒေသအဆင့် အဖွဲ့အစည်းများ၏ အခန်းကဏ္ဍအား ပိုမို မြင်တွေ့ရလေ့ရှိသည်။ ဖက်ဒရယ်နိုင်ငံများဖြစ်ကြသော ဩစတေးလျနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သည် သတ္တုတူးဖော်ရေးကဏ္ဍ ခွင့်ပြုချက်လိုင်စင်ဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ပြည်နယ်ဒေသအဆင့်မှ ရေးဆွဲသတ်မှတ်၍ လိုင်စင်များထုတ်ပေးသည်။ အိန္ဒိယနိုင်ငံတွင် နိုင်ငံတော်ဥပဒေအရ ပြည်နယ်များကို သတ္တုတူးဖော်ရေးလုပ်ငန်း လိုင်စင်ပေးအပ်နိုင်သော အခွင့်အရေးကို ပေးအပ်ထားသော်လည်း ဗဟိုအစိုးရ၏ ခွင့်ပြုချက်ကို လိုအပ်သည့်အပြင်၊ အချို့သတ်မှတ်ချက်များကို ပြည်ထောင်စု ဥပဒေထဲတွင် ပုံသေသတ်မှတ်ထားသည်။ တန်ဖိုးနည်း တွင်းထွက်ပစ္စည်း (ဆောက်လုပ်ရေးကျောက်များ၊ ကျောက်စရစ်၊ ရွှံ့၊ သဲ အစရှိသည်) များ တူးဖော်မှုအတွက် ခွင့်ပြုချက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကိုမူ ပြည်နယ်အစိုးရများက အပြည့်အဝ ဆုံးဖြတ်ချက်ချမှတ်သည်။ [၄၁] အင်ဒိုနီးရှားနိုင်ငံတွင်မူ နိုင်ငံတော်အစိုးရက သတ္တုတူးဖော်မှု လုပ်ငန်းလိုင်စင်ချထားပေးခြင်းကို ပြည်နယ်ဒေသ အစိုးရများသို့ လုပ်ပိုင်ခွင့်ပေးအပ်ထားသည်။ ထိုကဲ့သို့ လုပ်ပိုင်ခွင့် လွှဲအပ်ပေးလိုက်ခြင်းက လုပ်ငန်းလိုင်စင် ထပ်သွားခြင်းများ၊ လုပ်ပိုင်ခွင့်များ လုံခြုံမှု မရှိခြင်းနှင့် ဒေသန္တရ အာဏာပိုင်များမှ အလုပ်အကိုင် သို့မဟုတ် ဘဏ္ဍာရေးပိုင်းဆိုင်ရာ အကျိုးအမြတ်အလို့ငှာ လုပ်ငန်းခွင့်ပြုချက် လုပ်ငန်းစဉ်များကို အလွဲသုံးစား ပြုလုပ်မှုများ ဖြစ်စေခဲ့သည်။ ခရိုင်အဆင့် အစိုးရများအား လုပ်ပိုင်ခွင့် အခွင့်အာဏာများ ခွဲဝေပေးရန် လုပ်ဆောင်ခဲ့သည့် အစောပိုင်း ဆောင်ရွက်ချက်များမှာလည်း အလားတူ ပြဿနာများရှိခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် အင်ဒိုနီးရှား၏ ဗဟိုအစိုးရမှ ခန့်မှန်းချက်အရ ခရိုင်များအနေဖြင့် လိုင်စင်များချပေးရာတွင် ပြည်ထောင်စုအစိုးရသို့ သတင်းအချက်အလက်များကို စနစ်တကျ မပေးခဲ့ဘဲ သတ္တုတူးဖော်ရေး လိုင်စင်ပေါင်း ၁၀၅၀၀ နီးပါးကို ချပေးခဲ့သည်ဟုဆိုသည်။ [၄၂] ယင်းအချက်က အခွန်တော်ကောက်ခံမှုအတွက် အဓိက အခက်အခဲ အတားအဆီးတစ်ခု ဖြစ်ခဲ့ပြီး ရင်းနှီးမြှုပ်နှံသူ၏ စိတ်ချယုံကြည်နိုင်မှုကိုလည်း ထိခိုက်စေခဲ့သည်။



ဖားကန့်ဒေသ၊ ကချင်ပြည်နယ်တွင် တရားမဝင်တူးဖော်လျက်ရှိသော ကျောက်တူးသမားများ

NRGI အတွက် ခင်စောဌေး

---

၄၁ Government of India, *Mineral Concession Rules* (1960); Government of India, Mines and Minerals (Development and Regulation) Act 1957, amended 2015 (2015).

၄၂ Erin Smith and Peter Rosenblum, *Enforcing the Rules: Government and Citizen Oversight of Mining* (Revenue Watch Institute, 2011); Government of the Philippines, *Indigenous Peoples Rights Act* (1997).

ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍ၌ ဆုံးဖြတ်ချက် ချမှတ်ရာတွင် အများအားဖြင့် ဗဟိုချုပ်ကိုင်မှု ပိုများတတ်သည်။ အိန္ဒိယနိုင်ငံသည် ဖက်ဒရယ်စနစ်ကို ကျင့်သုံးနေသော်လည်း ကုန်းတွင်းနှင့် ကမ်းလွန်ရှိ ရေနံစမ်းသပ်ရှာဖွေမှု၊ တူးဖော်မှု နှင့် ထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်းလိုင်စင်များ ပေးအပ်ခြင်းကို ဗဟိုအစိုးရက ရေးဆွဲသည့် ရေနံမြေများ (ကြီးကြပ်ရေးနှင့် တူးဖော်ရေး) အက်ဥပဒေ (၁၉၄၈) နှင့် ရေနံနှင့် သဘာဝဓါတ်ငွေ့ စည်းမျဉ်းများ (၁၉၅၉) ဖြင့် လုပ်ကိုင်ဆောင်ရွက်သည်။ ဥပဒေမူဘောင်အရ ကုမ္ပဏီများအနေဖြင့် ကမ်းလွန်တူးဖော်ရေးအတွက် ဗဟိုအစိုးရထံသို့ လျှောက်လွှာတင်ရပြီး ကုန်းတွင်းတူးဖော်မှုအတွက်မူ ပြည်နယ်ဒေသဆိုင်ရာ အစိုးရများထံသို့ လျှောက်လွှာတင်ရသည်။ [၄၃] လုပ်ပိုင်ခွင့်ကို ဒေသန္တရအဆင့်များသို့ ခွဲဝေပေးမှု အများဆုံးဖြစ်သည့် ဩစတေးလျနိုင်ငံတွင်မူ ပြည်နယ်နှင့် ဒေသအစိုးရများအနေဖြင့် ကုန်းတွင်း ရေနံနှင့် သဘာဝဓါတ်ငွေ့ဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းခွင့်ရှိသလို လိုင်စင်များကိုလည်း ချပေးခွင့်ရှိသည်။ ရေမိုင် ၃ မိုင်နှင့်အထက် ကွာဝေးသော ကမ်းလွန်ပင်လယ်ပြင် လုပ်ငန်းများအတွက် လိုင်စင်ချပေးခြင်းဆိုင်ရာ ဥပဒေမူဘောင်က ပို၍ ရှုပ်ထွေးသည်။ ယေဘုယျအားဖြင့် ၎င်းတို့အား ပြည်ထောင်စု အစိုးရမှ ရေးဆွဲပြဋ္ဌာန်းသည့် ကမ်းလွန်ရေနံ နှင့် ဖန်လုံအိမ် ဓာတ်ငွေ့ အက်ဥပဒေ (၂၀၀၆) ဖြင့် လိုင်စင်များအား ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်/ဒေသဝန်ကြီးတို့ ပါဝင်ဖွဲ့စည်းသည့် ပူးတွဲအာဏာပိုင်အဖွဲ့မှ ချပေးသည်။ [၄၄]

## လိုင်စင်များချပေးရန် အဆုံးအဖြတ်တွင် ပြည်နယ်ဒေသအဆင့် ပါဝင်မှု

လုပ်ငန်းလိုင်စင် ချပေးခြင်းနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့်များသည် ဗဟိုအစိုးရ လက်ဝယ်တွင်သာ ရှိသော်လည်း နိုင်ငံအများအပြားတွင်မူ ဒေသန္တရ၏ ဆုံးဖြတ်ချက် ချရာတွင် ပါဝင်ဆောင်ရွက်ခွင့်ကို ဥပဒေဖြင့် သတ်မှတ်ပြဋ္ဌာန်းလေ့ရှိကြသည်။ သို့သော် ၎င်းတို့၏ လုပ်ပိုင်ခွင့်အတိုင်းအတာသည် နိုင်ငံအလိုက် ကွဲပြားကြသည် (လေးထောင့်ကွက် ၅ ကိုကြည့်ပါ)။ မွန်ဂိုလီးယားနိုင်ငံတွင် ဗဟိုအစိုးရက သတ္တုတူးဖော်ခွင့် လိုင်စင်ကို ချပေးခြင်းဖြစ်သော်လည်း aimac (ခရိုင်) အုပ်ချုပ်ရေးမှူးက တွင်းထွက်ပစ္စည်း စမ်းသပ်ရှာဖွေရေး လိုင်စင်ထုတ်ပေးမှုကို ကန့်ကွက်ခွင့်ရှိသည် (ထုတ်လုပ်မှုလိုင်စင်ကို တားဆီးပိတ်ပင်ရန် အခွင့်အာဏာ မရှိသော်လည်း) [၄၅] ရေနံတူးဖော်ထုတ်လုပ်မှု လိုင်စင်အတွက်မူ အုပ်ချုပ်ရေးမှူးများသည် သဘောထားအမြင်ကိုသာ ထုတ်ပြန်ခွင့်ရှိသည်။ [၄၆] ဖိလစ်ပိုင်နိုင်ငံတွင် သတ္တုတူးဖော်ရေးလုပ်ငန်းလိုင်စင် ပြုလုပ်ခြင်းသည် နိုင်ငံတော် သတ္တု နှင့် ဘူမိသိပ္ပံဗျူရို ၏ အခွင့်အာဏာလက်အောက်တွင် ရှိသော်လည်း ဒေသန္တရအစိုးရ ယူနစ်များထံမှ ထောက်ခံအတည်ပြုချက်ကို လိုအပ်သည်။ [၄၇] ယင်းအချက်က နေရာဒေသ အတော်များများတွင် သတ္တုတွင်းလုပ်ငန်း ဆောင်ရွက်မှုများကို ရပ်ဆိုင်းစေခဲ့သည်။ [၄၈] စီမံကိန်း အစီအစဉ်များကို ပြောင်းလဲစေရန်အတွက် သဘောတူညီချက် ထုတ်မပေးပါ ဟု ခြိမ်းခြောက်ခြင်းနည်းလမ်းကို အသုံးပြုနိုင်သည်။ ဥပမာအနေဖြင့် Shell နှင့် Occidental ရေနံကုမ္ပဏီများက Malampaya စီမံကိန်းအတွက် ခွင့်ပြုချက်တောင်းခံသောအခါ ဒေသန္တရအစိုးရက စီမံကိန်း အဆိုထဲတွင်ပါရှိသော ပိုက်လိုင်းလမ်းကြောင်းများက ဇီဝမျိုးစိတ်များ ပေါကြွယ်ဝပြီး ဌာနေတိုင်းရင်းသားများ နေထိုင်သော အဆိုပါဒေသကို ဖြတ်သန်းမသွားရန်အတွက် ညှိနှိုင်းဆွေးနွေးခဲ့သည်။ [၄၉]

အရေးကြီးသော အချက်တစ်ခုမှာ လွတ်လပ်၍ ကြိုတင်အသိပေး ရယူသော သဘောတူညီချက်(FPIC) အယူအဆဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ ဌာနေတိုင်းရင်းသား အခွင့်အရေးဆိုင်ရာ ကြေငြာစာတမ်းတွင် လွတ်လပ်၍ ကြိုတင်အသိပေး ရယူသည့် သဘောတူညီခြင်းမရှိဘဲ၊ မျှတသော လျော်ကြေးငွေမပေးအပ်ဘဲ ဌာနေတိုင်းရင်းသားများအား ၎င်းတို့ ဌာနေ သို့မဟုတ် နယ်မြေများမှ အတင်းအကြပ် ရွှေ့ပြောင်းစေခြင်း၊

၄၃ Venkatesh Raman Prasad and Abhishek Kumar Singh, “Oil and Gas Regulation in India: Overview,” *Thomson Reuters Practical Law,* 1 November 2016.

၄၄ Andrew Smith, John King and Clayton Utz, “Oil and Gas Regulation in Australia: Overview,” *Thomson Reuters Practical Law,* 1 May 2013.

၄၅ Government of Mongolia, *The Minerals Law of Mongolia* (2006).

၄၆ Government of Mongolia, *The Law of Mongolia on Petroleum* (2014).

၄၇ Government of the Philippines, *Local Government Act* (1991).

၄၈ Smith and Rosenblum, *Enforcing the Rules.*

၄၉ Varsha Venugopal, *Thinking Locally: Community Consultation in the Philippines* (Natural Resource Governance Institute, 2016).

နေရာရွှေ့ပြောင်းခြင်းများ ပြုလုပ်ခွင့်မရှိကြောင်း ဖော်ပြထားသည်။ [၉၀] ဤအစီရင်ခံစာအတွက် နမူနာလေ့လာထားသော နိုင်ငံတစ်ခုဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံတွင် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများအက်ဥပဒေအရ လုပ်ငန်းလိုင်စင်နှင့်ပတ်သက်သော ဆုံးဖြတ်ချက်များကို ဌာနေတိုင်းရင်းသားက ဗီတိုအာဏာကို အသုံးပြု ကန့်ကွက်ခွင့်ရှိသည်။ [၉၁] ဩစတေးလျနိုင်ငံတွင်လည်း ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးကို ကာကွယ်ရန် တင်းကြပ်သော ဥပဒေပြဋ္ဌာန်းချက်များရှိသည်။ ဩစတေးလျ၏ ဇာတိမြေပိုင်ဆိုင်မှု အက်ဥပဒေ(၁၉၉၃) အရ ဌာနေတိုင်းရင်းသားများသည် ၎င်းတို့အစဉ်အလာအရ ပိုင်ဆိုင်သောမြေပေါ်တွင် တူးဖော်မှုလုပ်ဆောင်ရန် လျာထားသော လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းပိုင်ခွင့်ရှိသည်။ အကယ်၍ သဘောတူညီချက် မရရှိလျှင် နိုင်ငံ၏ ပြည်နယ်ရေးမှူးချုပ်မှ ခန့်အပ်သောအဖွဲ့ဝင်များပါဝင်သည့် ဩစတြေးလျ အစိုးရအဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး အဖွဲ့ဝင်အား နိုင်ငံတော်ဇာတိမြေပိုင်ဆိုင်မှုရာ ခုံရုံးမှ နောက်ဆုံး အဆုံးအဖြတ်ကို ပြုလုပ်သည်။ [၉၂]

## မြန်မာနိုင်ငံအတွက် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များ

မြန်မာနိုင်ငံအနေဖြင့် သယံဇာတတူးဖော်ခြင်းနှင့် တူးဖော်မှုစည်းကမ်းချက်များအား သတ်မှတ်ရာတွင် ပြည်နယ်ဒေသ အဖွဲ့အစည်းမှ မည်သို့ ပါဝင်ရမည်ဆိုသည့် အကြောင်းအရာများကို လေ့လာလျက်ရှိသည့်အတွက် မူဝါဒချမှတ်သူများအနေဖြင့် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားနိုင်သည်။

- **နိုင်ငံတော်အဆင့် အဖွဲ့အစည်းများနှင့် ပြည်နယ်ဒေသ အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်မှုကို မြှင့်တင်အားပေးခြင်း** ။ ။ လုပ်ငန်းလိုင်စင် ချပေးပိုင်ခွင့်ကို နိုင်ငံတော်အဆင့်နှင့် ပြည်နယ်ဒေသအဖွဲ့အစည်း နှစ်ရပ်စလုံးအား ခွဲဝေပေးထားသည့်အခါ စိန်ခေါ်မှုများ ရှိလာနိုင်သည်။ ဥပမာအနေဖြင့် လိုင်စင်ချပေးပိုင်ခွင့်ကို သယံဇာတ တူးဖော်ထုတ်လုပ်မှု အမျိုးအစားအပေါ် (ဥပမာ သတ္တုတွင်း နှင့် ရေနံ၊ ကုန်းတွင်း နှင့် ကမ်းလွန်) သို့မဟုတ် လုပ်ငန်းအရွယ်အစားအပေါ် (ဥပမာ အသေးစား နှင့် အကြီးစား) မူတည်၍ လုပ်ပိုင်ခွင့် အခွင့်အာဏာကို ခွဲဝေနိုင်သည်။ မြန်မာနိုင်ငံတွင် ပြည်နယ်နှင့်တိုင်းများသို့ အသေးစား သယံဇာတတူးဖော်ရေး လုပ်ငန်းလိုင်စင်ချထားပေးခွင့် ပေးမည့် အစီအစဉ်မှာ အင်ဒိုနီးရှားတွင် တွေ့ကြုံခဲ့ရသော လုပ်ငန်းခွင့်ပြုချက်များ ထပ်သွားနိုင်မည့် အလားအလာရှိနိုင်ပြီး တာဝန်ခံမှု ရေရေရာရာ မရှိခြင်း နှင့် စည်းမျဉ်းဥပဒေများအား လေးစားလိုက်နာစေမှု အားနည်းမှုများဖြစ်ပေါ်လာနိုင်သည်။ ထို့ကြောင့် ပြည်ထောင်စု အဖွဲ့အစည်းများနှင့် ကောင်းမွန်သော ညှိနှိုင်းဆက်သွယ် ဆောင်ရွက်မှုရှိရန် အရေးပါမည်ဖြစ်သည်။ (နိုင်ငံတော်အဆင့်နှင့် ပြည်နယ်ဒေသအဆင့် အဖွဲ့အစည်းများအား မြေပုံအညွှန်းအသုံးပြုနိုင်ခြင်းဖြင့် ညှိနှိုင်းဆောင်ရွက်ခြင်း အပိုင်း ၄ တွင် ဆွေးနွေးမည်)

- **သယံဇာတတူးဖော်ထုတ်လုပ်မှုနှင့်ပတ်သက်သော ဆုံးဖြတ်ချက်များတွင် ဒေသတွင်း Stakeholder များ ပါဝင်နိုင်ရန် လုပ်ဆောင်ခြင်း** ။ ။ လုပ်ငန်းလိုင်စင်ပြုလုပ်ခြင်း လုပ်ငန်းစဉ်တွင် မည်သည့်အဖွဲ့အစည်း သို့မဟုတ် လူမှုအဖွဲ့အစည်းများက ပါဝင်သင့်သည်ဆိုခြင်းနှင့်ပတ်သက်ပြီး ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ရှင်းရှင်းလင်းလင်း ပြုလုပ်ထားရန် လိုအပ်ပြီး ၎င်းတို့အနေဖြင့် မည်သည့်အဆင့်တွင် ပါဝင်သင့်သည်ဆိုသည့်အချက်နှင့် လုပ်ပိုင်ခွင့် မည်မျှရှိသည်ကိုပါ ရှင်းလင်းစွာ ဖွင့်ဆိုရန် လိုအပ်သည်။ အကြွင်းမဲ့ ဆုံးဖြတ်ချက်အာဏာကို မည်သည့်အဆင့်တွင် ထားသည်ဖြစ်စေ သယံဇာတတူးဖော်ရေးစီမံကိန်းများ ရှေ့ဆက်သွားရန်အတွက် မတူညီသော အစိုးရအဆင့်များနှင့် ဒေသန္တရလူမှုအသိုင်းအဝိုင်းများ၏ ပါဝင်မှုရှိရန် အရေးကြီးသည်။ ၎င်းမှာ သယံဇာတ တူးဖော်ခြင်းလုပ်ငန်းအတွက်ကျယ်ပြန့်သည့် ထောက်ခံအားပေးမှု ရရှိနိုင်မည့် အရေးပါသော နည်းလမ်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် လုပ်ငန်းလိုင်စင်ချပေးခွင့် အကြွင်းမဲ့အာဏာကို ပြည်ထောင်စုအဆင့်တွင် ရှိသော်လည်း ပြည်နယ်ဒေသအဆင့် Stakeholder များအား ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် တရားဝင် ပါဝင်နိုင်ရန် ဆောင်ရွက်ခြင်းဖြင့် အကျိုးရှိနိုင်သည်။

---

၉၀ United Nations, *Declaration on the Rights of Indigenous People* (2007).

၉၁ Government of the Philippines, *Indigenous Peoples Rights Act*.

၉၂ Michael Limerick, Kathryn Tomlinson, Rosemary Taufatofua, Rodger Barnes and David Brereton, *Agreement-making with Indigenous Groups: Oil and Gas Development in Australia* (University of Queensland, 2012).

- **သက်ဆိုင်ရာ အာဏာပိုင်များအနေဖြင့် ၎င်းတို့၏ တာဝန်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် လုံလောက်သော စွမ်းဆောင်ရည် ရှိစေခြင်း ။ ။** ပြည်နယ်ဒေသဆိုင်ရာ တာဝန်ရှိသူတို့အား ပိုမိုကြီးမားသော လိုင်စင်ချပေးခွင့် မပေးအပ်မီ ၎င်းတို့၏ စွမ်းဆောင်ရည်ကို ပိုမိုခိုင်မာ အားကောင်းစေရန် ကြိုတင် လုပ်ဆောင်သင့်သည်။ ဆိုလိုသည်မှာ တာဝန်ရှိသူများအား လိုင်စင်နှင့်သက်ဆိုင်သော စည်းကမ်းချက်များကို ပိုမိုနားလည်စေရန် ကူညီပေးခြင်း၊ အဓိပ္ပါယ်ပြည့်ဝသော တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ခြင်း နှင့် ခွဲဝေပေးထားသော လုပ်ပိုင်ခွင့်တို့အား ပြန်လည်ခြေရာကောက် သုံးသပ်သည့်စနစ်များအား အကောင်အထည်ဖော်မှုတို့ ပါဝင်သည်။ လိုအပ်သော စွမ်းဆောင်ရည်နှင့် အရင်းအမြစ်မရှိသော အဖွဲ့အစည်းများအား လိုင်စင်ချပေးခြင်းနှင့်သက်ဆိုင်သည့် ညှိနှိုင်းဆွေးနွေးမှုများ၊ လုပ်ငန်းသဘောတူညီမှု သတ်မှတ်ချက်များကို လုပ်ဆောင်နိုင်သည့် လုပ်ပိုင်ခွင့်ကို ပေးခြင်းကြောင့် အကျင့်ပျက်ခြစားမှု အခွင့်အလမ်းများ ပိုမိုများပြားလာနိုင်သလို သယံဇာတ တူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီများနှင့် ကောင်းမွန်သော လုပ်ငန်းသဘောတူချက်တစ်ရပ်ကို ဖော်ဆောင်ရန် ပိုမိုခက်ခဲနိုင်သည်။

- **ပွင့်လင်းမြင်သာမှု မြှင့်တင်အားပေးခြင်း ။ ။** အကယ်၍ ဒေသန္တရအစိုးရ သို့မဟုတ် လူမှုအသိုင်းအဝိုင်းများမှ ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ပိုင်ခွင့် အခွင့်အာဏာများ မရှိသော်လည်း လိုင်စင်ချမှတ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်နှင့် သဘောတူထားသော စည်းကမ်းချက်များကိုမူ တာဝန်ရှိသူများအနေဖြင့် ၎င်းတို့အား အသိပေးသင့်သည်။ ပြည်နယ်နှင့် ဒေသများသို့ မည်သည့်လုပ်ပိုင်ခွင့် အခွင့်အာဏာကို ခွဲဝေပေးသည်ဖြစ်ပါစေ ၎င်းတို့ပြုလုပ်သော ဆုံးဖြတ်ချက်များအပေါ်တွင် ပွင့်လင်းမြင်သာမှု ရှိသင့်သည်။ ချမှတ်သော ဆုံးဖြတ်ချက်များသည် ဒေသန္တရအကျိုးကို ထည့်သွင်းစဉ်းစားရန်နှင့် အကျင့်ပျက်ခြစားမှုမှ ကာကွယ်ပေးရန် ပွင့်လင်းမြင်သာမှုသည် အရေးပါသည်။

## ၄။ မြေယာမှတ်ပုံတင်ခြင်း နှင့် မြေယာစီမံခန့်ခွဲခြင်း

### ဘာကြောင့်အရေးပါသလဲ

သယံဇာတတူးဖော်ရေး လိုင်စင်များကို ချထားပေးရာတွင် အစိုးရအနေဖြင့် အဆိုပါ မြေပေါ်မြေအောက်ရှိ သယံဇာတ အသုံးပြုမှုနှင့် ပိုင်ဆိုင်မှုကိစ္စများကို နားလည်သဘောပေါက်ပြီး တုန့်ပြန်ဆောင်ရွက်နိုင်ရန် လိုသည်။ ယေဘုယျအားဖြင့် နိုင်ငံတော်အဆင့်အစိုးရက မြေအောက်သယံဇာတများကို ပိုင်ဆိုင်လေ့ရှိပြီး မြေပေါ်သယံဇာတအား ပိုင်ဆိုင်မှုမှာ အလွန်ရှုပ်ထွေးလေ့ရှိသည်။ ထို့ကြောင့် ပိုင်ဆိုင်မှုကိစ္စများကို မှတ်တမ်းတင်ရန်နှင့် ပိုင်ဆိုင်မှု အဆိုများကို စီမံခန့်ခွဲရန် နည်းစနစ်များ လိုအပ်သည်။ ကောင်းမွန်ထိရောက်သော မြေယာစီမံခန့်ခွဲမှု လုပ်ဆောင်ရာတွင် အစိုးရများအား အမျိုးသားဥယျာဉ်များကဲ့သို့ အခြားအသုံးပြုမှုရှိသည့် ဧရိယာများတွင် သယံဇာတ တူးဖော်ထုတ်လုပ်မှုများ မဆောင်ရွက်ရန် သတ်မှတ်ခြင်း လိုအပ်သည်။ အကယ်၍ ကောင်းမွန်သော မြေပုံအညွှန်းနှင့် မြေယာစီမံခန့်ခွဲမှု မရှိပါက သယံဇာတ တူးဖော်မှုများသည် မြေကို တရားဝင်ပိုင်ဆိုင်သူဖြစ်စေ တရားဝင် အချက်အလက်များ မရှိဘဲ ပိုင်ဆိုင်နေသူ၏ အခွင့်အရေးကို ချိုးဖောက်သွားစေနိုင်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ အပါအဝင် သဘာဝပတ်ဝန်းကျင်အရ အထိအခိုက် အတိမ်းအစောင်း မခံနိုင်သော ကာကွယ်ထားသည့် ဧရိယာများကိုလည်း ကျူးကျော်မှုများ ဖြစ်နိုင်သည် (လေးထောင့်ကွက် ၆ ကိုကြည့်ပါ)။ မြေယာပိုင်ဆိုင်ခွင့် လုံခြုံစိတ်ချရမှု မရှိလျှင် ရင်းနှီးမြှုပ်နှံသူ၏ ယုံကြည်မှုကိုလည်း ထိခိုက်စေမည်ဖြစ်သည်။

#### လေးထောင့်ကွက် (၆) မြေပုံအညွှန်းဆိုသည်မှာ အဘယ်နည်း။


သယံဇာတတူးဖော်ခြင်း လုပ်ငန်းများနှင့် အခြား မြေအသုံးပြုမှုများက များပြားသော အချက်အလက်များကို ထွက်ပေါ်လာစေသည်။ အဆိုပါ အချက်အလက်များကို တစ်နေရာတည်းတွင် စုစည်းပြီး အလွယ်တကူ သိရှိနိုင်ရန် လိုအပ်သည်။ အဆိုပါအချက်အလက်များကို စုစည်းသိုလှောင်ထားသော စနစ်ကို မြေပုံအညွှန်းဟု ခေါ်ဆိုသည်။ [၅၃] ကောင်းမွန်သော မြေပုံအညွှန်း ဆိုသည်မှာ မြေပေါ်ရှိ အခွင့်အရေးများအား ပိုင်ဆိုင်သူများစာရင်း (မြေယာဆိုင်ရာ မြေပုံအညွှန်းအတွက်) သို့မဟုတ် မြေအောက် သယံဇာတ အခွင့်အရေးများကို ပိုင်ဆိုင်သူစာရင်း (သတ္တုတွင်းဆိုင်ရာ မြေပုံအညွှန်း) စသည့် မြေယာ သတင်းအချက်အလက်များကို ချိတ်ဆက်ထားသည်။ အထက်ဖော်ပြပါ မြေပုံအညွှန်းတွင် တရားဝင် နှင့် တရားမဝင် (ပိုင်ဆိုင်မှု) လုပ်ပိုင်ခွင့်သက်တမ်း အချက်အလက်များ ပါရှိနိုင်သည်။ မြေယာစာရင်းများအနေဖြင့် သက်တမ်းကုန်လွန်သွားသော လိုင်စင်များနှင့် လိုင်စင်ကြေးများ ပေးဆောင်မှုနှင့် ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ထားသော ဧရိယာများနှင့်ပတ်သက်၍ ခြေရာကောက် စစ်ဆေးရန်အတွက် အသုံးပြုနိုင်သည်။

မြေယာမှတ်ပုံတင်ခြင်းသည် စာရွက်ပေါ်တွင် ရေးသားပြုစုထားခြင်းဖြစ်နိုင်သလို ဒီဂျစ်တယ်စနစ်ဖြင့် ပြုလုပ်ထားခြင်းလည်း ဖြစ်နိုင်သည်။ မြန်မာနိုင်ငံတွင်မူ ပထမနည်းလမ်းကို အသုံးပြုနေဆဲဖြစ်ပြီး အခြား ကမ္ဘာ့နိုင်ငံများကမူ ဒစ်ဂျစ်စနစ်ကို အသုံးပြုနေသည်။ ဘက်ပေါင်းစုံ စုစည်းထားသော သတင်းအချက်အလက်များ စုစည်းသိုလှောင်မှုတစ်ရပ်ကို ဖန်တီးပေးပြီး ရှုပ်ထွေးမှု အများအပြား ရှိနေနိုင်သည့် မြေယာပိုင်ဆိုင်မှု အဆိုများကို ဖော်ထုတ်ရန်အတွက်လည်း အထောက်အကူ ဖြစ်စေနိုင်သည့် ဒီဂျစ်တယ်စနစ်သို့ ကူးပြောင်းရန် ပြင်ဆင်လျက်ရှိသည်။ (ပုံ ၂ တွင် ဒီဂျစ်တယ် မြေယာစာရင်းကို ကြည့်ပါ) ဒစ်ဂျစ်တယ်စနစ်ဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာအတွက် အချိန်ကာလနှင့် တစ်ပြေးညီ သိရှိနိုင်သည့် နောက်ဆုံးရ တူညီသော သတင်းအချက်အလက်များကိုလည်း နိုင်ငံတော်အဆင့်နှင့် ပြည်နယ်ဒေသအဆင့် အားလုံးမှ ရရှိလာနိုင်စေသည်။

အများပြည်သူကလည်း မြေပုံအညွှန်းစာရင်းအား ကြည့်ရှုရယူနိုင်ပါက စီမံကိန်း စောင့်ကြည့်စစ်ဆေးရေး နည်းလမ်းတစ်ခုအနေဖြင့်လည်း အသုံးပြုနိုင်သည်။ မည်သူက မည်သည့်မြေနေရာကို ပိုင်ဆိုင်ခွင့်ရှိနေသည် ဆိုသော သတင်းအချက်အလက်များကို သိရှိခြင်းကြောင့် နိုင်ငံသားများအနေဖြင့် အစိုးရ၏ တာဝန်ခံမှုကိုလည်း သိရှိနိုင်မည်ဖြစ်သည်။ အမှန်တွင် လိုင်စင်အချက်အလက် ပြည့်ပြည့်စုံစုံ ဖော်ပြထားသည့် မြေပုံအညွှန်း ထားရှိရန်မှာ EITI စံနှုန်းတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံသည် EITI အဖွဲ့ဝင်လောင်း နိုင်ငံဖြစ်သည့်အတွက် အဆိုပါ သတ်မှတ်ပြဋ္ဌာန်းချက်များကို လက်တွေ့

၅၃ A cadaster can also be defined as a public institution that integrates the regulatory, institutional and technological aspects of mineral rights administration. In this report, we use the land information system definition.

အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သည်။




ပုံ (၂) ကနေဒါနိုင်ငံ၊ ဗြိတိသျှ ကိုလံဘီယာ ပြည်နယ်မှ အွန်လိုင်း မြေယာစာရင်း

စိန်ခေါ်မှုများထဲမှ တစ်ခုမှာ မတူညီသော အစိုးရအဆင့်များသည် မြေယာစီမံခန့်ခွဲမှုနှင့် သတ္တုတွင်းများ အတွက် လိုင်စင်ချပေးခြင်းတို့ကို ပြုလုပ်လေ့ရှိသည်။ တခါတရံတွင် မြေနေရာတစ်ခု သို့မဟုတ် အခြား တစ်ခုကို မှတ်တမ်းတင်ခြင်းသည် မတူညီသော ဝန်ကြီးဌာနများ သို့မဟုတ် မတူညီသော အုပ်ချုပ်မှု အဆင့်ဆင့်အပေါ် မူတည်နေနိုင်သည် (ပြည်ထောင်စု အဖွဲ့အစည်းများနှင့် ပြည်နယ်/ဒေသအဆင့်အဖွဲ့ အစည်းများက မတူညီသော အချက်အလက်များကို မှတ်တမ်းတင် သိမ်းဆည်းထားခြင်းကို ဆိုလိုသည်) အဆိုပါ အုပ်ချုပ်ရေးကဏ္ဍများမှ တူညီသော မှတ်တမ်းတင်ခြင်းနှင့် အချက်အလက် မျှဝေခြင်းစနစ်ကို အသုံးမပြုပါက မြေယာများ ထပ်ကျော့အသုံးပြုနေမှု အခြေအနေနှင့် သတ္တုတူးဖော်ခွင့် လိုင်စင်များကို လွယ်ကူစွာ သိရှိနားလည်ရန်အတွက် ပိုမိုခက်ခဲစေသည်။ မြေယာစီမံခန့်ခွဲမှုအတွက် လုပ်ပိုင်ခွင့်နှင့် မတူ ညီသော အစိုးရအဆင့်များအကြားတွင် ဆွေးနွေးညှိနှိုင်းမှုနှင့် ကူးလူးဆက်ဆံမှုများအတွက် ရှင်းလင်း တိကျသော နည်းလမ်းများရှိရန်မှာ ဖက်ဒရယ်စနစ်ကျင့်သုံးသော သဘာဝ သယံဇာတ စီမံခန့်ခွဲမှုအတွက် မရှိမဖြစ် လိုအပ်ပြီး သဘာဝ သယံဇာတ ကဏ္ဍကို ကောင်းမွန်စွာ စီမံအုပ်ချုပ်နိုင်မှုအတွက်လည်း မရှိ မဖြစ် အရေးကြီးလာသည်။

လုပ်ပိုင်ခွင့်အချို့ကို ပြည်နယ်/ဒေသအဆင့်သို့ လွှဲအပ်ပေးလိုက်ခြင်းဖြင့် မှတ်တမ်းများ တိကျစွာ သိမ်း ဆည်းနိုင်စေပြီး အထူးသဖြင့် တရားဝင်မဟုတ်သော မြေယာပိုင်ဆိုင်ထားမှုများကို မှတ်တမ်းထားနိုင်မည် ဖြစ်သည်။ အများအားဖြင့် ပြည်နယ်ဒေသအဆင့် အဖွဲ့အစည်းများသည် သတင်းအချက်အလက် စု ဆောင်းမှုဖြင့် မြေယာပိုင်ဆိုင်မှု အငြင်းပွားမှု အကြောင်းအရာတို့ကို ပိုမိုနားလည် သဘောပေါက်ကြသည်။ အဘယ်ကြောင့်ဆိုသော် ပြည်နယ်ဒေသအဆင့် အဖွဲ့အစည်းများသည် မြေယာအကြောင်းနှင့် မြေယာ အသုံးပြုမှုတို့ကို ပိုမိုသိရှိနားလည်ကြပြီး ဒေသ၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့် ပိုမိုယဉ်ပါးသည့် အပြင် မြေယာအသုံးပြုမှုဆိုင်ရာ အချက်အလက်များအတွက် ဒေသတွင်း လူမှုအဖွဲ့ဝင်များ၏ယုံကြည်မှု ကိုလည်း ရရှိထားကြသောကြောင့် ဖြစ်သည်။ ဒေသတွင်း လူ့အဖွဲ့အစည်းများမှာ သယံဇာတတူးဖော်ခွင့် မရှိသည့် ကန့်သတ်နယ်မြေ သတ်မှတ်ခြင်းဆိုင်ရာ ကိစ္စရပ်များတွင်လည်း ပါဝင်နိုင်ကြသည်။ ဥပမာ အနေဖြင့် ၂၀၁၆ ခုနှစ်၊ ကိုလံဘီယာနိုင်ငံတွင် အခြေခံဥပဒေ ခုံရုံးက ကန့်သတ်နယ်မြေ သတ်မှတ်ရာ တွင် ဗဟိုအစိုးရအနေဖြင့် ဒေသန္တရအစိုးရနှင့် သဘောတူညီမှု ရယူရမည်ဟု အခြေခံဥပဒေခုံရုံးက အမိန့် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ [၅၄]

သို့ရာတွင် ပြည်နယ်ဒေသအဆင့် အဖွဲ့အစည်းများသို့ မြေယာစီမံခန့်ခွဲပိုင်ခွင့် ပေးအပ်ရာတွင်လည်း စိန်ခေါ်မှု အခက်အခဲများ ကြုံတွေ့နိုင်သည်။ အကယ်၍ နိုင်ငံတော်အဆင့်နှင့် ပြည်နယ်ဒေသအဆင့်ကြား လုပ်ပိုင်ခွင့်ခွဲဝေမှု ရှင်းရှင်းလင်းလင်း သတ်မှတ်ထားခြင်းမရှိပါက ရှုပ်ထွေးမှုများ၊ ညှိနှိုင်းဆွေးနွေးမှု ညံ့ ဖျင်းခြင်းနှင့် အရှေ့အနောက်မညီမှုများ အကြီးအကျယ် ဖြစ်ပေါ်လာနိုင်ပြီး ရလဒ်အနေဖြင့် မြေယာပိုင်

---

၅၄ Corte Constitucional de Colombia, *Comunicado No. 4: Sentencia C-035/16* (8 February 2016).

ဆိုင်မှုဆိုင်ရာ အချက်အလက်များ ထပ်သွားခြင်းနှင့် မြေယာအငြင်းပွားမှုတို့ကို ဖြစ်ပေါ်စေနိုင်သည်။ [၉၅] နည်းပညာဆိုင်ရာ အကန့်အသတ်များကလည်း ညှိနှိုင်းဆောင်ရွက်မှုကို အနှောင့်အယှက်ဖြစ်စေနိုင်သည်။ ဥပမာအနေဖြင့် ဝေးလံခေါင်ဖျားသော ပြည်နယ်ဒေသတွင်းရှိ လုပ်ပိုင်ခွင့်အာဏာရှိသော ပြည်နယ်ဒေသဆိုင်ရာ အာဏာပိုင်များတွင် မြေယာဆိုင်ရာ ဒီဂျစ်တယ်မှတ်တမ်းထဲသို့ အချက်အလက်များကို ထည့်သွင်းနိုင်ရန် စိတ်ချရသော လျှပ်စစ်မီး သို့မဟုတ် အင်တာနက်လိုင်းများကို မရရှိနိုင်ခြင်း ဖြစ်သည်။

## မြန်မာနိုင်ငံ၏ လက်ရှိအနေအထား

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇ တွင် ပြည်ထောင်စုအစိုးရသည် မြန်မာနိုင်ငံအတွင်းရှိ မြေပေါ်မြေအောက် သယံဇာတ အလုံးစုံကို အကြွင်းမဲ့ပိုင်ဆိုင်သည်ဟု ဖော်ပြထားသည်။ ယင်းအတွက်ကြောင့် မြေယာများ အသုံးပြုမှုအတွက် အဆုံးအဖြတ်ပေးသည့် ဥပဒေများမှာ ပြည်ထောင်စုအဆင့်တွင် သတ်မှတ်ခြင်းဖြစ်ပြီး ပြည်ထောင်စုအဖွဲ့အစည်းများက မြေယာမူဝါဒကို အကောင်အထည်ဖော်သည်။

မြေယာအငြင်းပွားမှုများသည် မြန်မာနိုင်ငံတွင် ဖြစ်ပွားနေကျ ပဋိပက္ခများ၏ အဓိက အကြောင်းရင်းဖြစ်ပြီး မြေယာနှင့်ပတ်သက်သော အခွင့်အရေးများကို ပြန်လည်ပြုပြင်ရန်မှာလည်း နိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးစုများ တောင်းဆိုနေသော ကိစ္စဖြစ်သည်။ ဥပမာအားဖြင့် ကရင်အမျိုးသားအစည်းအရုံး (KNU) က ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ၎င်းတို့၏ ကိုယ်ပိုင်မြေယာ မူဝါဒတစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ ယင်းမူဝါဒတွင် တိုင်းရင်းသားပြည်သူများသည် ၎င်းတို့နေထိုင်ရာ ဒေသများရှိ မြေယာနှင့် သဘာဝသယံဇာတ အားလုံးကို အကြွင်းမဲ့ပိုင်ဆိုင်သူများဖြစ်ကြောင်း၊ ဓလေ့ထုံးတမ်းနှင့် ကိုက်ညီသော ပိုမိုအာမခံချက်ရှိသည့် မြေယာအခွင့်အရေးများအတွက် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် လိုအပ်ကြောင်းတို့ကို ထည့်သွင်းထားသည်။ [၉၆] ၂၀၁၇ ခုနှစ်၊ မေလတွင် ကျင်းပခဲ့သည့် ၂၁ ရာစု ပင်လုံညီလာခံတွင် ရရှိခဲ့သော သဘောတူညီမှုများတွင် ဗဟိုအစိုးရ ထိန်းချုပ်မှုများ လျှော့ချထားသည့် နိုင်ငံတော် မြေယာမူဝါဒ တစ်ရပ်ကို ဖော်ဆောင်ရန်အတွက် တိုက်တွန်းနှိုးဆော်သည့် အချက်တစ်ချက် ပါဝင်ခဲ့သည်။ [၉၇]

မြေယာအငြင်းပွားမှုများသည် မြန်မာနိုင်ငံတွင် ဖြစ်ပွားနေကျ ပဋိပက္ခများ၏ အဓိက အကြောင်းရင်းဖြစ်ပြီး မြေယာနှင့်ပတ်သက်သော အခွင့်အရေးများကို ပြန်လည်ပြုပြင်ရန်မှာလည်း နိုင်ငံအတွင်းရှိ တိုင်းရင်းသား လူမျိုးစုများ တောင်းဆိုနေသော ကိစ္စဖြစ်သည်။

### မြေယာစီမံအုပ်ချုပ်မှုဆိုင်ရာ အဓိက ဥပဒေများအား ခြုံငုံသုံးသပ်ချက်

မြန်မာနိုင်ငံ၏ မြေယာစီမံအုပ်ချုပ်ရေးဆိုင်ရာ ဥပဒေမူဘောင်များမှာ အလွန်ပင် ရှုပ်ထွေးသည်။ ပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှုနှင့် မြေထိန်းသိမ်းရေးနှင့်ပတ်သက်သော မတူညီသည့် ဥပဒေပေါင်း ၇၃ ခုထိရှိသည်။ [၉၈] အဓိကကျသော ဥပဒေသုံးခုမှာ မြေယာသိမ်းဆည်းခြင်း ဥပဒေ(၁၈၉၄)၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်း စီမံခန့်ခွဲရေး ဥပဒေ (၂၀၁၂) နှင့် လယ်ယာမြေ ဥပဒေ (၂၀၁၂) တို့ဖြစ်သည်။ မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆) တွင်လည်း ရင်းနှီးမြှုပ်နှံသူတို့အတွက် မြေအသုံးချမှုနှင့်သက်ဆိုင်သော ပြဋ္ဌာန်းချက်များပါရှိသည်။

---

၉၅ Enrique Ortega Girones. *Mineral Rights Cadastre: Promoting Transparent Access to Mineral Resources* (World Bank, 2016).

၉၆ Office of the Supreme Headquarters of the Karen National Union, *Karen National Union Land Policy* (Karen National Union, December 2015).

၉၇ Republic of the Union of Myanmar Ministry of Information, *37 Points Signed as Part of Pyidaungsu Accord* (30 May 2017).

၉၈ Burma Environmental Working Group, *Resource Federalism: A Roadmap for Decentralised Governance of Burma's Natural Heritage* (2017).



ရှမ်းပြည်နယ်တွင် မိုင်းလုပ်သားများ ကျောက်မီးသွေး စမ်းသပ်တူးဖော်နေမှု

NRGI အတွက် Suthep Kritsanavarin

မြေယာသိမ်းဆည်းခြင်း ဥပဒေ (၁၈၉၄) တွင် မြေယာသိမ်းဆည်းခြင်းနှင့်ပတ်သက်သော လုပ်ငန်းစဉ်များကို ဖော်ပြထားပြီး အဆိုပါဥပဒေတွင် ပြည်ထောင်စုအစိုးရက ''ပြည်သူများအတွက် အကျိုးရှိမည်ဟု ယူဆရလျှင်'' ကုမ္ပဏီများကိုယ်စား မြေကို သိမ်းယူခွင့်ရှိသည်ဟု ပါရှိသည်။ အဆိုပါဥပဒေတွင် မြေယာသိမ်းဆည်းခြင်းနှင့်ပတ်သက်ပြီး လျော်ကြေးပေးအပ်ခြင်း၊ မြေယာသိမ်းဆည်းမှုအား ကန့်ကွက်ခြင်းနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များလည်းပါဝင်ပြီး မြေသိမ်းခံရသူများအတွက် ''ကြားနာခွင့်'' အခွင့်အရေးလည်း ပါရှိသည်။ အဆိုပါ မြေယာကိစ္စ အချင်းပွားမှုအတွက် အကြွင်းမဲ့ အာဏာမှာ သမ္မတထံတွင် ရှိသည်။ [၅၉]

မြေလွတ်၊ မြေလပ်၊ မြေရိုင်း စီမံခန့်ခွဲရေးဥပဒေ (၂၀၁၂) သည် အစိုးရ၏ စိုက်ပျိုးရေးစီမံကိန်းဖော်ဆောင်ခြင်းနှင့် ဆက်နွယ်နေသော မြေယာမူဝါဒများကို အကောင်အထည်ဖော်ခြင်းအတွက် အသုံးပြုသည်။ အဆိုပါဥပဒေသည် တရားဝင်မဟုတ်သော (မိရိုးဖလာ) မြေယာပိုင်ဆိုင်မှုများကို အသိအမှတ် မပြုပါ။ ထို့ကြောင့် လက်ရှိအသုံးပြုနေသည့် သို့မဟုတ် နေထိုင်လျက်ရှိသည့် မြေအား မြေလွတ်မြေလပ်မြေရိုင်းအဖြစ် သတ်မှတ်ခြင်းကို ဖြစ်ပွားစေနိုင်သည်။ ဥပဒေထဲတွင် သိမ်းဆည်းခံ တစ်သီးပုဂ္ဂလများမှ မြေယာသိမ်းဆည်းမှုအား ကန့်ကွက်မှုပြုလုပ်နိုင်သည့် လုပ်ထုံးလုပ်နည်းများ ပါဝင်ခြင်းမရှိပေ။ [၆၀]

လယ်ယာမြေဥပဒေ (၂၀၁၂) က မြေယာပိုင်ဆိုင်မှုနှင့် မြေယာလွှဲပြောင်းမှုတို့နှင့်သက်ဆိုင်သော ဥပဒေဖြစ်သည်။ မြေလွတ်၊ မြေလပ်၊ မြေရိုင်း စီမံခန့်ခွဲရေးဥပဒေ (၂၀၁၂)နှင့်အတူ အဆိုပါဥပဒေက ''နိုင်ငံနှင့် ပြည်သူလူထုအကျိုးအတွက်'' လယ်ယာမြေများ သိမ်းဆည်းခွင့်ကို ခွင့်ပြုထားသည်။ အဆိုပါဥပဒေတွင် မြေယာပိုင်ဆိုင်မှု အငြင်းပွားခြင်း သို့မဟုတ် တရားရေးရာ ပြန်လည်သုံးသပ် စစ်ဆေးမှုအတွက် လုပ်ငန်းစဉ်များအား ဖော်ပြမထားပါ။ [၆၁]

သိသာထင်ရှားသော တိုးတက်မှုတစ်ခုမှာ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် နိုင်ငံတော်၏ မြေယာအသုံးပြုမှုမူဝါဒကို ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်သည်။ အဆိုပါ မူဝါဒက ပြည်နယ်ဒေသအဆင့် Stakeholder များ၏ အကျိုးစီးပွားကို ပိုမိုကာကွယ်ပေးရန်အတွက် ဖြစ်သည်။ အဆိုပါ မူဝါဒထဲတွင် တိုင်းရင်းသားလူနည်းစုများ၏ မြေယာအခွင့်အရေးတို့ကို အသိအမှတ်ပြုရန် စံနှုန်းများနှင့် ယခင်က တရားဝင် မှတ်တမ်းမရှိခဲ့သော်လည်း ဒေသန္တရ လူမှုအသိုင်းအဝိုင်းများက အသိအမှတ်ပြုသော မြေယာပိုင်ဆိုင်ခွင့် အခွင့်အရေးများကို တရားဝင် မှတ်ပုံတင်ခြင်းများ ပြုလုပ်နိုင်သည့်အချက်များ ပါဝင်သည်။ [၆၂] အဆိုပါ မူဝါဒက နိုင်ငံတော် မြေယာဥပဒေမူကြမ်း ရေးဆွဲနိုင်ရေးအတွက် ရည်ရွယ်သည်။ သို့သော်လည်း လက်တွေ့အကောင်အထည်ဖော်နိုင်မည့် အခြေအနေရောက်ရန် နှေးကွေးကြန့်ကြာနေဦးမည်ဖြစ်ပြီး ဥပဒေမူကြမ်း

---

၅၉ Myanmar Centre for Responsible Business, *Myanmar Mining Sector Wide Impact Assessment.*

၆၀ Myanmar Centre for Responsible Business, *Myanmar Mining Sector Wide Impact Assessment.*

၆၁ *Ibid.*

၆၂ Republic of the Union of Myanmar, *National Land Use Policy* (January 2016).

ရေးဆွဲခြင်းကိုပင် မစတင်ရသေးပေ။ [၆၃]

## မြေယာပိုင်ဆိုင်မှု နှင့် မြေယာစာရင်း စီမံခန့်ခွဲမှု

နိုင်ငံတော်အဆင့်နှင့် ပြည်နယ်ဒေသအဆင့်တွင်ရှိသော ပြည်ထောင်စုအဆင့် ဌာနများက မြေယာအသုံးပြုမှုနှင့် ပိုင်ဆိုင်မှုဆိုင်ရာ သတင်းအချက်အလက်များကို မှတ်တမ်းပြုစုထားသည်။ MONREC နှင့် MOGE တို့က သတ္တုတူးဖော်ရေး နှင့် ရေနံနှင့်ပတ်သက်သော လုပ်ငန်းလိုင်စင်ဆိုင်ရာ ကိစ္စရပ်များကို မှတ်တမ်းတင်ထားသည်။ MOREC, DGSE, သတ္တုတွင်းဝန်ကြီးဌာန နှင့် MGE တို့ကလည်း မတူညီသော မြေယာစာရင်းမြေပုံများကို မတူညီသောနည်းစနစ်များဖြင့် သီးခြားစီ ထိန်းသိမ်းထားကြသည်။[၆၄] လုပ်ငန်းလိုင်စင် ချပေးရာတွင် (အပိုင်း ၃ တွင်ကြည့်ပါ) ၎င်းတို့အနေဖြင့် လက်ရှိမြေပိုင်ရှင်များ သို့မဟုတ် မြေအသုံးပြုနေသူများနှင့် ပဋိပက္ခဖြစ်မှုမှ ရှောင်ကြဉ်နိုင်ရန်အတွက် ပြည်နယ်၊ ဒေသနှင့်မြို့နယ်အဆင့် အာဏာပိုင်များနှင့် တိုင်ပင်ဆွေးနွေးမှု ပြုလုပ်သည်။ အချက်အလက်များအားလုံး စုစည်းထားသော မြေယာစာရင်းတစ်ရပ် မရှိခြင်းက ပိုမိုခက်ခဲစေသည်။ မြေပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များကို အများအားဖြင့် မြို့နယ်အဆင့်တွင် စာရွက်စာတမ်းများဖြင့် ထိန်းသိမ်းထားမှုကြောင့် အခက်အခဲကို ဖြစ်ပေါ်စေသည်။ [၆၅] သစ်တောနှင့်သက်ဆိုင်သော သတင်းအချက်အလက်များကိုမူ MONREC ၏ သစ်တောရေးရာဦးစီဌာန မြို့နယ်ရုံးများက ထိန်းသိမ်းသည်။ အဆိုပါဌာနက ကာကွယ်ထိန်းသိမ်းထားသည့် မြေယာ အချက်အလက်များကိုပါ သိမ်းဆည်းထားသည်။ လယ်ယာမြေ အသုံးပြုမှုနှင့်သက်ဆိုင်သော အချက်အလက်များကိုမူ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ မြေယာစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဌာန၏ မြို့နယ်ရုံးများတွင် သိမ်းဆည်းထားသည်။ [၆၆]

ထပ်ကျော့လုပ်ဆောင်မှုများ ရှောင်ရှားရေး လုပ်ငန်းစဉ်များကိုလည်း ကောင်းမွန်စွာ ဖွင့်ဆိုထားခြင်းမရှိဘဲ ပဋိပက္ခတစ်ခု ဖြစ်ပေါ်လာလျှင် ပြည်နယ်ဒေသ Stakeholder တို့အတွက် လုပ်ပိုင်ခွင့် မည်မျှရှိမည်ဆိုခြင်းကလည်း ရှင်းလင်းမှု မရှိသေးပေ။ သယံဇာတတူးဖော်မှု ပြုလုပ်နေသော နေရာတစ်ဝိုက်ရှိ မြေများကို မတရားသိမ်းဆည်းမှု ရှိသည်ဟု စွပ်စွဲချက်အများအပြား ရှိနေပြီး ဒေသခံ လူမှုအသိုင်းအဝိုင်းများနှင့် ရဲတပ်ဖွဲ့အကြား ထိပ်တိုက် ရင်ဆိုင်တွေ့မှုများကို ဖြစ်စေခဲ့သည်။ [၆၇] အစိုးရကလည်း လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းမှုနှင့်ပတ်သက်၍ ဒေသခံ လူမှုအသိုင်းအဝိုင်းများနှင့် ကုမ္ပဏီများအကြား အငြင်းပွားမှုများကို စုံစမ်းစစ်ဆေးရန် ပြန်လည်သုံးသပ် စိစစ်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့သည်။ [၆၈] သို့ရာတွင် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အဆိုပါ အမှုပေါင်း ၈၄၇၈ ထဲမှ ၅ ရာခိုင်နှုန်းက ပြေလည်မှု ရရှိခဲ့သည်။ သဘာဝသယံဇာတ ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုအတွက် မြေများသိမ်းဆည်းခြင်းသည် တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား ပဋိပက္ခများကိုလည်း ဖြစ်ပေါ်စေခဲ့သည်။ [၆၉]

MONREC ကလည်း နိုင်ငံတကာ အကူအညီကို ရယူပြီး သတ္တုတွင်းဆိုင်ရာ မြေယာစာရင်းတစ်ရပ်ကို ဖော်ဆောင်ရန် လုပ်ဆောင်လျက်ရှိပြီး၊ မြေယာပိုင်ဆိုင်မှု အငြင်းပွားချက်များနှင့် စပ်လျဉ်းသော စိန်ခေါ်ချက်များကို လျှော့ချရန်အတွက် အထောက်အကူဖြစ်စေနိုင်မည် ဖြစ်သည်။

သို့ရာတွင် မြေယာစာရင်း ပြုစုခြင်းသည် အခြေခံအားဖြင့် အစိုးရဌာနများ ညှိနှိုင်းဆောင်ရွက်မှု ခိုင်မာလာစေခြင်းထက် သတ္တုတွင်းလိုင်စင်ဆိုင်ရာ ကိစ္စများအပေါ် ကြီးကြပ်မှုများ တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်သည်။ ထို့အတွက်ကြောင့် အဆိုပါ မြေယာစာရင်းမှာလည်း ပို၍ ကြီးမားသော မြေစီမံခန့်ခွဲခြင်း

၆၃ Myanmar Centre for Responsible Business, *Myanmar Mining Sector Wide Impact Assessment.*

၆၄ Stakeholder interview.

၆၅ Myanmar Centre for Responsible Business, *Myanmar Oil and Gas Sector Wide Impact Assessment.*

၆၆ Shortell and Aung, *Mineral and Gemstone Licensing.*

၆၇ Ei Ei Toe Lwin. “Fury Over Letpadaung Copper Mine Report,” *Myanmar Times,* 18 March 2013.

၆၈ Myanmar Centre for Responsible Business, *Myanmar Mining Sector Wide Impact Assessment.*

၆၉ The Asia Foundation, *The State of Conflict and Violence in Asia* (2017).

ဆိုင်ရာ စိန်ခေါ်မှုများကို အပြည့်အဝ ဖြေရှင်းနိုင်မည်မဟုတ်ပေ။ [၇၀]

## ကမ္ဘာတစ်ဝန်းမှ လက်တွေ့လုပ်ဆောင်မှု လုပ်ထုံးနည်းနာများအား လေ့လာခြင်း

မြေယာစာရင်း နှင့် မြေစီမံခန့်ခွဲမှု ကိစ္စရပ်များကို လေ့လာချဉ်းကပ်ရာတွင် အရေးအကြီးဆုံး အချက်မှာ မြေယာပိုင်ဆိုင်ခွင့် အမျိုးအစားများကို မည်သူက ဆုံးဖြတ်မည်၊ မည်သည့် မြေယာများအား မည်သို့ အသုံးပြုခွင့်ပေးနိုင်သည်ကို မည်သူက ဆုံးဖြတ်မည် (သယံဇာတ တူးဖော်ထုတ်လုပ်မှုများကို ကန့်သတ်ထားသည့် ဇရိယာများ အပါအဝင်)၊ မြေကွက်တစ်ခုအား တရားဝင် ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ မည်သူက ဆုံးဖြတ်မည်၊ အဆိုပါ ပိုင်ဆိုင်မှု မှတ်တမ်းများကို မည်သူက သိမ်းဆည်းမည်၊ အချိန်နှင့်တစ်ပြေးညီ မြေယာမှတ်ပုံတင်မှုများနှင့် မြေယာစာရင်းများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် ပြင်ဆင်မွမ်းမံမှုများကို မည်သူက ပြုလုပ်နိုင်သည်ဆိုသည့် အချက်များကို ရှင်းရှင်းလင်းလင်း သတ်မှတ်ထားရန်လိုသည်။ နမူနာအဖြစ် ဖော်ပြထားသော နိုင်ငံများတွင် ပြည်နယ်ဒေသအဆင့်၏ အဆိုပါလုပ်ငန်းစဉ်၌ ပါဝင်မှု အတိုင်းအတာ ပမာဏမှာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကွဲပြားခြားနားမှုများ ရှိသည်။ အဆိုပါနိုင်ငံများ အားလုံးနီးပါးတွင် ပြည်နယ်ဒေသအဆင့် ပါဝင်မှု အတိုင်းအတာ တစ်ရပ်အတွက် သတ်မှတ်ပြဋ္ဌာန်းချက်များ ထားရှိပြီး မည်သည့်နည်းလမ်းက သယံဇာတ စီမံအုပ်ချုပ်မှုအား ပိုမိုကောင်းမွန်စေသနည်း ဆိုသည့်အချက်အပေါ် မူတည်၍ ကွဲပြားမှုရှိသည်။

### မြေယာစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေမူဘောင်များ

ယေဘုယျအားဖြင့် မြေယာစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေမူဘောင်များသည် နမူနာအဖြစ် ဖော်ပြထားသော နိုင်ငံများ၏ နိုင်ငံရေးစနစ်ပေါ်တွင် မူတည်လေ့ရှိသည်။ တစ်ပြည်ထောင်စနစ် ကျင့်သုံးသော နိုင်ငံများတွင် လုပ်ပိုင်ခွင့် အခွင့်အာဏာများကို နိုင်ငံတော်အဆင့်တွင် လက်ဝယ်ထားရှိပြီး ဖက်ဒရယ်စနစ် ကျင့်သုံးသော နိုင်ငံများတွင် ပြည်နယ်ဒေသအဆင့် အစိုးရများအား လုပ်ပိုင်ခွင့် ပိုမိုပေးအပ်ထားသည်။ ဥပမာအားဖြင့် မွန်ဂိုလီးယား၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာ ဥပဒေများတွင် နိုင်ငံတော်က ''မြေယာပိုင်ဆိုင်သူ'' ဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပြီး၊ နိုင်ငံတော်မှ မြေယာအငှား ချထားပေးသည်။ [၇၁] နောက်ထပ် ဥပမာတစ်ခုမှာ ဩစတြေးလျဖြစ်ပြီး ပြည်နယ်များနှင့် ဒေသများက မြေယာနှင့် သက်ဆိုင်သော ကိစ္စရပ်အားလုံးအတွက် အခြေခံဥပဒေအရ စီမံအုပ်ချုပ်နိုင်ခွင့်ရှိသည်။

ဥပဒေမူဘောင်များအား ရှင်းလင်းစွာ အနက်ဖွင့်ဆိုထားခြင်းမရှိပါက သယံဇာတစီမံအုပ်ချုပ်မှုကို ထိခိုက်စေနိုင်ပြီး မတူညီသော အစိုးရအဆင့်များအကြား တင်းမာမှုများကို ပိုမိုဖြစ်ပွားစေသည်။ အဆိုပါအချက်အား အင်ဒိုနီးရှား Papua ပြဿနာတွင် တွေ့မြင်နိုင်သည်။ Papua ဒေသ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အထူး ဥပဒေအရ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် အာဏာပိုင် အဖွဲ့အစည်းများအား သစ်တောဆိုင်ရာ ခွင့်ပြုမိန့်လိုင်စင် ချပေးရန် အခွင့်အာဏာရှိသည်။ သို့သော် ပြည်နယ်အဆင့်တွင်လည်း ပြည်နယ်ဒေသ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အထူးဥပဒေအရ အလားတူ အခွင့်အာဏာရှိသည်။ အစိုးရအဆင့်တိုင်းက ၎င်းတို့၏ အကျိုးစီးပွားအတွက် ဥပဒေမူဘောင်အား လိုအပ်သလို အနက်ဖွင့်ကြပြီး အစိုးရအဆင့်များအကြား ညှိနှိုင်းဆွေးနွေးရာ၌ အခက်အခဲများကို ဖြစ်စေခဲ့သည်။ [၇၂]

### မြေယာမှတ်ပုံတင်ခြင်း နှင့် မြေယာစာရင်းစစ်တမ်း ကောက်ယူခြင်းများ

နမူနာ လေ့လာထားသော နိုင်ငံများ (အားလုံးမဟုတ်) တွင် မြေယာမှတ်ပုံတင်ခြင်း နှင့် မြေယာစာရင်း စစ်တမ်းကောက်ယူခြင်း လုပ်ပိုင်ခွင့်အချို့ကို ပြည်နယ်ဒေသသို့ ခွဲဝေထားသည်။ သို့ရာတွင် ပိုမိုထိရောက်အကျိုးရှိသော သဘာဝသယံဇာတ အုပ်ချုပ်စီမံနိုင်မှုအပေါ် မူတည်၍ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ခွဲဝေပေးမှု အတိုင်းအတာ မတူကြပေ။ မတူညီသော အစိုးရအဆင့်များအကြား ညှိနှိုင်းဆောင်ရွက်မှု အဆင်ပြေချောမွေ့စေရန်အတွက် နိုင်ငံတော်အဆင့် မြေယာစာရင်းတစ်ရပ်ကို ထားရှိရန် လိုအပ်သည်။

---

၇၀ Shortell and Aung, *Mineral and Gemstone Licensing.*

၇၁ Lehman Law, *Basics of Mongolia Land Law* (November 2016).

၇၂ Yuko Kurauchi, Antonio La Vina, Nathan Badenoch and Lindsey Fransen, *Decentralization of Natural Resources Management – Lessons from Southeast Asia: Case Studies under REPSI* (World Resources Institute, May 2006).

ဩစတေးလျနိုင်ငံ ဖက်ဒရယ်အစိုးရ၏ မြေယာစီမံခန့်ခွဲမှုစနစ်တွင် နိုင်ငံအတွင်း သီးခြားရှိနေသော မြေယာစာရင်း ရှစ်ခုအပါအဝင် မြေယာစီမံခြင်း မှတ်ပုံတင်ဌာန ရှစ်ခု ရှိသည်။ ပုဂ္ဂလိက ကုမ္ပဏီတစ်ခုမှ ရေးဆွဲခဲ့သည့် ပြည်နယ်ဒေသအဆင့်များမှ သတင်းအချက်အလက်များကို ပေါင်းစပ် ပြုစုထားသည့် တစ်နိုင်ငံလုံးကို ခြုံငုံနိုင်သည့် နားလည်ရလွယ်ကူသည့် တစ်ခုတည်းသော မြေယာစာရင်းသည် လက်ရှိတွင် အကောင်းဆုံး မြေယာစာရင်းဖြစ်သည်။ [၇၃] ပြည်နယ်နှင့် ဒေသအစိုးရများအနေဖြင့်လည်း ၎င်းတို့၏ မြေယာစာရင်းများကို စနစ်ကျပြီး ထိရောက်သော နည်းလမ်းများဖြင့် စီမံခန့်ခွဲနိုင်ကြသည်။ ဥပမာအားဖြင့် နယူးဆောက်သ်ဝေးလ်ပြည်နယ်တွင် အများပြည်သူမှ သတ္တုတွင်းနှင့် မြေယာပိုင်ဆိုင်မှုဆိုင်ရာ သတင်းအချက်အလက် အလွယ်တကူ ရရှိနိုင်သည့် (Common Ground Database) သတင်းအချက်အလက် စုစည်းမှုတစ်ရပ်ကို ပြည်နယ်အစိုးရက ကုမ္ပဏီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ [၇၄] မည်သို့ပင်ဖြစ်စေ ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ နှင့် မြောက်ပိုင်းဒေသ ဝန်ကြီးတို့ပါဝင်သော စစ်ဆေးလေ့လာမှုနှင့် မြေပုံရေးဆွဲမှုများဆိုင်ရာ ပေါင်းစပ်အစိုးရကော်မတီတစ်ရပ်အား ဖွဲ့စည်းတည်ထောင်ခဲ့ပြီး နိုင်ငံတော်အဆင့် မြေယာစာရင်းတစ်ရပ် ပြုစုခြင်းလုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်ခဲ့သည်။ [၇၅]

ပြည်နယ်ဒေသအဆင့် သီးခြားမြေယာစာရင်း ထားရှိခြင်းကြောင့် ဩစတြေးလျနိုင်ငံသည် အရည်အသွေးမြင့်မားသော ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရာတွင် အောင်မြင်မှုများရှိသည်။ အချို့သော ကိစ္စရပ်များတွင် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းကြောင့် အုပ်ချုပ်စီမံခန့်ခွဲမှုကို ထိခိုက်စေခဲ့သည့် အချက်များရှိသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ပြည်နယ်ဒေသအဆင့် အစိုးရများအား သတ္တုတွင်းလိုင်စင် ချပေးခွင့် ပေးလိုက်ရာ လုပ်ကွက်ထပ်သွားမှု များလာခြင်းနှင့် လုပ်ပိုင်ခွင့် သက်တမ်းအတွက် လုံခြုံမှု မရှိခြင်းတို့ကို ဖြစ်စေခဲ့သည်။ Swandiri Institute နှင့် အင်ဒိုနီးရှားနိုင်ငံမှ PWYP တို့၏ သုတေသနရလဒ်အရ အနောက် Kalimantan ပြည်နယ်တွင် သတ္တုတူးဖော်ခွင့်လိုင်စင် ဧရိယာ ဟက်တာပေါင်း ၁၂၃၀၀၀ ကို ဘေးမဲ့တောများ တည်ရှိရာနေရာအတွင်း ချထားမိခဲ့သည့်အပြင် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့်သက်ဆိုင်သော မြေဧရိယာ ဟက်တာ နှစ်သန်း အကျယ်အဝန်းကိုလည်း  သတ္တုတူးဖော်ခွင့်လိုင်စင် ချပေးခဲ့သည်ကို ရှာဖွေတွေ့ရှိခဲ့သည်။ [၇၆] အာဂျင်တီးနားနိုင်ငံ၏ အတွေ့အကြုံကို ကြည့်ခြင်းအားဖြင့် ပြည်နယ်ဒေသအဆင့်နှင့် နိုင်ငံတော်အဆင့် အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်မှုဖြင့် အဆိုပါ ပြဿနာများကို ရှောင်ကြဉ်နိုင်ကြောင်း တွေ့ရပေမည် (လေးထောင့်ကွက် ၇ ကိုကြည့်ပါ)။

### လေးထောင့်ကွက် (၇) အာဂျင်တီးနားနိုင်ငံ၏ မြေယာစာရင်း စီမံခန့်ခွဲခြင်း

၁၉၈၀ ခုနှစ်များတွင် အာဂျင်တီးနားနိုင်ငံ၏ သတ္တုကဏ္ဍမှာ မြေယာပိုင်ဆိုင်ခွင့်ဆိုင်ရာ ပဋိပက္ခများနှင့် ရင်ဆိုင်ခဲ့ရသည်။ ပြည်နယ်အစိုးရများက သတ္တုစမ်းသပ်ရှာဖွေမှု လိုင်စင်ချပေးခွင့်နှင့် ကိုယ်ပိုင်မြေယာစာရင်းများ ထားရှိခွင့်တို့ ရှိခဲ့သည်။ သို့ရာတွင် ၎င်းတို့အနေဖြင့် နယ်နိမိတ် သတင်းအချက်အလက်များ ရရှိမှု အားနည်း၍ လုပ်ပိုင်ခွင့်သက်တမ်း လုံခြုံမှုကို မပေးနိုင်သည့် ထိရောက်မှုမရှိသောစနစ်များက အဓိက ပြဿနာရပ် ဖြစ်စေခဲ့သည်။ အဆိုပါအချက်သည် ရင်းနှီးမြှုပ်နှံသူများအတွက် အဟန့်အတား ဖြစ်စေခဲ့သည်။ ၁၉၉၃ ခုနှစ် နောက်ပိုင်းတွင် ပြည်နယ်များက တူညီသော မြေယာစာရင်းတစ်ခုတည်းကိုသာ ထားရှိရန် သဘောတူညီမှု ရရှိသွားသောအခါ ပုဂ္ဂလိကကဏ္ဍ၏ ယုံကြည်မှုများကို ပြန်လည်ရရှိလာပြီး ရင်းနှီးမြှုပ်နှံမှုများကလည်း ပြန်လည်တိုးတက်လာခဲ့သည်။ အဆုံးအဖြတ် ချမှတ်နိုင်သော အခွင့်အာဏာသည် ဒေသန္တရအဆင့်တွင် ရှိသော်လည်း အစိုးရများ အားလုံးအတွက် တူညီသော မြေယာစနစ်တစ်ရပ် ထားရှိခြင်းမှာ ညှိနှိုင်းဆောင်ရွက်မှုကို ပိုမိုထိရောက်မှု ရှိစေသလို လုပ်ငန်းကဏ္ဍ စီမံအုပ်ချုပ်မှုကိုလည်း ပိုမိုတိုးတက် ကောင်းမွန်စေသည်။ [၇၇]

---

၇၃ The CadLite dataset developed by PSMA Australia. Company website, accessed 16 November 2017, https://www.psma.com.au/products/cadlite.

၇၄ See NSW Government, Department of Planning and Environment, “Common Ground,” accessed 16 November 2017, www.commonground.nsw.gov.au.

၇၅ Intergovernmental Committee on Surveying and Mapping, *Cadastre 2034: Powering Land and Real Property* (ICSM, 2014).

၇၆ Rebecca Iwerks and Varsha Venugopal, *It Takes a Village: Routes to Local-level Extractive Transparency* (Natural Resource Governance Institute, February 2016).

၇၇ Bauer et al., *Subnational Governance of Extractives.*

အာဂျင်တီးနားမြေပုံ




ဖိလစ်ပိုင်နိုင်ငံတွင် မြေယာစာရင်း ကောက်ယူခြင်းနှင့် မြေယာမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်များကို ပြည်နယ်ဒေသအဆင့် အဖွဲ့အစည်းများသို့ ပိုမိုခွဲဝေပေးရေး လုပ်ဆောင်ခဲ့ရာတွင်လည်း စိန်ခေါ်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။ ၁၉၉၁ ခုနှစ် ဒေသန္တရ အစိုးရဥပဒေတွင် ဒေသန္တရအစိုးရများကို မြေယာစာရင်း စစ်တမ်းများ ပြုစုခွင့် တာဝန်ပေးအပ်ထားသည်။ သို့ရာတွင် ၂၀၀၁ ခုနှစ်တွင် နည်းပညာစွမ်းရည်နှင့် ငွေရေးကြေးရေး မလုံလောက်မှုကြောင့် မည်သည့် ဒေသန္တရအဖွဲ့အစည်းကမှ စစ်တမ်းကောက်ယူနိုင်ခြင်း မရှိခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။ အဆုံးတွင် ဗဟိုအစိုးရက အဆိုပါတာဝန်ကို သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတဌာန (DENR) ပြည်နယ်ရုံးခွဲများသို့ ပြန်လည်လွှဲပြောင်းပေးခဲ့လိုက်ရသည်။ [၇၈]

မလေးရှားနိုင်ငံတွင်မူ ရောပြွန်းပေါင်းစပ် စနစ်တစ်ရပ်ကို အကောင်အထည်ဖော်ခဲ့သည်။ မြေယာမှတ်ပုံတင်ခြင်းကို ပြည်နယ်အစိုးရမှ တာဝန်ယူ ဆောင်ရွက်ပြီး ၁၉၆၅ ခုနှစ်၊ နိုင်ငံတော် မြေယာဥပဒေဖြင့် ပြန်လည်ထိန်းချုပ်ထားသည်။ ဖက်ဒရယ်အဆင့် ဌာနတစ်ခုဖြစ်သော စစ်တမ်း နှင့် မြေပုံရေးဆွဲခြင်းဌာန (JUPEM) က မြေယာစာရင်း စစ်တမ်းကောက်ခြင်းကို လုပ်ဆောင်ပြီး ကျွန်းဆွယ်တစ်ခုလုံး၏ နယ်မြေအစုများကို မြေပုံတစ်ခုတည်းအပေါ်တွင် ရေးဆွဲနိုင်ရန် လုပ်ဆောင်ရသည်။ ပြည်နယ်အဆင့် ရုံးများတွင် အဆိုပါရေးဆွဲထားသော မြေပုံကို ဒီဂျစ်တယ်နည်းအရ အသုံးပြုခွင့်ရှိပြီး ၎င်းတို့၏ မြေယာမှတ်ပုံတင်ခြင်း လုပ်ငန်းတာဝန်များကို အစီရင်ခံရသည်။ ဘော်နီယိုကျွန်းဆွယ်ရှိ Sabah နှင့် Sarawak ပြည်နယ်တို့တွင် မြေယာစီမံခန့်ခွဲမှုကို Sabah မြေယာဥပဒေနှင့် Sarawak မြေယာဥပဒေတို့ဖြင့် အသီးသီး စီမံအုပ်ချုပ်သည်။ [၇၉] အဆိုပါပြည်နယ်များက ၎င်းတို့ပြည်နယ်၏ မြေယာစာရင်းကို ကိုယ်တိုင်ပြုစုသည်။ [၈၀] ယင်းအချက်သည် ဗဟိုအစိုးရထံမှ လုပ်ပိုင်ခွင့် အခွင့်အာဏာ ပိုမိုခွဲဝေထားသည်ဆိုသည့် အချက်အား ထင်ဟပ်ပြသသည်။

## မြန်မာနိုင်ငံအတွက် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များ

မြေယာစာရင်း စီမံမှု နှင့် မြေယာမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်ကို မည်သည့်အစိုးရအဆင့်က လုပ်ဆောင်သင့်သည်ကို ဆုံးဖြတ်ရာတွင် မူဝါဒ ချမှတ်သူများအနေဖြင့် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားနိုင်သည်။

---

၇၈ Centre for Spatial Data Infrastructures and Land Administration, *Cadastral Template 2.0: Philippines* (University of Melbourne, 2015).

၇၉ FAO (Food and Agriculture Organization of the United Nations), “Gender and Land Rights Database: Malaysia – Land Legislation,” accessed 3 October 2017, http://www.fao.org/gender-landrights-database/en.

၈၀ Centre for Spatial Data Infrastructures and Land Administration, *Cadastral Template 2.0: Malaysia* (University of Melbourne, 2015).

- **မြေယာအစီအစဉ်များ ချမှတ်ရာတွင် ပြည်နယ်ဒေသ Stakeholer များ ပါဝင်စေခြင်း ။** ။ ပြည်နယ်ဒေသအဆင့်မှ Stakeholder များသည် သယံဇာတ တူးဖော်ခွင့်မရှိသော ကန့်သတ်နယ်မြေများ သတ်မှတ်ခြင်း (ဥပမာ – ဘေးမဲ့ရေးဇုန်၊ သစ်တောနှင့် လယ်ယာစိုက်ပျိုးရေးဇုန် အစရှိသဖြင့်) စသည့် မြေယာအသုံးပြုခွင့် စီမံခန့်ခွဲခြင်းဆိုင်ရာ ဆွေးနွေးမှုများတွင် ပါဝင်သင့်သည်။ ပြည်နယ်ဒေသအဆင့်၏ ပါဝင်မှုသည် အကျိုးရှိစေသော်လည်း မူဝါဒ ရေးဆွဲသူများအနေဖြင့် နောက်ဆုံး အဆုံးအဖြတ်အား မည်သည့်အစိုးရ (ပြည်ထောင်စု သို့မဟုတ် ပြည်နယ် နှင့် ဒေသဆိုင်ရာ အစိုးရ) က ပြုလုပ်ခွင့်ရှိသည်ကို ဆုံးဖြတ်ရန် လိုအပ်သည်။

- **နိုင်ငံတော်အဆင့် နှင့် ပြည်နယ်ဒေသအဆင့် အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ခြင်း ။** ။ မည်သည့်အစိုးရက မြေယာစီမံခန့်ခွဲမှုဆိုင်ရာ အကြွင်းမဲ့ လုပ်ပိုင်ခွင့်အာဏာ ရှိနေပါစေ မတူညီသော အစိုးရအဆင့်များအကြား ညှိနှိုင်းဆောင်ရွက်မှု ရှိသင့်သည်ကို အခြားနိုင်ငံများ၏ ဥပမာများက ဖော်ပြနေသည်။ တစ်နိုင်ငံလုံး ခြုံငုံသည့်အချက်အလက်များ ပါဝင်သော မြေယာစာရင်းသည် အသုံးဝင်သောနည်းလမ်း ဖြစ်လာနိုင်သည်။ အကယ်၍ မြန်မာနိုင်ငံက မြေယာမှတ်ပုံတင်ခြင်းနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့်များကို ပြည်နယ်နှင့် တိုင်းများသို့ ပေးအပ်မည်ဆိုပါက ပြည်နယ်ဒေသ အဖွဲ့အစည်းများအနေဖြင့် အချက်အလက်များကို ပြည်နယ်ဒေသအဆင့်အတွက်သာမဟုတ်ပဲ တစ်နိုင်ငံလုံးအဆင့် မြေယာစာရင်းထဲသို့ ထည့်သွင်းပေးရမည်ဖြစ်သည်။ ထိုကဲ့သို့ ပြုလုပ်ခြင်းက ပြည်ထောင်စုနှင့် ပြည်နယ်ဒေသ အစိုးရအဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်မှုများ ရှိလာစေပါသည်။

- **သယံဇာတထုတ်ဖော်ရေးလုပ်ငန်းများနှင့် အခြားမြေအသုံးပြုမှုများအကြား လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်ခြင်း ။** ။ MONREC ၏ သတ္တုမြေယာစာရင်း ဖော်ဆောင်ရန် လုပ်ဆောင်နေမှုသည် သယံဇာတ စီမံအုပ်ချုပ်မှု ကဏ္ဍအတွက် အရေးကြီးပြီး အခြားကဏ္ဍများနှင့်လည်း မည်သို့ ညှိနှိုင်းဆွေးနွေး လုပ်ဆောင်ရမည် ဆိုသည်ကိုလည်း ထည့်သွင်းစဉ်းစားဖို့ လိုသည်။ ဥပမာ သစ်တောနှင့် လယ်ယာစိုက်ပျိုးရေး၊ ဘေးမဲ့တောကဏ္ဍ အစရှိသည်တို့နှင့်လည်း ညှိနှိုင်းဆောင်ရွက်ဖြစ်ရန် လိုအပ်သည်။ မတူညီသော အစိုးရအဆင့်များက မတူညီသောကဏ္ဍများတွင် အချက်အလက်များ ကောက်ယူမည်ဆိုလျှင် ညှိနှိုင်းဆောင်ရွက်ရန် ပိုပြီး အရေးကြီးသည်။

- **ပြည်နယ်ဒေသ၏ စွမ်းဆောင်ရည်နှင့် နည်းပညာ အဟန့်အတားများအား ကိုင်တွယ်ခြင်း ။** ။ မည်သည့်ကိစ္စတွင်မဆို ပြည်နယ်ဒေသ အဖွဲ့အစည်းများကို လုပ်ပိုင်ခွင့် ပိုမိုပေးအပ်မည်ဆိုပါက ပြည်နယ်ဒေသ၏ စွမ်းဆောင်ရည်နှင့် နည်းပညာဆိုင်ရာ အကန့်အသတ်ကို သတိရှိရမည်။ အထူးသဖြင့် နိုင်ငံတော်အဆင့် မြေယာစာရင်းတစ်ရပ်ကို ပြည်နယ်ဒေသဆိုင်ရာ အဖွဲ့အစည်းများမှ ပေးအပ်သော အချက်အလက်များဖြင့် ထည့်သွင်း ဆောင်ရွက်မည်ဆိုပါက လျှပ်စစ်မီးနှင့် အင်တာနက်ရရှိမှု သေချာခြင်းမရှိသည့် နေရာတွင် သင်တန်းအနည်းငယ် ပေးရုံနှင့် အသုံးပြုနိုင်သည့် ဆော့ဝဲဖြစ်ရန်လိုသည်။

- **လုပ်ငန်းလိုင်စင်နှင့် မြေယာပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များကို ပြည်သူများ လွယ်ကူစွာ သိရှိနိုင်ရန် လုပ်ဆောင်ခြင်း ။** ။ မြေယာစီမံခန့်ခွဲမှုတွင် ပွင့်လင်းမြင်သာမှု နှင့် တာဝန်ခံမှု ရှိစေရန်အတွက် မြေယာစာရင်းတိုင်းကို ပြည်သူများ လက်လှမ်းမီနိုင်ပြီး၊ အသုံးပြုရလွယ်ကူအောင် ဆောင်ရွက်သင့်သည်။ ဩစတေးလျနိုင်ငံ၊ နယူးဆောက်သ်ဝေးလ် ပြည်နယ်မှ အများပြည်သူ လက်လှမ်းမီနိုင်သော မြေယာစာရင်းတစ်ရပ် (Common Ground initiative) ကို အသုံးပြုခြင်းဖြင့် မတူညီသော Stakeholder များအကြား ယုံကြည်မှုတည်ဆောက်ရန်အတွက် အကျိုးရှိစေခဲ့သည်။

## ၅။ ဘဏ္ဍာရေးမူဘောင်များနှင့် အခွန်တော်ကောက်ခံခြင်း

### ဘာကြောင့်အရေးပါသလဲ

အခွန်တော်ငွေ ကောက်ခံရရှိမှုသည် သယံဇာတ တူးဖော်ရေးလုပ်ငန်းများကို လုပ်ဆောင်သည့်နိုင်ငံများ အတွက် အဓိက အကျိုးအမြတ်တစ်ခုဖြစ်သည်။ ရေနံ သဘာဝဓာတ်ငွေ့ နှင့် သတ္တုတွင်းစီမံကိန်းများ ပြည်သူ့ဘဏ္ဍာနှင့် လူမှုစီးပွားရေး ဖွံ့ဖြိုးမှုအတွက် အဓိက အထောက်အပံ့ပေးနေသော အရာများဖြစ်သည်။ ထို့ကြောင့် သင့်လျော်သော ဘဏ္ဍာရေးမူဘောင် ရေးဆွဲခြင်းနှင့် အခွန်တော်ငွေများကို ထိရောက်စွာ ကောက်ခံနိုင်ရေးသည် မရှိမဖြစ် လိုအပ်သည်။ အစိုးရများကလည်း ရင်းနှီးမြှုပ်နှံသူများကို မက်လုံးပေးရန် လိုအပ်ပြီး နှစ်ဦးနှစ်ဖက် အကျိုးရှိအောင် ဆောင်ရွက်နိုင်ရန် အရေးကြီးသည်။ သို့မဟုတ်ပါက ပြန်ပြည့်မြဲမဟုတ်သည့် သယံဇာတများကို ပြည်သူများအတွက် ရေရှည်အကျိုးဖြစ်ထွန်းမှုအဖြစ် ပြောင်းလဲနိုင်သည့် အခွင့်အလမ်းတစ်ရပ်နှင့် လွဲချော်နိုင်သည်။

ပထမဆုံးအဆင့်အနေဖြင့် အစိုးရသည် ဘဏ္ဍာရေးမူဘောင်အား ရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်ပြီး နိုင်ငံတော်၏ လက်ရှိဥပဒေများ သို့မဟုတ် စီမံကိန်းများ သဘောတူစာချုပ်များတွင် အထူးသဖြင့် ရှင်းလင်းစွာ အနက်ဖွင့်ဆိုရန် လိုအပ်သည်။ အစိုးရများအနေဖြင့် တွင်းဝခွန်များ၊ အကောက်ခွန်များ၊ ထုတ်လုပ်မှု မျှဝေခြင်း အစီအစဉ်များ နှင့် လက်မှတ်ထိုးကြေးများ စသည့် အခွန် အမျိုးအစားများကို အသုံးပြုနိုင်သည်။ ကောင်းမွန်စွာ ဒီဇိုင်းရေးဆွဲထားသော ဘဏ္ဍာရေးမူဘောင်အနေဖြင့် အကန့်အသတ်ရှိသော သဘာဝသယံဇာတများ၏ သဘောသဘာဝ၊ သယံဇာတ ရှာဖွေမှုများတွင် မသေချာ မရေရာမှုများနှင့် အခွန်တော်စီးဆင်းမှုကို ရေရှည်တည်တံ့ ကောင်းမွန်စေရန် အစိုးရ၏ စွမ်းဆောင်ရည်ရှိအောင် ဆောင်ရွက်ခြင်း အစရှိသည့် အချက်များကို ထည့်သွင်းစဉ်းစားသည်။ [၈၁] ပေးဆောင်သင့်သည့် အခွန်တော်ငွေများကို အစိုးရအနေဖြင့် ထိရောက်စွာ ကောက်ခံရန်လည်း လိုအပ်သည်။ အခွန်တော်များ ပေးဆောင်မှုကို ဆန်းစစ်ထားသော ကုမ္ပဏီများ၏ ကိုယ်တိုင် အစီရင်ခံစာများ၊ ထိရောက်သော စောင့်ကြည့်စစ်ဆေးမှု၊ စာရင်းစစ်ခြင်း နှင့် စည်းကြပ်ခြင်း လုပ်ဆောင်ခြင်းဖြင့် လျှော့ပေါ့ အစီရင်ခံခြင်း နှင့် အခွန်တော်ငွေ ဆုံးရှုံးခြင်းတို့ကို ရှောင်ရှားနိုင်သည်။

အခွန်တော်ငွေကိစ္စကို သယံဇာတ ဖက်ဒရယ်စနစ် ဖော်ဆောင်ရာတွင် အဓိကထား ဆွေးနွေးရလေ့ရှိသည်။ အချို့အစိုးရများက သယံဇာတ တူးဖော်ထုတ်လုပ်ခြင်းမှ ရရှိသော အခွန်တော်ငွေများကို ပြည်နယ်ဒေသအဆင့် အစိုးရများထံသို့ လွှဲပြောင်းပေးခြင်း နည်းလမ်းဖြင့် ဖြေရှင်းကြသည်။ အခွန်တော်ခွဲဝေမှုနှင့် သက်ဆိုင်သော စဉ်းစားသုံးသပ်ရမည့် အချက်များကို ၂၀၁၆ NRGI နှင့် UNDP တို့မှ ထုတ်ဝေသော Natural Resource Revenue Sharing နှင့် ၂၀၁၆ NRGI မှ ထုတ်ဝေသော Sharing the Wealth: A Roadmap for Distributing Myanmar’s Natural Resource Revenues အစရှိသော အစီရင်ခံစာများတွင် ဆွေးနွေးထားသည်။

အချို့နိုင်ငံများတွင် သယံဇာတ ဖက်ဒရယ်စနစ် ဖော်ဆောင်ရာတွင် ပြည်နယ်ဒေသ အစိုးရများအား အခွန်တော်ငွေများကို တိုက်ရိုက် ကောက်ခံခွင့်ပေးပြီး အခွန် နှင့် တွင်းဝခွန် နှုန်းထားကိုပင် ၎င်းတို့ ကိုယ်တိုင် သတ်မှတ်နိုင်ခွင့်ပေးသည်။ အဆိုပါအချက်သည် သယံဇာတ တူးဖော်မှုကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးများအတွက် ဒေသခံ လူ့အဖွဲ့အစည်းများအား လျော်ကြေးငွေ ပေးနိုင်ခြင်း၊ ပဋိပက္ခများကို လျှော့ချခြင်း နှင့် ကြိုတင်ကာကွယ်ခြင်း၊ သယံဇာတ အရင်းအမြစ်များအား ဒေသန္တရ ပိုင်ဆိုင်မှု အဆိုများကို တုန့်ပြန်ခြင်းအတွက် နည်းလမ်းတစ်ခု ဖြစ်နိုင်သည်။ အချို့နိုင်ငံများသည် အလယ်အလတ်လမ်းစဉ်ကို လိုက်ကြသည်။ ဥပမာအားဖြင့် အာဂျင်တီးနားတွင် သတ္တုတွင်းထွက် လုပ်ငန်းများ စီမံခန့်ခွဲမှုကို ပြည်နယ်ဒေသအဆင့်သို့ ခွဲဝေပေးခဲ့ပြီး ပြည်နယ်ဒေသအဆင့် အစိုးရများမှ ကောက်ခံယူနိုင်သည့် တွင်းဝခွန် နှုန်းထားကို ၃ ရာခိုင်နှုန်းထက် မပိုရန် သတ်မှတ်ထားသည်။ [၈၂]

အခွန်တော်ငွေများကို တိုက်ရိုက် ကောက်ခံခွင့်အား ပြည်နယ်ဒေအဆင့်သို့ ခွဲဝေပေးခြင်းဖြင့် ပြည်နယ်ဒေသအဆင့်တွင် အခွန်တော်ငွေများ လက်ဝယ်ရောက်ရှိမှု ပိုမိုထိရောက်စေနိုင်သည်။ နိုင်ငံအများအပြား

---

၈၁ Natural Resource Governance Institute, *Fiscal Regime Design* (Natural Resource Governance Institute, March 2015).

၈၂ Smith and Rosenblum, *Enforcing the Rules.*

တွင် ဗဟိုအစိုးရမှ အခွန်တော်ငွေ လွှဲအပ်ပေးခြင်းကို ကောင်းမွန်စွာ အကောင်အထည် မဖော်နိုင်ကြပေ။ ဥပမာအားဖြင့် ကွန်ဂို ဒီမိုကရက်တစ် နိုင်ငံတွင် ပြည်နယ်များသို့ ဘဏ္ဍာရေး ခွဲတမ်းများ ရောက်ရှိရန် နှောင့်နှေးကြန့်ကြာနေခြင်းက နိုင်ငံတွင်း တင်းမာမှုများ ဖြစ်ပွားရခြင်း၏ အဓိက အကြောင်းအရင်း ဖြစ်နေခဲ့ပြီး အထူးသဖြင့် သတ္တုတွင်းလုပ်ငန်းများ အများဆုံး ဆောင်ရွက်နေသည့် Katanga တွင် ဖြစ်သည်။ [၈၃] အခွန်တော်များ ကောက်ခံနိုင်ခွင့် ပေးခြင်းဖြင့် ပြည်နယ်ဒေသ အဖွဲ့အစည်းများအား ဘဏ္ဍာရေးအရ ခိုင်မာအားကောင်းလာစေနိုင်သည်။ [၈၄]

ပြည်နယ်ဒေသအဆင့် အစိုးရအား အခွန်တော်ကောက်ခံခွင့် ပေးရာတွင် ဒေသန္တရ အစိုးရအဖွဲ့အစည်းများ၏ သတ်မှတ်ချက်များကို ညှိနှိုင်း ဖော်ဆောင်နိုင်စွမ်း၊ အခွန်တော် ကောက်ခံနိုင်စွမ်း နှင့် ရံပုံငွေများကို စီမံခန့်ခွဲနိုင်စွမ်း ရှိမရှိကို ဆွေးနွေးရလေ့ရှိသည်။ ယေဘုယျအားဖြင့် ခေတ်မီဆန်းသစ်သော အကောက်ခွန် စီမံခန့်ခွဲမှုများကို လိုအပ်ပြီး အစိုးရအနေဖြင့် ကောက်ခံသင့်သော အကောက်ခွန်များကို အမှန်တကယ် ကောက်ခံနိုင်စေသည်။ ဥပမာ တွင်းဝခွန် ကောက်ခံမှုအတွက် ထုတ်လုပ်မှုဆိုင်ရာ စောင့်ကြည့်စစ်ဆေးခြင်းကို ပြုလုပ်ရန်အတွက် မြင့်မားသော နည်းပညာများနှင့် လူသားစွမ်းဆောင်ရည်များ လိုအပ်သည်။ အဆိုပါအချက်မှာ ဗဟိုအစိုးရ အဖွဲ့အစည်းများပင် ရုန်းကန် ဆောင်ရွက်နေရသော အချက်ဖြစ်သည်။ ပြည်နယ်ဒေသ အဖွဲ့အစည်းများသို့ လုပ်ပိုင်ခွင့် အခွင့်အာဏာ လွှဲအပ်ပေးခြင်းဖြင့် အခွန်ကောက်ယူရရှိမှု လျော့ကျသွားနိုင်သည်။

အခွန်တော်ငွေ ကောက်ခံခြင်းကိစ္စသည် နိုင်ငံရေးအရ အသုံးချခံရမှု နှင့် လာဘ်စားမှုတို့ကြောင့်လည်း ထိခိုက်ပျက်စီးတတ်ပြီး နည်းပါးသော ကြီးကြပ်ရေး ယန္တရားလုပ်ငန်းစဉ်တို့ကြောင့် ပြည်နယ်ဒေသအဆင့် အဖွဲ့အစည်းများမှ အခက်အခဲ အဟန့်အတားများ ကြုံတွေ့နိုင်သည်။ [၈၅] ဥပမာအားဖြင့် နိုင်ဂျီးရီးယားနိုင်ငံ၏ ပြည်နယ်ဒေသအဆင့် အခွန်တော် စီမံခန့်ခွဲမှုတွင် ပွင့်လင်းမြင်သာမှု အနည်းငယ်သာရှိသည်။ အဖြစ်အပျက်တစ်ခုမှာ ၂၀၁၁ ခုနှစ်တွင် Akwa Ibom ပြည်နယ်အစိုးရက အမေရိကန်ဒေါ်လာ သန်း ၁၂၀ ကို ငွေလုံးငွေရင်း အသုံးစရိတ်မှ ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးသို့ ခွဲဝေ ချထားပေးလိုက်သည်။ အဆိုပါပြည်နယ်ရှိ ၆၀ ရာခိုင်နှုန်းသော နေထိုင်သူများသည် ဆင်းရဲမွဲတေမှုဒဏ်ကို ခံစားနေရပြီး အများပြည်သူမှ အဆိုပါ အသုံးစရိတ် ဆုံးဖြတ်ချက်များအပေါ် ကြည့်ရှုစစ်ဆေးနိုင်ခွင့် မရှိခဲ့ပေ။ [၈၆]



ကချင်ပြည်နယ်တွင် ရွှေပန်းထိမ်တစ်ဦး ရွှေချိန်နေသည့်ပုံ

ဓါတ်ပုံ – မင်းဇေယျာ

၈၃ International Crisis Group, *Katanga: Tensions in DRC's Mineral Heartland* (3 August 2016); Rebecca Iwerks and Kaisa Toroskainen, *Subnational Revenue Sharing in the DRC after Decoupage: Four Recommendations for Better Governance* (Natural Resource Governance Institute, April 2017).

၈၄ Bauer et al., *Sharing the Wealth.*

၈၅ *Ibid.*

၈၆ Vanessa Ushie. *Political Decentralization and Natural Resource Governance in Nigeria,* Research Report (The North-South Institute, 2012).

ဒေသန္တရ အစိုးရများကို အခွန်တော်ငွေအပေါ် ထိန်းချုပ်မှု အပြည့်အဝ ပေးလိုက်ပါက သယံဇာတမှရရှိသော အခွန်တော်ငွေ၏ ပြည်သူ့ဘဏ္ဍာအတွက် အရေးပါမှုအပေါ် မူတည်ပြီး သယံဇာတ ကြွယ်ဝသော ဒေသများနှင့် သယံဇာတနည်းပါးသော ဒေသများအကြား မညီမျှမှုများဖြစ်လာနိုင်သည်။ ဥပမာအနေဖြင့် ၂၀၀၇ ခုနှစ်တွင် လေ့လာတွေ့ရှိချက်များအရ ဘရာဇီးနိုင်ငံတွင် ကမ်းလွန်ရေနံတွင်းများမှ တွင်းဝခွန်ကို ခွဲဝေရယူရန် စီမံခန့်ခွဲခဲ့မှုကြောင့် Rio de Janeiro, Espirito Santo နှင့် Sao Paolo ပြည်နယ်များတွင် အခွန်တော်ရရှိမှု အများအပြား တိုးတက်လာခဲ့သည်။ အဆိုပါ ဖြစ်ရပ်ကြောင့် သယံဇာတ ထုတ်လုပ်မှုမရှိသော ပြည်နယ်များမှ နိုင်ငံရေးလှုံ့ဆော်မှု ကမ်ပိန်းများကို ဖြစ်ပေါ်စေခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် အဆိုပါပြည်နယ်များက အခွန်တော်ငွေခွဲဝေမှုဆိုင်ရာ ဥပဒေကို ပြောင်းရန် ကြိုးစားခဲ့ကြပြီး အောင်မြင်မှုလည်း ရရှိခဲ့ကြသည်။ အဆိုပါ ပြင်ဆင်မှုကြောင့် သယံဇာတ ထုတ်လုပ်သော ပြည်နယ်များတွင် ရုတ်တရက် ဘတ်ဂျက် အကျပ်အတည်းကို ရင်ဆိုင်ခဲ့ရပြီး ၂၀၁၃ တစ်နှစ်တည်းတွင်ပင် Rio de Janeiro ပြည်နယ်မှာ အမေရိကန်ဒေါ်လာ သန်း ၈၁၀ မျှ ဆုံးရှုံးသွားခဲ့ကြောင်း ခန့်မှန်းထားခဲ့သည်။ [၈၇]

ပြည်နယ်ဒေသအဆင့် အဖွဲ့အစည်းများအား သယံဇာတ ကဏ္ဍများမှ အခွန်တော်ငွေ သတ်မှတ်ကောက်ခံနိုင်ခွင့် ပေးအပ်ပါကလည်း တစ်နိုင်ငံလုံးဆိုင်ရာ ဘဏ္ဍာရေးမူဝါဒနှင့် ကျယ်ပြန့်သော စီးပွားရေးမူဝါဒနှင့် ကိုက်ညီသည့် လုပ်ငန်းစဉ်များ ဖော်ဆောင်ရန် ပိုမိုခက်ခဲစေနိုင်သည်။ အချို့အခွန်တော်များကို နိုင်ငံတော်အဆင့်၊ အချို့အခွန်တော်များကို ပြည်နယ်ဒေသအဆင့် ကောက်ခံပါကလည်း ကုမ္ပဏီများ အခွန်တော်ငွေပေးဆောင်ရန် ဝန်ထုပ်ဝန်ပိုး ဖြစ်စေနိုင်သည်။ ယင်းအချက်သည် ရင်းနှီးမြှုပ်နှံသူ၏ ယုံကြည်မှုအပိုင်းကို ထိခိုက်စေနိုင်သည်။ ထို့ပြင် ဆင်းရဲချမ်းသာ မညီမျှမှုများကို ဖြေရှင်းရန် အခွန်တော်ငွေလွှဲပြောင်းပေးမှုကို အသုံးပြုရန်အတွက်လည်း ပိုမိုခက်ခဲမှုရှိစေနိုင်သည်။ ဥပမာအားဖြင့် ဘိုလီဗီးယားတွင် မြူနီစီပယ် အစိုးရများသို့ အခွန်တော်လွှဲပြောင်းမှုသည် ပြည်တွင်း ဆင်းရဲမွဲတေမှု နှုန်းထားများကို ထည့်သွင်းတွက်ချက်ထားသော ဖော်မြူလာဖြင့် အဆုံးအဖြတ်ပြုသည်။ [၈၈] အချို့သောဒေသများအတွက် ဗဟိုချုပ်ကိုင်မှု လျှော့ချသော ချဉ်းကပ်မှုတစ်ရပ်သည် သယံဇာတ ဝင်ငွေများကို အသုံးပြုပြီး ဖွံ့ဖြိုးတိုးတက်မှု စိန်ခေါ်ချက်များကို ဖြေရှင်းရန် ကြိုးပမ်းမှုများအတွက် အတားအဆီးတစ်ရပ် ဖြစ်စေတတ်သည်။

## မြန်မာနိုင်ငံ၏ လက်ရှိအနေအထား

မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးမူဘောင်ကို လက်ရှိတွင် ပြည်ထောင်စုအဆင့်တွင် ဆုံးဖြတ်ပြီး ပြည်ထောင်စုအစိုးရနှင့် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများက သယံဇာတ တူးဖော်ရေးလုပ်ငန်းများ အားလုံးမှ အခွန်တော်ငွေများကို ကောက်ခံယူနေကြသည်။ (လေးထောင့်ကွက် ၈ တွင်ကြည့်ပါ)

မြန်မာနိုင်ငံသည် သယံဇာတ တူးဖော်ရေးလုပ်ငန်းများမှ သိသာထင်ရှားသော အကျိုးအမြတ် ရရှိသည်။ နိုင်ငံ၏ ပထမဆုံး သယံဇာတတူးဖော်ရေးကဏ္ဍ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI) ၏ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့သော အစီရင်ခံစာအရ ပြည်ထောင်စု အစိုးရသည် ၂၀၁၃/၂၀၁၄ ခုနှစ်တွင် သတ္တုတွင်းမှ ခန့်မှန်းခြေအားဖြင့် အခွန်တော်ငွေ အမေရိကန်ဒေါ်လာ သန်း ၄၆၀ ကို ရရှိခဲ့ပြီး ရေနံနှင့် ဓါတ်ငွေ့မှ အခွန်တော်ငွေ အမေရိကန်ဒေါ်လာ ၂.၇ ဘီလီယံကို ရရှိခဲ့သည်ဟု သိရသည်။ [၈၉] အဆိုပါတွေ့ရှိချက်က မြန်မာနိုင်ငံအတွင်း သယံဇာတ တူးဖော်ရေး လုပ်ငန်းများသည် ပြည်သူ့ဘဏ္ဍာအတွက် အရေးကြီးသည်ကို ပြသနေသည်။ ထို့ပြင် ဘဏ္ဍာရေးမူဘောင်များ ရှုပ်ထွေးမှုနှင့် အခွန်တော်ကောက်ခံရာတွင် အားနည်းချက်များ ရှိခြင်းကြောင့် (အထူးသဖြင့် ကျောက်မျက်ကဏ္ဍတွင်) လျှော့ပေါ့အစီရင်ခံခြင်း၊ စျေးနှုန်းကစားခြင်း နှင့် အခွန်ရှောင်ခြင်းတို့ကို အများအပြား ဖြစ်ပေါ်စေခဲ့သည်။ [၉၀] အကျိုးဆက်အားဖြင့် အခွန်တော်ငွေ ရှုံးဆုံးခြင်း ဖြစ်လာစေခဲ့သည်။

---

၈၇ Thalito Carrico, “Rio: Loser in Brazil’s Oil Royalty Row,” *FT,* 15 March 2013.

၈၈ NRGI and UNDP, *Revenue Sharing.*

၈၉ Bauer et al., *Sharing the Wealth.*

၉၀ Global Witness, *Jade: Myanmar’s ‘Big State Secret.’*

## ဘဏ္ဍာရေး သတ်မှတ်ချက်များ ပြဋ္ဌာန်းခြင်း

သတ္တုတွင်းကဏ္ဍ အခွန်တော်ငွေ ကောက်ခံမှုကို အဓိကအားဖြင့် မြန်မာ့သတ္တုတွင်းဥပဒေ (၂၀၁၅)၊ မြန်မာ့ကျောက်မျက်ဥပဒေ (၂၀၁၆)၊ သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအရ စီမံအုပ်ချုပ်သည်။ အဆိုပါအချက်များကို အခြေခံကြည့်လျှင် ပြည်ထောင်စုအစိုးရက ထုတ်လုပ်မှုမျှဝေခြင်း၊ နိုင်ငံတော်မှ ခွဲဝေပေးခြင်း၊ တွင်းဝခွန်ကောက်ခံခြင်း နှင့် မြေပြင်ပို့ဆောင်ခတို့နှင့်ပတ်သက်သော ညှိနှိုင်းမှုများနှင့် သတ်မှတ်ခြင်းများကို ပြုလုပ်သည်။ ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍ၌ ပြည်ထောင်စုအစိုးရက ထုတ်လုပ်မှုမျှဝေခြင်း သဘောတူစာချုပ်များတွင် ဘဏ္ဍာရေးသတ်မှတ်ချက်များကိုပြဋ္ဌာန်းသည်။ သယံဇာတတူးဖော်ရေးကုမ္ပဏီများအနေဖြင့် ကဏ္ဍအလိုက်ကောက်ယူသည့် အခွန်များအပြင် ပြည်ထောင်စုအစိုးရမှ သတ်မှတ်သော ကော်ပိုရိတ်ဝင်ငွေခွန်များနှင့် ပြည်တွင်းအကောက်ခွန်များကဲ့သို့ အခြားအခွန်များအားပေးဆောင်ရသည်။

### လေးထောင့်ကွက် (၈) မြန်မာနိုင်ငံ၏ ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် သတ္တုတွင်းကဏ္ဍ၏အခွန်တော်ငွေ စီးဆင်းမှု

မြန်မာနိုင်ငံ၏ ဥပဒေမူဘောင်တွင် သယံဇာတ တူးဖော်ထုတ်ယူရေး လုပ်ငန်းများမှ အခွန်တော်ငွေ ကောက်ခံခြင်းကိစ္စကို ထည့်သွင်းပြဋ္ဌာန်းထားသည်။ ၎င်းတို့ထဲမှ အရေးအကြီးဆုံး အချက်များမှာ–

- **လိုင်စင်ကြေး** ။ ။ လိုင်စင်သစ် ရရှိရန် ကုမ္ပဏီများမှ တစ်ကြိမ်တည်းပေးရသော အခွန်
- **အစိုးရပါဝင်မှု** ။ ။ သယံဇာတ တူးဖော်ရေးစီမံကိန်းများတွင် အစိုးရပိုင်ဆိုင်မှု အစုရှယ်ယာများ အပေါ် အမြတ်များ
- **အစိုးရဝေစု** ။ ။ သယံဇာတ တူးဖော်ထုတ်လုပ်ရေး စီမံကိန်းများတွင် နိုင်ငံတော်မှ ပါဝင်ဆောင်ရွက်ရသည့်အတွက် ရေနံ သို့မဟုတ် သတ္တုတွင်းထွက်ပစ္စည်း အချိုးတစ်ရပ်ကို တိုက်ရိုက်လက်ခံရရှိခြင်း
- **တွင်းဝခွန်** ။ ။ သယံဇာတ တူးဖော်မှုတွင် ပမာဏနှင့် တန်ဖိုးပေါ်မူတည်၍ ရာခိုင်နှုန်း အချိုးကျဖြင့် ပေးဆောင်ရခြင်း
- **ကော်ပိုရိတ် ဝင်ငွေခွန်** ။ ။ ရေနံ၊ သဘာဝဓါတ်ငွေ့ နှင့် သတ္တုတွင်းကုမ္ပဏီများ၏ ဝင်ငွေပေါ်တွင် ကောက်ခံသော အခွန်များ
- **ကုန်သွယ်လုပ်ငန်းခွန်** ။ ။ ရေနံ၊ သဘာဝဓါတ်ငွေ့ နှင့် သတ္တုတွင်းမှ ထုတ်ကုန်များ ရောင်းချမှု အပေါ်တွင် ကောက်ခံသော အခွန်များ
- **ပြည်တွင်းအကောက်ခွန်** ။ ။ ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် သတ္တုတွင်းထုတ်ကုန်များ တင်ပို့ရောင်းချရာတွင် ကောက်ခံသော အထူးအခွန်များ

## ပြည်ထောင်စုအဆင့် ဌာနများမှ အခွန်တော်ငွေ ကောက်ခံမှု

ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍတွင် အခွန်တော်ငွေ ကောက်ခံခြင်းနှင့် လိုက်နာမှု ရှိမရှိ စောင့်ကြည့်စစ်ဆေးခြင်းတွင် MOGE က အဓိကနေရာမှ ပါဝင်နေသည်။ PSC ပုံစံအောက်တွင် နိုင်ငံတော်ပိုင်စီးပွား ရေးလုပ်ငန်းများသည် အစိုးရ ရရှိသည့် ရေနံဝေစုကို ရယူပိုင်ခွင့်နှင့် ရောင်းချပိုင်ခွင့်ရှိသည်။ လက်တွေ့ တွင် ကမ်းလွန်ပင်လယ်ပြင်ရှိ သဘာဝဓါတ်ငွေ့များကို နိုင်ငံခြားကုမ္ပဏီများက ရောင်းချပြီး မြန်မာနိုင်ငံ အတွက် ရှယ်ယာဝေစုကို ငွေသားဖြင့် ရရှိသည်။ ကုန်းတွင်းရေနံနှင့် သဘာဝဓါတ်ငွေ့မှ ရရှိသော ဝေစု များကိုမူ တခါတရံတွင် ရေနံစိမ်းဖြင့် ပြန်လည်ရရှိပြီး တခါတရံတွင်မူ ငွေသားဖြင့် ရရှိသည်။ MOGE က သဘောတူစာချုပ် ချုပ်ဆိုမှုနှင့် ထုတ်လုပ်မှု အပိုဆုကြေးများ၊ တွင်းဝခွန်၊ အချက်အလက်များအတွက် ပေးဆောင်ရသောငွေနှင့် သင်တန်း ရံပုံငွေများကို ကောက်ခံသည်။ ထို့အပြင် နိုင်ငံပိုင်လုပ်ငန်းအနေဖြင့် ကုမ္ပဏီများ၏ ရေနံစိမ်း တန်ဖိုးဖြတ်ခြင်းအား စစ်ဆေးရန် တာဝန်ယူရသည်။ [၉၁] ရေနံတွင်းဝခွန် နှင့် အပိုဆုကြေးငွေများကို MOGE က ရရှိပြီး MOEE သို့ လွှဲပြောင်းပေးသည်။ ကော်ပိုရိတ် ဝင်ငွေခွန် နှင့် အကောက်ခွန်တို့ကို ပြည်တွင်း အခွန်များဦးစီးဌာန (IRD) နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အကောက်ခွန်ဌာနမှ ကောက်ခံသည်။

---

၉၁ Heller and Delesgues. *Gilded Gatekeepers.*

သတ္တုတူးဖော်ရေး ကဏ္ဍတွင်မူ အဓိက အခွန်တော်ငွေကောက်ခံရေး တာဝန်များကို နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများ၊ ပြည်တွင်း အခွန်ဦးစီးဌာန နှင့် အကောက်ခွန် ဌာနတို့က လုပ်ဆောင်သည်။ သတ္တုကဏ္ဍ တွင်မူ ထုတ်လုပ်မှု စောင့်ကြည့်စစ်ဆေးခြင်းအား နိုင်ငံတော်ပိုင် သတ္တုတွင်းလုပ်ငန်းများက အလျဉ်းသင့် သလို ဆောင်ရွက်နေပြီး ပြည်နယ်ဒေသအဆင့်မှ တရားဝင် ပါဝင်မှု အခန်းကဏ္ဍ မရှိသလို ထိန်းသိမ်း ကြီးကြပ်ရေး လုပ်ပိုင်ခွင့် တာဝန်များအပေါ် ဥပဒေပြဋ္ဌာန်းမှုမှာလည်း ရှင်းလင်းမှု မရှိပေ။ ကျောက်မျက် ကဏ္ဍတွင်မူ တွင်းဝခွန်များ တွက်ချက်ခြင်းတွင် ပြည်နယ်ဒေသဆိုင်ရာ Stakeholder များကို ပါဝင် ခွင့်ပေးထားသည်။ တွင်းဝခွန်များကိုမူ MONREC ၏ အုပ်ချုပ်ရေးအဖွဲ့မှ သတ်မှတ်သောနှုန်းထားအပေါ် အခြေခံထားသည်။ MONREC ၏ ညွှန်ကြားချက်များအရ အဆိုပါအုပ်ချုပ်ရေးအဖွဲ့တွင် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း လွှတ်တော်ကိုယ်စားလှယ်များ နှင့် မြို့နယ်များမှ အကောက်ခွန် ဝန်ထမ်းများ ပါဝင် သည်။ သို့သော်လည်း အကြွင်းမဲ့လုပ်ပိုင်ခွင့် အာဏာရှိသည်မှာ ပြည်ထောင်စုအစိုးရသာ ဖြစ်သည်။ ပြည်ထောင်စုအုပ်ချုပ်ရေး အဖွဲ့အစည်းများသည် ပြည်နယ်ဒေသ၏ ပါဝင်မှုမရှိဘဲ အခြားသော အခွန် တော်ငွေများကိုလည်း ကောက်ခံသည်။ [၉၂]

## ပြည်နယ်ဒေသအဆင့် အစိုးရများမှ အခွန်တော်ကောက်ခံမှု

ပြည်နယ်နှင့်တိုင်းဒေသများတွင် အခွန်တော်ငွေ တိုက်ရိုက်ကောက်ခံခွင့် အနည်းငယ်သာရှိသည်။ ပြည် နယ်နှင့်တိုင်းအစိုးရများသည် ကျောက်စရစ်နှင့် သဲ အပါအဝင် အခြားဆက်စပ်နေသော ကဏ္ဍအလိုက် မဟုတ်သော အသေးစားအခွန်များ (ယစ်မျိုးခွန်၊ မြေခွန်၊ ရေခွန်၊ လမ်းဖြတ်သန်းခအခွန်)ကို တိုက်ရိုက် ကောက်ခံပိုင်ခွင့်ရှိသည်။ အထက်ပါ ကောက်ခံခွင့်ရှိသော အခွန်အမျိုးအစားများမှ အချို့သော အခွန်ကို ပြည်နယ်ဒေသ အစိုးရများက နှုန်းထားသတ်မှတ်နိုင်သော အခွင့်အာဏာရှိသော်လည်း အချို့သောအခွန် များကို ပြည်ထောင်စုအစိုးရမှ သတ်မှတ်ထားသော အခွန်နှုန်းထားများအတိုင်းသာ ကောက်ခံနိုင်သည်။ ပြည်နယ်နှင့်တိုင်း အစိုးရတို့သည် ဒေသတွင်းရှိ အစိုးရပိုင်ပစ္စည်းများ ငှားရမ်းခြင်း သို့မဟုတ် ရောင်းချ ပြီး၊ ပြည်နယ် သို့မဟုတ် ဒေသဆိုင်ရာ အစိုးရပိုင်လုပ်ငန်းများအတွက် အကျိုးအမြတ်ရရှိရန် ပြုလုပ်နိုင် သည်။ (လက်တွေ့တွင် အဆိုပါအချက်များသည် သယံဇာတ တူးဖော်ရေးကဏ္ဍအတွက် အရေးပါမှု သိပ်မရှိဟု သိရှိနားလည်ထားသည်) [၉၃]

အသုံးစရိတ်ဆိုင်ရာ လုပ်ပိုင်ခွင့် အနည်းငယ်သာရှိသော ပြည်နယ်နှင့် တိုင်းအစိုးရ ဘတ်ဂျက်များသည် (လေးထောင့်ကွက် ၁ တွင်ကြည့်ပါ) ပြည်ထောင်စုအစိုးရ၏ လွှဲပြောင်းပေးငွေအပေါ်တွင်သာ အများ အားဖြင့် မှုတည်နေရသည်။ အဆိုပါ ဘတ်ဂျတ်လွှဲပြောင်းပေးမှုများမှာလည်း အလျဉ်းသင့်သလို ဆောင်ရွက်နေခြင်းသာ ဖြစ်သည်။ [၉၄] ထိုသို့ပြုလုပ်ခြင်းက ဘတ်ဂျက်ရေးဆွဲရာတွင် အခက်အခဲဖြစ်စေ သလို ပြည်နယ်ဒေသအဆင့် အစိုးရများ၏ အသုံးစရိတ်ဆိုင်ရာ ဆုံးဖြတ်ချက်များလုပ်ဆောင်ရာတွင် ဗဟိုသြဇာကင်းပြီး လွတ်လပ်စွာဆုံးဖြတ်နိုင်စွမ်းကို နှောင့်နှေးစေသည်။ အကျိုးဆက်အားဖြင့် ပြည်နယ် ဒေသအဆင့် အစိုးရများက အခွန်တော်များကို တိုက်ရိုက် ကောက်ခံနိုင်ခွင့်အတွက် တောင်းဆိုမှုများ ရှိလာခဲ့သည်။ လက်ရှိတွင် ပြည်နယ်နှင့်တိုင်းအစိုးရများမှ တစ်နိုင်တစ်ပိုင် နှင့် အသေးစားတူးဖော်ရေး လုပ်ငန်းများအပေါ် အခွန်ငွေ တိုက်ရိုက်ကောက်ခံခွင့် ရှိရန် ဥပဒေပြင်ဆင်မှုများကို လုပ်ဆောင်နေသည်။ အဆိုပါ အကြောင်းအရာများကို အပိုင်း ၉ တွင် အသေးစိတ် ဆွေးနွေးထားသည်။

ပြည်နယ်ဒေသအဆင့် အစိုးရများသည် လက်ရှိတွင် ပြည်ထောင်စုအစိုးရ၏ ဥပဒေမူဘောင်တွင် မဖော် ပြထားသော ကိစ္စများအတွက် အခွန်ကောက်ယူနိုင်ရန် နည်းလမ်းများ ဆောင်ရွက်နေကြသည်။ (လေး ထောင့် ကွက် ၉ တွင်ကြည့်ပါ)။ သယံဇာတ တူးဖော်ထုတ်လုပ်မှုကဏ္ဍတွင် ပြည်နယ်ဒေသအဆင့် အဖွဲ့အစည်းများအနေဖြင့် အခွန်ကောက်ယူနိုင်မှု စွမ်းဆောင်ရည်များမှာ အကန့်အသတ်ရှိနေပြီး တိုင်း ရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ တရားမဝင် အခွန်ကောက်ယူမှုများလည်း ရှိနေသည်။ ဥပမာ အားဖြင့် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) သည် ကျောက်စိမ်းတွင်းများမှ တရုတ်ပြည်နယ်စပ်သို့ ဖြတ်သန်းခအခွန်ကို စနစ်ကျပြီး ခေတ်မီသော အကောက်ခွန် ကောက်ယူမှုစနစ်တစ်ရပ်ဖြင့် ကောက်ယူ

---

၉၂ Stakeholder interview.

၉၃ Bauer et al., *Sharing the Wealth.*

၉၄ *Ibid.*

နေသည်ဟု ပြောကြားမှုများရှိသည်။ [၉၅] အစိုးရစစ်တပ်ပိုင်းမှလည်း အဆိုပါကဏ္ဍမှ တရားမဝင် အခွန်တော်များ ကောက်ခံမှုရှိနေကြောင်း စွပ်စွဲပြောကြားမှုများလည်း ရှိသည်။ [၉၆]

### လေးထောင့်ကွက် (၉) ဒေသန္တရ အကျိုးကျေးဇူးများ

တွင်းဝခွန်ပေးခြင်း၊ အခွန်နှင့် အခြားအခွန်တော်ငွေများ ပေးသွင်းစေခြင်းအပြင် အစိုးရများသည် ကုမ္ပဏီများအား ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ သို့မဟုတ် အခြေခံအဆောက်အအုံ စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှု ရှိလာစေရန် ဆောင်ရွက်နိုင်သည်။ အချို့ကိစ္စရပ်များတွင် ကုမ္ပဏီများသည် ၎င်းတို့၏ ရေရှည် တည်တံ့ဖွံ့ဖြိုးရေး မဟာဗျူဟာအတွက် အဆိုပါ ရင်းနှီးမြှုပ်နှံမှုများကို ဆန္ဒအလျောက် ပြုလုပ်လာနိုင်သည်။

ထိုကဲ့သို့သော သုံးစွဲမှုများအတွက် အခွန်လျှော့ပေါ့လေ့ ရှိစေပြီး၊ ဒေသန္တရ စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် ကုမ္ပဏီမှ ဆောင်ရမည့်အခွန် ဝန်ထုပ်ဝန်ပိုးကို လျှော့ချနိုင်သည်။ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းသည် အကျိုးအမြတ်များကို ဗဟိုအစိုးရမှ ဒေသအဆင့်သို့ အကျိုးအမြတ်များ ပြောင်းလဲခံစားစေခြင်းဖြစ်ပြီး ဘဏ္ဍာရေးမှုဘောင်များအရ ပြည်နယ်များအနေဖြင့် ကဏ္ဍမှ ကောက်ယူရသည့် အခွန်များ ထိန်းချုပ်နိုင်ခွင့်မရှိသည့်တိုင် အကျိုးအမြတ် ဝေစုများ ပို၍ရရှိစေသည့် နည်းလမ်းတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံ၏ သတ္တု၊ ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍတွင် ဒေသတွင်း လူ့အဖွဲ့အစည်းများအတွက် သို့မဟုတ် လူမှုရေး ရင်းနှီးမြှုပ်နှံမှုအတွက် နိုင်ငံတော်အဆင့် ဥပဒေပြဋ္ဌာန်းထားခြင်း မရှိပေ။ သို့သော်လည်း MIC က ရင်းနှီးမြှုပ်နှံသူများ အားလုံးကို အခွန်မကောက်မီ အကျိုးအမြတ်များ၏ တစ်ရာခိုင်နှုန်း မှ သုံးရာခိုင်နှုန်းအထိ  ကော်ပိုရိတ် လူမှုရေးတာဝန် (CSR) အစီအစဉ်များအတွက် သုံးစွဲရန်နှင့် ယင်းအစီအစဉ်အတွက် သုံးစွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များနှင့်ပတ်သက်ပြီး ဒေသခံအဖွဲ့အစည်းများနှင့် တာဝန်ရှိသူတို့ထံမှ အကြံဉာဏ်များ ရယူရမည်ဟု အပြည့်အဝ တိုက်တွန်းထားသည်။ [၉၇] ၂၀၁၆ ခုနှစ်တွင် ပြင်ဆင်ရေးဆွဲခဲ့သော မြန်မာ့ကျောက်မျက်ဥပဒေတွင် ဖော်ပြထားသည်မှာ ကျောက်မျက်ရတနာ စီမံကိန်းများမှ ရရှိသော အမြတ်ငွေ၏ ၂ ရာခိုင်နှုန်းသည် ‘‘ကျန်းမာရေး၊ ပညာရေး၊ သယ်ယူပို့ဆောင်ရေး နှင့် အခြားအရာများအတွက်’’ ရန်ပုံငွေအဖြစ် အသုံးပြုရမည်ဟု ပြဋ္ဌာန်းထားသော်လည်း အဆိုပါပြဋ္ဌာန်းချက်များကို လက်တွေ့အမှန်တကယ် အကောင်အထည်ဖော်မှုနှင့်ပတ်သက်ပြီး ရှင်းလင်းမှု မရှိပေ။ [၉၈] လူမှုရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု တာဝန်များကိုလည်း လိုင်စင်သဘောတူညီမှု တစ်ခုချင်းစီတွင် သတ်မှတ်ဖော်ပြနိုင်သည်။ ဥပမာအနေဖြင့် လက်ပံတောင်း ရှိကြေးနီသတ္တု တူးဖော်မှုလိုင်စင်ကို ပြန်လည်ဆွေးနွေး ညှိနှိုင်းမှုအရ ဝမ်ပေါင်ကုမ္ပဏီသည် ကုမ္ပဏီအသားတင်အမြတ်ငွေ၏ နှစ်ရာခိုင်နှုန်းကို ဒေသဖွံ့ဖြိုးရေး ရံပုံငွေအတွက် အသုံးပြုရန် သဘောတူညီမှု ရရှိခဲ့သည်။ [၉၉]

ပြည်နယ်ဒေသအဆင့် အစိုးရများကလည်း လူမှုရေး ရင်းနှီးမြှုပ်နှံမှုအတွက် ၎င်းတို့ကိုယ်ပိုင်သတ်မှတ်ချက်များကို ပြဋ္ဌာန်းဆောင်ရွက်မှုများလည်း ရှိသည်။

- ရှမ်းပြည်နယ်တွင် ပြည်နယ်အစိုးရက ‘‘ဆင်းရဲမွဲတေမှု လျှော့ချခြင်း နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ရန်ပုံငွေ’’ ကို ပြည်နယ်ဝန်ကြီးချုပ် အမိန့်နှင့် ထူထောင်ခဲ့သည်။ ၂၀၁၄ ခုနှစ်၊ ဖွန်လတွင် အဆိုပါ ရန်ပုံငွေမှာ မြန်မာကျပ်ငွေ သန်း ၂၄၀ ထိရှိကြောင်း သိရှိရသည်။ အဆိုပါ အမိန့်ပါ ပြဋ္ဌာန်းချက်အရ သတ္တုတွင်းများက သတ္တုတွင်းအရွယ်အစား နှင့် အမျိုးအစား အပေါ်မူတည်၍ တရားသေ သတ်မှတ်ထားသော အခကြေးငွေကို ပေးဆောင်ရသည်။ လက်ရှိတွင် အဆိုပါရန်ပုံငွေကို လက်ရှိအခြေအနေအား ရှင်းလင်းစွာ မသိရှိရသော်လည်း အဓိကအားဖြင့် ရှမ်းပြည်နယ်ရှိ လယ်သမားများအတွက် အသေးစား ငွေချေးလုပ်ငန်းများကို လုပ်ဆောင်ပေးခဲ့

၉၅ Bauer et al., *Sharing the Wealth.*

၉၆ Global Witness, *Jade: Myanmar's 'Big State Secret.'*

၉၇ Myanmar Centre for Responsible Business, *Myanmar Oil and Gas Sector Wide Impact Assessment.*

၉၈ Republic of the Union of Myanmar, *Myanmar Gemstone Law* (2016).

၉၉ Myanmar Wanbao website, accessed 16 November 2017, www.myanmarwanbao.com.mm.

သည်ဟု သိရသည်။ [၁၀၀]

- ၂၀၁၄ ခုနှစ်တွင် ကချင်ပြည်နယ်အစိုးရက ကျောက်မျက်ရတနာ ကုမ္ပဏီများအား ဖားကန့်ရှိ ကျောက်တွင်းများသို့ သွားရန် အဓိကလမ်းဖြစ်သော မိုးကောင်း – ဖားကန့်လမ်း ခင်းရန်အတွက် ကုမ္ပဏီတစ်ခုကို မြန်မာကျပ်ငွေ ၁၀ သန်းစီ ပေးအပ်ရန်အတွက် စတင်လုပ်ဆောင်ခဲ့သည်။ [၁၀၁]



*စစ်ကိုင်းတိုင်းဒေသ၊ လက်ပံတောင်း ကြေးနီစီမံကိန်းအနီး လယ်လုပ်သားတစ်ဦး ရေခပ်နေပုံ။ ဆန္ဒထုတ်ဖော်မှုများကြောင့် စီမံကိန်း၏ လိုင်စင်ပါသတ်မှတ်ချက်များကို ပြန်လည်ညှိနှိုင်းခဲ့ရသည်။*

## ကမ္ဘာတစ်ဝန်းမှ လက်တွေ့လုပ်ဆောင်မှု လုပ်ထုံးနည်းနာများအား လေ့လာခြင်း

ယခုအစီရင်ခံစာအတွက် လေ့လာထားသောနိုင်ငံများတွင် ပြည်နယ်ဒေသအဆင့် အစိုးရများ၏ သယံဇာတကဏ္ဍ အခွန်တော်ငွေများအား သတ်မှတ်ကောက်ခံခွင့် အတိုင်းတာများပေါ်မူတည်၍ ကွဲပြားကြသည်။ တစ်ပြည်ထောင်နိုင်ငံများတွင် ပြည်နယ်ဒေသ အဖွဲ့အစည်းများသို့ အခွန်အခလွှဲပြောင်းပေးမှုရှိသော်လည်း အခွန်နှင့် တွင်းဝခွန်များ အခကြေးငွေသတ်မှတ်ကောက်ခံခြင်းကို ယေဘုယျအားဖြင့် ပြည်ထောင်စု အဖွဲ့အစည်းများကသာ ဆောင်ရွက်သည်။ ဗဟိုချုပ်ကိုင်မှု ပိုမိုလျှော့ချထားသော နိုင်ငံများတွင် အခွန်နှုန်းထားများ၏ တစ်စိတ်တစ်ပိုင်း သို့မဟုတ် အခွန်နှုန်းထား အလုံးစုံကို ပြည်ထောင်စုအဆင့်မှ ဆောင်ရွက်သော်လည်း ပြည်နယ်ဒေသအဆင့် အစိုးရများသည် အချို့ အခွန်တော်များကို တိုက်ရိုက် ကောက်ခံယူခွင့် ရှိနိုင်သည်။ ထူးခြားသည့်အချက်အနေဖြင့် အချို့နိုင်ငံများတွင် ပြည်နယ်ဒေသအဆင့် အစိုးရများအား သယံဇာတ တူးဖော်ထုတ်လုပ်မှုများမှ အဓိက အကောက်ခွန်နှုန်းထားများကို အပြည့်အဝ လွတ်လပ်စွာ ဆုံးဖြတ်သတ်မှတ်နိုင်ခွင့် ရှိခြင်းပင်ဖြစ်သည်။

### အခွန်တော်ကောက်ခံခြင်း

လေ့လာမှုပြုခဲ့သည့် တစ်ပြည်ထောင်နိုင်ငံများတွင် ယေဘုယျအားဖြင့် အဓိက တွင်းထွက် လုပ်ငန်းကဏ္ဍ အခွန်တော် အလုံးစုံကို ပြည်ထောင်စုအစိုးရက ကောက်ခံသည်။ မည်သို့ပင်ဆိုစေကာမူ အဆိုပါနိုင်ငံများအားလုံးတွင်လည်း အချို့အခွန်တော်များကို ပြည်နယ်နှင့်တိုင်းဒေသ အစိုးရများသို့ ခွဲဝေပေးသည့်စနစ်များရှိသည်။ ဥပမာအားဖြင့် မွန်ဂိုလီးယားတွင် သတ္တုတွင်းနှင့်ဆက်စပ်သော အချို့ အခွန်တော်များကို ဒေသန္တရ အစိုးရများသို့ လွှဲပေးသည်။ ပြည်တွင်း ကုန်ချောများအပေါ် ကောက်ခံသော စည်းကြပ်ခွန်၊ တွင်းဝခွန်များ လိုင်စင်ကြေးများ နှင့် ဒေသန္တရအစိုးရ ဘက်ဂျက် အပိုအလျှံတို့၏ ရာခိုင်နှုန်းတစ်ခုကို

၁၀၀ Thet Aung Lynn and Mari Oye, *Natural Resources and Subnational Government in Myanmar: Key Considerations for Wealth Sharing* (IGC, MDRI-CESD and The Asia Foundation, 2014).

၁၀၁ Lynn and Oye, *Natural Resources and Subnational Government in Myanmar.*

အထွေထွေ ဒေသန္တရ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေအဖြစ် စုစည်းပြီး ဖွံ့ဖြိုးတိုးတက်မှု ညွှန်းကိန်းများ၊ လူဦးရေ ပြည်တွင်းအခွန်ရရှိမှု ပမာဏ စသည်တို့ကို ထည့်သွင်းတွက်ချက်ထားသည့် ဖော်မြူလာအား အသုံးပြုကာ အခွန်တော်ကို ပြန်လည်ခွဲဝေပေးသည်။ [၁၀၂]

အချိန်ကာလ ကြာရှည်စွာရှိနေသော နစ်နာမှုများကို ဖြေရှင်းရန်အတွက်လည်း အခွန်တော် ခွဲဝေပေးခြင်း နည်းလမ်းအသုံးချပြီး စီမံဆောင်ရွက်နိုင်သည်။ ဥပမာအားဖြင့် အင်ဒိုနီးရှားတွင် ဗဟိုအစိုးရသည် ယေဘုယျအားဖြင့် ရေနံမှ စုစုပေါင်း အခွန်တော်၏ ၃.၁ ရာခိုင်နှုန်းအား ရေနံထုတ်လုပ်သည့် ပြည်နယ်များကို ခွဲဝေပေးကာ ရေနံထုတ်လုပ်သည့် မြို့နယ်များအား ၆.၂ ရာခိုင်နှုန်း၊ ရေနံထုတ်လုပ်သည့် ပြည်နယ်များရှိ အခြားမြို့များအား ၆.၂ ရာခိုင်နှုန်း ခွဲဝေပေးသည်။ (ဓာတ်ငွေ့အခွန်တော်ကို အလားတူပုံစံဖြင့် လွှဲပြောင်းခွဲဝေပေးသော်လည်း နှုန်းထားအနည်းငယ် ပိုမိုမြင့်မားသည်)။ ဗဟိုအစိုးရနှင့် ခွဲထွက်ရေးအဖွဲ့များအကြား ပဋိပက္ခများ အချိန်ကြာမြင့်စွာတည်ရှိနေသော Papua နှင့် အနောက် Papua ဒေသများတွင် ယင်းဒေသများမှာ ထုတ်လုပ်သည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ အခွန်တော်၏ ၇၀ ရာခိုင်နှုန်းအထိ ရရှိသည်။ [၁၀၃]

ပြည်နယ်/ဒေသ အဆင့်တွင် အခွန်တော်ငွေများကို တိုက်ရိုက်ကောက်ခံနိုင်ခွင့်နှင့် ပတ်သက်ပြီး မူကွဲအမျိုးမျိုးရှိသည်။ အခွန်တော်ငွေ စီးဆင်းမှုပုံစံ နှင့် တူးဖော်ထုတ်လုပ်ဆောင်ရွက်မှုများ၏ သဘောသဘာဝပေါ် မူတည်၍ ပြောင်းလဲမှုများရှိသည်။ ဇယား (၁) နှင့် (၂) တွင် သယံဇာတ အရင်းအမြစ်များအားဖြင့် စီးပွားရေးအား အဓိက ဖော်ဆောင်သည့် ကမ္ဘာပေါ်ရှိ နိုင်ငံများ၏ တွင်းထွက်နှင့် ရေနံ အခွန်ကောက်ခံခြင်း လုပ်ပိုင်ခွင့် အခွင့်အာဏာများအား ခြုံငုံသုံးသပ်ဖော်ပြထားသည်။ ဩစတြေးလျ၊ အိန္ဒိယ၊ အင်ဒိုနီးရှားနှင့် မွန်ဂိုလီးယား ၏ ကော်ပိုရိတ် ဝင်ငွေခွန်များအား နိုင်ငံတော်အစိုးရ တစ်ခုတည်းမှသာ ကောက်ခံသည်။ ဖိလစ်ပိုင်အနေဖြင့် ဒေသန္တရအစိုးရများမှ ပြည်တွင်းလုပ်ငန်းခွန်အား တိုက်ရိုက်သတ်မှတ်ကောက်ခံနိုင်သော်လည်း ဗဟိုအစိုးရမှ အများဆုံး ကောက်ခံနိုင်သည့် ၎င်းအခွန် နှုန်းထားကို သတ်မှတ်ပေးသည်။ [၁၀၄]

တွင်းဝခွန်နှင့် ပတ်သက်လျှင် ပို၍ ပြောင်းလဲမှုများ ရှိသည်။ အင်ဒိုနီးရှားတွင် သတ္တုတွင်း နှင့် ရေနံ စီမံကိန်းအားလုံးအတွက် တွင်းဝခွန်များအားလုံးကို နိုင်ငံတော်အစိုးရမှ ကောက်ခံသည်။ (သို့ရာတွင် ပြည်နယ်နှင့်တိုင်းဒေသ အစိုးရအဖွဲ့အစည်းများအတွက် လွှဲပြောင်းပေးရန်အတွက် စနစ်တစ်ခုရှိသည်)။ ဩစတြေးလျတွင် ပြည်နယ်များနှင့် တိုင်းဒေသများ (territory ဟုသုံး) အနေဖြင့် ကုန်းတွင်းသယံဇာတ အရင်းအမြစ်များအတွက် တွင်းဝခွန်များကို ကောက်ခံသည်။ ကမ်းလွန်ရေနံ တွင်းဝခွန်များ (အနောက်မြောက် ကမ်းဦးရေတိမ်ပိုင်းကိုသာ လက်ရှိကောက်ခံ)အား နိုင်ငံတော်အစိုးရမှ ကောက်ခံသော်လည်း အနောက်ဩစတြေးလျ အစိုးရအား ပြန်လည်ခွဲဝေပေးသည်။ [၁၀၅] အလားတူပင် မလေးရှားနိုင်ငံတွင်လည်း သတ္တုတွင်း တွင်းဝခွန်များအား ပြည်နယ်/တိုင်းဒေသ အစိုးရများမှ ကောက်ခံပြီး ရေနံအတွက် တွင်းဝခွန်များကိုမူ နိုင်ငံတော်အစိုးရမှ ကောက်ခံသည်။ မလေးရှားနိုင်ငံ၏ စနစ်မှာ အငြင်းပွားဖွယ် အခြေအနေများ ရှိနေသည်။ ပြည်နယ်အစိုးရများအနေဖြင့် ပင်လယ်ကမ်းရိုးတန်းရှိ စီမံကိန်းများမှ တွင်းဝခွန်များအား ကောက်ခံနိုင်သည့်အတွက် ကမ်းလွန်တည်ရှိသော စီမံကိန်းများအတွက်လည်း တွင်းဝခွန်များ ကောက်ခံနိုင်မှုအပေါ် သဘောထားကွဲလွဲမှုများ ရှိလာသည်။ ၂၀၀၀ ခုနှစ်တွင် ဖက်ဒရယ်အစိုးရမှ Terengganu ပြည်နယ်အား တွင်းဝခွန် လွှဲပြောင်းပေးမှုကို ရပ်တန့်ခဲ့ပြီး ယင်းတွင်းဝခွန်များအား ဗဟိုအစိုးရမှ ထိန်းချုပ်သော ရံပုံငွေအဖြစ် ပြောင်းလဲခဲ့သည်။ အတိုက်အခံပါတီဖြစ်သော မလေးရှားအစ္စလာမ်မစ်ပါတီ (PAS) သည် ပြည်နယ်ရွေးကောက်ပွဲများတွင် အနိုင်ရရှိခဲ့ပြီး မကြာမီ ယခုကဲ့သို့ ပြောင်းလဲလိုက်သည့်အတွက် ယခု အပြောင်းအလဲသည် နိုင်ငံရေးအရ လှုံ့ဆော် ဆောင်ရွက်ခြင်းတစ်ခု ဖြစ်ကြောင်း ပြည်နယ်အစိုးရက ဝေဖန်ခဲ့ကာ ဖက်ဒရယ်အစိုးရအား တရားစွဲဆိုခဲ့သည်။ ဖက်ဒရယ်အစိုးရအနေဖြင့် စွပ်စွဲပြောကြားချက်များကို ငြင်းဆိုခဲ့ပြီး နောက်ဆုံးတွင် တရားရုံးမှ Terengganu ပြည်နယ်အစိုးရအနေဖြင့် ကမ်းလွန်ရေမိုင် သုံးမိုင်ထက် ကျော်လွန်ပါက တွင်းဝခွန်များ ကောက်ခံနိုင်သည့်အခွင့်

---

၁၀၂ NRGI and UNDP, *Revenue Sharing.*

၁၀၃ *Ibid.*

၁၀၄ NRGI and UNDP, *Revenue Sharing.*

၁၀၅ Information and Research Services, *Research Note: Crude Oil Excise and Royalties* (Department of the Parliamentary Library, 2000).

မရှိဟု ဆုံးဖြတ်ခဲ့သည်။ [၁၀၆]

အဓိက အခွန်တော်များအား နိုင်ငံတော်အစိုးရမှ ကောက်ခံလေ့ရှိပြီး ယေဘုယျအားဖြင့် ပြည်နယ်အစိုးရများအနေဖြင့် ပမာဏနည်းပါးသော အကောက်ခွန်နှင့် အခကြေးငွေများကို ကောက်ခံနိုင်ခွင့်သာရှိလေ့ရှိသည်။ ဥပမာအားဖြင့် မွန်ဂိုလီးယားတွင် နိုင်ငံတော်အစိုးရမှ တွင်းဝခွန်များ နှင့် ကော်ပိုရိတ်ဝင်ငွေခွန်များကို ကောက်ခံပြီး ဒေသန္တရအစိုးရများအနေဖြင့် ပစ္စည်းဥစ္စာ၊ အိမ်ရာ အဆောက်အအုံ၊ မြေယာ၊ ယာဉ် နှင့် ရေအသုံးပြုမှု အခွန်များ၊ ကျောက်စရစ်နှင့် သဲထုတ်လုပ်မှုအတွက် တွင်းဝခွန်များကိုသာ ကောက်ခံသည်။ [၁၀၇] နိုင်ငံတော်အဆင့် ကောက်ခံသော အခွန်တော်များ၏ တန်ဖိုးမှာ ပြည်နယ်အဆင့် အကောက်ခွန်များထက် များစွာပိုမိုသည်။ ၂၀၁၅ ခုနှစ်တွင် နိုင်ငံတော်အစိုးရ ဌာနများမှ ကောက်ခံရရှိခဲ့သော အခွန်တော်ငွေမှာ မွန်ဂိုလီးယားငွေကြေး MNT ၁.၃ ထရီလီယံ ရှိခဲ့ပြီး ပြည်နယ်အစိုးရများ ကောက်ခံရရှိခဲ့သော် အခွန်တော်ငွေ ပမာဏမှာ MNT ၀.၁ ထရီလီယံသာ ရှိခဲ့သည်။ [၁၀၈]

ဇယား ၁။ နမူနာအဖြစ် ဖော်ပြထားသည့် နိုင်ငံများတွင် အစိုးရအဆင့်ဆင့်မှ ကောက်ယူနေသည့် တွင်းထွက် အခွန်အမျိုးအစားများ

| နိုင်ငံ | အစိုးရ ဖွဲ့စည်းပုံ စနစ် | ကော်ပိုရိတ် ဝင်ငွေခွန် | | တွင်းဝခွန်များ | | ပစ္စည်းဥစ္စာ၊အိမ်ရာ အဆောက်အအုံ/ မြေယာ အခွန်များ | |
|---|---|---|---|---|---|---|---|
| | | ဗဟို | ဒေသန္တရ | ဗဟို | ဒေသန္တရ | ဗဟို | ဒေသန္တရ |
| အာဂျင်တီးနား | ဖက်ဒရယ် | X | | | X | | X |
| ဩစတြေးလျ | ဖက်ဒရယ် | X | | X* | X | X* | X |
| ဘရာဇီး | ဖက်ဒရယ် | X | | X | | X | |
| ကနေဒါ | ဖက်ဒရယ် | X | X | X* | X | X* | X |
| ချီလီ | တစ်ပြည်ထောင် စနစ် | X | | | | X | |
| တရုတ် | တစ်ပြည်ထောင် စနစ် | X | | | X | | X |
| DRC | တစ်ပြည်ထောင် စနစ် | X | | X | | | X |
| ဂါနာ | တစ်ပြည်ထောင် စနစ် | X | | X | | | X |
| အိန္ဒိယ | ဖက်ဒရယ် | X | | | X | | X |
| အင်ဒိုနီးရှား | နယ်မြေအလိုက် တစ်ပြည်ထောင် စနစ် | X | | X | | X | X |
| ကာဇက်စတန် | တစ်ပြည်ထောင် စနစ် | X | | X | | | X |
| ကာဂျစ်စတန် | တစ်ပြည်ထောင် စနစ် | X | | X | X** | | X |
| မလေးရှား | ဖက်ဒရယ် | X | X | | X | | X |
| မက္ကဆီကို | ဖက်ဒရယ် | X | | X | | X | |

၁၀၆ Wee Chong Hui, *Oil and Gas Management and Revenues in Malaysia* (Universiti Teknologi Mara Sarawak).

၁၀၇ NRGI and UNDP, *Revenue Sharing.*

၁၀၈ Mongolia Extractive Industries Transparency Initiative, *Mongolia Tenth EITI Report 2015* (December 2016).

| | | | | | | | |
|---|---|---|---|---|---|---|---|
| မွန်ဂိုလီးယား | တစ်ပြည်ထောင်စနစ် | X | | X | | | X |
| မြန်မာ | တစ်ပြည်ထောင်စနစ် | X | | X | | X | X |
| ပီရူး | တစ်ပြည်ထောင်စနစ် | X | | X | | | X |
| ဖိလစ်ပိုင် | နယ်မြေအလိုက်တစ်ပြည်ထောင်စနစ် | X | X | X | X*** | | X |
| ရုရှား | ဖက်ဒရယ် | X | X | X | | | X |
| တောင်အာဖရိက | တစ်ပြည်ထောင်စနစ် | X | | X | | | X |
| တန်ဇန်နီးယား | နယ်မြေအလိုက်တစ်ပြည်ထောင်စနစ် | X | | X | | | X |
| ယူအေအီး | ဖက်ဒရယ် | | X | | X | | X |
| ယူကေ | နယ်မြေအလိုက်တစ်ပြည်ထောင်စနစ် | X | | | | | |
| ယူအက်စ် | ဖက်ဒရယ် | X | X | X* | X | | X |

Sources : *National legislation; PricewaterhouseCoopers country mining tax profiles (2015)*

* – ဖက်ဒရယ်စနစ် ကျင့်သုံးသော နယ်မြေဒေသများတွင်သာ အသုံးပြုနိုင်သည်။

** – aiyl aimak အဆင့် ဒေသန္တရအစိုးရများမှ ကောက်ခံသော အခွန်တော်မဟုတ်သော ပေးငွေများ ယင်းငွေများသည် အခြေခံအားဖြင့် တွင်းဝခွန်များဖြစ်သည်။

*** – တွင်းဝခွန်များအား ဒေသခံအဖွဲ့များ နှင့် အချို့ ဒေသန္တရ အစိုးရအဖွဲ့များမှသာ တွက်ချက်ကောက်ခံယူသည်။

ဇယား ၂။ နမူနာအဖြစ် သတ်မှတ်ရွေးချယ်ထားသော နိုင်ငံအသီးသီးတွင် အစိုးရ၏ ရေနံအခွန်ကောက်ခံမှုအဆင့်

| နိုင်ငံ | အစိုးရ ဖွဲ့စည်းပုံစနစ် | ကော်ပိုရိတ်ဝင်ငွေခွန် | | တွင်းဝခွန်များ | | ပစ္စည်းဥစ္စာ၊အိမ်ရာအဆောက်အအုံ/မြေယာ အခွန်များ | |
|---|---|---|---|---|---|---|---|
| | | ဗဟို | ဒေသန္တရ | ဗဟို | ဒေသန္တရ | ဗဟို | ဒေသန္တရ |
| ဩစတြေးလျ | ဖက်ဒရယ် | X | | X* | X | | X |
| အက်ဇာဘိုင်ဂျန် | တစ်ပြည်ထောင်စနစ် | X | | X | | X | |
| ဘိုလီဗီးယား | တစ်ပြည်ထောင်စနစ် | X | | X | | X | |
| ဘရာဇီး | ဖက်ဒရယ် | X | | X | | | X |
| ကနေဒါ | ဖက်ဒရယ် | X | X | X* | X | | X |
| တရုတ် | တစ်ပြည်ထောင်စနစ် | X | | X | X | | X |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဂါနာ | တစ်ပြည်ထောင်စနစ် | X | | X | | X | |
| အိန္ဒိယ | ဖက်ဒရယ် | X | | X** | X | | X |
| အင်ဒိုနီးရှား | နယ်မြေအလိုက် တစ်ပြည်ထောင်စနစ် | X | | X | | X*** | |
| ကာဇက်စတန် | တစ်ပြည်ထောင်စနစ် | X | | X | | | X |
| ကာဂျစ်စတန် | တစ်ပြည်ထောင်စနစ် | X | | X | | | X |
| မလေးရှား | ဖက်ဒရယ် | X | | X | | X | |
| မွန်ဂိုလီးယား | တစ်ပြည်ထောင်စနစ် | X | | X | X | | X |
| မြန်မာ | တစ်ပြည်ထောင်စနစ် | X | | X | | | X |
| နိုင်ဂျီးရီးယား | ဖက်ဒရယ် | X | | X | | | |
| နော်ဝေး | တစ်ပြည်ထောင်စနစ် | X | | X | | | |
| ဖိလစ်ပိုင် | နယ်မြေအလိုက် တစ်ပြည်ထောင်စနစ် | X | | | | | |
| တောင်အာဖရိက | တစ်ပြည်ထောင်စနစ် | X | | X | | | X |
| တန်ဇန်းနီးယား | နယ်မြေအလိုက် တစ်ပြည်ထောင်စနစ် | X | | X | | | X |
| တီမော | တစ်ပြည်ထောင်စနစ် | X | | X | | | |
| ထရီနီဒတ် နှင့် တိုဘက်ဂို | တစ်ပြည်ထောင်စနစ် | X | | X | | X | |
| ယူအေအီး | ဖက်ဒရယ် | | X | | X | | X |
| ယူကေ | နယ်မြေအလိုက် တစ်ပြည်ထောင်စနစ် | X | | | | | |
| ယူအက်စ် | ဖက်ဒရယ် | X | X | X* | X | | X |

Sources : *Deloitte Oil and Gas Taxation profiles (2013); Deloitte Taxation and Investment profiles (2015); EITI Reports (most recent); Fidfinvest AG (2005) Taxation in the United Arab Emirates; Mitch Kunze and William E. Morgan (2005) "Taxation of Oil and Gas in the United States 1970–1997." Natural Resources Journal 45(1): 77–101; national legislation; PricewaterhouseCoopers tax summaries (2016).*

* – ဖက်ဒရယ်စနစ် ကျင့်သုံးသော နယ်မြေဒေသများတွင်သာ အသုံးပြုနိုင်သည်။

** – ကမ်းလွန် လုပ်ငန်းများအတွက်သာ

*** – ဥပဒေအရ နိုင်ငံတော်မှ စီရင်ပိုင်ခွင့်ရှိသော်လည်း တစ်ခါတစ်ရံတွင် ပြည်နယ်အစိုးရများမှ မြေယာခွန်များ ကောက်ခံသည်။

## ဘဏ္ဍာရေး သတ်မှတ်ချက်များ ပြဋ္ဌာန်းခြင်း

ဘဏ္ဍာရေး သတ်မှတ်ချက်များ ပြဋ္ဌာန်းရာတွင် ပြည်နယ်အစိုးရများ၏ လုပ်ပိုင်ခွင့်မှာ အကန့်အသတ်များ ပိုမို ကြုံတွေ့ရလေ့ရှိသည်။ အထူးသဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် မိမိတို့ ရွေးချယ်ထားသော နမူနာ/သာဓကများအရ ပြည်နယ်အစိုးရများအနေဖြင့် ကဏ္ဍအလိုက် ကောက်ခံသည့် အခွန်နှုန်းထားအား သတ်မှတ်ခြင်းမှာ အလွန်ပင် ရှားပါးလှသည်။ အိန္ဒိယတွင် ပြည်နယ်အစိုးရများသည် ကုန်းတွင်း တွင်းဝခွန်များ ကောက်ခံသော်လည်း နိုင်ငံတော်အစိုးရကသာ နှုန်းထားများကို သတ်မှတ်ပေးသည်။ ပြည်ထောင်စုအစိုးရအနေဖြင့် ကမ်းလွန် တွင်းဝခွန်နှုန်းထားကို သတ်မှတ်ဆုံးဖြတ်ကာ ကောက်ခံသည်။ မလေးရှားနိုင်ငံတွင် တွင်းဝခွန် နှုန်းထားအား နိုင်ငံပိုင် ရေနံလုပ်ငန်းကြီးဖြစ်သော Petronas ဖက်ဒရယ်အစိုးရနှင့် သက်ဆိုင်သော ပြည်နယ်အစိုးရများမှ သဘောတူထားသော ထုတ်လုပ်မှု အကျိုးအမြတ်ခွဲဝေခြင်းစာချုပ် (Production Sharing Contracts) အရ ဆုံးဖြတ် သတ်မှတ်သည်။ [၁၀၉] မကြာသေးမီက Sarawak ပြည်နယ်တွင် နိုင်ငံတော်ပိုင် ရေနံကုမ္ပဏီကြီးဖြစ်သော Petronas မှ ရရှိသော တွင်းဝခွန် ပမာဏအား တိုးမြှင့်ပေးရန် စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ခဲ့သော်လည်း နှုန်းထားများအား တစ်ဖက်သတ် တိုးမြှင့်နိုင်ခြင်းကို မပြုလုပ်နိုင်ခဲ့ပါ။ [၁၁၀]

အစိုးရမှမဟုတ်သော ပြည်နယ် Stakeholders များအနေဖြင့် ဘဏ္ဍာရေး အစီအမံများကို လုပ်ဆောင်ခွင့် ပေးအပ်ခံရနိုင်သည်။ ဖိလစ်ပိုင်နိုင်ငံတွင် နိုင်ငံတော်အစိုးရမှ သတ္တုတွင်းကဏ္ဍတွင် တွင်းဝခွန်များကို ယေဘုယျအားဖြင့် ကောက်ခံသော်လည်း ဒေသခံတိုင်းရင်းသားများ နေထိုင်သော ဧရိယာများရှိ သတ္တုတွင်း စီမံကိန်းများအနေဖြင့် လူထုရံပုံငွေ တစ်ရပ်အတွက် အထူး တွင်းဝခွန် ပေးဆောင်ရန် သဘောတူထားသည်။ ဖိလစ်ပိုင် သတ္တုတွင်းဥပဒေအရ အဆိုပါ တွင်းဝခွန်များသည် သယံဇာတတူးဖော်မှု အကျိုးအမြတ်၏ အနည်းဆုံး ၁ ရာခိုင်နှုန်းနှင့် ညီမျှရမည်ဟု ဖော်ပြထားသည်။ [၁၁၁]

## ထုတ်လုပ်မှုအား စောင့်ကြည့်စစ်ဆေးခြင်း

ကောင်းမွန်ထိရောက်သော အခွန်တော်ကောက်ခံခြင်းအတွက် အဓိက အရေးပါသော အချက်တစ်ခုမှာ ထုတ်လုပ်မှုအား စောင့်ကြည့်စစ်ဆေးခြင်း ဖြစ်သည်။ ယင်းသည် တိကျမှန်ကန်သော တွင်းဝခွန် ပေးဆောင်မှုအတွက် မရှိမဖြစ် အရေးပါသည်။ နိုင်ငံအတော်များများအနေဖြင့် ၎င်းတို့၏ ဥပဒေပြဋ္ဌာန်းမှုတွင် ကုမ္ပဏီများ၏ ထုတ်လုပ်မှုအစီရင်ခံစာများအား လက်ခံစစ်ဆေးသည့် ဌာနကို ထည့်သွင်းရေးဆွဲထားသော်လည်း အစီရင်ခံစာပါ အချက်အလက် မှန်ကန်ကြောင်း အတည်ပြုစစ်ဆေးသည့် လုပ်ငန်းစဉ် ထည့်သွင်းရန် ပျက်ကွက်လေ့ရှိသည်။

ဗဟိုချုပ်ကိုင်မှုလျော့ချမှု အဆင့်အမြင့်ဆုံး ပုံစံဖြစ်သော ဩစတြေးလျတွင် ပြည်နယ်နှင့် ဒေသဆိုင်ရာ အစိုးရများသည် ကုမ္ပဏီများ၏ ကိုယ်တိုင်အစီရင်ခံသော ထုတ်လုပ်မှု အချက်အလက်များကို ရယူ၍ ကုန်းတွင်း သယံဇာတလုပ်ငန်းများ ဆောင်ရွက်မှုအတွက် တွင်းဝခွန် မည်၍မည်မျှ ပေးဆောင်ရမည်ကို တွက်ချက်သည်။ [၁၁၂] ပြည်နယ်နှင့် ဒေသဆိုင်ရာ အစိုးရများအနေဖြင့် အချက်အလက်များ ခိုင်မာမှုရှိရန်အတွက် အပြည့်အဝ တာဝန်ရှိသည်။ [၁၁၃] ဆန့်ကျင်ဘက်အားဖြင့် အင်ဒိုနီးရှားနိုင်ငံတွင် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု သို့မဟုတ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဖြစ်ခြင်းပေါ်မူတည်၍ ထွက်ရှိသည့် ပမာဏ၊ အမျိုးအစား နှင့် အရည်အသွေးတို့အား စောင့်ကြည့်စစ်ဆေးမှုကို နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရတို့ အကြား တာဝန်ခွဲဝေယူရမည်ဟု ၂၀၀၉ ခုနှစ် သတ္တုတွင်းနှင့် ကျောက်မီးသွေး တူးဖော်ထုတ်လုပ်မှု ဥပဒေတွင် ဖော်ပြထားသည်။ ဖိလစ်ပိုင်နိုင်ငံတွင် သတ္တုတွင်းကုမ္ပဏီများထံမှ ထုတ်လုပ်မှု အစီရင်ခံစာ

---

၁၀၉ NRGI and UNDP, *Revenue Sharing.*

၁၁၀ Intan Farhana Zainul, "Sarawak to Set Up Own Oil Company Amid Ongoing Talks with Petronas," *The Star,* 5 September 2017.

၁၁၁ Government of the Philippines, *1995 Mining Act* (1995).

၁၁၂ Geoscience Australia, *Minerals and Petroleum in Australia: A Guide for Investors* (2015).

၁၁၃ Government of Western Australia, Department of Mines and Petroleum, "Petroleum Royalties," accessed 16 November 2017, www.dmp.wa.gov.au/Petroleum/Royalties-1578.aspx.

များအား ကုန်ပစ္စည်းအမျိုးအစားပေါ် မူတည်၍ Mines and Geoscience Bureau (MGB) မှ အဆင့်ဆင့် ကောက်ခံယူသည်။ MGB ၏ ဗဟိုဌာန၊ ဒေသဆိုင်ရာနှင့် စီရင်စုဆိုင်ရာ ဒါရိုက်တာများ အနေဖြင့် မတူညီသော အစီရင်ခံစာအမျိုးမျိုးကို ကောက်ခံယူသည်။ သို့သော်လည်း ပြည်တွင်းအဆင့် လုပ်ငန်းဆောင်ရွက်မှုများအတွက် ဒါရိုက်တာများအား MGB ဗဟိုဌာနမှ ခန့်အပ်သလို ဗဟိုဌာနသို့ တိုက်ရိုက် တာဝန်ခံမှုလည်း ရှိရသည်။ [၁၁၄]

## မြန်မာနိုင်ငံအတွက် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များ

ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများသို့ သယံဇာတမှ ဘဏ္ဍာငွေ ခွဲဝေပေးရေး၊ လုပ်ပိုင်ခွင့် တိုးမြင့်ပေးရန်အတွက် ဆွေးနွေးရာတွင် အောက်ဖော်ပြပါ အကြံပြု ထောက်ခံချက်များကို ထည့်သွင်းစဉ်းစားသင့်သည်။

- **ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်အား ပါဝင်ပက်သက်သူအားလုံး သဘောဆန္ဒဖြင့် ခွဲဝေပေးခြင်း ။ ။** ယခုလက်ရှိတွင် ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် အစီအစဉ်တကျ မဟုတ်ဘဲ လတ်တလော အခြေအနေများအလိုက် ဖြစ်ပေါ်နေသည်။ ယင်းအစား မည်သည့်အခွန်အမျိုးအစားအား ပြည်နယ်အဖွဲ့စည်းများမှ တိုက်ရိုက် နှုန်းထားသတ်မှတ်ခြင်း သို့မဟုတ် ကောက်ခံယူခြင်း ပြုလုပ်နိုင်ကြောင်းကို အများဆန္ဒ ရယူဆောင်ရွက်သင့်သည်။ (အဆိုပါ ထည့်သွင်းစဉ်းစားသင့်သည့် အချက်များကို NRGI မှ ထုတ်ဝေသည့် Sharing the Wealth: A Roadmap for Distributing Myanmar's Natural Resource Revenues တွင် အသေးစိတ် ဆွေးနွေးထားသည်။ ပြည်နယ်နှင့် ဒေသများအား အခွန်တော်ငွေကောက်ခံခွင့် တိုးမြှင့်ပေးအပ်ပါက ရင်းနှီးမြှုပ်နှံသူများထံမှ အခွန်များ အပြည့်အဝရရှိရန်အတွက် ဗဟိုအဆင့်နှင့် ပြည်နယ်အဆင့်ကြား ညှိနှိုင်းမှုများ ရှိနေစေရန် ဆောင်ရွက်ထားရမည်။ နိုင်ငံတစ်ဝှမ်းလုံးတွင်လည်း ရှင်းလင်း စနစ်ကျသည့် ဘဏ္ဍာရေးစနစ်များ အသင့်ဖြစ်အောင် ပြင်ဆင်ထားရမည်။
- **အခွန်တော် ကောက်ခံမှုအတွက် စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း ။ ။** အထူးသဖြင့် ထုတ်လုပ်မှုအား စောင့်ကြည့်စစ်ဆေးရန်အတွက် နည်းပညာပိုင်းဆိုင်ရာ အဆင့်မြင့် နည်းစပ်ကျွမ်းကျင်မှု လိုအပ်သည်။ အခွန်တော်ကောက်ခံမှု တာဝန်ယူထားရသည့် ပြည်ထောင်စု အဖွဲ့အစည်းများသည် စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ အားနည်းချက်များရှိပါက အခွန်တော်များ မကောက်ခံနိုင်သည့် အခြေအနေကို ဦးတည်စေသည်။ ပြည်နယ် Stakeholders များအား လုပ်ပိုင်ခွင့် ပိုမိုပေးရေး လုပ်ဆောင်ရာတွင် ၎င်းတို့၏ တာဝန်များအား ကျေပွန်စွာ ထမ်းဆောင်ရန်အတွက် စွမ်းဆောင်ရည်ရှိနေစေရန် ဆောင်ရွက်ဖြည့်တင်းပေးမည့် အစီအစဉ်များနှင့် တပါတည်း ဆောင်ရွက်ရန် လိုအပ်သည်။
- **အခွန်တော် စီမံခန့်ခွဲမှုအတွက် စွမ်းရည် မြှင့်တင်ပေးခြင်း ။ ။** အနာဂတ်တွင် ပြည်နယ် နှင့် ဒေသဆိုင်ရာ အစိုးရများမှ အခွန်တော်အား တိုက်ရိုက် ကောက်ခံနိုင်မည်ဆိုပါက (သို့မဟုတ်ပါက ပြည်ထောင်စုအစိုးရထံမှ အခွန်တော် ပိုမိုလွှဲပြောင်းပေးမှုကို လက်ခံရရှိမည်ဆိုပါက) အဆိုပါ အခွန်တော်ငွေကြေးများအား စီမံခန့်ခွဲရန်အတွက် စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းဖြင့် အကျိုးရှိလာနိုင်သည်။ ယင်းအပြင် ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များ၏ အသုံးစရိတ် ဆုံးဖြတ်ချက်များအား ကြည့်ရှုစစ်ဆေးနိုင်ရန်နှင့် ဆုံးဖြတ်ချက်ချမှတ်သူများအား တာဝန်ခံမှုရှိအောင် ဆောင်ရွက်နိုင်ရန် ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးရန် လိုအပ်သည်။
- **အခွန်တော် ကောက်ခံရရှိမှု နှင့် အသုံးစရိတ် ကိုက်ညီမှုရှိအောင် ဆောင်ရွက်ခြင်း ။ ။** တစ်ဖက်တွင် အခွန်တော်များအား အကျိုးမဲ့စွာ သုံးစွဲမှု သို့မဟုတ် အခြားတစ်ဖက်တွင် ညံ့ဖျင်းသော ဝန်ဆောင်မှုများပေးခြင်းမှ ကာကွယ်ရန်အတွက် ပြည်နယ်အစိုးရများမှ ကောက်ခံသော အခွန်တော်များနှင့် အသုံးစရိတ် လုပ်ပိုင်ခွင့်များ ကိုက်ညီအောင် ဆောင်ရွက်သင့်သည်။ လက်ရှိတွင် ပြည်နယ် နှင့် ဒေသအစိုးရများ၏ ဝန်ဆောင်မှုများ ထောက်ပံ့ပေးရေး လုပ်ပိုင်ခွင့်များမှာ အကန့်အသတ်ဖြင့်သာ ရှိနေပြီး၊ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သည့်အခါ လက်ရှိ နိုင်ငံတော်ဘက်ဂျက်မှတစ်ဆင့် ဆောင်ရွက်နေသော အရေးပါသည့် ဝန်ဆောင်မှုများကို မထိခိုက်စေဘဲ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မှု လုပ်ဆောင်ရန် သတိပြုသင့်သည်။

---

၁၁၄ Government of the Philippines, *The Implementing Rules and Regulations of the Philippine Mining Act of 1995* (2010).

- **ပြည်နယ်အခွန်တော်များအား မည်သူများက လက်ခံရယူသင့်သည်ကို ဆုံးဖြတ်ခြင်း** ။ ။ အများအားဖြင့် ပြည်နယ်နှင့် တိုင်းအဆင့် အစိုးရများအား အခွန်တော်များ လက်ခံရယူသူများအဖြစ် သတ်မှတ်နိုင်သော်လည်း အခြားနိုင်ငံများတွင် အခွန်တော်များအား ရေးအစဉ်အလာအတိုင်း ဆက်ခံလာသည့် အုပ်ချုပ်ရေး အာဏာပိုင်များ၊ မြူနီစီပယ်များ နှင့် မြေပိုင်ရှင်များအား လွှဲပြောင်းပေးမှုများကိုလည်း ပြုလုပ်ကြသည်။ အစိုးရများအနေဖြင့် နိုင်ငံသားများထံသို့ တိုက်ရိုက် လွှဲပြောင်းပေးမှုများကိုပင် ပြုလုပ်နိုင်သည်။ သာဓကအနေဖြင့် Alaska တွင် အမြဲတမ်းနေထိုင်သည့် နိုင်ငံသားတိုင်းသည် ရေနံတွင်းဝခွန်များမှ ငွေကြေး မတည် ထောက်ပံ့ပေးသည့် Alaska Permanent Fund မှ နှစ်စဉ်အစုပေါ် အမြတ်ကို လက်ခံရရှိသည်။ အထက်ပါ သာဓကများကို မြန်မာနိုင်ငံတွင် ကျင့်သုံးနိုင်သော်လည်း အခွန်တော်လွှဲအပ်မှုကို ကောင်းမွန်စွာ ရေရှည်စီမံခန့်ခွဲနိုင်သည့် အစိုးရအဖွဲ့အစည်းများကိုသာ ပေးသင့်သည်။

## ၆။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု

### ဘာကြောင့် အရေးပါသလဲ။

သယံဇာတ တူးဖော်ထုတ်လုပ် ဆောင်ရွက်မှုများအနေဖြင့် သဘာဝပတ်ဝန်းကျင်အပေါ် ကြီးမားသော အကျိုးသက်ရောက်မှုများ ရှိနိုင်သည်။ အထူးသဖြင့် သတ္တုတွင်းတူးဖော်မှုတွင် သဘာဝပတ်ဝန်းကျင်အပေါ် သိသာသည့် အကျိုးသက်ရောက်မှုများရှိသလို လူသားကျန်းမာရေး နှင့် အသက်မွေးဝမ်းကျောင်းမှုများအား ပြင်းထန်သည့် ဆိုးကျိုးများ ပေးနိုင်သကဲ့ သို့တိရိစ္ဆာန်နှင့် အပင်များအား သေကြေပျက်စီးစေမှုတို့ဖြစ်ပွား လေ့ရှိသည်။ ထို့ကြောင့် ကုမ္ပဏီများအနေဖြင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်ပျက်စီးစေမှုအား တတ်နိုင်သမျှ လျှော့ချရန်နှင့် ရှောင်လွှဲ၍မရသော ဆိုးကျိုးသက်ရောက်မှုများကို လျော့ချနိုင်ရန် လိုက်နာ ဆောင်ရွက်ရမည့် စီမံချက်များ ထားရှိရန် လိုအပ်သည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများကို တာဝန်သိစွာ စီမံခန့်ခွဲနိုင်ရန်အတွက် အစိုးရ သည် ကနဦးအနေဖြင့် သဘာဝပတ်ဝန်းကျင် စံချိန်စံညွှန်းများကို ဖော်ဆောင်ပေးနိုင်သည့် ခိုင်မာအား ကောင်းသည့် ဥပဒေမူဘောင်တစ်ရပ်ကို ပြဋ္ဌာန်းရန် လိုအပ်သည်။ ထို့နောက် စီမံကိန်းများအား လုပ်ကိုင် ဆောင်ရွက်ခွင့်လိုင်စင် မချပေးမီ တူးဖော်ထုတ်လုပ် ဆောင်ရွက်မှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုး သက်ရောက်မှုများကို အကဲဖြတ် ဆန်းစစ်နိုင်ရန်အတွက် ယင်းဥပဒေမူဘောင်အား အခြေခံမူဘောင်အဖြစ် အသုံးပြုသင့်သည်။ ယေဘုယျအားဖြင့် ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု အကဲဖြတ်သုံးသပ်မှု များ (EIAs) နှင့် တွဲဖက်စီမံခန့်ခွဲမှု အစီအစဉ် လုပ်ဆောင်ခြင်းများ ပြုလုပ်နိုင်သည်။[၁၁၅] တူးဖော်ထုတ် လုပ်မှုလုပ်ငန်းများ စတင်သည်နှင့်တစ်ပြိုင်နက် အစိုးရများအနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံနှုန်း များအား ကုမ္ပဏီများမှ လေးစားလိုက်နာမှု ရှိမရှိအား စောင့်ကြည့်စစ်ဆေးမှုကို ပြုလုပ်သင့်သလို လိုအပ် ပါက စံနှုန်းများအား ပြန်လည်ပြုပြင်မှုများနှင့် ပြစ်ဒဏ်ချမှတ်မှုကို လုပ်ဆောင်သင့်သည်။

နိုင်ငံအတော်များများတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ ပြည်နယ်/ဒေသမှ Stakeholders များ ပါဝင်နိုင်ရန်အတွက် တောင်းဆိုမှုအများအပြား ရှိနေသည်။ အဆိုပါတောင်းဆိုမှု များ၏ နောက်ကွယ်မှ အကြောင်းရင်းမှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆုတ်ယုတ်ပျက်စီးမှုများကြောင့် တိုက်ရိုက်သက်ရောက်မှုများကို တွေ့ကြုံခံစားရသည့် အဆိုပါ Stakeholders များအနေဖြင့် တူးဖော် ထုတ်လုပ်ဆောင်ရွက်မှုများ မစတင်မီ ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှု များအား ဖော်ထုတ်ခြင်းနှင့် စည်းကမ်းကြပ်မတ်ခြင်းများ လုပ်ဆောင်ရာတွင် အဓိက အခန်းကတစ်ရပ်မှ ပါဝင်သူဖြစ်ပါက အကျိုးများနိုင်သောကြောင့်ဖြစ်သည်။ နောက်တစ်ချက်အနေဖြင့် ဖြည့်စွက်ရမည်ဆိုလျှင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုသည် ဒေသခံများ၏ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းမှု များအတွက် အကာအကွယ်ပေးနိုင်သည်ဟု ဒေသခံများ ယုံကြည်မှုရှိလာစေရန် Stakeholders များ အားလုံး သေချာစွာ ဆောင်ရွက်သင့်သည်။

သို့ရာတွင် လုပ်ပိုင်ခွင့် တာဝန်ယူမှုများ ခွဲဝေပေးရာတွင်လည်း စိန်ခေါ်မှုများ ရှိနေသည်။ EIAs, EMP များစစ်ဆေးခြင်းနှင့် စည်းကမ်းကြပ်မတ်ခြင်းတို့ လုပ်ဆောင်ရာတွင် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှု လိုအပ်ပြီး ယေဘုယျအားဖြင့် ပြည်နယ်/ဒေသအဆင့်တွင် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှု လိုအပ် ချက် ရှိကြသည်။ မိမိတို့၏ တာဝန်ဝတ္တရားများအား ကျေပွန်အောင် ဆောင်ရွက်နိုင်မှုမရှိသည့် ပြည်နယ် အဖွဲ့အစည်းများသို့ လုပ်ပိုင်ခွင့် အခွင့်အာဏာများ လွှဲအပ်ပေးခြင်းဖြင့် ညံ့ဖျင်းသော လုပ်ငန်းဆောင် ရွက်ချက်များ ဖြစ်လာနိုင်ချေ ပိုများလာစေသည်။ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးမှုများသည် ပြည် နယ် နယ်နိမိတ်များကို ကျော်လွန်၍ ဖြစ်ပေါ်တတ်သည်။ (အထူးသဖြင့် ရေကြောင်းများ ညစ်ညမ်းသွား ပါက) ထို့ကြောင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးမှုများသည် ပြည်နယ် သို့မဟုတ် ဒေသတစ်ခုတည်း အတွက်သာ အလေးအနက်ထား စဉ်းစားရမည့်အချက် မဟုတ်ပါ။ အဆိုပါအခက်အခဲ လျော့ပါးသက်သာ စေရန်အတွက် နိုင်ငံတစ်ဝန်းတွင် အခြေခံ ဘုံစံနှုန်းများအား ပြဋ္ဌာန်းရမည်ဖြစ်သည်။ ဖက်ဒရယ်စနစ်တွင် ဗဟိုအစိုးရအား သဘာဝ ဝန်းကျင်ဆိုင်ရာ ကိစ္စများတွင် ဝင်ရောက်ကြပ်မတ်ရန် အခြေခံဥပဒေအရ အာဏာပေးထားခြင်း မရှိသဖြင့် ဗဟိုအစိုးအရအနေဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ သဘောတူညီချက်များတွင် ပါဝင်ပက်သက်ရန် ပိုမိုခက်ခဲစေနိုင်သည်။

---

၁၁၅ In many countries, these are more broadly defined as environmental and social impact assessments (ESIAs) and also include a review of social impacts as well as preparation of corresponding management plans.

## မြန်မာနိုင်ငံ၏ လက်ရှိအနေအထား

မြန်မာနိုင်ငံ၏ သယံဇာတ ကဏ္ဍသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်ချက်များနှင့် ကြုံတွေ့လျက်ရှိသည်။ ဥပမာ – ရွှေတူးဖော်မှု လုပ်ငန်းများတွင် အန္တရာယ်ရှိသော မာကျူရီ သို့မဟုတ် ဆိုင်ယာနိုက် အသုံးပြုမှုကြောင့် မြေမျက်နှာပြင်နှင့် မြေအောက်ရေ ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည်။ [၁၁၆] ကျောက်စိမ်းကဏ္ဍတွင် မမှန်ကန်သော တူးဖော်မှုဒီဇိုင်းနှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု ညံ့ဖျင်းခြင်းတို့ကြောင့် လူပေါင်းများစွာ သေကြေပျက်စီးစေခဲ့သည့် မြေပြိုခြင်းများနှင့် ရေကြီးမှုများ အပါအဝင် ပြင်းထန်သော သဘာဝဘေးအန္တရာယ်များကိုလည်း တွေ့ကြုံခဲ့ရပြီးဖြစ်သည်။ [၁၁၇]

အဆိုပါ စိန်ခေါ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် မကြာသေးမီနှစ်များအတွင်း ပြည်ထောင်စုအစိုးရမှ ဥပဒေသစ်များနှင့် စည်းမျဉ်းများကို ပြဋ္ဌာန်းခဲ့သည်။ အဆိုပါ ပြုပြင်ပြောင်းလဲမှုများတွင်လည်း ပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းများကို သတ်မှတ်ပြဋ္ဌာန်းခြင်းနှင့် အကောင်အထည်ဖော်ခြင်းကိုပြည်ထောင်စုအစိုးရမှ တာဝန်ယူထားဆဲ ဖြစ်သည်။ လုပ်ငန်း အကောင်အထည်ဖော်မှု အဆင့်တွင် ပြည်နယ်/တိုင်းအစိုးရများ၏ ပါဝင်မှုအချို့ ရှိသော်လည်း ၎င်းတို့၏ အခန်းကဏ္ဍအား ရှင်းလင်းတိကျသော လမ်းညွှန်မှုမရှိဘဲ ယေဘုယျအားဖြင့် အဆင်သင့်သလို ဆောင်ရွက်နေရသည်။ ဥပဒေမူဘောင်အား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း အားနည်းနေသေးသည်။ [၁၁၈]



ကချင်ပြည်နယ် တနိုင်းမြို့နယ်ရှိ ပယင်းတွင်းတစ်ခု

ဓါတ်ပုံ – ခွန်လတ်

### သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေမူဘောင်

လက်ရှိအချိန်တွင် ပြည်ထောင်စုအစိုးရသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒများနှင့် ဥပဒေများကို ငါးနှစ်တာကာလအတွင်း ပြန်လည်သုံးသပ်မှုပြုလုပ်မှု ပြီးဆုံးတော့မည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကို ၂၀၁၂ ခုနှစ်တွင် ပြန်လည်ပြင်ဆင် မွမ်းမံခဲ့ပြီး နောက်ဆက်တွဲအနေဖြင့် MONREC မှလည်း ၂၀၁၃ ခုနှစ်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး နည်းဥပဒေကို သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။ ထို့နောက် ၂၀၁၆ ခုနှစ်တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးစံချိန်စံညွှန်းများ (EQS) နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှု အကဲဖြတ် ဆန်းစစ်ချက် လုပ်ငန်းစဉ်များလည်း ထွက်ရှိလာခဲ့သည်။ အဆိုပါဥပဒေများတွင် အောက်ပါအချက်များအား အသေးစိတ်ထည့်သွင်းဖော်ပြထားသည်။

---

၁၁၆ Myanmar Centre for Responsible Business, *Myanmar Mining Sector Wide Impact Assessment.*

၁၁၇ Global Witness, *Jade: Myanmar's 'Big State Secret.'*

၁၁၈ Myanmar Centre for Responsible Business, *Myanmar Mining Sector Wide Impact Assessment.*

- EIA နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ် (EMP) လုပ်ဆောင်ရန် လိုအပ်သော လုပ်ငန်းအမျိုးအစားများ

- EIA တွင် အကဲဖြတ် ဆန်းစစ်ရမည့် လုပ်ငန်းအမျိုးအစားများ နှင့် EMP တွင် ထည့်သွင်းစဉ်းစားရမည့် လုပ်ငန်းအမျိုးအစားများ

- ဆူညံသံ၊ လေထုတွင်းသို့ ထုတ်လွှတ်မှု နှင့် အရည်စွန့်ပစ်မှုဆိုင်ရာ စံချိန်စံညွှန်းများ (EQS)

- EIA နှင့် EMP အတွက် ပြင်ဆင်ဆောင်ရွက်မှုများ၊ တင်ပြခြင်း၊ အကဲဖြတ် ဆန်းစစ်ခြင်း နှင့် သဘောတူ ခွင့်ပြုချက်များအတွက် လုပ်ငန်းစဉ်များ

- တာဝန်ယူဆောင်ရွက်ပေးရမည့် အစိုးရအဖွဲ့အစည်းများ ဖော်ထုတ်သတ်မှတ်ထားခြင်း

- စည်းကမ်းများ လိုက်နာမှုမရှိပါက ပြစ်ဒဏ်များ ချမှတ်ခြင်း နှင့် ထုတ်ပြန်မှုလုပ်ဆောင်ရန် သတ်မှတ်ချက်များ

## သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အတည်ပြုမှုပေးခြင်း

မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေမူဘောင်များအရ MONREC ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ရေးဌာန ECD သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အတည်ပြုချက်များ ပေးရန်အတွက် အပြည့်အဝ တာဝန်ရှိသည်။ အဆိုပါအချက်တွင် ကနဦး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စူးစမ်းလေ့လာမှုများ IEEs ၊ EIAs နှင့် EMPs များအား ပြန်လည်သုံးသပ် စစ်ဆေးခြင်းလည်းပါဝင်သည်။ ECD သည် EIAs အား အများပြည်သူ သိရှိအောင် ဆောင်ရွက်ရမည်ဖြစ်သလို ဒေသန္တရအဆင့်တွင် ဆွေးနွေးညှိနှိုင်းမှုများအား စီစဉ်ဆောင်ရွက်ခြင်းအားဖြင့် ပြည်နယ်/ဒေသအဆင့်မှ ပါဝင်ဆောင်ရွက်မှု ရှိလာရန် လုပ်ဆောင်ရသည်။ ယင်းအပြင် EIA လုပ်ငန်းစဉ်၏ အခန်း ၅ တွင် EIA ပြင်ဆင်မှုအတွက် ကုမ္ပဏီများအနေဖြင့် နိုင်ငံတော်၊ တိုင်းဒေသ၊ ပြည်နယ်နှင့် ဒေသန္တရအဆင့် အစိုးရအာဏာပိုင်များနှင့် တိုင်ပင်ဆွေးနွေးရန် လိုအပ်ပြီး ၎င်းတို့၏အမြင်များကို ထည့်သွင်းစဉ်းစားရန်လိုအပ်သည်ဟု ဖော်ပြထားသည်။ [၁၁၉] MONREC သည် လက်ရှိအချိန်တွင် EIA လုပ်ငန်းစဉ်၌ အများပြည်သူ ပါဝင်လာနိုင်ရေးအတွက် လမ်းညွှန်ချက်များ ပြင်ဆင်နေပြီး ပဋိပက္ခများကြောင့် အကျိုးသက်ရောက်မှုရှိနေသောနေရာများတွင် ဆွေးနွေးတိုင်ပင်မှုအတွက် အသေးစိတ်လုပ်ငန်းစဉ်များလည်း ပါဝင်သည်။[၁၂၀] သို့သော် EIAs နှင့် စီမံခန့်ခွဲမှု အစီအစဉ်များအား ဖွင့်ချခြင်း နှင့် လက်တွေ့ဆောင်ရွက်ရာတွင် အားနည်း ချို့ယွင်းချက်များ ရှိသည်။ [၁၂၁]

## သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြည့်စစ်ဆေးခြင်း

တူးဖော်ထုတ်လုပ်မှု စီမံကိန်းများ စတင်ဆောင်ရွက်သည်နှင့် ECD သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆောင်ရွက်မှုများကို စောင့်ကြပ်စစ်ဆေးရသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေနှင့် EIA လုပ်ငန်းစဉ်များတွင် IEEs နှင့် EIAs စည်းကမ်းများ ကြပ်မတ်ရန်အတွက် အထူး အခွင့်အာဏာတစ်ရပ်ကို ပေးထားသည်။ အဆိုပါအချက်တွင် သယံဇာတတူးဖော်သည့် ကုမ္ပဏီများမှ ပြုစုထားသည့် စည်းမျဉ်းဥပဒေများ လေးစားလိုက်နာမှုဆိုင်ရာ နှစ်ဝက် အစီရင်ခံစာများအား ပြန်လည်ဆန်းစစ်သုံးသပ်ခြင်းလည်း ပါဝင်သည်။ [၁၂၂] အစိုးရမှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကြိုတင်ကာကွယ်မှုများကို အားပေးဆောင်ရွက်နေသော်လည်း အချိန်နှင့်တပြေးညီ အကောင်အထည်ဖော် ဆောင်ရွက်မှုအပိုင်းတွင် ချို့ယွင်းအားနည်းချက်များကို ကြုံတွေ့နေရသည်။ အင်တာဗျူး ဖြေကြားသူများက ECD ၏ စောင့်ကြည့်

၁၁၉ Republic of the Union of Myanmar, *Environmental Impact Assessment Procedures* (2016).

၁၂၀ Vermont Law School, *Draft Guideline on Public Participation in Myanmar's EIA Process* (31 May 2017).

၁၂၁ Natural Resource Governance Institute, *2017 Resource Governance Index.*

၁၂၂ Environmental Conservation Department website, "Monitoring," accessed 16 November 2017, www.ecd.gov.mm/?q=node/387.

စစ်ဆေးခြင်း စွမ်းဆောင်ရည်မှာ အားနည်းသည်ဟု မှတ်ချက်ပြုကြသည်။ လူအများ ပြောဆိုချက်အရ ထောင်ပေါင်းများစွာသော ဝန်ထမ်းများအား နိုင်ငံတစ်ဝန်းတွင် အလုပ်ခန့်အပ်ခြင်း အပါအဝင် ပြည်နယ်နှင့် ဒေသအဆင့်တွင် ECD ၏ လွှမ်းခြုံမှုကို ပိုမိုတိုးတက် ကောင်းမွန်လာစေရန်အတွက် အစီအစဉ်များ ရှိနေပြီဟု သိရသည်။ ဝန်ထမ်းခန့်ထားသောနှုန်းနှင့် ကိုက်ညီသည့် သင်တန်းပေးစွမ်းရည်မြှင့်တင်မှုများ ပြုလုပ်ခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာကို အဆိုးဆုံး ရင်ဆိုင်နေရသည့် ဒေသများတွင် တူးဖော်ရေးလုပ်ငန်းများ စောင့်ကြည့်ခြင်းကို ဦးစားပေး ဆောင်ရွက်နိုင်ရန် နည်းပညာပိုင်းဆိုင်ရာ စွမ်းရည်ဖြည့်တင်းမှုများ ပြုလုပ်သည့်လက္ခဏာ အနည်းအကျဉ်းသာ တွေ့ရသည်ဟု မေးခွန်းဖြေကြားသူများက မှတ်ချက်ချသည်။

ECD အနေဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များအတွက် အဓိက အခန်းကဏ္ဍမှ တရားဝင် တာဝန်ယူဆောင်ရွက်နေသော်လည်း စောင့်ကြည့်စစ်ဆေးမှု တာဝန်များတွင် မရှင်းလင်းသည့် အချက်များလည်း ရှိနေသည်။ ဥပမာ – သတ္တုတွင်း စည်းမျဉ်းစည်းကမ်းသစ်များ မူကြမ်း နှင့် ကျောက်မျက်ဥပဒေသစ်ကို NRGI မှ ဆန်းစစ်သုံးသပ်ထားချက်အရ MONREC ၏ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အား ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များအပါအဝင် သတ္တုတွင်းများအား စစ်ဆေးရေး အကြီးအကဲအဖြစ် ဖော်ပြထားသည်ကို တွေ့ရသည်။ အဆိုပါအချက်မှာ ECD အား သတ်မှတ်ခွဲဝေပေးထားသည့် လုပ်ငန်းတာဝန်များနှင့် မည်သို့ ဆက်စပ်သည်မှာ မရှင်းလင်းပေ။ (ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများအား အပြီးသတ် ဆောင်ရွက်နေဆဲဖြစ်သည့်အတွက် အဆိုပါအချက်အား ရှင်းလင်းရန် အစီအစဉ်များ ရှိမရှိကိုလည်း မသိရပေ)။ နိုင်ငံပိုင် လုပ်ငန်းများအနေဖြင့်လည်း အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်နိုင်သည်။ အင်တာဗျူး ဖြေကြားသူများ၏ ပြောကြားချက်များအရ ဥပမာအားဖြင့် ကျောက်မျက်အခန်းကဏ္ဍတွင် MGE သည် ECD ထက် သိသာထင်ရှားသော အနေအထားတစ်ရပ်တွင် ဆက်လက်ရပ်တည်နေပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များအတွက် ကျောက်မျက်ကုမ္ပဏီများသို့ အကြောင်းကြားစာ အများအပြားကိုလည်း ထုတ်ပြန်ခဲ့သည်။

ပြည်နယ်နှင့် တိုင်းအစိုးရတို့မှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြည့်ထိန်းသိမ်းမှု လုပ်ငန်းအချို့ကို ဆောင်ရွက်နေသည်ဟု ဖော်ပြထားသည့် အစီရင်ခံစာများရှိသည်။ ၂၀၁၆ ခုနှစ်တွင် စွန့်ပစ်ပစ္စည်းများအား စီမံခန့်ခွဲမှု ညံ့ဖျင်းသောကြောင့် ကျောက်စိမ်းတွင်းနှစ်ခုအား ပိတ်ရန် စစ်ကိုင်းတိုင်းဝန်ကြီးချုပ်က အမိန့်ချမှတ်ခဲ့သည်။ [၁၂၃] သို့သော်လည်း ပြည်နယ်/ဒေသအဆင့် လုပ်ငန်းတာဝန်များသည် ECD နှင့် သတ္တုတွင်းဌာန၏ တရားဝင် တာဝန်များနှင့် မည်သို့ ဆက်နွယ်မှုရှိသည်ကို ဥပဒေမူဘောင်တွင် ရှင်းလင်းစွာ ဖွင့်ဆိုထားခြင်း မရှိပါ။

## ကမ္ဘာတစ်ဝန်းမှ လက်တွေ့လုပ်ဆောင်မှု/လုပ်ထုံးနည်းနာများအား လေ့လာခြင်း

မိမိတို့ စစ်တမ်းကောက်ယူသည့် နိုင်ငံအတော်များများတွင် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေမူဘောင် တစ်ရပ်ကို နိုင်ငံတော်အဆင့်က ရေးဆွဲထားကြသည်။ သို့ရာတွင် လုပ်ငန်း အကောင်အထည်ဖော်မှုနှင့် စောင့်ကြည့်စစ်ဆေးခြင်းတို့အတွက် ပြည်နယ်/ဒေသ ဆိုင်ရာမှ ပို၍ တာဝန်ယူသည်ကိုလည်း တွေ့ရသည်။ အထူးသဖြင့် EIA လုပ်ငန်းစဉ်တွင် ဒေသခံများ၏ ပတ်ဝန်းကျင်ဆိုင်ရာ အရေးကိစ္စများကို ထည့်သွင်းစဉ်းစားနိုင်စေရန် ပြည်နယ်/ဒေသအဆင့် Stakeholder များကို တရားဝင် အခန်းကဏ္ဍတစ်ရပ် ခွဲဝေချထားပေးကြသည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေမူဘောင်များကို နိုင်ငံတော်အစိုးရမှ ဆုံးဖြတ်ချမှတ်သော်လည်း လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်မှုအပိုင်းအတွက် ပြည်နယ်/ဒေသအဆင့် အဖွဲ့အစည်းများမှ တာဝန်ယူ ဆောင်ရွက်သည်ကို တွေ့ရသည်။

### သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အတည်ပြုချက်ပေးခြင်း

မိမိတို့ စစ်တမ်းကောက်ယူသည့် နိုင်ငံများတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေမူဘောင်များကို နိုင်ငံတော်စိုးရမှ ဆုံးဖြတ်ချမှတ်သော်လည်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုအပိုင်းအတွက် ပြည်နယ်/ဒေသအဆင့် အဖွဲ့အစည်းများမှ တာဝန်ယူဆောင်ရွက်သည်ကို တွေ့ရသည်။ ပြည်နယ်/ဒေသအဆင့် အစိုးရများအား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သဘောတူခွင့်ပြုချက်များ ချပေးနိုင်ခွင့် သို့မဟုတ် အဆိုပါလုပ်ငန်းစဉ်များတွင် ပြည်နယ်ဒေသဆိုင်ရာ အဖွဲ့အစည်းများမှ ညှိနှိုင်းတိုင်ပင်ပိုင်ခွင့်ကို ပေးထားခြင်းဖြင့် ပြည်နယ်အဆင့်ကို ပါဝင်စေသည်။ အိန္ဒိယနိုင်ငံတွင် နိုင်ငံတော်အဆင့် ပတ်ဝန်းကျင်ဆိုင်ရာ

၁၂၃ Kyaw Thu, *Government Official Shuts Down Two Jade Mining Companies in Northwest Myanmar* (17 August 2016).

ဥပဒေမူဘောင်တစ်ရပ် ရှိနေသော်လည်း သယံဇာတ တူးဖော်ထုတ်လုပ်မှု စီမံကိန်းများသည် ပြည်နယ်အဆင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းချုပ်ရေး ဘုတ်အဖွဲ့များ၏ သဘောတူ ခွင့်ပြုချက်ကိုလိုအပ်သည်။ [၁၂၄] မွန်ဂိုလီးယားတွင် (soum) ပြည်နယ်အုပ်ချုပ်ရေးမှူးများအား သတ္တုစမ်းသပ် ရှာဖွေရေး စီမံကိန်းများအတွက် ပတ်ဝန်းကျင်ဆိုင်ရာ ကြိုတင်ကာကွယ်မှု စီမံချက်များ လုပ်ဆောင်နိုင်ရန် တာဝန်ရှိသူအဖြစ် နိုင်ငံတော်ဥပဒေတွင် ပြဌန်းထားသည်။ ကုမ္ပဏီအနေဖြင့် ထုတ်လုပ်သည့်အပိုင်းကို တိုးတက်ဆောင်ရွက်လိုသည်ဆိုပါက ကုမ္ပဏီများ၏ သတ္တုတူးဖော်ထုတ်လုပ်မှု လိုင်စင်ကို ဗဟိုအစိုးရကတာဝန်ယူ ချပေးသည်။ [၁၂၅] အင်ဒိုနီးရှားတွင် ဗဟိုအစိုးရသည် EIA စည်းမျဉ်းစည်းကမ်းများနှင့်ဆက်နွယ်သည့် ကိစ္စရပ်များကို ထုတ်ပြန်သော်လည်း နိုင်ငံတော်အဆင့် စည်းမျဉ်းများအား ပိုမိုအားကောင်းစေရန် ဖြည့်စွက်ဆောင်ရွက် ကျင့်သုံးနိုင်ရန် ပြည်နယ်နှင့် ခရိုင်အဆင့်တွင် ပိုမိုတင်းကြပ်သော EIA စည်းမျဉ်းစည်းကမ်းများကို ချမှတ်ပြဌာန်းနိုင်သည်။ သတ္တုတွင်းကဏ္ဍတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာခွင့်ပြုချက် အမျိုးမျိုးအတွက် ခရိုင်၊ ပြည်နယ်နှင့် ဗဟိုအစိုးရ အာဏာပိုင်များအားလုံးတွင် လုပ်ပိုင်ခွင့် အခွင့်အာဏာများ ရှိသည်။ [၁၂၆]

ဩစတြေးလျနိုင်ငံ ပြည်နယ်အစိုးရများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ရေးဆွဲခြင်းနှင့် အတည်ပြုချက်ပေးရာတွင် ထိန်းချုပ်မှု အခွင့်အာဏာ အပြည့်အဝရှိသည်။ ယင်းသည် တွေ့ကြုံရခဲသော သာဓကတစ်ရပ်ပင် ဖြစ်သည်။ [၁၂၇] ဖက်ဒရယ်အစိုးရမှ ထိန်းသိမ်းထားသည့် ဧရိယာအတွက် ပတ်ဝန်းကျင်ဆိုင်ရာ ခွင့်ပြုချက်များ ထုတ်ပေးခြင်းကဲ့သို့သော နိုင်ငံတော်အဆင့် အရေးပါသည့် ကိစ္စရပ်များအတွက် စည်းကြပ်မှု အခွင့်အာဏာကို လက်ဝယ်ထားရှိသည်။ ထို့ပြင် နိုင်ငံတစ်ဝန်းပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းများကို အနိမ့်ဆုံး ထိန်းသိမ်းထားနိုင်ရန်အတွက်လည်း ဆောင်ရွက်သည်။ [၁၂၈]

ဥပဒေမူဘောင်များတွင် ပတ်ဝန်းကျင်ဆိုင်ရာ ခွင့်ပြုချက်ပေးသည့် လုပ်ငန်းစဉ်များ၌ ပြည်နယ်/ဒေသအဆင့် အဖွဲ့အစည်းများ၏ ပါဝင်မှုအတွက် သတ်မှတ်ပြဌာန်းချက်များ ပါဝင်လေ့ရှိသည်။ သို့သော်လက်တွေ့တွင် အမှန်တကယ် ပြည်နယ်အဆင့် စတိတ်ဟိုဒါများအပေါ် လုပ်ပိုင်ခွင့်လွှဲပေးမှု ရှိမရှိမှာ နိုင်ငံပေါ်မူတည်၍ ကွဲပြားကြသည်။ ဖိလစ်ပိုင်နိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်နိုင်ခြေရှိသော စီမံကိန်းအားလုံးအတွက် ဒေသန္တရအစိုးရ၏ ခွင့်ပြုချက် လိုအပ်သည်ဟု နိုင်ငံတော်ဥပဒေတွင် ပြဌာန်းထားသည်။ [၁၂၉] အပိုင်း (၃)တွင် ဆိုခဲ့သလို ယင်းအချက်သည် ပတ်ဝန်းကျင်ဆိုင်ရာ ခွင့်ပြုချက်များ ချပေးသည့်ဖြစ်စဉ်ကို သက်ရောက်စေခဲ့ပြီး ပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းပြချက်ဖြင့် ဒေသအများအပြားတွင် လိုင်စင်ထုတ်ပေးခြင်း လုပ်ငန်းစဉ်များ ရပ်တန့်ခြင်းတို့ကို ဖြစ်စေခဲ့သည်။ ၎င်းဖြစ်စဉ်တွင် ပွင့်လင်းမြင်သာမှု မရှိခြင်းနှင့် နိုင်ငံတော်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်းများက အကြောင်းခံအဖြစ် တစိတ်တပိုင်း ပါဝင်နေသည်။ ဒေသန္တရအဆင့် အစိုးရများမှ လိုင်စင်ချပေးသည့် လုပ်ငန်းစဉ်များအတွက် အတည်ပြုချက်ပေးရန် အခွင့်အာဏာရှိသော်လည်း သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှု ထုတ်ပြန်ချက်များမှာ နိုင်ငံတော်အစိုးရနှင့် ရင်းနှီးမြှုပ်နှံသူတို့သာ သိခွင့်ရှိသည့်အတွက် ပြည်နယ်/ဒေသဆိုင်ရာ အဖွဲ့အစည်းများအတွက် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုများကို ထိရောက်စွာ အကဲဖြတ် ဆုံးဖြတ်ရန် ခက်ခဲစေသည်။ [၁၃၀]

---

၁၂၄ Government of India, *Air Act* (1981); Government of India, *Water Act* (1974); Government of India, *Environment Act* (1986); Government of India, *Hazardous and Other Waste Rules* (2016); see also: Els Reynaers Kini, Tavinder Sidhu and Surender Pal Bhatia, "Environmental Law and Practice in India: Overview," *Thomson Reuters Practical Law,* 1 July 2017.

၁၂၅ Government of Mongolia, *Minerals Law.*

၁၂၆ Government of Indonesia, *Environmental Permit Regulations* (2012); Government of Indonesia, *Environmental Protection and Management Law* (2009).

၁၂၇ Geoscience Australia, *Minerals and Petroleum in Australia.*

၁၂၈ Government of Australia, *Environmental Protection and Biodiversity Conservation Act* (1999); Australian Government Department of Environment. *Fact sheet 1: What is the One-Stop Shop?*

၁၂၉ Government of the Philippines, *Local Government Act.*

၁၃၀ Smith and Rosenblum, *Enforcing the Rules.*

## သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းကမ်းများအား စောင့်ကြည့်ကြပ်မတ်ခြင်း

စောင့်ကြည့်စစ်ဆေးခြင်းမှာလည်း ပြည်နယ်/ဒေသဆိုင်ရာ အဖွဲ့အစည်းများမှ ပါဝင်နိုင်သည်။ ဖိလစ်ပိုင်၊ မွန်ဂိုလီးယား၊ အင်ဒိုနီးရှား နှင့် ဩစတြေးလျ နိုင်ငံများတွင် ပြည်နယ်/ဒေသဆိုင်ရာ အစိုးရများသည် စောင့်ကြည့်စစ်ဆေးနိုင်သည့် အခွင့်အာဏာ ရှိသည်။ မွန်ဂိုလီးယားနိုင်ငံတွင် ပြည်နယ်/ဒေသအဆင့် အဖွဲ့အစည်းများအနေဖြင့် ချမှတ်ထားသော စည်းမျဉ်းစည်းကမ်း၊ စံနှုန်းများအား ကုမ္ပဏီမှ လေးစားလိုက်နာရန် ပျက်ကွက်ခဲ့လျှင် ပြစ်ဒဏ်များ ချမှတ်ခွင့်ရှိသည်။ တစ်ပြည်ထောင်နိုင်ငံတစ်ခုတွင် ထိုသို့ အခွင့်အရေးပေးထားခြင်းသည် ရှားပါးသော သာဓကတစ်ခုဖြစ်သည်။ သတ္တုတွင်း ကုမ္ပဏီတစ်ခုမှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းများအား ချိုးဖောက်သည်ကို တွေ့ရလျှင် soum သို့မဟုတ် aimag သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးက သယံဇာတ ရှာဖွေခြင်းများ နှင့် တူးဖော်ထုတ်လုပ်မှုများကို တားဆီးပိုင်ခွင့် ရှိသည်။ [၁၃၁]

### လေးထောင့်ကွက် (၁၀) ပီရူးနိုင်ငံ၏ ပူးပေါင်းပါဝင် စောင့်ကြည့်စစ်ဆေးခြင်းဖြစ်စဉ်

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြည့်စစ်ဆေးခြင်း တာဝန်ယူထားသည့် အစိုးရအဖွဲ့အစည်းများ အပြင် ဥပဒေမူဘောင်အပြင်ဘက်မှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် တစ်သီးပုဂ္ဂလများလည်း ပါဝင်နိုင်သည်။ အစိုးရ သို့မဟုတ် ကုမ္ပဏီ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြည့်စစ်ဆေးခြင်း အစီရင်ခံစာများကို အများပြည်သူ သိရှိစေရန် ထုတ်ပြန်ရမည်ဖြစ်ပြီး သို့မှသာ လွတ်လပ်ပြီး အနှောင်အဖွဲ့ကင်းသော စိစစ် စစ်ဆေးခြင်း ဖြစ်လာမည်။ အစိုးရမဟုတ်သော Stakeholders များကိုလည်း စောင့်ကြည့်စစ်ဆေးခြင်း လုပ်ငန်းစဉ်တွင် တိုက်ရိုက် ပါဝင်လာနိုင်ရန် ဆောင်ရွက်နိုင်သည်။ ဥပမာအားဖြင့် ဒေသခံများအား ရေနမူနာ သို့မဟုတ် မြေဆီလွှာ နမူနာများ ဆန်းစစ်ယူစေခြင်း တာဝန်ကို ပေးအပ်ခြင်းဖြင့် ၎င်းတို့၏ ပါဝင်လုပ်ဆောင်မှု အခန်းကဏ္ဍ တစ်ရပ်ကို ဖန်တီးနိုင်သည်။ ပီရူးနိုင်ငံတွင် သတ္တုတွင်းများ၏ ရေအသုံးပြုမှုနှင့် ရေအရည်အသွေးပိုင်းဆိုင်ရာ စောင့်ကြည့်စစ်ဆေးမှုတို့အတွက် “Participatory Environmental Monitoring and Surveillance Committees” ကဲ့သို့ စောင့်ကြည့်စစ်ဆေးသည့် အဖွဲ့များကို ဖွဲ့စည်းမှုများ ရှိသည်။ ၎င်းသည် သတ္တုတွင်းကုမ္ပဏီများ နှင့် ဒေသခံ လူမှုအဖွဲ့အစည်းများအကြား သဘောအလျောက် ဖွဲ့စည်းထားခြင်းဖြစ်သော်လည်း လူမှုရေး ပဋိပက္ခများ ဖြစ်မလာအောင် ကာကွယ်ပေးသည့်အတွက် အစိုးရအနေဖြင့် ပိုမိုထောက်ခံမှုများ ရှိသည်။ [၁၃၂] ပီရူးနိုင်ငံ၏ ဖြတ်သန်းမှု အတွေ့အကြုံများအရ ပူးပေါင်း စောင့်ကြည့်စစ်ဆေးခြင်းသည် ကုမ္ပဏီ၏ ပတ်ဝန်းကျင်ဆိုင်ရာ လုပ်ဆောင်ချက်နှင့် အစိုးရ၏ စောင့်ကြည့်စစ်ဆေးခြင်း အားထုတ်မှုများအပေါ် ယုံကြည်မှုရှိလာစေသည့် နည်းလမ်းတစ်ခုဖြစ်သည်။ သို့သော်လည်း ကျွမ်းကျင်သူများ ဦးဆောင်သည့် တရားဝင် ကြီးကြပ်စစ်ဆေးမှု အခန်းကဏ္ဍကို အစားထိုးသည့် သဘောမျိုးမဖြစ်အောင် သတိပြုရမည်။

ပီရူးနိုင်ငံ မြေပုံ




၁၃၁ Government of Mongolia, *Law of Mongolia on Environmental Impact Assessments* (2014); Government of Mongolia, *Minerals Law.*

၁၃၂ Andre Xavier, Aldo Leon, Alexandra Carlier, Manuel Bernales and Bern Klein, *The Role of Participatory Environmental Monitoring Committees in Mining Regions in Peru* (Proceedings of the Eighth International Conference on Sustainable Development in the Minerals Industry, 2017).

## မြန်မာနိုင်ငံအတွက် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များ

မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များ တိုးတက်ပြောင်းလဲမှု ဆက်လက် ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ အချက်များကို ထည့်သွင်းစဉ်းစားနိုင်သည်။

- **EIA လုပ်ငန်းစဉ်များတွင် ပြည်နယ်/ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍအား တရားဝင် သတ်မှတ်ပေးခြင်း** ။ ။ EIA လုပ်ထုံးလုပ်နည်း အသစ်များတွင် ပြည်နယ်ဒေသအဆင့် ညှိနှိုင်း တိုင်ပင်မှုအတွက် ပြဋ္ဌာန်းချက်များ ပါဝင်သည်မှာ အားတက်ဖွယ်ရာဖြစ်သော်လည်း ၎င်းတို့၏အခန်း ကဏ္ဍနှင့် လုပ်ပိုင်ခွင့်များကို ရှင်းလင်းစွာ ဖွင့်ဆိုရန် လိုအပ်နေသေးသည်။ ဆိုလိုသည်မှာ ဆုံးဖြတ် ချက် ချမှတ်သည့် လုပ်ငန်းစဉ်တွင် ၎င်းတို့အနေဖြင့် မည်သည့်အတိုင်းအတာ ပမာဏအထိ လုပ်ပိုင် ခွင့်ရှိသည်ကို တိတိကျကျ သတ်မှတ်ဖော်ပြရန် လိုအပ်သည်။ ဥပမာအားဖြင့် သယံဇာတ တူးဖော်မှု စီမံကိန်းများ၏ ခွင့်ပြုချက် ချပေးရာတွင် ပြည်နယ်နှင့် တိုင်းဒေသအစိုးရ၏ ထောက်ခံမှုရရှိရန် လို အပ်သည်ဟု တရားဝင် သတ်မှတ်ပေးခြင်း။ ပြည်နယ်/ဒေသအဆင့် အစိုးရများအား EIA စစ်တမ်း ပြန်လည်သုံးသပ် စစ်ဆေးမှုတွင် ထည့်သွင်းပါဝင်စေနိုင်သည်။ တစ်ချိန်တည်းမှာပင် ပြည်နယ်/ဒေသ ဆိုင်ရာ အစိုးရများအား ဗီတိုအာဏာပေးအပ်ခြင်းကိစ္စအား အလေးအနက်ထား စဉ်းစားရန် လိုအပ် ပြီး ရှင်းလင်းသော လုပ်ငန်းစဉ်များနှင့် စည်းမျဉ်းစည်းကမ်းများ မရှိပါက ယင်းအချက်သည် လိုင်စင် များ ချပေးရာတွင် အတားအဆီးများ ဖြစ်နိုင်သလို တစ်ဖက်သတ် ကန့်ကွက်ငြင်းဆိုမှု အန္တရာယ်ကို လည်း ပို၍ ကြီးထွားလာစေနိုင်သည်။


- **စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို သတိပြုမှုကာ ပြည်နယ်/ဒေသဆိုင်ရာ အဖွဲ့အစည်း များ၏ စောင့်ကြည့်စစ်ဆေးခြင်း အပိုင်းကို ပံ့ပိုးဆောင်ရွက်ခြင်း** ။ ။ ပြည်နယ်/ဒေသဆိုင်ရာ အဖွဲ့ အစည်းများ၏ ဒေသတွင်းအခြေအနေများကို ပိုမိုသိကျွမ်း နှံ့စပ်မှုများနှင့် စီမံကိန်းများနှင့်နီးကပ်စွာ ရှိနေခြင်းတို့ကြောင့် စောင့်ကြည့်စစ်ဆေးမှု လုပ်ဆောင်ချက်များကို ၎င်းတို့လုပ်ဆောင်ရန် သင့်လျော် သည်။ သို့ရာတွင် ၎င်းတို့၏ နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည်ကိုလည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။ ECD အနေဖြင့် စောင့်ကြည့်စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် အခက်အခဲများ ကြုံတွေ့ နေရပြီး၊ ပြည်နယ်/ဒေသအဆင့် အစိုးရများအနေဖြင့် စောင့်ကြည့်ကြပ်မတ်သည့် တာဝန်ကို ကျေ ပွန်စွာ ထမ်းနိုင်မှု ရှိမရှိကိုလည်း ရှင်းလင်းစွာ မသိရသေးပါ။

- **ပြည်နယ်/ဒေသဆိုင်ရာ အစိုးရများကို စည်းကမ်းကြပ်မတ်ခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်များ မည်သည့် အဆင့်ထိ ပေးမည်ကို ထည့်သွင်းစဉ်းစားရန်။** ။ ။ အကယ်၍ ပြည်နယ်/ဒေသအဆင့် အစိုးရများအား စောင့်ကြည့်စစ်ဆေးရေး တာဝန်များကို ပေးအပ်လျှင် စည်းကမ်းကြပ်မတ်ခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်များ ပေးရန် လိုအပ်သည်။ စည်းကမ်းမလိုက်နာသည့် လုပ်ငန်းများအား အရေးယူသည့် လုပ်ငန်းစဉ်ကို ပိုမိုလျင်မြန်လာစေမည် ဖြစ်သည်။ သို့ရာတွင် စည်းကမ်းကြပ်မတ်ခြင်းနှင့် ဆုံးဖြတ်ချက်များ ချမှတ် နိုင်ရန် ပြည်နယ်/ဒေသအဆင့် အစိုးရများတွင် လိုအပ်သော ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်တို့ကို ရှိမရှိ ချင့်ချိန်ဆုံးဖြတ်ရန် လိုသည်။ ထိရောက်သော ကြီးကြပ်စစ်ဆေးခြင်း မရှိလျှင် ဥပဒေအကောင် အထည်ဖော်ရန် အပ်နှင်းထားသည့် အာဏာကို ကိုယ်ကျိုးအတွက် အာဏာ အလွဲသုံးစားခြင်းများနှင့် ခြိမ်းခြောက် ငွေညှစ်မှုများဆီသို့ ဦးတည်သွားနိုင်သည်။

## ၇။ လုပ်ငန်းခွင် ဘေးကင်းရေး နှင့် ကျန်းမာရေး (OSH)

### ဘာကြောင့် အရေးပါသလဲ

သယံဇာတ တူးဖော်ထုတ်လုပ်မှုလုပ်ငန်းများ အထူးသဖြင့် သတ္တုတွင်းကဏ္ဍအနေဖြင့် အိမ်ရှင်နိုင်ငံများ နှင့် ဒေသခံ လူထုအတွက် အရေးပါသော အလုပ်အကိုင် ဖန်တီးမှုများ ရှိလာစေနိုင်ပါသည်။ သို့သော် လည်း စနစ်ကျ ကောင်းမွန်သော ဘေးဆီးရန်ကာ အစီအစဉ်များ မရှိပါက ယင်းအလုပ်အကိုင်များသည် အန္တရာယ်ရှိနိုင်သည်။ သတ္တုတွင်းကဏ္ဍ၏ အလုပ်သမားအင်အားမှာ ကမ္ဘာ့အလုပ်သမား အင်အား၏ ၁ ရာခိုင်နှုန်းသာ ရှိသော်လည်း အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့အစည်းမှ ခန့်မှန်းထားချက်အရ ကမ္ဘာ့လုပ်ငန်းခွင် မတော်တဆ ထိခိုက်မှုများ၏ ၈ ရာခိုင်နှုန်းနီးပါးသည် သတ္တုကဏ္ဍက ဖြစ်သည်ဟု ဆိုသည်။ မတော်တဆ ထိခိုက်မှုများနှင့် လုပ်ငန်းခွင် ရောဂါဘယများမှာ အရေးပါသော စိန်ခေါ်ချက် အန္တရာယ်များပင် ဖြစ်သည်။ [၁၃၃] အကျိုးဆက်အားဖြင့် တူးဖော်ရေးကုမ္ပဏီများအား ၎င်းတို့၏ အလုပ်သမားများအတွက် ဘေးအန္တရာယ်ကင်းဝေးပြီး ကျန်းမာရေးအတွက် စိတ်ချရသော ဝန်းကျင်တစ်ရပ်ကို ထောက်ပံ့ ဖန်တီးပေးရန် အစိုးရများအနေဖြင့် အခိုင်အမာ ဆောင်ရွက်ရန် လိုအပ်သည်။




ပုံ (၃)
ကမ္ဘာ့အလုပ်သမား စုစုပေါင်းနှင့် သတ္တုတွင်း လုပ်သားတို့၏ မတော်တဆ ထိခိုက်မှု နှိုင်းယှဉ်ချက် (ရာခိုင်နှုန်းဖြင့်)

လုပ်ငန်းခွင် ဘေးကင်းရေးနှင့် ကျန်းမာရေးတို့ကို အကျိုးရှိစွာ စီမံခန့်ခွဲနိုင်ရန် အစိုးရများသည် ရှင်းလင်း ပြတ်သားသော ဥပဒေ နှင့် လမ်းညွှန်ချက်များကို ပြဋ္ဌာန်းရန် လိုအပ်သည်။ ယင်းအချက်အား နိုင်ငံ၏ အလုပ်သမားဥပဒေများ သို့မဟုတ် သယံဇာတ ကဏ္ဍအလိုက် ဥပဒေများနှင့် နည်းဥပဒေများတွင် ထည့် သွင်း ပြဋ္ဌာန်းနိုင်သည်။ စီမံကိန်းအလိုက် လုပ်ငန်းခွင် ဘေးကင်းရေးနှင့် ကျန်းမာရေး အစီအစဉ်များအား ဆန်းစစ် သုံးသပ်မှုသည် ပတ်ဝန်းကျင်သက်ရောက်မှု အကဲဖြတ် ဆန်းစစ်ခြင်း၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်နေတတ်သည်။ စီမံကိန်းများ စတင်လုပ်ကိုင် ဆောင်ရွက်သည်နှင့်တစ်ပြိုင်နက် လုပ်ငန်းခွင် ဘေးကင်း ရေး နှင့် ကျန်းမာရေး စည်းမျဉ်းစည်းကမ်းများကို စောင့်ကြည့်စစ်ဆေးမှုနှင့် စည်းကြပ်မှုများကို အစိုးရ များအနေဖြင့် သေချာစွာ ဆောင်ရွက်ရန် လိုအပ်သည်။

သယံဇာတအရင်းအမြစ် ဖက်ဒရယ်စနစ်အား ဆွေးနွေးရာတွင် လုပ်ငန်းခွင်ဘေးကင်းရေးနှင့် ကျန်းမာရေး မှာ မူဝါဒရေးဆွဲသူများအတွက် ပဏာမ ဦးစားပေးအဖြစ် ထည့်သွင်းစဉ်းစားလေ့ မရှိကြပေ။ သို့ရာတွင် မည်သည့်အစိုးရအဆင့်မှ ဥပဒေပြဋ္ဌာန်းမည်၊ မည်သည့်အစိုးရအဆင့်မှ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် စောင့်ကြည့် စစ်ဆေးမည်တို့အတွက် တာဝန်များကို ရှင်းလင်းတိကျစွာ သတ်မှတ်ရန် လွန်စွာအရေး ပါသည်။ ၎င်းတာဝန်ကို ပြည်နယ်/ဒေသဆိုင်ရာ အဖွဲ့အစည်းများအား လုပ်ပိုင်ခွင့်များပေး ခြင်းသည် အကျိုးတစ်စုံတစ်ရာ ရှိစေမည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့က တူးဖော်ထုတ် လုပ်မှု လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ သတင်းအချက်အလက်များ ပိုမိုရရှိနိုင်ပြီး စည်းကမ်း ကြပ်မတ်ခြင်းကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေသည့်အတွက်ကြောင့် ဖြစ်သည်။

---

၁၃၃ International Labour Organization (ILO), “Mining: A Hazardous Work,” accessed 16 November 2017, www.ilo.org/safework/areasofwork/hazardous-work/WCMS_124598/lang--en/index.htm.

သို့ရာတွင် ယခုအစီရင်ခံစာ၌ အခြားမူဝါဒရေးရာ ကဏ္ဍများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြထားသည့် အတိုင်း အဖွဲ့အစည်းများအနေဖြင့် စောင့်ကြည့်စစ်ဆေးမှု လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ထိရောက်သော စုံစမ်းစစ်ဆေးခြင်းများ ဖြစ်ရန် နည်းပညာ စွမ်းဆောင်ရည်၊ ဘဏ္ဍာရေးပိုင်းဆိုင်ရာ စွမ်းဆောင်ရည်နှင့် လူသားစွမ်းဆောင်ရည်များ ရှိရန် မရှိမဖြစ် အရေးပါသည်။ ပြည်နယ်/ဒေသအဆင့်တွင် ယင်းအချက်မရှိလျှင် လုပ်ပိုင်ခွင့် အခွင့်အာဏာများ လွှဲပြောင်းခွဲဝေပေးခြင်းသည် ထိရောက်သော ကြီးကြပ်စစ်ဆေးမှုများ ဖြစ်လာနိုင်မည်မဟုတ်ပါ။ အလားတူပင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ဖော်ဆောင်ရာတွင်လည်း နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှု အများအပြား လိုအပ်သည်။ ဆုံးဖြတ်ချက်များ ချမှတ်နိုင်သည့် လုပ်ပိုင်ခွင့်များကို ခွဲဝေပေးလိုက်သည့်အခါ အချို့ပြည်နယ်/ဒေသအဆင့် အစိုးရများအနေဖြင့် ကောင်းမွန်လုံလောက်သော လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး စံချိန်စံညွှန်းများကို ဖော်ဆောင်နိုင်ခြင်းမရှိသည့် အခြေအနေများကို ဖြစ်စေနိုင်သည်။ ဒေသခံအာဏာပိုင်များသည် စီမံကိန်းနှင့် ပို၍နီးစပ်မှုရှိသော်လည်း အချို့အခြေအနေများတွင် ဒေသတွင်း အလုပ်အကိုင်ဖန်တီးမှုနှင့် စီးပွားရေးဆိုင်ရာ ကောင်းကျိုးများကို ထည့်သွင်းစဉ်းစားသည့်အတွက် ၎င်းတို့အနေဖြင့် ကုမ္ပဏီများအား ပြစ်ဒဏ်ချမှတ်ရန် (ဥပမာ – လုပ်ငန်းဆောင်ရွက်မှုများကို ရပ်ဆိုင်းခြင်း) တွန့်ဆုတ် ဝန်လေးမှုများလည်း ရှိလာနိုင်သည်။

## မြန်မာနိုင်ငံ၏ လက်ရှိအနေအထား

မြန်မာနိုင်ငံတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး (OSH) ကိစ္စရပ်များအတွက် ဥပဒေပြဋ္ဌာန်းမှုနှင့် စောင့်ကြည့်စစ်ဆေးခြင်းကို လက်ရှိတွင် ပြည်ထောင်စု အစိုးရကသာ တာဝန်ယူ ဆောင်ရွက်နေသည်။ သို့ရာတွင် အဆိုပါစနစ်အား ရှင်းလင်းစွာ ဖွင့်ဆိုထားခြင်း မရှိပါ။ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေးကိစ္စကို ဥပဒေအမျိုးမျိုးတွင် ထည့်သွင်း ပြဋ္ဌာန်းထားပြီး ပြည်ထောင်စုအဆင့် ဌာနများနှင့် နိုင်ငံတော်ပိုင် လုပ်ငန်းများက စည်းကမ်းကြပ်မတ်သည့် တာဝန်ကို ယူထားသည်။ အကျိုးဆက်အားဖြင့် ရုပ်ပျက်ဆင်းပျက်နိုင်သည့် အားနည်းချက်များကြောင့် တူးဖော်ရေး စီမံကိန်းများ၏ ဆောင်ရွက်မှု အဆင့်အတန်းကို ကျဆင်းစေသည်။ အထူးသဖြင့် သတ္တုတွင်းကဏ္ဍနှင့် ကျောက်မျက်ကဏ္ဍတို့တွင် ပိုမို တွေ့မြင်နိုင်သည်။ [၁၃၄]

### လုပ်ငန်းခွင် ဘေးကင်းရေး၊ ကျန်းမာရေး နှင့်သက်ဆိုင်သော အဓိက ဥပဒေများကို ခြုံငုံသုံးသပ်ခြင်း

ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကို ဥပဒေအမျိုးမျိုးတွင် ကိုးကားဖော်ပြထားသည်။ ၁၉၅၁ စက်ရုံများ အက်ဥပဒေတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ ပါရှိသော်လည်း ကဏ္ဍအလိုက် အသေးစိတ်ဖော်ပြထားခြင်း မရှိပါ။ အလားတူ ၂၀၁၂ လူမှုဖူလုံရေးဥပဒေတွင်လည်း အလုပ်သမားများ၏ ကျန်းမာရေးနှင့်ပတ်သက်၍ အချို့ပြဋ္ဌာန်းချက်များ ပါဝင်သည်။ ၂၀၁၂ ခုနှစ်တွင် အလုပ်သမားဝန်ကြီးဌာနမှ လုပ်ငန်းခွင် ဘေးကင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေမူကြမ်း တစ်ရပ်ကို စတင်ရေးဆွဲခဲ့သော်လည်း  အဆိုပါ ဥပဒေမူကြမ်းမှာလည်း ဥပဒေတစ်ရပ်အဖြစ် ထွက်ရှိလာခြင်း မရှိသေးပေ။ [၁၃၅]

သတ္တုတွင်းကဏ္ဍ၌ သတ္တုတွင်းဥပဒေ၊ ကျောက်မျက်ဥပဒေနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှု ဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်းများတွင် လုပ်ငန်းခွင် ဘေးကင်းရေးနှင့် ကျန်းမာရေး ပြဋ္ဌာန်းချက်အချို့ ပါဝင်သည်။ သတ္တုတွင်းကဏ္ဍတွင် လုပ်ငန်းခွင် ဘေးကင်းရေးနှင့် ကျန်းမာရေးကိစ္စရပ်များအတွက် သတ္တုတွင်းလုပ်ငန်း ဘေးကင်းရေး ဥပဒေတစ်ရပ်ကို ယခင် သတ္တုတွင်းဝန်ကြီးဌာနမှ (သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန နှင့် ပေါင်းစည်းခြင်းမပြုမီ ကာလများတွင်) ပြဋ္ဌာန်းရန် ပြင်ဆင်ခဲ့သည်။ ၎င်းဥပဒေပါ အချို့ပြဋ္ဌာန်းချက်များမှာ ယခုလက်ရှိတွင် ရှိနေသောလုပ်ငန်းခွင် ဘေးကင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေ အစိတ်အပိုင်းအချို့မှ ပြဋ္ဌာန်းချက်များနှင့် သဟဇာတဖြစ်မှု မရှိသည်ကို လေ့လာသိရှိရသည်။ ယင်းဥပဒေ၏ လက်ရှိအခြေအနေကို မသိရပါ။ [၁၃၆]

---

၁၃၄ Myanmar Centre for Responsible Business, *Myanmar Mining Sector Wide Impact Assessment.*

၁၃၅ *Ibid.*

၁၃၆ *Ibid.*

ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ၁၉၅၁ ရေနံမြေ (အလုပ်သမားများနှင့် သက်သာချောင်ချိရေး) အက်ဥပဒေတွင် လုပ်ငန်းရှင်များမှ အလေးထား ဆောင်ရွက်ရမည့် ကျန်းမာရေး နှင့် လုပ်ငန်းခွင် ဘေး ကင်းရေးနှင့် အလုပ်သမားအခွင့်အရေး ကာကွယ်ရေး အစရှိသည့် ကြိုတင်ကာကွယ်ရေး စံနှုန်းများကို ကျယ်ကျယ်ပြန့်ပြန့် ပြဋ္ဌာန်းထားသည်။ [၁၃၇]



ရွှေမိုင်းတွင်းတွင် အသုံးပြုသည့် လေထိုးပိုက်မှ ထုတ်လွှတ်သော ဖုန်မှုန့်များကြောင့် အဆုတ်ထဲသို့ ရောဂါပိုး ဝင်ရောက်မှုကို ပြသထားသည့် ဓါတ်မှန်ကို မန္တလေးဒေသ ရွှေမိုင်းလုပ်သား တစ်ဦးမှ ပြသနေပုံ

NRGI အတွက်
Andre Malerba

## စောင့်ကြည့်စစ်ဆေးခြင်း နှင့် စည်းကမ်းကြပ်မတ်ခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်များ

မြန်မာနိုင်ငံ၏ လုပ်ငန်းခွင် ဘေးကင်းရေး၊ ကျန်းမာရေးနှင့်သက်ဆိုင်သော ဥပဒေ အစိတ်အပိုင်းများအရ မတူညီသော ဗဟိုအစိုးရ ကိုယ်စားလှယ်များသည် လုပ်ငန်းခွင်ဘေးကင်းရေးနှင့် ကျန်းမာရေး စည်းကြပ်ပိုင်ခွင့်များ ရှိသည်။ မူအားဖြင့်ဆိုရသော် အလုပ်သမားဝန်ကြီးဌာန၏ စက်ရုံများနှင့် အထွေထွေ အလုပ်သမားဥပဒေများ စစ်ဆေးရေးဌာနသည် လုပ်ငန်းခွင်ဘေးကင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အဖြစ်အပျက်များအား စောင့်ကြည့်စစ်ဆေးရန် တာဝန်ရှိသည်။ လက်တွေ့တွင်မူ အလုပ်သမားဝန်ကြီးဌာနသည် သယံဇာတ တူးဖော်ထုတ်လုပ်မှုကဏ္ဍများနှင့်စပ်လျဉ်း၍ စစ်ဆေးဆောင်ရွက်မှုများ မရှိကြောင်းသိရသည်။ [၁၃၈]

ကဏ္ဍအလိုက် ဝန်ကြီးဌာနများနှင့် နိုင်ငံတော်ပိုင် လုပ်ငန်းများသည် လုပ်ငန်းခွင်ဘေးကင်းရေးနှင့် ကျန်းမာရေး လုပ်ဆောင်ချက်များကို အဓိကတာဝန်ယူ လုပ်ဆောင်လျက်ရှိသည်။ NRGI မှ ဆန်းစစ်သုံးသပ်ထားသည့် ကျောက်မျက်ဥပဒေ မူကြမ်းနှင့် သတ္တုတွင်း စည်းမျဉ်းများတွင် သတ္တုတွင်းဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို သတ္တုတွင်းများအား စုံစမ်းစစ်ဆေးရေး အကြီးအကဲအဖြစ် ဖော်ပြထားကာ ကျန်းမာရေးနှင့် လုပ်ငန်းခွင် ဘေးကင်းရေးဆိုင်ရာ စုံစမ်းစစ်ဆေးပိုင်ခွင့် ပေးထားသည်။ ကျွမ်းကျင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှုအရ MGE သည် ကျောက်စိမ်းနှင့် ကျောက်မျက်လုပ်ငန်း ဆောင်ရွက်မှုများတွင် လုပ်ငန်းခွင် ဘေးကင်းရေးနှင့် ကျန်းမာရေး စုံစမ်းစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ရသည်။ သတ္တုကဏ္ဍတွင် နိုင်ငံပိုင် သတ္တုတွင်းလုပ်ငန်း ကိုယ်စားလှယ်များသည် လုပ်ငန်းခွင် ဘေးကင်းရေးနှင့် ကျန်းမာရေး စုံစမ်းစစ်ဆေး ခြင်းများကို အလွတ်သဘော ဆောင်ရွက်သည်။ [၁၃၉] နိုင်ငံလုပ်ငန်းများ၏ စီးပွားရေးအရ ပါဝင်ရုံသာမက

၁၃၇ Myanmar Centre for Responsible Business, *Myanmar Oil and Gas Sector Wide Impact Assessment.*

၁၃၈ Myanmar Centre for Responsible Business, *Myanmar Mining Sector Wide Impact Assessment.*

၁၃၉ *Ibid.*

စည်းကမ်းကြပ်မတ်ခြင်းကိုပါ လုပ်ဆောင်သည့်အတွက် ရှုပ်ထွေးမှုဖြစ်စေပြီး အကျိုးစီးပွား ပဋိပက္ခများ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များလည်း ရှိသည်။

၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ လုပ်ငန်းစဉ် ဇယား ၂ ကို ထပ်တိုး ဖြည့်စွက်ချက်များ ပြုလုပ်ခဲ့သည်။ အကျိုးဆက်အားဖြင့် ပြည်နယ်နှင့်တိုင်းဒေသ အစိုးရများအနေဖြင့် ယခုအခါတွင် လုပ်ငန်းခွင်ဘေးကင်းရေးနှင့် ကျန်းမာရေး ကိစ္စရပ်များကို ကိုင်တွင်ဆောင်ရွက်နိုင်သည့် အခွင့်အာဏာရှိလာပြီး ပြည်ထောင်စုမှ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် ကိုက်ညီမှုရှိစေရန် ရည်သန်၍ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လုပ်ပိုင်ခွင့် အခွင့်အာဏာများကို ခွဲဝေခြင်း သို့မဟုတ် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း အလားအလာကောင်းများအဖြစ် ယူဆနိုင်သော်လည်း အဆိုပါလုပ်ပိုင်ခွင့် အာဏာများကို လက်တွေ့တွင် ကောင်းမွန်စွာ အသုံးချနိုင်မှု မရှိပါက စောင့်ကြည့်စစ်ဆေးခြင်းနှင့် စည်းကမ်းကြပ်မတ်ရာတွင် ကွာဟချက်များရှိနိုင်သည့် အန္တရာယ်များလည်း ရှိနေသည်။

## ကမ္ဘာတစ်ဝန်းမှ လက်တွေ့လုပ်ဆောင်မှု/လုပ်ထုံးနည်းနာများအား လေ့လာခြင်း

လုပ်ငန်းခွင် ဘေးကင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း အတိုင်းအတာမှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကွဲပြားခြားနားသည်။ အများအားဖြင့် ဥပဒေပြဋ္ဌာန်းရေး အခွင့်အာဏာသည် နိုင်ငံတော်အဆင့် အစိုးရလက်ထဲတွင် ရှိနေပြီး အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် စောင့်ကြည့်စစ်ဆေးရေး တာဝန်များကိုသာ ပြည်နယ်ဒေသ အဆင့်သို့ လွှဲပြောင်း ခွဲဝေပေးလေ့ရှိသည်။ သို့သော် အချို့နိုင်ငံများတွင် ပြည်နယ်/ဒေသအဆင့် အဖွဲ့အစည်းများသည် လုပ်ငန်းခွင်ဘေးကင်းရေးနှင့် ကျန်းမာရေး ကိစ္စရပ်များအတွက် ဥပဒေပြဋ္ဌာန်းမှု အခွင့်အာဏာ အပြည့်အဝရှိသည်။

### လုပ်ငန်းခွင် ဘေးကင်းရေး နှင့် ကျန်းမာရေး ကိစ္စရပ်များအတွက် ဥပဒေမူဘောင်များ

နမူနာအဖြစ် လေ့လာသည့် နိုင်ငံအများစုတွင် လုပ်ငန်းခွင်ဘေးကင်းရေးနှင့် ကျန်းမာရေးကိစ္စရပ်များကို နိုင်ငံတော်အဆင့်ကသာ ဥပဒေပြဋ္ဌာန်းကြသည်။ ချွင်းချက်မှာ ဩစတြေးလျ ဖြစ်ပြီး အစဉ်အလာအရ ပြည်နယ်/ဒေသအဆင့် အစိုးရများအနေဖြင့် လုပ်ပိုင်ခွင့် အခွင့်အာဏာ အပြည့်အဝရှိသည်။ ဩစတေးလျနိုင်ငံရှိ ပြည်နယ်နှင့် ဒေသတိုင်းတွင် လုပ်ငန်းခွင် ဘေးကင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိုယ်ပိုင်ဥပဒေ ပြဋ္ဌာန်းမှုရှိပြီး ကဏ္ဍအလိုက် သက်ဆိုင်သော ဖြည့်စွက်ဥပဒေများ၊ နည်းဥပဒေများနှင့် တွဲဖက်အသုံးချသည်။ သို့ရာတွင် မကြာသေးမီ နှစ်များက ဖက်ဒရယ်အစိုးရမှ အုပ်ချုပ်စီမံခန့်ခွဲရေးဆိုင်ရာ မူဝါဒ ပုံစံတစ်ရပ်အား ရေးဆွဲ၍ တိုင်းပြည်တစ်ဝန်းရှိ ဥပဒေများနှင့် နည်းဥပဒေများ ပိုမို လိုက်လျောညီထွေရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ယင်းမူဝါဒပုံစံနှင့် ကိုက်ညီစေရန်အတွက် ပြည်နယ်အစိုးရတိုင်းမှ ၎င်းတို့၏ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ပြန်လည်စိစစ် တည်းဖြတ်မှုတို့ကို ပြုလုပ်ခဲ့သည်။ [၁၄၀]

ဩစတေးလျနိုင်ငံရှိ ပြည်နယ်နှင့် ဒေသတိုင်းတွင် လုပ်ငန်းခွင် ဘေးကင်းရေး နှင့် ကျန်းမာရေးဆိုင်ရာ ကိုယ်ပိုင် ဥပဒေပြဋ္ဌာန်းမှု ရှိပြီး၊ ဗဟိုအစိုးရမှ နိုင်ငံတစ်ဝှမ်း ဥပဒေများ လိုက်လျောညီထွေမှု ရှိရန် ဆောင်ရွက်သည်။

### အကောင်အထည်ဖော် ဆောင်ရွက်မှု နှင့် စောင့်ကြည့်စစ်ဆေးခြင်း

ယခုအစီရင်ခံစာအတွက် နမူနာလေ့လာသည့် နိုင်ငံများတွင် လုပ်ငန်းခွင် ဘေးကင်းရေးနှင့် ကျန်းမာရေး ကိစ္စ ရပ်များအတွက် ဥပဒေပြဋ္ဌာန်းမှု အခွင့်အာဏာကို ဗဟိုအစိုးရမှ ကိုင်တွယ်ဆောင်ရွက်ပြီး လုပ်ငန်း အကောင်အထည်ဖော်မှု နှင့် စောင့်ကြည့်စစ်ဆေးရေးတို့အတွက် လုပ်ပိုင်ခွင့် အခွင့်အာဏာများအား ပြည်နယ်ဒေသအဆင့်သို့ ခွဲဝေပေးမှုလည်း ရှိသည်။ ဥပမာအားဖြင့် မွန်ဂိုလီးယားတွင် ဒေသန္တရ အစိုးရများမှ စောင့်ကြည့်စစ်ဆေးရေးနှင့် စည်းကြပ်မှုတို့အတွက် တာဝန်ရှိသည်။ အခြားသော ကိစ္စရပ်များတွင် စောင့်ကြည့်စစ်ဆေးရေး လုပ်ပိုင်ခွင့် အခွင့်အာဏာများကို နိုင်ငံတော်အစိုးရ အဖွဲ့အစည်းများ၏ ဒေသ ကိုယ်စားလှယ်များမှ တာဝန်ယူဆောင်ရွက်သည်။ ဥပမာအားဖြင့် ဖိလစ်ပိုင်နိုင်ငံတွင် စောင့်ကြည့်စစ်ဆေးရေး အခွင့်အာဏာများကို ဖက်ဒရယ်အစိုးရ အေဂျင်စီတစ်ခုဖြစ်သော ပတ်ဝန်းကျင် နှင့် သယံဇာတ အရင်းအမြစ်ဌာန၏ ဒေသဆိုင်ရာ ဌာနများမှ တာဝန်ယူဆောင်ရွက်သည်။ ယင်း လုပ်ထုံးလုပ်နည်းသည် စောင့်ကြည့်စစ်ဆေးရေးဆိုင်ရာ အာဏာပိုင်များအား စီမံကိန်း လုပ်ငန်းခွင်နှင့် ပိုမိုနီးကပ်စေပြီး စုံစမ်းစစ်ဆေးခြင်းများကိုလည်း နိုင်ငံတော်အဆင့် အစိုးရသို့ တာဝန်ခံမှုရှိစေရန် အခိုင်အမာ လုပ်ဆောင်ထားသည်။

---

၁၄၀ David Cliff, *The Management of Occupational Health and Safety in the Mining Industry in Australia* (International Mining for Development Centre, 2012).

အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးရေး အခွင့်အာဏာများကို ပြည်နယ်/ဒေသအဆင့် အစိုးရများသို့ ခွဲဝေပေးရာတွင်လည်း ရင်ဆိုင်ရမည့် စိန်ခေါ်ချက်များ ရှိသည်။ ၁၉၈၄ ခုနှစ်တွင် အင်ဒိုနီးရှားသည် လုပ်ငန်းခွင် ဘေးကင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စီမံခန့်ခွဲမှုကို ဗဟိုချုပ်ကိုင်မှု လျှော့ချခဲ့သည်။ ထိုအချိန်မှစ၍ ပြည်နယ်အစိုးရများသည် စုံစမ်းစစ်ဆေးခြင်း ကိစ္စရပ်များကို ဗဟိုအစိုးရ၏ ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်မှုမပါဘဲ လုပ်ဆောင်ခဲ့သည်။ ယင်းအချက်ကြောင့် စိန်ခေါ်မှုများနှင့် ကြုံတွေ့ခဲ့ပြီး ၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း၏ အစီရင်ခံစာတွင် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းကြောင့် စံချိန်စံညွှန်းများကို လျော့ကျစေခဲ့ပြီး လုပ်ငန်းခွင်ဘေးကင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စွန့်စားရင်ဆိုင်ရမည့် အန္တရာယ်များလည်း ပိုမိုမြင့်တက်လာခဲ့သည်ဟု စစ်တမ်းဖြေဆိုသူများက ဖြေကြားဖော်ပြထားသည်။ [၁၄၁] ဘဏ္ဍာရေးပိုင်းဆိုင်ရာ သို့မဟုတ် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှု အထောက်အပံ့များ မလုံလောက်မှုအပါအဝင် ပြည်နယ်ဒေသအဆင့်တွင် စွမ်းဆောင်ရည်ပိုင်း ကောင်းမွန်မှုမရှိလျှင် အလုပ်သမားများကို ဘေးအန္တရာယ် ဖြစ်စေသည်။ အဆိုပါ ကွာဟချက်များကို ဖြေရှင်းရန်အတွက် သမဂ္ဂများကို စောင့်ကြည့်စစ်ဆေးရေး လုပ်ငန်းစဉ်များတွင် ပါဝင်လာစေရန် လမ်းဖွင့်ပေးခြင်းကို နည်းလမ်းတစ်ခုအဖြစ် အသုံးပြုနိုင်သည်။ (လေးထောင့်ကွက် ၁၁ ကို ကြည့်ပါ)

## လေးထောင့်ကွက် (၁၁) တောင်အာဖရိကတွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး စောင့်ကြည့်စစ်ဆေးမှုများ တိုးတက်စေရန်အတွက် အလုပ်သမားသမဂ္ဂများနှင့် တွဲဖက်လုပ်ကိုင် ဆောင်ရွက်ခြင်း

အလုပ်သမားသမဂ္ဂများသည် စောင့်ကြည့်စစ်ဆေးရေး လုပ်ငန်းများတွင် အထူးသဖြင့် လုပ်ငန်းခွင်ဘေးကင်းရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် အရေးပါသော တွဲဖက်လုပ်ကိုင်သူများ ဖြစ်နိုင်သည်။ သမဂ္ဂကိုယ်စားလှယ်များသည် ယေဘုယျအားဖြင့် လုပ်ငန်းခွင်များတွင် ယခင်ကတည်းက တည်ရှိသူများဖြစ်ပြီး ၎င်းတို့၏ အဖွဲ့ဝင် အလုပ်သမားများ၏ လုပ်ငန်းခွင်ဘေးကင်းရေး အခြေအနေများ ပိုမိုကောင်းမွန်လာစေရန်အတွက် လုပ်ပိုင်ခွင့် တစ်စုံတစ်ရာလည်း ရှိသည်။ တောင်အာဖရိကရှိ သတ္တုတွင်းအချို့တွင် အစိုးရပိုင်းမှ ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးကင်းရေး စုံစမ်းစစ်ဆေးသူများ စီမံကိန်းများကို လာရောက်စစ်ဆေးမှုများ ပြုလုပ်ရာတွင် သမဂ္ဂ ကိုယ်စားလှယ်များသည် ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်မှုများ ရှိသည်။ ယင်းအချက်သည် ကြီးကြပ်ရေးအား ပိုမို အားကောင်းစေပါသည်။ သို့ရာတွင် သမဂ္ဂ ကိုယ်စားလှယ်များသည် လုပ်ငန်းခွင်ဘေးကင်းရေး ပြဿနာများကို သီးခြား လွတ်လပ်စွာ အမြဲတစေ ထောက်ပြနိုင်ခြင်း မပြုနိုင်ကြပေ။ ၎င်းတို့၏ အလုပ်အကိုင်များအား ထိခိုက်လာနိုင်ခြေရှိပါက အစိုးရ စုံစမ်းစစ်ဆေးသူများကို ဘေးကင်းရေးဆိုင်ရာ ပြဿနာများအား ထုတ်ဖော်ပြောဆိုရန် တွန့်ဆုတ်နေတတ်သည်။ အလုပ်သမားသမဂ္ဂများနှင့် တွဲဖက်လုပ်ဆောင်ခြင်းဖြင့် အကျိုးကျေးဇူးများ ရရှိနိုင်ရန် အောက်ပါအချက်များကို အစိုးရများအနေဖြင့် ဆောင်ရွက်နိုင်သည်။

- အလုပ်သမားသမဂ္ဂ ကိုယ်စားလှယ်များအား ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးကင်းရေးဆိုင်ရာ စံနှုန်းများ၊ ပေါ်ပေါက်လာနိုင်သည့် အန္တရာယ်များနှင့် စည်းမျဉ်းချိုးဖောက်မှုများကို မည်သို့ ဖော်ထုတ်နိုင်သည်တို့နှင့်စပ်လျဉ်း၍ သင်တန်းပေးခြင်း
- ဖြစ်နိုင်ချေရှိသော စည်းမျဉ်းချိုးဖောက်မှုများကို သမဂ္ဂကိုယ်စားလှယ်များမှ အစီရင်ခံတင်ပြနိုင်ရန် ယန္တရားလုပ်ငန်းစဉ်တစ်ရပ်ကို ထားရှိခြင်းနှင့် တင်ပြသော အမှုကိစ္စများအား စုံစမ်းစစ်ဆေးခြင်း
- ဖြစ်နိုင်ချေရှိသော စည်းမျဉ်းချိုးဖောက်မှုများအား အစီရင်ခံ တင်ပြမှုအတွက် သမဂ္ဂကိုယ်စားလှယ်များအား ရန်တုံ့နှင်းခြင်းမှ အကာအကွယ်ပေးခြင်း စသည်တို့ဖြစ်သည်။

၁၄၁ Pia K. Markkanen, *Occupational Safety and Health Indonesia* (International Labour Organization, 2004).

အာဖရိက မြေပုံ




## မြန်မာနိုင်ငံအတွက် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များ

မကြာသေးမီက ပြုလုပ်ခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်များတွင် လုပ်ငန်းခွင်ဘေးကင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လုပ်ပိုင်ခွင့်အချို့ကို ပြည်နယ်/ဒေသအဆင့် အစိုးရများသို့ ခွဲဝေပေးရန် ဖော်ပြထားသည်။ အဆိုပါ လုပ်ငန်းစဉ် ဆက်လက်ဖြစ်ထွန်းစေရန်အတွက် အောက်ပါ အကြံပြုချက်များကို ထည့်သွင်းစဉ်းစားနိုင်သည်။

- **ကဏ္ဍတစ်ရပ်အတွက် တစ်သမတ်တည်းဖြစ်သော စံချိန်စံညွှန်းများကို အခိုင်အမာရှိအောင် လုပ်ဆောင်ခြင်း** ။ ။ လုပ်ငန်းခွင် ဘေးကင်းရေးနှင့် ကျန်းမာရေးကိစ္စရပ်များအတွက် ဥပဒေပြဋ္ဌာန်းခွင့် အာဏာကို ပြည်နယ်ဒေသအဆင့် အစိုးရများသို့ ခွဲဝေပေးလျှင် သြစတြေးလျ၏ အတွေ့အကြုံအရ နိုင်ငံတစ်ဝန်းတွင် အနိမ့်ဆုံး စံချိန်စံညွှန်းများကို သတ်မှတ်ထိန်းသိမ်းထားရန်မှာ အရေးကြီးကြောင်း ပြသနေသည်။ ပြည်ထောင်စုအစိုးရမှ အခြေခံကျပြီး အားကောင်းသော ဥပဒေ စံချိန်စံညွှန်းများကို ရေးဆွဲပြဋ္ဌာန်းထား၍ ပြည်နယ်ဒေသအဆင့် အစိုးရများအနေဖြင့် ပိုမိုတင်းကြပ်သော စည်းမျဉ်းစည်းကမ်းများအားဖြင့် ဖြည့်စွက်ပြဋ္ဌာန်းမှု ပြုလုပ်နိုင်သည်။

- **ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသအဆင့် အဖွဲ့အစည်းများအကြား တာဝန်ယူ လုပ်ဆောင်ရမည့် ကဏ္ဍများနှင့် လုပ်ပိုင်ခွင့် အခွင့်အာဏာများကို ရှင်းလင်းပြတ်သားစွာ ဖွင့်ဆိုရန်** ။ ။ ပြည်ထောင်စုအဆင့်ဖြစ်စေ သို့မဟုတ် ပြည်နယ်တိုင်းဒေသအဆင့်ဖြစ်စေ လုပ်ဆောင်ပြီးသားကို မလိုအပ်ဘဲ ထပ်မံလုပ်ဆောင်ရခြင်း သို့မဟုတ် စည်းကြပ်ခြင်း လုပ်ဆောင်ရာတွင် ကွာဟမှုများကို ရှောင်ကြဉ်နိုင်ရန်အတွက် အစိုးရအဖွဲ့အစည်းတစ်ခုမှ လုပ်ငန်းခွင်ဘေးကင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စုံစမ်းစစ်ဆေးမှုများဆိုင်ရာ တာဝန်များကို အပြည့်အဝ တာဝန်ယူလိုက်သင့်သည်။ တာဝန်ခံမှု ပြတ်သားရန်အတွက်လည်း ယင်းအချက်ကို မဖြစ်မနေ ဖော်ဆောင်ရမည်။

- **လုပ်ပိုင်ခွင့်အာဏာများနှင့် အချိုးညီမျှသော ငွေကြေး နှင့် ကျွမ်းကျင်မှု ထောက်ပံ့ခြင်းကို လုပ်ဆောင်ရန်** ။ ။ လုပ်ငန်းခွင် ဘေးကင်းရေး ကျန်းမာရေးဆိုင်ရာ အကောင်အထည်ဖော်မှုနှင့် စည်းကမ်းကြပ်မတ်ခြင်း လုပ်ပိုင်ခွင့်ကို မည်သည့်အဖွဲ့အစည်းမှ ရယူထားသည်ဖြစ်စေ အဆိုပါ လုပ်ငန်းစဉ်များကို ဖြည့်ဆည်းဆောင်ရွက်ရန်အတွက် လုံလောက်သော နည်းပညာ စွမ်းဆောင်ရည်၊ လူသားစွမ်းဆောင်ရည် နှင့် ဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်ရည်များ ရှိသင့်သည်။ အင်ဒိုနီးရှား၏ အတွေ့အကြုံအရ ပြည်နယ်ဒေသအဆင့် အဖွဲ့အစည်းများအား လုပ်ပိုင်ခွင့်များ ခွဲဝေပေးခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော စိန်ခေါ်ချက်များမှာ ယင်းပြည်နယ်ဒေသအဆင့် အဖွဲ့အစည်းများမှ ပေးအပ်သောတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်နိုင်စွမ်းမရှိခြင်း ဖြစ်သည်။

- **အစိုးရမဟုတ်သည့် အဖွဲ့အစည်းများအား စောင့်ကြည့်စစ်ဆေးရေး လုပ်ငန်းစဉ်တွင် ပါဝင်လာစေရန်**

**ထည့်သွင်းစဉ်းစားခြင်း** ။ ။ စောင့်ကြည့်စစ်ဆေးခြင်း လုပ်ငန်းစဉ်ကို တိုးတက်အားကောင်းစေရန်အတွက် အလုပ်သမား သမဂ္ဂများ သို့မဟုတ် အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် တွဲဖက်ဆောင်ရွက်ခြင်းသည် အမှန်တကယ် ထိရောက်မှု ရှိနိုင်သည်။ အထူးသဖြင့် အစိုးရများအနေဖြင့် ဘဏ္ဍာရေးပိုင်းဆိုင်ရာ ထောက်ပံ့နိုင်မှု အခက်အခဲရှိခြင်း သို့မဟုတ် ဝန်ထမ်းလုံလောက်မှု မရှိခြင်း အစရှိသည့် အခြေအနေများတွင် အကျိုးရှိနိုင်သည်။ သို့ရာတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် ထောက်ပံ့ကူညီပေးသည့် အခန်းကဏ္ဍတစ်ရပ်တွင် ရှိနေနိုင်သော်လည်း တာဝန်ခံမှု ခိုင်မာ သေချာစေရန်အတွက် စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ အကြွင်းမဲ့ အခွင့်အာဏာကို အစိုးရအဖွဲ့အစည်းများ လက်ဝယ်တွင် ရှိသင့်သည်။

## ၈။ ဒေသခံအကျိုး ဖွံ့ဖြိုးရေး

### ဘာကြောင့် အရေးပါသလဲ။

သတ္တုတွင်းလုပ်ငန်းဆောင်ရွက်မှုမှ ရရှိလာနိုင်မည့် အကျိုးအမြတ်များသည် နိုင်ငံတော်အဆင့်နှင့် ပြည်နယ်ဒေသအဆင့် အစိုးရများသို့ အခွန်တော်စီးဆင်းမှုတစ်ခုတည်းသာမဟုတ်ပေ။ ဒေသတွင်းထုတ်ကုန်များနှင့် ဝန်ဆောင်မှုများအတွက် ဝယ်လိုအား ဖန်တီးပေးခြင်း၊ အလုပ်အကိုင် များဖန်တီးပေးခြင်း၊ ကျွမ်းကျင်မှုများအား မြှင့်တင်ဆောင်ရွက်ခြင်း၊ နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ဖြင့် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတွင်း စီမံကိန်းများမှ ဒေသန္တရ၊ ပြည်နယ်နှင့် နိုင်ငံတော် စီးပွားရေးများအပေါ် ပိုမိုကြီးမား ကျယ်ပြန့်သော အကျိုးသက်ရောက်မှုများ ရှိနိုင်သည်။ အဆိုပါ အကျိုးကျေးဇူးများသည် သယံဇာတကဏ္ဍ အကျိုးအမြတ်များ၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ကို ကိုယ်စားပြုသည်။ (ရွှေထုတ်လုပ်မှုကဏ္ဍတွင် အကျိုးအမြတ်တန်ဖိုး ခွဲဝေပြန့်နှံ့မှုဆိုင်ရာ ခန့်မှန်းယူဆချက် တစ်ရပ်ကို ပုံ ၃ တွင်ကြည့်ပါ)




ပုံ (၄)
ရွှေမိုင်းတစ်ခု၏ တန်ဖိုးများ ပျံ့နှံ့မှု

Source: World Gold Concil, Responsible Gold Mining and Value Distribution, 2013 Data: A Global Assessment of the Economc Value Created and Distributed by Members of the World Council (2014)

ကုမ္ပဏီများသည် ဒေသနှင့်ဒေသခံများ အကျိုးဖြစ်ထွန်းရေးအတွက် မဟာဗျူဟာများကို ချမှတ်လေ့ရှိသည်။ ဥပမာ ၎င်းတို့လုပ်ငန်းအတွက်လိုအပ်သော ထောက်ပံ့ဖြည့်ဆည်းမှုများကို ဒေသတွင်းမှရယူခြင်း သို့မဟုတ် ပြည်တွင်း အလုပ်သမားများအား သင်တန်းများပေးခြင်း များဖြစ်သည်။ အစိုးရများအနေဖြင့်လည်း တူးဖော်ထုတ်လုပ်မှုစီမံကိန်းများကြောင့် ပိုမိုကြီးမားကျယ်ပြန့်သော စီးပွားရေးတစ်ရပ် ဖြစ်လာစေရန်အတွက် သီးသန့်စာချုပ်များတွင် သတ်မှတ်ချက်များထည့်သွင်းခြင်း သို့မဟုတ် ဥပဒေပြဋ္ဌာန်းခြင်းဖြင့် ဆောင်ရွက်နိုင်သည်။ [၁၄၂] ငှားရမ်း ခန့်အပ်ခြင်း နှင့် ဝယ်ယူခြင်းအတွက် သတ်မှတ်ချက်များ သို့မဟုတ် ကန့်သတ် ပမာဏများ၊ သင်တန်းအစီအစဉ်များ၊ အသေးစားလုပ်ငန်းများအတွက် မဖြစ်မနေ ထောက်ပံ့ရမှုများ သို့မဟုတ် ပြည်တွင်းတွင် သတ္တု/ရေနံ သန့်စင်ထုတ်လုပ်ရန် သတ်မှတ်ချက်များ အစရှိသဖြင့် နည်းလမ်းအမျိုးမျိုး အသုံးပြုလျက် အစိုးရများအနေဖြင့် ဆောင်ရွက်နိုင်သည်။ [၁၄၃] ပြည်တွင်း ပုဂ္ဂလိကကဏ္ဍ၊ လုပ်သားအင်အားစုကြား အပြိုင်အဆိုင် ဆောင်ရွက်မှုရှိစေရန်၊ စီးပွားရေး လုပ်ငန်းအမျိုးအစားစုံလင်စွာ ရှိစေရန် ရည်ရွယ်သည်ဆိုပါက ယင်းကဲ့သို့ မူဝါဒများသည် အသုံးဝင်သည်။ အခြားတစ်ဖက်တွင်လည်း ခက်ခဲသော ပြဋ္ဌာန်းသတ်မှတ်ထားခြင်းကြောင့် လိုက်နာဆောင်ရွက်နိုင်မှု မရှိသည့် အခြေအနေသို့ ရောက်ရှိစေနိုင်ပြီး ကုန်ကျစရိတ်နှင့် လုပ်ငန်း အမြတ်အစွန်းများအတွက် အကျိုးသက်ရောက်မှု ရှိနိုင်စေပြီး အဆိုးဆုံးအနေနှင့် ရင်းနှီးမြှုပ်နှံမှု အခန်းကဏ္ဍကိုလည်း အဟန့်အတား ဖြစ်စေနိုင်သည်။

ဒေသခံ Stakeholder များမှ တောင်းဆိုလေ့ရှိသည်မှာ စီမံကိန်း၏ အကျိုးအမြတ်များကို တစ်နိုင်ငံလုံး အတိုင်းအတာထက် တူးဖော်ထုတ်လုပ်မှု ပြုလုပ်သည့် ဒေသများသို့ ချက်ချင်း ရောက်ရှိစေရေးပင် ဖြစ်သည်။ (လေးထောင့်ကွက် ၁၂ တွင်ကြည့်ပါ)။ အလုပ်အကိုင် ခန့်အပ်မှုနှင့် ထောက်ပံ့ဝယ်ယူမှုများသည် အခွန်ဘဏ္ဍာရေးပိုင်းထက် ပို၍ ထင်သာမြင်သာရှိသော အကျိုးကျေးဇူးတစ်ရပ် ဖြစ်နိုင်သည်။ ထို့ကြောင့် အဆုံးအဖြတ်ပြုလုပ်ခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ဒေသတွင်းထုတ်ကုန်များ ပိုမိုအသုံးပြုလာနိုင်ရေး ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ခြင်းတို့တွင် ပြည်နယ်ဒေသအဆင့်ဆိုင်ရာ

၁၄၂ Ana Maria Esteves, Bruce Coyne and Ana Moreno, *Local Content Initiatives: Enhancing the Subnational Benefits of Oil, Gas and Mining* (Natural Resource Governance Institute, 2013).

၁၄၃ Natural Resource Governance Institute, *Local Content: Strengthening the Local Economy and Workforce* (2015).

အဖွဲ့အစည်းများမှ ပါဝင်နိုင်ခွင့်ရှိရန် တောင်းဆိုလာနိုင်ပါသည်။ ပြည်နယ်ဒေသအဆင့် အဖွဲ့အစည်းများ ပါဝင်လာနိုင်ခြင်းကြောင့် သတ်မှတ်ထားသည့် အစီအစဉ်များသည် ရည်ရွယ်ထားသူများကို အကျိုးရှိစေရန်၊ ဒေသလိုအပ်ချက်များနှင့် ကိုက်ညီစေရန် အထောက်အပံ့ ဖြစ်စေပါသည်။

သို့ရာတွင် ဒေသတွင်း သွင်းအားစုများ ပိုမိုအသုံးပြုလာနိုင်ရေး သတ်မှတ်ပြဋ္ဌာန်းချက်သည် ကောင်းမွန်လုံလောက်သော ကြီးကြပ်စောင့်ကြည့်ရေး ယန္တရားလုပ်ငန်းစဉ် မရှိပါက မသမာမှုများကို ဖြစ်စေနိုင်ပါသည်။ ခန့်အပ်ငှားရမ်းခြင်းနှင့် စီမံကိန်းအတွက် ထောက်ပံ့မှုဆောင်ရွက်ခြင်း (sourcing) တို့အား နိုင်ငံရေး အမြတ်ထုတ်မှု အသုံးချမှုများ ဖြစ်စေနိုင်ပါသည်။ အစိုးရတွင် မဟာဗျူဟာမြောက်သော ဖွံ့ဖြိုးရေး အစီအစဉ်ကောင်းများအတွက် လုံလောက်သော စွမ်းရည်များ မရှိပါက ဒေသတွင်း စီးပွားရေးအား ပိုမိုတိုးတက်လာစေရန်အတွက် အခွင့်အလမ်းကောင်းများနှင့် လွဲချော်သွားစေနိုင်ပါသည်။ အရည်အသွေး မပြည့်မီမှု သို့မဟုတ် ဒေသတွင်းမှ ထောက်ပံ့သည့် ထုတ်ကုန်များ၏ အရည်အသွေးမှာ မျှော်မှန်းထားသည့်အတိုင်း မပြည့်မီပါက ဒေသခံအကျိုး ဖွံ့ဖြိုးရေးအတွက် တောင်းဆိုချက် များသည် ကုမ္ပဏီများနှင့် ဒေသခံ Stakeholder များအကြား ပဋိပက္ခ တင်းမာမှုများဆီသို့ ဦးတည် သွားစေနိုင်သည်။ ယင်းအပြင် ဒေသတွင်းထုတ်ကုန်များ ပိုမို အသုံးပြုလာနိုင်ရေးအတွက် သတ်မှတ် ပြဋ္ဌာန်းချက်များသည် စီမံကိန်းများ၏ အလားအလာအပေါ်တွင်လည်း အကျိုးသက်ရောက်မှုရှိပြီး ရင်းနှီး မြှုပ်နှံမှုအတွက် အဟန့်အတား ဖြစ်စေနိုင်သည်။ ဥပမာအားဖြင့် ဘရာဇီးတွင် အစိုးရအနေဖြင့် ရေနံ ဈေးနှုန်းများ ကျဆင်းခြင်းကြောင့် ထိခိုက်မှုရှိသည့် စီမံကိန်းများ ပြန်လည်ရှင်သန်နိုင်ရေးအတွက် အစိုးရ အနေဖြင့် ရေနံကဏ္ဍတွင် ယင်းကဲ့သို့ သတ်မှတ်ပြဋ္ဌာန်းချက်များကို လျော့ပေါ့ပေးနိုင်ရန်အတွက် အလေးအနက်ထား စဉ်းစားမှု ပြုလုပ်နေသည်။ [၁၄၄]

> ### လေးထောင့်ကွက် (၁၂) ဒေသတွင်း ဆိုသည့် စကားရပ်အား အနက်ဖွင့်ခြင်း
>
> ဒေသခံအကျိုး ဖွံ့ဖြိုးရေးအား အနက်ဖွင့်ခြင်းသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကွဲပြားခြားနားမှုများ ရှိသည်။ အချို့နိုင်ငံများအနေဖြင့် လုပ်ငန်းများအတွက် အသုံးပြုသော ထုတ်ကုန်များကို တိုင်းပြည်၏ မည်သည့်အရပ်ဒေသမှမဆို ဖြစ်နိုင်သည့် နိုင်ငံထုတ်ကုန်ကုန်များအပေါ် အလေးအနက် အာရုံစိုက်မှုကို ရည်ညွှန်းကြပြီး အချို့နိုင်ငံများအနေဖြင့် တူးဖော်ထုတ်လုပ်မှုများ လုပ်ကိုင်ဆောင်ရွက်နေသော ဒေသများမှ လုပ်ငန်းအတွက် ထည့်ဝင်အသုံးပြုသည့် ထုတ်ကုန်များဟု အသေးစိတ် အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ တရားဝင် ဥပဒေပြဋ္ဌာန်း သတ်မှတ်ချက်များအရ ဒေသခံအကျိုး ဖွံ့ဖြိုးရေးအတွက် ဒေသဆိုင်ရာ သို့မဟုတ် တစ်နိုင်ငံလုံးအတိုင်းအတာ အစရှိသဖြင့် အဓိပ္ပာယ်ဖွင့်ဆိုနိုင်သော်လည်း ဒေသတွင်း Stakeholder များမှ စီမံကိန်းဝန်းကျင်ရှိ ဒေသခံများအား ခန့်အပ် ငှားရမ်းခြင်းကို အလေးပေး ဆောင်ရွက်ရန် တောင်းဆိုလေ့ရှိကြသည်။ ပစ္စည်းဝယ်ယူမှုနှင့်ပတ်သက်ပြီး မည်သည့် အနေအထားကို ဒေသခံဟု သတ်မှတ်မည်မှာလည်း မေးခွန်းထုတ်စရာ ဖြစ်သည်။ လုပ်ငန်းတစ်ခုအနေဖြင့် ပိုင်ဆိုင်မှုတွင် နိုင်ငံသားများ ပိုင်ဆိုင်မှုရာခိုင်နှုန်း မည်မျှရှိသလဲ၊ လုပ်ငန်းသည် ပြည်တွင်း၌ တရားဝင် မှတ်ပုံတင်ထားမှု ရှိသလား၊ လုပ်သားအင်အား ရာခိုင်နှုန်း မည်မျှ သို့မဟုတ် ဝန်ဆောင်မှုရာခိုင်နှုန်း မည်မျှသည် ဒေသတွင်းမှ ဖြစ်ရမလဲ စသည့်မေးခွန်းများ ပေါ်ပေါက်လာနိုင်သည်။ အချို့နိုင်ငံများသည် ယင်းအချက်များနှင့် သက်ဆိုင်သော တိကျပြတ်သားသော သတ်မှတ်ပြဋ္ဌာန်းချက်များ ရှိသော်လည်း အချို့နိုင်ငံများတွင် မရှိပါ။ [၁၄၅]

## မြန်မာနိုင်ငံ၏ လက်ရှိအနေအထား

မြန်မာနိုင်ငံတွင် ဒေသခံအကျိုး ဖွံ့ဖြိုးရေး ကိစ္စရပ်များကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။ ယခုလက်ရှိတွင် ဥပဒေမူကြမ်းတစ်ရပ်အနေဖြင့် ဒေသခံအကျိုး ဖွံ့ဖြိုးရေးဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များ အချို့အချက်များပါဝင်သည်။ သို့ရာတွင် ပြည်နယ်ဒေသအဆင့် Stakeholder များအတွက် အသေးစိတ်ရည်ရွယ်သည့် ဒေသခံအကျိုး ဖွံ့ဖြိုးရေး တရားဝင် ပြဋ္ဌာန်းချက်များ မရှိသည့်အတွက် စီမံကိန်းကြောင့် သက်ရောက်မှုရှိသည့် ဒေသခံများအနေဖြင့် ယင်းကဏ္ဍမှ ရရှိသည့် စီးပွားရေး အကျိုးအမြတ်များအား

---

၁၄၄ Marta Nogueira and Alexandra Alper, "Brazil Mulls Easing Local Content Rules in Older Oil Contracts," *Reuters,* 18 July 2017.

၁၄၅ Natural Resource Governance Institute, *Local Content.*

အကျိုးခံစားရခြင်း မရှိသေးပေ။

ဥပဒေပြဌာန်းမှု၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးရေး လုပ်ပိုင်ခွင့်များသည် ပြည်ထောင်စုအစိုးရ လက်ဝယ်တွင် ရှိပြီး ပြည်နယ်နှင့် တိုင်းဒေသ ပါဝင်နိုင်မှုမှာ အကန့်အသတ်ဖြင့်သာ ရှိသည်။ သို့ရာတွင် ဘဏ္ဍာရေးမဟုတ်သော အကျိုးအမြတ်များအား တောင်းဆိုမှုများသည် ယင်းကဏ္ဍအား စီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသည့် ဆွေးနွေးပြောဆိုမှုများ၏ အစိတ်အပိုင်း ဖြစ်လာခဲ့သည်။ အရပ်ဘက် လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သော Myanmar Alliance for Accountability and Transparency (MATA) မှ တိုင်းရင်းသားဒေသများတွင် ဒေသခံ အလုပ်သမားများအတွက် ဦးစားပေး သတ်မှတ်ချက်များ ထည့်သွင်းသင့်ကြောင်း ၂၁ ရာစု ပင်လုံညီလာခံ တက်ရောက်သူများအား တိုက်တွန်းချက်များ အပါအဝင်ဖြစ်သည်။ [၁၄၆] ဒေသခံအကျိုး ဖွံ့ဖြိုးရေးသည် အဓိက နိုင်ငံရေးကိစ္စရပ်တစ်ခု ဖြစ်လာဖွယ်လည်း ရှိသည်။

## ဒေသအကျိုးစီးပွား ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေမူဘောင်အား ခြုံငုံသုံးသပ်ခြင်း

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆)တွင် ရင်းနှီးမြှုပ်နှံသူများသည် ကျွမ်းကျင်မှု မလိုအပ်သောအလုပ်များအတွက် နိုင်ငံသားများကို ခန့်အပ်ရမည်ဆိုသည့်အချက်နှင့် စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ နှင့် နည်းပညာပိုင်းဆိုင်ရာ အခန်းကဏ္ဍများအတွက် နိုင်ငံသားများအား ခန့်အပ်ရန် စွမ်းဆောင်ရည် မြှင့်တင်မှုတို့ကို ဆောင်ရွက်ရမည်ဟု ပါရှိသည်။ [၁၄၇] သို့ရာတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းများ (၂၀၁၇) တွင် ၎င်းနှင့်သက်ဆိုင်သည့် သတ်မှတ်ပြဌာန်းချက်များ မပါဝင်ကြောင်း သိရသည်။ သို့ရာတွင် မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အသုံးပြုသော အခွန်လျှော့ပေါ့ပေးရန် အကျုံးဝင်သည့် သတ်မှတ်ချက်များတွင်မှ ရရှိလာမည့် ရင်းနှီးမြှုပ်နှံမှုအနေဖြင့် အလုပ်အကိုင်သစ်များ ဖန်တီးရေးနှင့် လုပ်သားကျွမ်းကျင်မှု တိုးတက်ရေးအတွက် အထောက်အပံ့ ဖြစ်စေမည်လော ဆိုသည့်အချက်ကို ထည့်သွင်းစဉ်းစားရမည်ဟု ဖော်ပြပါရှိသည်။ [၁၄၈]

ပြည်ထောင်စုအစိုးရ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှု အကဲဖြတ် ဆန်းစစ်ခြင်း လုပ်ငန်းစဉ်များတွင် ဒေသခံအကျိုး ဖွံ့ဖြိုးရေးနှင့် ဆက်စပ်သည့် အချို့သတ်မှတ် ပြဌာန်းချက်များ ပါဝင်သည်။ ကုမ္ပဏီများအနေဖြင့် လူမှု အကျိုးသက်ရောက်မှုဆိုင်ရာ အကဲဖြတ် ဆန်း စစ်မှုနှင့် EIA လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ် ဒီဇိုင်း ပုံစံတစ်ရပ်ကို ဖော်ဆောင်ရမည်ဟု ယင်းလုပ်ငန်းစဉ်တွင် ဖော်ပြထားသည်။ ဥပဒေမူဘောင်တွင် ဖြည့်စွက် အသေးစိတ်အချက်အလက် အနည်းငယ်သာ ပါရှိသော်လည်း ယင်းလုပ်ငန်းစဉ်တွင် အလုပ်အကိုင် ခန့်အပ်ခြင်းနှင့် သင်တန်းအစီအစဉ်များ ပါဝင်သင့်သည်။ အဆိုပါ အစီအစဉ်များကို ပြန်လည်သုံးသပ်စစ်ဆေးရန်နှင့် အတည်ပြုခွင့်ရရန်အတွက် ECD မှ တာဝန်ရှိသည်။ မူအရဆိုလျှင် ပြည်နယ်ဒေသအဆင့် Stakeholder များအား ယခုလုပ်ငန်းစဉ်တွင် ဆွေးနွေးတိုင်ပင်မှုများကိုပြုလုပ်ရမည်ဖြစ်သည်။ ECD သည် EIA များအား အများပြည်သူ သိရှိအောင် ဆောင်ရွက်ရန်နှင့် တွေ့ဆုံဆွေးနွေး တိုင်ပင်မှုများကို ဖြစ်မြောက်အောင် စီမံဆောင်ရွက်ရန်အတွက် တာဝန်ရှိသည်။ [၁၄၉] လက်တွေ့တွင် အစိုးရ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှု စစ်တမ်းများနှင့် စီမံခန့်ခွဲရေး အစီအစဉ်များကို ထုတ်ဖော်ချက်များ ပြုလုပ်ခြင်း မရှိသေးပေ။ [၁၅၀]

ယခုလက်ရှိအချိန်တွင် ပြင်ဆင်ရေးဆွဲနေသည့် သတ္တုတွင်း စည်းမျဉ်းစည်းကမ်းများ မူကြမ်းအရ မည်

၁၄၆ Myanmar Alliance for Transparency and Accountability, *The 21st Century Panglong Process Must Set a New Approach for Natural Resource Management* (2017). Published on Facebook.

၁၄၇ See Republic of the Union of Myanmar, *Myanmar Investment Law* (2016). The law repeals the *Foreign Investment Law* (2012), which had included the more detailed quotas that 25 percent of skilled workers had to be Myanmar citizens within two years, 50 percent within four years and 75 percent within six years.

၁၄၈ Republic of the Union of Myanmar, *Investment Rules.*

၁၄၉ Republic of the Union of Myanmar, *Environmental Impact Assessment Procedures.*

၁၅၀ Natural Resource Governance Institute, *2017 Resource Governance Index* (2017).

သည့်လုပ်ငန်းခွင့်ပြုချက် လျှောက်ထားမှုမဆို မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင် ခန့်အပ်မှုနှင့် သင်တန်းပေးခြင်းများအတွက် တိကျသေချာသော သတ်မှတ်ပြဋ္ဌာန်းချက်များ ပါဝင်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင်း ကုန်စည်နှင့် ဝန်ဆောင်မှုများ ထောက်ပံ့ဝယ်ယူခြင်းအတွက် အစီအစဉ်များလည်း ပါဝင်ရမည်ဖြစ်သည်။ [၁၅၁] သို့သော်လည်း NRGI မှ ဆန်းစစ် သုံးသပ်ချက်အရ ယင်းမူကြမ်းတွင်လည်း အသေးစိတ် အချက်အလက်ကို ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် production sharing contract အရ ရင်းနှီးမြှုပ်နှံသူများသည် အရည်အသွေးပြည့်မီသော မြန်မာနိုင်ငံသားများအား တတ်နိုင်သမျှ အလုပ်ခန့်အပ်သွားရန် ကြိုးပမ်းအားထုတ်ရမည်ဟု သတ်မှတ်ပြဋ္ဌာန်းထားသည်။ ယင်းအပြင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများသည် သယံဇာတရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်စဉ်အတွင်း တစ်နှစ်လျှင် သင်တန်းပေးခြင်းတွက် အနည်းဆုံး အမေရိကန်ဒေါ်လာ ၂၅၀၀၀ နှင့် စွမ်းဆောင်ရည် တည်ဆောက်မှု လုပ်ငန်းစဉ်များအတွက် အမေရိကန်ဒေါ်လာ ၅၀၀၀၀ အသုံးပြုရမည်ဟု ဆိုသည်။ ကုမ္ပဏီများအနေဖြင့် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး ရံပုံငွေတစ်ရပ်ကို ဖော်ဆောင်သွားရမည်ဖြစ်ပြီး ရေနံ အမြတ်အစွန်း၏ ၀.၅ ရာခိုင်နှုန်းကို အဆိုပါ ရံပုံငွေသို့ ထည့်သွင်းရမည်ဟု ဆိုသည်။ [၁၅၂]

## ဒေသခံအကျိုး ဖွံ့ဖြိုးရေး သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် စည်းမျဉ်းဥပဒေများအား ကြပ်မတ်ခြင်း

မူအားဖြင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ မြန်မာ့ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာခွင့်ပြုချက်များဖြင့် စည်းမျဉ်းဥပဒေ ကြပ်မတ်ခြင်း ဆောင်ရွက်သော်လည်း လက်တွေ့တွင် လုပ်ဆောင်သည့် လုပ်ငန်းစဉ်များမှာ ရှင်းလင်းမှုမရှိပါ။ ဆိုးကျိုးသက်ရောက်မှု စစ်တမ်းများ၊ စီမံခန့်ခွဲရေး အစီအစဉ်များအား ဆန်းစစ်သုံးသပ်ခြင်းနှင့် စည်းကမ်းကြပ်မတ်ခြင်းတို့ လုပ်ဆောင်ရန် ECD တွင် စွမ်းဆောင်ရည် အားနည်းချက်များ ရှိနေသည်။ EIA လုပ်ငန်းစဉ်များတွင် လူမှုအကျိုးစီးပွားအတွက် သတ်မှတ်ချက်များကို ထည့်သွင်းစဉ်းစားမှု မရှိသည့်အချက်မှာ စီမံကိန်းအတော်များများတွင်တွေ့နေရသည့်အချက်ဖြစ်သည်။ [၁၅၃] ယခုလက်ရှိတွင် ECD သည် ပြည်နယ်နှင့် ဒေသအဆင့်တွင် ရုံးများစိုက်ထူနေပြီး ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်အထိ ရုံးစိုက် လုပ်ကိုင်သွားရန် အစီအစဉ်များ ရှိသည်။ ယင်းအချက်သည် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှု၊ အလုပ်အကိုင် ခန့်အပ်မှုနှင့် သင်တန်းအစီအစဉ်များ အပါအဝင် လုပ်ငန်းဆောင်ရွက်မှုများတွင် စောင့်ကြည့်စစ်ဆေးခြင်းများကို တိုးတက်လာစေရန်အတွက် အခွင့်အလမ်းကောင်းတစ်ရပ်ပင်ဖြစ်သည်။ ပြည်နယ်ဒေသအဆင့်သို့ ECD ၏ တိုးချဲ့လုပ်ကိုင်မှုများတွင် စည်းကမ်းကြပ်မတ်ခြင်းဆိုင်ရာ စွမ်းဆောင်ရည်များ ပိုမိုတိုးတက်လာစေရန် ကြိုးပမ်းအားထုတ်ရေးနှင့် တွဲဖက်ဆောင်ရွက်ရန် အင်တာဗျူးဖြေကြားသူများက အလေးအနက်ပြောကြားသည်။

ဒေသခံအကျိုး ဖွံ့ဖြိုးရေး တာဝန်များမှာ ကုမ္ပဏီ၏ လိုင်စင်သဘောတူညီချက်များတွင် ပါဝင်ပြီး နိုင်ငံပိုင်လုပ်ငန်းများမှ ကြီးကြပ်စစ်ဆေးရေးအပိုင်းကို တာဝန်ယူဆောင်ရွက်နေသည်။ ဥပမာအားဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် MOGE သည် PSCs တွင် သဘောတူညီထားသော ဒေသခံအကျိုး ဖွံ့ဖြိုးရေး သတ်မှတ်ချက်များနှင့် စည်းမျဉ်းဥပဒေ လေးစား လိုက်နာမှု ရှိစေရေးအတွက် ဆောင်ရွက်ရန် တာဝန်ရှိသည်။ [၁၅၄]

---

၁၅၁ Republic of the Union of Myanmar, *Draft Myanmar Mines Rules* (2017).

၁၅၂ Myanma Oil and Gas Enterprise, *Model Production Sharing Contract.*

၁၅၃ Myanmar Centre for Responsible Business, *Myanmar Mining Sector Wide Impact Assessment.*

၁၅၄ Myanma Oil and Gas Enterprise, *Model Production Sharing Contract.*

## ကမ္ဘာတစ်ဝန်းမှ လက်တွေ့လုပ်ဆောင်မှု/လုပ်ထုံးနည်းနာများအား လေ့လာခြင်း

လေ့လာထားသော နိုင်ငံများတွင် ဒေသခံအကျိုး ဖွံ့ဖြိုးရေးနှင့်ပတ်သက်ပြီး အစိုးရအဆင့်များ၏ လုပ်ပိုင်ခွင့်ရှိမှုမှာ ကွဲပြားကြသည်။ အချို့သော လုပ်ပိုင်ခွင့်/တာဝန်ခံမှု များကို ပြည်နယ်နှင့် ဒေသဆိုင်ရာ Stakeholder များကို လွှဲပြောင်းပေးအပ်ပြီး အခြား လုပ်ပိုင်ခွင့်များကို ဗဟိုအစိုးရမှ ဆက်လက်ထိန်းသိမ်းထားကြသည်။ တူးဖော်ရေးလုပ်ငန်းနှင့်ပတ်သက်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်သို့ လုပ်ပိုင်ခွင့် အများအပြား လွှဲအပ်ပေးထားသော နိုင်ငံအများစုတွင်လည်း ဒေသတွင်းထုတ်ကုန်များ ပိုမိုအသုံးပြုလာနိုင်ရေး ဆောင်ရွက်မှု ဥပဒေကို ဗဟိုချုပ်ကိုင်မှု ရှိနေဆဲပင်ဖြစ်သည်။ တစ်ဖက်တွင်လည်း နိုင်ငံတော်အဆင့် ဥပဒေပြဋ္ဌာန်းမှုအား ပြည်နယ်ဒေသအဆင့် ထပ်တိုး စည်းမျဉ်းစည်းကမ်းများဖြင့် ဖြည့်စွက်သည်၊ သို့မဟုတ် ပြည်နယ်ဒေသအဆင့် အဖွဲ့အစည်းများမှ အကောင်အထည်ဖော် ဆောင်ရွက်မှုများ ရှိသည်။ စာတမ်းအတွက် လေ့လာခဲ့သည့် နိုင်ငံများတွင် ဒေသန္တရ အစိုးရများက ဒေသလိုအပ်ချက်နှင့် စွမ်းဆောင်ရည်ကို နားလည်သောကြောင့် အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးရာတွင် ပါဝင်ဆောင်ရွက်ကြသည်။ ဗဟိုအစိုးရသည် မူဝါဒ မူဘောင်များကို ချမှတ်ကာ ပြည်နယ်ဒေသတခုခြင်းစီ၏ ဆောင်ရွက်ချက်များကို စုစည်းပေးနိုင်သည်။ ပြည်နယ်များအကြား အချိတ်အဆက်မရှိခြင်းကြောင့် နိုင်ငံတစ်ခုလုံး စီးပွားရေးတိုးတက်မှု အခွင့်အလမ်းများ ပိတ်သွားခြင်း မရှိစေရန် အားလုံးကို ခြုံငုံနိုင်သည့် မူဝါဒ မူဘောင်များ ချမှတ်ရန်လိုသည်။

### ဒေသခံအကျိုး ဖွံ့ဖြိုးရေးအတွက် ဥပဒေမူဘောင်များ

အင်ဒိုနီးရှားနိုင်ငံတွင် ပြည်ထောင်စုအစိုးရသည် ဒေသခံအကျိုး ဖွံ့ဖြိုးရေး သတ္တုတွင်းနှင့် ရေနံဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းပြီး စည်းကမ်းကြပ်မတ်သည်။ သို့သော် ပြည်နယ်နှင့် တိုင်းဒေသကြီးအလျောက် ဥပဒေရေးဆွဲပြဋ္ဌာန်းခွင့် အနေအထားတစ်ရပ်လည်း ရှိသည်။ ဥပမာဆိုရသော် အင်ဒိုနီးရှား Bojonegoro ဒေသအစိုးရသည် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် ဒေသခံအကျိုး ဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ထပ်တိုးဖြည့်စွက် ဥပဒေတစ်ခု ချမှတ်ခဲ့သည်။ ဤဥပဒေတွင် ပြည်ထောင်စု ဥပဒေထက်ပိုအသေးစိပ်ပြီး၊ သယံဇာတ တူးဖော်ရေး ကုမ္ပဏီများအနေဖြင့် ဒေသန္တရ စီးပွားရေးလုပ်ငန်းများနှင့် ဒေသခံများကို ၎င်းတို့လုပ်ငန်းများတွင် ဖိတ်ခေါ်ရန် လိုအပ်သည်ဟု ညွှန်ကြားထားသည်။ [၁၅၅]

> အင်ဒိုနီးရှား Bojonegoro ဒေသအစိုးရသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းအတွက် ဒေသခံ အကျိုး ဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ ထပ်တိုး ဖြည့်စွက် ဥပဒေတစ်ခု ချမှတ်ခဲ့သည်။ ဤဥပဒေတွင် ပြည်ထောင်စု ဥပဒေထက် ပိုအသေးစိပ်ပြီး၊ သယံဇာတ တူးဖော်ရေး ကုမ္ပဏီများအနေဖြင့် ဒေသန္တရ စီးပွားရေးလုပ်ငန်း များ နှင့် ဒေသခံများကို ၎င်းတို့လုပ်ငန်းများတွင် ပါဝင်ရန် လိုအပ်သည်ဟု ညွှန်ကြားထားသည်။

ဩစတြေးလျနိုင်ငံတွင် ပြည်နယ်ဥပဒေများက သတ္တုတွင်းနှင့် ရေနံလုပ်ငန်းများကို အခြေခံအားဖြင့် စီမံသည်။ သို့သော် ဒေသခံအကျိုး ဖွံ့ဖြိုးရေးအတွက် အဓိက ဥပဒေမှာ ဖက်ဒရယ်အစိုးရမှ ချမှတ်ထားသော ဩစတြေးလျ အလုပ်အကိုင်ဥပဒေ (၂၀၁၃) ဖြစ်သည်။ ယင်းဥပဒေသည် မတည် သုံးစွဲငွေ ဩစတြေးလျ ဒေါ်လာသန်း ၅၀၀ ကျော်သော ရင်းနှီးမြှုပ်နှံမှုများအတွက် အကျုံးဝင်သည်။ The Australian Industry Participation Authority အဆိုပါ အက်ဥပဒေ အကောင်အထည်ဖော်ခြင်းကို ပါဝင်ဆောင်ရွက်သည်။ ဒေသခံအကျိုး ဖွံ့ဖြိုးရေးနှင့်ပတ်သက်သည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းခြင်းအားဖြင့် ကုန်းတွင်း သယံဇာတအပေါ် စီမံပိုင်ခွင့်မရှိသော ဗဟိုအစိုးရမှ အဆိုပါကဏ္ဍ၌ လုပ်ပိုင်ခွင့်အာဏာအချို့ ရှိလာသည်။ ရွှေ့ပြောင်းနေထိုင်မှုများနှင့် စက်မှုဖွံ့ဖြိုးတိုးတက်မှု စသည့် ကိစ္စရပ်များကို ဗဟိုမှ ဖြေရှင်းပေးရန် ပြည်နယ်များမှ ဆန္ဒရှိသည့်အတွက် အဆိုပါကဏ္ဍတွင် ဗဟိုအစိုးရအား လုပ်ပိုင်ခွင့် ခွဲဝေပေးမှု မြင့်တက်လာခဲ့သည်။ သို့သော်လည်း သယံဇာတ အရင်းအမြစ် စီမံခန့်ခွဲမှုသည် သမိုင်းအစဉ်အလာအရ ပြည်နယ်/ဒေသအဆင့် အစိုးရများ၏ အခွင့်အရေးဖြစ်သည်ဟု ယူဆကြသည်။

### ဒေသခံအကျိုး ဖွံ့ဖြိုးရေးဆိုင်ရာ ပြဋ္ဌာန်းချက်များအား ညှိနှိုင်းဆွေးနွေးခြင်း

အကောင်အထည်ဖော်ရေး လုပ်ပိုင်ခွင့်တာဝန်သည် ဗဟိုနှင့် ပြည်နယ်ဒေသအဆင့် အစိုးရအကြားကွဲပြားနေနိုင်သည်။ အချို့ တစ်ပြည်ထောင်နိုင်ငံများဖြစ်သော မွန်ဂိုလီးယား နှင့် ဖိလစ်ပိုင်နိုင်ငံမျိုးတို့တွင် ဒေသခံအကျိုး ဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ စာချုပ်စာတမ်းဆိုင်ရာ ပြဋ္ဌာန်းချက်အပေါ် ညှိနှိုင်းဆွေးနွေးရာတွင် ပြည်နယ်/ဒေသအစိုးရကို ပါဝင်ခွင့်ပေးထားသည်။ [၁၅၆] ဖိလစ်ပိုင်တွင် အဆိုပါလုပ်ပိုင်ခွင့်ကို ဌာနေတိုင်းရင်းသားဆိုင်ရာ ဥပဒေတွင် ဖော်ပြထားသည်။ ဌာနေတိုင်းရင်းသားများ၏ ''ဘိုးဘွားပိုင် နေရာ''

---

၁၅၅ Government of Indonesia, *Regulation of Regents No.48/2011* (2011).

၁၅၆ Government of Mongolia, *Minerals Law;* Government of Mongolia, Law on Petroleum; Government of the Philippines, *Indigenous Peoples Rights Act.*

တွင် သယံဇာတတူးဖော်မှု ဆောင်ရွက်သည့်အခါ ၎င်းတို့အနေဖြင့် ဒေသခံအကျိုး ဖွံ့ဖြိုးရေး အစီအစဥ်များနှင့် မူဝါဒများ အကောင်အထည်ဖော်ရာတွင် ပါဝင်ခွင့်ရှိသည်။ မည်သို့ပင်ဆိုစေကာမူ လုပ်ပိုင်ခွင့်အားလုံးကို နိုင်ငံတော်အဆင့် အဖွဲ့အစည်းများမှ လက်ဝယ်ထားရှိသည်။ ကုမ္ပဏီများက လိုင်စင်လျှောက်ထားသည့် လုပ်ငန်းစဥ်၏ အစိတ်အပိုင်းအဖြစ် ကုမ္ပဏီများမှ တင်သွင်းသည့် အစီအစဥ်/ စီမံကိန်းများအတွက် သတ္တုတွင်းနှင့် ဘူမိသိပ္ပံ ဗျူရို ဒေသန္တရ ရုံးများ၏ ခွင့်ပြုချက် လိုအပ်သည်။ ဒေသတွင်း၌ အခြေစိုက် လုပ်ကိုင်သော်လည်း အဆိုပါရုံးများကို ဗဟိုအစိုးရက ရွေးချယ်ခန့်အပ်ထားပြီး၊ ဗဟိုအစိုးရသို့ တိုက်ရိုက် တာဝန်ခံမှုရှိရသည်။ [၁၅၇]

## စည်းကမ်းကြပ်မတ်ခြင်း

စည်းကမ်းကြပ်မတ်ခြင်းကိစ္စတွင် ပြည်နယ်နှင့် ဒေသဆိုင်ရာ အစိုးရသည် ပို၍ ထဲထဲဝင်ဝင် ပါဝင်သည်။ ဥပမာအားဖြင့် မွန်ဂိုလီးယားတွင် ဒေသခံအကျိုး ဖွံ့ဖြိုးရေးကိစ္စကို ပြည်ထောင်စု အစိုးရက ဥပဒေပြုပြီး အကောင်အထည် ဖော်ခြင်းဖြစ်သော်လည်း ပြည်နယ်ဒေသ အစိုးရများသည် ကြီးကြပ်ရေးတာဝန်များကို ဆောင်ရွက်ရသည်။ သတ္တုတွင်းလုပ်ငန်းများအနေဖြင့် အလုပ်အကိုင်ဖန်းတီးခြင်း ကိစ္စရပ်များတွင် ဒေသန္တရ အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်။ အကောင်အထည်ဖော်ရာတွင် အားနည်းသော်လည်း  လုပ်ပိုင်ခွင့်လိုင်စင် ရရှိထားသည့် ကုမ္ပဏီ၏ စည်းကမ်းလိုက်နာမှုကို စောင့်ကြည့်စစ်ဆေးနိုင်သည့် ကိုယ်စားလှယ်တစ်ဦးကို ဒေသခံလူထုသည်လည်း ရွေးကောက်တင်မြှောက်ခွင့် ရှိသည်။ [၁၅၈]

# မြန်မာနိုင်ငံအတွက် ထည့်သွင်းစဥ်းစားသင့်သည့် အချက်များ

မြန်မာနိုင်ငံတွင် သယံဇာတ ကဏ္ဍမှ ရရှိသော အကျိုးကျေးဇူးများအား ပြည်နယ် နှင့် ဒေသဆိုင်ရာ Stakeholder များထံသို့ ခွဲဝေပေးခြင်းဆိုင်ရာ ဆွေးနွေးမှုများကို ဆက်လက် အလေးထား ဆောင်ရွက်သွားရာတွင် အောက်ပါ အကြံပြုချက်များကို ထည့်သွင်းစဥ်းစားနိုင်ပါသည် –

- **ဒေသခံအကျိုး ဖွံ့ဖြိုးရေး သတ်မှတ်ချက်များကို ပို၍ကျယ်ပြန့်သော ဖွံ့ဖြိုးရေး အစီအစဥ်များနှင့် တစ်ပေါင်းတည်းဖြစ်အောင် ဆောင်ရွက်ပါ ။ ။** ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်/ဒေသဆိုင်ရာ အစိုးရတို့ကြား ပိုမိုကျယ်ပြန့်သော လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဘုံရည်မှန်းချက် ထားရှိပြီး ဒေသခံအကျိုး ဖွံ့ဖြိုးရေးကို အဆိုပါရည်မှန်းချက်နှင့်အညီ လုပ်ဆောင်ခြင်းဖြင့် အကျိုးကျေးဇူးရှိနိုင်သည်။ ပြည်ထောင်စုအစိုးရမှ အလုံးစုံ ခြုံငုံမိသော မူဘောင်တစ်ရပ်ကို ချမှတ်နိုင်ပြီး ပြည်နယ်နှင့် ဒေသဆိုင်ရာ အစိုးရများက ဒေသအတွက် အဆင်ပြေသလို ကိုက်ညှိ အသုံးပြုနိုင်သည်။ ဤမူဝါဒများသည် အနာဂတ်တွင် လုပ်ဆောင်မည့် ဒေသခံအကျိုး ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ သို့မဟုတ် ကုမ္ပဏီများနှင့် ချုပ်ဆိုသည့် စာချုပ်စာတမ်းများအတွက် ကိုးကားချက်တစ်ခု ဖြစ်လာနိုင်သည်။

- **''ဒေသတွင်း'' ဆိုသည့် စကားရပ်ကို အနက်ဖွင့်ခြင်း ။ ။** လက်ရှိတွင် အစိုးရ၏ မူဝါဒသည် မြန်မာပြည်သူများ အလုပ်အကိုင်ရရှိမှု တိုးတက်ရေးအတွက် အခြေခံအားဖြင့် အလေးထား ဆောင်ရွက်နေသည်။ ဒေသခံအကျိုး ဖွံ့ဖြိုးရေးဆိုင်ရာ သတ်မှတ်ချက်များဖြင့် ဒေသခံများ အကျိုးရှိစေရန်နှင့် တိုင်းရင်းသားလူမျိုးစု အချို့၏ တောင်းဆိုချက်များကို ဖြည့်ဆည်းပေးရန် မူဝါဒ ချမှတ်သူများအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသ Stakeholder များနှင့် အနီးကပ် ဆွေးနွေးတိုင်ပင် ၍ ''ဒေသတွင်း'' ဆိုသော စကားရပ်၏ အဓိပ္ပာယ်ကို ပို၍ တိတိကျကျ ဖွင့်ဆိုနိုင်သည်။

- **ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်/ဒေသဆိုင်ရာ အစိုးရကြား ညှိနှိုင်းဆောင်ရွက်ခြင်း ။ ။** ပြည်နယ်နှင့် ဒေသဆိုင်ရာ အစိုးရများမှ ၎င်းတို့ပြည်နယ်နှင့် တိုင်းအတွက် ဒေသခံအကျိုး ဖွံ့ဖြိုးရေး သီးသန့် သတ်မှတ်ချက်များကို ပြဋ္ဌာန်း အကောင်အထည်ဖော်ခွင့် ရှိလာပါက ပြည်ထောင်စု အစိုးရ၏ မူဝါဒများနှင့် ညှိနှိုင်းဆောင်ရွက်ရခြင်းဖြင့် အကျိုးရှိနိုင်သည်။ နိုင်ငံတော်အဆင့်နှင့် ပြည်နယ် နှင့် ဒေသဆိုင်ရာ မူဝါဒများတွင် ဒေသစီးပွားရေး၏ အခက်အခဲများနှင့် အခွင့်အလမ်းများကို ထည့်သွင်းစဥ်းစားထားသင့်သည်။ ယှဥ်ပြိုင်နိုင်စွမ်းရှိပြီး အမျိုးအစား ကွဲပြားသော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို

၁၅၇ Government of the Philippines, *Mining Act.*

၁၅၈ Government of Mongolia, *Minerals Law.* stakeholder interview.

ဦးစားပေး ဆောင်ရွက်သင့်သည်။

- **ပြည်နယ် နှင့် ဒေသဆိုင်ရာ Stakeholder များ၏ ကဏ္ဍကို ရှင်းရှင်းလင်းလင်း သတ်မှတ်ပါ** ။ ။ EIA မူဘောင်အရ လူမှုစီမံခန့်ခွဲမှု အစီအစဉ်များ ဖွံ့ဖြိုးရေးတွင် ပြည်နယ်နှင့် တိုင်းဒေသ အစိုးရနှင့် တိုင်ပင်ဆွေးနွေးရန် ပြဋ္ဌာန်းချက်များသည် ကောင်းသောခြေလှမ်းတစ်ခုပင် ဖြစ်သည်။ ဒေသခံအကျိုး ဖွံ့ဖြိုးရေး အစီအစဉ်အား ဆန်းစစ်ညှိနှိုင်းခြင်း၊ အကောင်အထည်ဖော်ခြင်း နှင့် စောင့်ကြည့်စစ်ဆေး ခြင်းများအတွက် လုပ်ပိုင်ခွင့် တာဝန်များကို EIA မူဘောင်တွင် ပို၍ ရှင်းလင်းပြတ်သားအောင် အဓိပ္ပာယ်ဖွင့်ဆို သတ်မှတ်နိုင်သည်။ မွန်ဂိုလီယားကဲ့သို့ ပြည်နယ်နှင့် ဒေသအစိုးရများသာမက ဒေသခံ ကိုယ်စားလှယ်များကိုပါ ပါဝင်စေခြင်းသည် ဒေသခံအကျိုး ဖွံ့ဖြိုးရေး မူဝါဒများ စာရွက်ပေါ် တွင်သာမဟုတ်ဘဲ လက်တွေ့ အကောင်အထည်ဖော်ခြင်း ကိုဖြစ်စေပြီး တူးဖော်ရေးစီမံကိန်းများဒဏ်ကို တိုက်ရိုက် ခံစားရသည့် ဒေသခံအတွက် အကျိုးရှိစေနိုင်သည်။ EIA နှင့် EMP များကို ပြည်သူ လူထုအား လက်လှမ်းမီအောင် ဆောင်ရွက်ခြင်းဖြင့် ဒေသခံများကို အကျိုးရှိစေသည်။

## ၉။ တစ်နိုင်တစ်ပိုင်နှင့် အသေးစား သယံဇာတ တူးဖော်ထုတ်လုပ်မှု

### ဘာကြောင့် အရေးပါသလဲ။

တစ်နိုင်တစ်ပိုင် နှင့် အသေးစား သယံဇာတ တူးဖော်ထုတ်လုပ်ခြင်း ဆောင်ရွက်ချက်များသည် ကမ္ဘာ့အလုပ်အကိုင် ကဏ္ဍ၏ အဓိက အရင်းအမြစ် ဖြစ်ပါသည်။ တစ်နိုင်တစ်ပိုင်နှင့် အသေးစား သယံဇာတ တူးဖော်ထုတ်လုပ်ခြင်း (ASM) သည် ကမ္ဘာတစ်ဝန်းရှိ ခန့်မှန်းခြေ လူဦးရေ သန်း ၁၀၀ နီးပါး၏ အသက်မွေးလုပ်ငန်း ဖြစ်သည်။ [၁၅၉] ဤကဏ္ဍမှ သိသာထင်ရှားသော အကျိုးကျေးဇူးများ ရရှိနိုင်သည်။ မွန်ဂိုလီးယား သည် ၂၀၁၄ ခုနှစ်တွင် တရားဝင် ASM လုပ်ငန်းမှ ပြည်ပတင်ပို့ရောင်းချမှု ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ သန်း ၁၁၀ အထိ ရရှိခဲ့သည်။ အဆိုပါခုနှစ်အတွင်း သယံဇာတ လုပ်ငန်းများမှ ရရှိသော စုစုပေါင်း ပြည်ပတင်ပို့ရောင်းချမှု၏ ၃.၃ ရာခိုင်နှုန်းအထိ ရှိခဲ့သည်။ [၁၆၀]

ယင်းကဲ့သို့ စီးပွားရေးအရ အရေးပါမှု အလားအလာကောင်းများ ရှိသော်လည်း နိုင်ငံအများစုတွင် ဤလုပ်ငန်းကို တရားဝင် စည်းမျဉ်းများဖြင့် ထိန်းသိမ်းဆောင်ရွက်မှု မရှိသေးပေ။ လုပ်ငန်းခွင်အခြေအနေမှာ အန္တရာယ်ရှိပြီး သဘာဝပတ်ဝန်းကျင်၊ လူမှုရေးရာ စီမံခန့်ခွဲမှုများလည်း ညံ့ဖျင်းမှု ရှိနေဆဲဖြစ်ပြီး အခွန်ကောက်ယူမှုလည်း အားနည်းနေသည်။ လက်ဖြစ် တစ်ပိုင် သတ္တုတူးဖော်သူများသည် အကြီးစားအဆင့် လုပ်ကိုင်နေသူများနှင့် ပဋိပက္ခဖြစ်လာနိုင်ပြီး ထိုမှတစ်ဆင့် လုပ်ငန်းလည်ပတ်မှု ထိခိုက်ကာ အကြမ်းဖက်မှုနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်ပေါ်လာနိုင်သည်။ ကမ္ဘာတစ်ဝန်းလုံးတွင် ပျံ့နှံ့မှု နည်းနေသေးသော်လည်း တစ်နိုင်တစ်ပိုင် ရေနံထုတ်လုပ်မှု လုပ်ငန်းသည် နိုင်ငံအချို့တွင် အရေးပါသောကိစ္စတစ်ရပ်ဖြစ်ပြီး အလားတူ ပြဿနာများ ရင်ဆိုင်နေရသည်။

တစ်နိုင်တစ်ပိုင်နှင့် အသေးစား တူးဖော်ခြင်းကဏ္ဍ၏ စီးပွားရေးအရ အရေးပါမှုနှင့် လူမှုဝန်းကျင်နှင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကို ထိထိရောက်ရောက် စီမံခန့်ခွဲနိုင်ရန် လိုအပ်နေခြင်းကြောင့် အစိုးရများသည် ဥပဒေများ ပြဋ္ဌာန်း၍ စည်းကမ်းထိန်းကြပ်ရန် တိုးမြှင့်ဆောင်ရွက်လာနေကြသည်။ ပထမအဆင့်အနေဖြင့် နိုင်ငံအများအပြားသည် ASM သို့မဟုတ် တစ်နိုင်တစ်ပိုင် ရေနံတူးဖော်ခြင်းဆိုင်ရာ ဥပဒေများကို ပင်မဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားလေ့ ရှိကြသည်။ သို့သော် ခွင့်ပြုမိန့် လျှောက်ရာ၌ ကုန်ကျစရိတ်များခြင်း၊ အခွန်ဆောင်ရခြင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စည်းကမ်းချက်များ လိုက်နာရခြင်းကြောင့် ယင်းကဏ္ဍအား တရားဝင်ဖြစ်အောင် ဖော်ဆောင်ရာတွင် အဟန့်အတားများဖြစ်နေပြီး ဥပဒေရေးရာ အပြောင်းအလဲ ကိစ္စမှာလည်း အောင်မြင်ခဲသော ကိစ္စတစ်ရပ်ဖြစ်သည်။ အစိုးရများအနေဖြင့် တရားဝင်လုပ်ငန်းအဖြစ် ပြောင်းလဲစေရန် မှန်ကန်သည့်မက်လုံးများ ဖော်ဆောင်ပေးခြင်းနှင့် ဥပဒေမူဘောင် ပြင်ပတွင် ဆက်လက်လုပ်ကိုင်နေသူများကို ထိထိရောက်ရောက် အရေးယူခြင်းတို့ ဆောင်ရွက်ရန် လိုအပ်သည်။

တစ်နိုင်တစ်ပိုင် လုပ်ငန်းကို တရားဝင် ဖြစ်စေရေးနှင့် တစ်နိုင်တစ်ပိုင် တူးဖော်သူများအား အကာအကွယ်ပေးရေး၊ အကြီးစားလုပ်ငန်းကြီးများနှင့် ပဋိပက္ခ မဖြစ်စေရေးအတွက် ပြည်နယ်နှင့် ဒေသဆိုင်ရာ အစိုးရအဖွဲ့အစည်းများမှ ပါဝင်နိုင်သည်။ များသောအားဖြင့် တစ်နိုင်တစ်ပိုင်နှင့် အသေးစား တူးဖော်သူများသည် နိုင်ငံတော်အဆင့်တွင် ထည့်သွင်းစဉ်းစားခံရသူများ မဟုတ်ဘဲ၊ အကာအကွယ်မဲ့ ထိခိုက်လွယ်သူများ ဖြစ်ကြသည်။ ပြည်နယ်နှင့် ဒေသအစိုးရများအနေဖြင့် ၎င်းတို့အား ဥပဒေမူဘောင်အတွင်းမှ တရားဝင် လုပ်ကိုင်လာနိုင်စေရန် ဆောင်ရွက်ပေးရန်အတွက် အခြေအနေပေးသည်ဖြစ်သောကြောင့် ပြေလည်အောင် ဆောင်ရွက်ပေးရမည်။ တရားဝင်ဖြစ်အောင် လုပ်ဆောင်ရာတွင် ကြုံတွေ့ရသည့် အဓိကအတားအဆီးအချို့မှာ အချိန်ကြာ၊ ဗဟိုအစိုးရနှင့် ဆက်ဆံရန် လိုအပ်ခြင်း၊ အလွန်ရှုပ်ထွေးသည့် လုပ်ထုံးလုပ်နည်း အဆင့်ဆင့်တို့ ဖြစ်သည်။ လုပ်ပိုင်ခွင့် ခွဲဝေလိုက်ပါက ဗျူရိုကရေစီ ကြိုးနီစနစ် ဒုက္ခများကို လျှော့ချနိုင်သည်။ သို့သော် ဤကိစ္စကို ပြည်နယ်ဒေသ အစိုးရအဖွဲ့အစည်းများနှင့် လက်တွဲ၍ ဖြေရှင်း

၁၅၉ These numbers include workers and their families. World Bank, “Artisanal and Small-Scale Mining,” last modified 21 November 2013, http://www.worldbank.org/en/topic/extractiveindustries/brief/artisanal-and-small-scale-mining.

၁၆၀ Bolormaa Purevjav, *Human Rights and Mongolia’s Small-Scale Mining Sector* (The Asia Foundation, 2014); Calculated as follows: 110m*100/3,295,381,000, with data from the World Bank, “World Integrated Trade Solutions Portal,” accessed 15 January 2017, http://wits.worldbank.org.

သင့်သည်။ အစိုးရအဖွဲ့အစည်းများက ပညာပေးခြင်း၊ မက်လုံးပေးခြင်းနှင့် ထိတွေ့ ဆွေးနွေးခြင်းများလုပ်ဆောင်သင့်ပြီး စည်းကြပ်မှု လုပ်ဆောင်ရန် စိတ်ဆန္ဒနှင့် စွမ်းဆောင်ရည်ရှိရန်လည်း လိုအပ်သည်။

## မြန်မာနိုင်ငံ၏ လက်ရှိအနေအထား

တစ်နိုင်တစ်ပိုင်နှင့် အသေးစား သယံဇာတ ထုတ်လုပ်မှုလုပ်ငန်းသည် မြန်မာနိုင်ငံ၏ အဓိက စီးပွားရေးလုပ်ငန်း ရင်းမြစ်တစ်ခု ဖြစ်သည်။ (လေးထောင့်ကွက် ၁၃ ကို ကြည့်ပါ) လုပ်ကိုင်နေသူ အရေအတွက်ကို အတိအကျ ပြောရန် ခက်ခဲသော်လည်း ကျောက်မျက် တူးဖော်သည့် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသတွင် ရေမဆေး ဦးရေ ၄၀၀၀၀၀ ကျော် ရှိသည်ဟု သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန (MONREC) က ခန့်မှန်းထားသည်။ [၁၆၁] တစ်နိုင်တစ်ပိုင် ကျောက်တူးလုပ်ငန်းနှင့် ရေနံလုပ်ငန်းအပေါ် မှီခိုနေသူ စုစုပေါင်း (တစ်နေ့လုပ်မှ တစ်နေ့စားရသူများ အပါအဝင်) အရေအတွက်မှာ ယခုထက် ပိုနိုင်သည်။

တစ်နိုင်တစ်ပိုင်နှင့် အသေးစားလုပ်ငန်းများကို ထိထိရောက်ရောက် စီမံခန့်ခွဲရာတွင် စိန်ခေါ်မှုများ ရှိနေသည်။ ဤကဏ္ဍသည် လူမှုဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်အပေါ် ကြီးမားသော သက်ရောက်မှုများနှင့် ဆက်စပ်နေသည်။ ပြည်ထောင်စုအစိုးရ၏ ဥပဒေ ပြဋ္ဌာန်းချက်များတွင် တစ်နိုင်တစ်ပိုင် နှင့် အသေးစား ကျောက်တူးလုပ်ငန်းနှင့်  တစ်နိုင်တစ်ပိုင် ရေနံထုတ်လုပ်မှုကို ခွင့်ပြုထားသည်။ သို့သော် လိုင်စင်ရရှိရန် ခက်ခဲပြီး လုပ်ငန်းအနည်းငယ်ကိုသာ တရားဝင် ခွင့်ပြုထားသည်။ တရားဝင် သတ်မှတ်ခွင့်ပြုမှု မရှိခြင်း၊ လုပ်ငန်းခွင် အန္တရာယ်ရှိခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ထုံးများ ညံ့ဖျင်းခြင်း၊ (ကလေးသူငယ်ခေါင်းပုံဖြတ်မှု နှင့် မူးယစ်ဆေးဝါး အလွဲသုံးစွဲမှု အပါအဝင်) လူမှုဝန်းကျင်အပေါ် အန္တရာယ်ရှိသော သက်ရောက်မှုရှိခြင်းတို့ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေဆဲ ဖြစ်သည်။ [၁၆၂] ဤကဏ္ဍသည် ပြည်နယ်နှင့် ဒေသဆိုင်ရာ အစိုးရ ထိန်းချုပ်မှုလက်အောက် ဖြစ်လာသော (အထူးသဖြင့် လုပ်ပိုင်ခွင့်လိုင်စင်ချပေးခြင်း နှင့် အခွန်ကောက်ယူခြင်း) ကဏ္ဍတစ်ခုဖြစ်သည်။

### လေးထောင့်ကွက် (၁၃) မြန်မာနိုင်ငံ၏ တစ်နိုင်တစ်ပိုင်နှင့် အသေးစား သယံဇာတ ထုတ်ယူခြင်းလုပ်ငန်း

အသေးစားနှင့် တစ်နိုင်တစ်ပိုင် လုပ်ငန်းကို နိုင်ငံအလိုက် အဓိပ္ပာယ်ဖွင့်ဆိုပုံ ကွဲပြားသည်။ ယေဘုယျအားဖြင့် ရံဖန်ရံခါတွင် ဖက်စပ်ပူးပေါင်း လုပ်ကိုင်လေ့ရှိသော လူပုဂ္ဂိုလ်များ (သို့) မိသားစုများက စက်အနည်းငယ် သုံး၍ (သို့) မသုံးဘဲ ထုတ်လုပ်မှုနှုန်း အနည်းငယ်သာရှိသည့် အသေးစား တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများကို ဆိုလိုသည်။ ကြီးကြပ်မှုအားနည်းသော နိုင်ငံများတွင် တစ်နိုင်တစ်ပိုင် လုပ်ငန်းများသည် ရာဇဝတ်သား နှင့် လက်နက်ကိုင် အုပ်စုများ ထိန်းချုပ်ခံရနိုင်သည်။ တစ်နိုင်တစ်ပိုင် ကျောက်တူးလုပ်ငန်းသည် တစ်နိုင်တစ်ပိုင် ရေနံလုပ်ငန်းထက် ကမ္ဘာတစ်ဝန်းတွင် ပို၍ သိသိသာသာ ပျံ့နှံ့မှုရှိသည်။

မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ် သတ္တုတွင်းဥပဒေ ပြင်ဆင်ချက်အရ အသေးစား သတ္တုတူးဖော်ရေးနှင့် တစ်နိုင်တစ်ပိုင် သတ္တုတူးဖော်ရေးလုပ်ငန်းအဖြစ် အမျိုးအစား ခွဲနိုင်သော လုပ်ငန်းနှစ်မျိုးရှိသည်။ ပထမတစ်ခုမှာ ''ကြီးမားသော ရင်းနှီးမြှုပ်နှံမှုနှင့် အသုံးစရိတ်  မလိုသော (သို့) အထူးနည်းပညာနှင့် နည်းစနစ်များ မလိုသော'' စီးပွားဖြစ် ထုတ်လုပ်မှု [၁၆၃] ဟု အဓိပ္ပာယ် ဖွင့်ဆိုထားပြီး ဒုတိယတစ်ခုမှာ ''သာမန် လက်သုံးကိရိယာများကို အသုံးပြုသော ထုတ်လုပ်မှု'' [၁၆၄] ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ တစ်နိုင်တစ်ပိုင် (သို့) အသေးစား တူးဖော်မှုအဆင့်ကို အစစ်အမှန် အဓိပ္ပာယ်ဖွင့်ဆိုရာတွင် စိန်ခေါ်မှု ရှိနိုင်သည်။ အချို့ကိစ္စရပ်များတွင် ကုမ္ပဏီများသည် အသေးစားအဆင့် လုပ်ငန်းလိုင်စင် များစွာ ရယူထားပြီး လုပ်ကွက်တစ်ခုတည်း ပေါင်းလုပ်နေသည်။ ၎င်းတို့သည် အကြီးစားအဆင့် လုပ်ငန်း

၁၆၁ International Growth Centre, *Artisanal Jade mining in Myanmar* (2017), accessed 16 November 2017, https://www.theigc.org/project/artisanal-jade-mining-myanmar.

၁၆၂ Myanmar Centre for Responsible Business, *Myanmar Mining Sector Wide Impact Assessment.*

၁၆၃ Shortell and Aung, *Mineral and Gemstone Licensing in Myanmar.*

၁၆၄ Government of the Union of Myanmar, *Myanmar Mines Law* (2015).

လိုင်စင်လျှောက်လျှင် ပို၍ စည်းကမ်းတင်းကြပ်သည့် လုပ်ငန်းဆောင်တာများကို ရှောင်လွှဲရန် ယခုကဲ့သို့ လုပ်ဆောင်ခြင်း ဖြစ်သည်။

ဥပဒေအရ သတ်မှတ်ချက်များနှင့် ဘောင်မဝင်သည့် အခြား တရားမဝင် တူးဖော်မှုများလည်း နိုင်ငံ၏ သတ္တုတွင်းကဏ္ဍတွင် ဖြစ်ပေါ်နေပါသည်။ ကျောက်စိမ်း နှင့် ကျောက်မျက်ကဏ္ဍတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုတစ်ရပ်မှာ ရေမဆေးကျောက် ရှာသူများက အကြီးစားလုပ်ကွက်များထဲသို့ ဝင်ကာ စွန့်ပစ်ကျောက်များအကြား ဝင်ရောက်ရှာဖွေခြင်း ဖြစ်သည်။ ရေမဆေးကျောက် ရှာသူများသည် အလွန် အန္တရာယ်များသော အခြေအနေတွင် လုပ်ကိုင်နေကြသည်။

မြန်မာနိုင်ငံသည် တစ်နိုင်တစ်ပိုင် ရေနံလုပ်ငန်း (လက်ယှက်တွင်း) အများအပြား ရှိနေပြီး ကိုလိုနီခေတ်ကြို ကာလကတည်းက ဖြစ်သည်။ တသီးပုဂ္ဂလများနှင့် အသေးစား တရားမဝင်လုပ်ငန်းများသည် စက်သီးတပ် လက်ယက် ရေနံတွင်း တစ်တွင်းထက်မက ရှိသလို Nodding Donkeys စက်ကဲ့သို့သော အသေးစား စက်များလည်း တခါတရံ အသုံးပြုသည်။ မကွေး၊ စစ်ကိုင်း၊ ဧရာဝတီ နှင့် ရန်ကုန် တိုင်းဒေသကြီးတို့တွင် လုပ်ကိုင်နေပြီး သဘာဝပတ်ဝန်းကျင်အပေါ် အကြီးစား ထိခိုက်မှု ဖြစ်ပေါ်စေသည်။ လုပ်ငန်းခွင်တွင်လည်း ဘေးကင်းလုံခြုံရေး စံနှုန်းများ လိုက်နာခြင်းမရှိပါ။ [၁၆၅]



ကချင်ပြည်နယ် ဖားကန့်ဒေသတွင် ကုမ္ပဏီများနှင့် စွန့်ပစ်လိုက်သည့် မြေစာပုံများတွင် ကျောက်စိမ်းရှာနေသော ရေမဆေးကျောက် ရှာသူများ (ဓါတ်ပုံ – မင်းဇေယျာ)

## ASM ကို အုပ်ချုပ်စီမံသည့် အဓိက ဥပဒေများအား ခြုံငုံသုံးသပ်ချက်

မြန်မာနိုင်ငံတွင် တစ်နိုင်တစ်ပိုင်နှင့် အသေးစား သယံဇာတထုတ်ယူမှု လုပ်ငန်းကို ပြည်ထောင်စုဥပဒေဖြင့် အုပ်ချုပ်စီမံသည်။ သတ္တုတူးဖော်ရေးအတွက် အရေးအကြီးဆုံးသော ဥပဒေများမှာ မြန်မာနိုင်ငံ သတ္တုတွင်းဥပဒေ (၂၀၁၅)၊ မြန်မာနိုင်ငံ ကျောက်မျက်ဥပဒေ (၁၉၉၅၊ ပြင်ဆင်ရေးဆွဲထား) နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ (၂၀၁၂)တို့ ဖြစ်သည်။ တစ်နိုင်တစ်ပိုင် ရေနံလုပ်ငန်းကို စီမံအုပ်ချုပ်ရန်လည်း ဥပဒေအသစ်တစ်ရပ် ပြဋ္ဌာန်းထားသည်။ ရေနံ လက်ယက်တွင်းဆိုင်ရာ ဥပဒေ (၂၀၁၇) ဖြစ်သည်။ ကျောက်ပုံများတွင် ရေမဆေးကျောက် ရှာသူ အများအပြားရှိသော်လည်း ၎င်းတို့ တရားဝင် လုပ်ကိုင်ခွင့်ပြုသော ပြဋ္ဌာန်းချက်ကို ဥပဒေမူဘောင်အတွင်း မရှိသေးပါ။

ပြဋ္ဌာန်းတော့မည့် ဥပဒေများအရ တနိုင်တပိုင်နှင့် အသေးစား သတ္တုလုပ်ငန်း လိုင်စင်ချပေးခြင်းကို ပြည်နယ်နှင့်တိုင်းအဆင့်မှ တာဝန်ယူတော့မည် ဖြစ်သည်။

## ပြည်နယ်နှင့် ဒေသ၏ ပါဝင်ပက်သက်မှု

မကြာသေးမီက ပြင်ဆင်လိုက်သည့် သတ္တု၊ ကျောက်မျက်ဥပဒေများ နှင့် ၂၀၁၅ ခုနှစ်တွင် ပြန်လည်ပြင်ဆင်ခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ နှင့် ၅ တွင် လိုင်စင်ချပေးခြင်းနှင့် အခွန်ကောက်ယူခြင်း

၁၆၅ Htoo Thant and Chan Mya Htwe, "Government to Tighten Licensing Restrictions on Artisanal Oil Drilling," *Myanmar Times*, 12 September 2016.

လုပ်ပိုင်ခွင့် တာဝန်များကို ပြည်နယ်နှင့် ဒေသဆိုင်ရာအဆင့်သို့ ခွဲဝေပေးလိုက်သည်။ [၁၆၆] သတ္တုတွင်းလုပ်ငန်း နည်းဥပဒေ မူကြမ်းများအရ ပြည်နယ်နှင့် ဒေသဆိုင်ရာ ဘုတ်အဖွဲ့များက တစ်နိုင်တစ်ပိုင်နှင့် အသေးစား လုပ်ငန်းလိုင်စင်များ ချပေးပိုင်ခွင့် ရှိလာမည် ဖြစ်သည်။ အင်တာဗျူး ဖြေကြားသူများ၏ ပြောကြားချက်အရ ထိုဘုတ်အဖွဲ့များတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန (MONREC) မှ သက်ဆိုင်ရာ ပြည်နယ် (သို့) ဒေသဆိုင်ရာ အစိုးရအဖွဲ့နှင့် တိုင်ပင်၍ ဖွဲ့စည်းမည်ဟုဆိုသည်။ ဘုတ်အဖွဲ့တွင် ပြည်နယ် (သို့) တိုင်းဒေသကြီး ဝန်ကြီးချုပ် နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် GAD တို့၏ ပြည်နယ် (သို့) တိုင်းဒေသကြီး ကိုယ်စားလှယ်များ ပါဝင်မည်ဖြစ်သည်။ လိုင်စင်ကြေးကို ပြည်နယ်နှင့် တိုင်းအစိုးရများက ကောက်ခံမည်ဖြစ်သည်။ အလားတူ ကျောက်မျက်ကဏ္ဍတွင်လည်း ကျောက်မျက်ဥပဒေကို အဆိုပြုထားသော ပြင်ဆင်ပြောင်းလဲချက်များအရ ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းခန့်အပ်ထားသော ပြည်နယ် (သို့) တိုင်းဒေသကြီး ဘုတ်အဖွဲ့များက လုပ်ပိုင်ခွင့်လိုင်စင် ချပေးခွင့် ရှိလာဖွယ်ရှိသည်။

အလားတူစွာပင် ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေ (၂၀၁၇) ပြဋ္ဌာန်းချက်များအရ လုပ်ပိုင်ခွင့်လိုင်စင် ချပေးခြင်းနှင့် အခွန်တော် ကောက်ခံသည့် တာဝန်များကို ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းများထံ အပ်နှင်းလိုက်သည်။ လိုင်စင်လျှောက်လွှာများကို ပြည်နယ် (သို့) တိုင်းဒေသကြီးအစိုးရများက သုံးသပ်စစ်ဆေးပြီး အတည်ပြုပါက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ ခွင့်ပြုမိန့်ရရန် တင်ပြရသည်။ ရေနံလုပ်ငန်းများမှ တွင်းဝခွန်များနှင့် မြေယာငှားရမ်းခကောက်ယူသည့် ကိစ္စမှာလည်း ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရ၏ တာဝန်ဖြစ်သည်။ [၁၆၇] တစ်နိုင်တစ်ပိုင် ထုတ်လုပ်သူများသည် ထုတ်လုပ်မှု အစီအရင်ခံစာများကို ပြည်ထောင်စု ဝန်ကြီးဌာနများသို့ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများမှတစ်ဆင့် တင်ပြရန် လိုအပ်သလို လူမှုဖွံ့ဖြိုးရေးစီမံကိန်းများအတွက် ငွေကြေးများကို ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများသို့ ပေးရမည်ဖြစ်သည်။

မူအရ ASM ကဏ္ဍဆိုင်ရာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ထုံးလုပ်နည်း အသစ်များတွင် ပြည်နယ်နှင့် ဒေသဆိုင်ရာ အစိုးရများ၏ ပါဝင်ဆောင်ရွက်နိုင်ခွင့် အချို့ကိုလည်း ထည့်သွင်းထားသည်။ ၂၀၁၆ EIA လုပ်ထုံးလုပ်နည်းများအရ အသေးစားနှင့် တစ်နိုင်တစ်ပိုင် လုပ်ငန်းများသည် ကနဦး သဘာဝပတ်ဝန်းကျင် စစ်ဆေးမှု အစီရင်ခံစာ (IEE) တင်ပြရန် လိုအပ်သည်။ ထိုအစီရင်ခံစာကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ရေးဌာနက အကဲဖြတ် စစ်ဆေးသည်။ စီမံကိန်းဒေသအတွင်း ပတ်သက်ဆက်နွယ်သူ (Stakeholder) များနှင့် တိုင်ပင်ပြီးနောက် ECD သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာမှု အထောက်အထားလက်မှတ် (ECC) ထုတ်ပေးရန် အဆုံးအဖြတ်ပြုလုပ်သည်။

### တရားဝင်ဖြစ်လာအောင် ဆောင်ရွက်ခြင်း

တစ်ပိုင်တစ်နိုင် လုပ်ငန်းကို တရားဝင်လုပ်ငန်း တစ်ခုအဖြစ် သတ်မှတ်ရန် တရားဝင် ပြဋ္ဌာန်းချက်များ ရှိနေသော်လည်း လုပ်ငန်းအများစုမှာ တရားမဝင် ရပ်တည်နေဆဲပင် ဖြစ်သည်။ Myanmar Centre for Responsible Business က ပြုလုပ်သော သုတေသနအရ ကွင်းဆင်းသုတေသနပြုစဉ် တွေ့ရှိခဲ့သော ထုံးကျောက်ဂူ၊ ရွှေ နှင့် သံဖြူ ကဏ္ဍတို့တွင် လုပ်ကိုင်နေသည့် တစ်နိုင်တစ်ပိုင် သတ္တုတူးဖော်ရေး လုပ်ငန်းများသည် ခွင့်ပြုမိန့်မရဘဲ ဆောင်ရွက်နေခြင်းဖြစ်သည်။ [၁၆၈] လိုင်စင်လျှောက်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ လုပ်ဆောင်ရန် သတ်မှတ်ချက်များသည် တစ်ပိုင်တစ်နိုင် တူးဖော်သူများအတွက် အလွန် ဝန်ပိစေသည်။ ခိုင်မာသော တရားဥပဒေစိုးမိုးရေး ယန္တရားများမရှိသည့်အတွက် တရားဝင်ဖြစ်ရေး လုပ်ဆောင်ရန် ဆွဲဆောင်နိုင်သော မက်လုံးလည်း ကောင်းကောင်း မရှိပေ။

ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ လုပ်ပိုင်ခွင့် အခွင့်အာဏာပိုရအောင် ဥပဒေရေးရာ အပြောင်းအလဲ လုပ်ခြင်းသည် ပြဿနာများ ဖြေရှင်းနိုင်ခြင်း ရှိမရှိ၊ တရားဝင်အဖြစ် ခွင့်ပြုရေးတွင် အထောက်အကူ

---

၁၆၆ Republic of the Union of Myanmar, *Law 45/2015.*

၁၆၇ Myanmar Centre for Responsible Business, *Comments on Artisanal Oil Production Bill* (2017).

၁၆၈ Myanmar Centre for Responsible Business, *Myanmar Mining Sector Wide Impact Assessment.*

ဖြစ်မဖြစ်ကို ဤစာတမ်းရေးနေချိန်တွင် ပြောရန် အလွန်စောနေပါသည်။ သို့သော် သတ္တုနှင့် ရေနံကဏ္ဍ နှစ်ခုစလုံးတွင် လိုင်စင်ချပေးမှုဆိုင်ရာ ဆုံးဖြတ်ရာ၌ ပြည်ထောင်စုအစိုးရမှ လုပ်ပိုင်ခွင့်များ ရထားနေဆဲ ဖြစ်သည်ဟု ယူဆရပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်များ နှင့် ဝန်ကြီးဌာနများသည် ပြည်ထောင်စုအစိုးရသို့ တာဝန်ခံမှု ရှိရသောကြောင့် ဥပဒေ အပြောင်းအလဲသည် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရ၏ တာဝန်ခံမှုအပိုင်းတွင် ပိုမြင့်သွားစေသည်ဟု မဆိုနိုင်ပေ။ ထို့ပြင် သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် အချို့ အသေးစားထုတ်လုပ်မှု အမျိုးအစားများ အတွက် တိုက်ရိုက်ဆုံးဖြတ်ခွင့် အာဏာကို ဆက်လက်ထိန်းသိမ်းထားမည် ဖြစ်သည်။ အလားတူ၊ တစ်နိုင်တစ်ပိုင် ရေနံလုပ်ငန်းတွင်လည်း အဆင့်ဆင့် လုပ်ငန်းစဉ်များကို ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများမှတစ်ဆင့် လုပ်ဆောင်သော်လည်း ခွင့်ပြုမိန့် ချပေးသည့် အကြွင်းမဲ့ လုပ်ပိုင်ခွင့် တာဝန်ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနကသာ ဆက်လက်ထိန်းသိမ်းထားမည် ဖြစ်သည်။

## ကမ္ဘာ့တစ်ဝန်းမှ လက်တွေ့လုပ်ဆောင်မှု/လုပ်ထုံးနည်းနာများအား လေ့လာခြင်း [၁၆၉]

သက်ဆိုင်ရာကဏ္ဍ၏ ဥပဒေမူဘောင်များကို ရေးဆွဲသည့် အစိုးရအဆင့်မှ ASM ကိစ္စရပ်များဆိုင်ရာ စီမံခန့်ခွဲမှုများအတွက် ဥပဒေပြု ရေးဆွဲသည်။ နမူနာလေ့လာထားသည့် နိုင်ငံများတွင် ပြည်ထောင်စု အဆင့်မှ ဥပဒေ၊ နည်းဥပဒေ ရေးဆွဲသည်။ သို့သော် ပြည်နယ်နှင့် ဒေသဆိုင်ရာ အစိုးရအဖွဲ့အစည်းများ အနေဖြင့် ဥပဒေ အကောင်အထည်ဖော် ဆောင်ရွက်သည့် လုပ်ငန်းတွင် ပါဝင်စေခြင်းဖြင့် အကျိုးများစေ သည်ကို လေ့လာခဲ့သည့် ဥပမာများတွင် တွေ့ရှိရသည်။

### လိုင်စင်ချပေးခြင်း

စစ်တမ်းတွင်ပါသော နိုင်ငံအများအပြား၏ ဥပဒေမူဘောင်များသည် ASM လုပ်ငန်းအပေါ် စည်းကမ်း ထိန်းကြပ်ခြင်းကို ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်အား လွှဲအပ်ထားပါသည်။ ဥပမာ – အင်ဒိုနီးရှား နှင့် မွန်ဂိုလီးယားတို့၏ နိုင်ငံတော်အဆင့် ဥပဒေပြုမှုတွင် ပြည်နယ် နှင့် ဒေသဆိုင်ရာ အစိုးရအဖွဲ့ အစည်းများကို ASM အတွက် လိုင်စင်ချပေးခွင့်ရှိသော အာဏာပိုင်အဖွဲ့အဖြစ် သတ်မှတ်ထားသည်။ [၁၇၀] ဖိလစ်ပိုင်တွင် ASM လိုင်စင်များကို မြို့နယ် သို့မဟုတ် ပြည်နယ် "သတ္တုတွင်းလုပ်ငန်းဆိုင်ရာ စည်းကမ်းထိန်းသိမ်း ကြီးကြပ်ရေး ဘုတ်အဖွဲ့"က ချပေးသည်။ ထိုဘုတ်အဖွဲ့များတွင် ဗဟိုအစိုးရနှင့် ပြည်နယ်နှင့် ဒေသဆိုင်ရာ အစိုးရများ၊ အသေးစားနှင့် အကြီးစားအဆင့် သတ္တုတူးဖော်ရေး လုပ်ငန်းများ နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရပ်ဘက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်သည်။ [၁၇၁] မလေးရှားတွင် ပြည်နယ်များက ၎င်းတို့ ကိုယ်ပိုင်ပြည်နယ် သယံဇာတ ဥပဒေအရ ASM လိုင်စင်ချ ပေးသည်။ [၁၇၂] တစ်ပိုင်တစ်နိုင် လုပ်ငန်းများဆိုင်ရာ ဆုံးဖြတ်ချက်ချပိုင်ခွင့်အား ဒေသန္တရ အဆင့်သို့ ခွဲပေးလိုက်ခြင်းဖြင့် ဘဏ္ဍာရေး ဝန်ပိခြင်းနှင့် အချိန်ကြာခြင်းတို့ကို ဖြေရှင်းနိုင်သည်။ (ဥပမာ လိုင်စင် လျှောက်ရ၊ အခွန်ဆောင်ရ ပိုလွယ်အောင် လုပ်ပေးခြင်း စသဖြင့်) ထို့အပြင် စည်းကမ်းကြပ်မတ်မှု ပိုမို အားကောင်းလာအောင် အထောက်အကူပြုသည်။

ASM ကိစ္စရပ်များ စီမံခန့်ခွဲရာတွင် နိုင်ငံတော်အဆင့် နှင့် ပြည်နယ်နှင့်ဒေသအဆင့် အစိုးရကြား ညှိ နှိုင်းဆွေးနွေးမှု မရှိပါက စိန်ခေါ်မှုများ ဖြစ်ပေါ်လာနိုင်သည်။ ဥပမာအနေဖြင့် ၂၀၁၅ ခုနှစ်တွင် အိန္ဒိယ နိုင်ငံ ဗဟိုအစိုးရဌာန တစ်ခုဖြစ်သော အမျိုးသားစိမ်းလန်းရေး ခုံရုံးက (National Green Tribunal) Rajasthan ပြည်နယ် မှ အကျယ် ၄၊ ဟက်တာ မပြည့်သော စီမံကိန်းများအတွက် ပတ်ဝန်းကျင်ဆိုင်ရာ ခွင့်ပြုချက်ရယူရမည်ဟု သတ်မှတ်ခဲ့သည်။ သို့သော် သဘာဝပတ်ဝန်းကျင် ခွင့်ပြုချက်ချပေးသည့်ဖြစ်စဉ် ကို ပေါ့ပေါ့ဆဆ အဓိပ္ပာယ်ဖွင့်ဆိုထားပြီး ပြည်နယ် သဘာဝပတ်ဝန်းကျင် သက်ရောက်မှု စစ်ဆေးအကဲ

၁၆၉ Given Myanmar's somewhat unique status as a country with significant artisanal oil production, this section only draws observations from the management of artisanal and small-scale mining in other countries.

၁၇၀ Government of Indonesia, *Law No.4/2008* (2008); Government of Indonesia, *Law No. 23/2014* (2014).

၁၇၁ Government of the Philippines, *Small Scale Mining Act* (1991); Government of Mongolia, *Minerals Law.*

၁၇၂ Government of Malaysia, *Mineral Development Act* (1994).

ဖြတ်ရေး အာဏာပိုင်အဖွဲ့ကလည်း လျှောက်လွှာအများအပြားကို စစ်ဆေးသုံးသပ်နိုင်သည့် စွမ်းရည် မရှိခဲ့ပေ။ ထို့ကြောင့် နှစ်ကုန်တွင် သောင်းနှင့်ချီသော အသေးစား သတ္တုတူးဖော်ရေးလုပ်ငန်းများ ပိတ်ခဲ့ရသည်။ အလုပ်လက်မဲ့ ပမာဏ အလွန်များလာမည်စိုးရိမ်သောကြောင့် ပြည်နယ်အစိုးရ အရာရှိများက တစ်ခုခုလုပ်ဆောင်ရန် ပြည်ထောင်စုအစိုးရကို ဖိအားပေးခဲ့သည်။ ရလဒ်အနေဖြင့် ဥပဒေ ပြင်ဆင်ချက်များကို လုပ်ဆောင်ခဲ့ရသည်။ ပြင်ဆင်ချက်တွင် အသေးစားအဆင့် သတ္တုတူးဖော်လုပ်ငန်းကို အမျိုးအစား သတ်မှတ်ပေးခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်၍ လုပ်ဆောင်ရမည့် အချက်များကို ပိုမိုရှင်းလင်း လွယ်ကူစေခြင်း၊ သဘာဝပတ်ဝန်းကျင် ခွင့်ပြုမိန့်များကို ထုတ်ပြန်ပေးရန်အတွက် ခရိုင်အဆင့် EIA အာဏာပိုင် အဖွဲ့အစည်းတစ်ရပ်အား သတ်မှတ်ဖွဲ့စည်းပေးခြင်းတို့ ပါဝင်သည်။ [၁၇၃]

## တရားဝင်အဖြစ် သတ်မှတ်ရန် ကနဦး လုပ်ငန်းစဉ်များ

ပြည်နယ်နှင့် ဒေသအစိုးရများသည် ASM ကဏ္ဍကို ပိုကောင်းမွန်စွာ စည်းကမ်းကြပ်မတ်နိုင်ရန် မူဘောင်များ ထိထိရောက်ရောက် အကောင်အထည်ဖော်ရေးအတွက် အရေးကြီးသော အခန်းကဏ္ဍမှ ဆောင်ရွက်နိုင်သည်။ တရားမဝင် လုပ်ကိုင်လေ့ရှိသည့် ရာဇဝင်ရှိနေသည့်အတွက် စည်းမျဉ်းစည်းကမ်းများသည် သတ္တု တူးဖော်သူများ၏ လိုအပ်ချက်နှင့် ကိုက်ညီနေသည့်တိုင်အောင် ၎င်းတို့ကို ဥပဒေမူဘောင်အတွင်းမှ လုပ်ကိုင်ရန် မက်လုံးပေး ဆွဲဆောင်ရသော ကိစ္စမှာ စိန်ခေါ်မှုများ ရှိနေဆဲဖြစ်သည်။ ထိုပြဿနာကို ဖြေရှင်းရန် ဖိလစ်ပိုင်နိုင်ငံ Cotabato တောင်ပိုင်းပြည်နယ်အစိုးရက သတ္တုတူးဖော်သူများကို စစ်ဆေးအတည် ပြုသည့် စနစ်တစ်ခုကို စွန့်ဦး ဖန်တီးလိုက်သည်။ ထိုစနစ်သည် သတ္တုတူးဖော်ရေးလုပ်ငန်း နယ်ပယ်အတွင်း လုပ်ငန်းများကို တရားဝင်သတ်မှတ်ရာတွင် အထောက်အကူပြုခဲ့သည်။ တစ်ချိန်တည်းတွင် စီမံအုပ်ချုပ်ရေးနှင့်ဆိုင်သော အဓိက စိန်ခေါ်မှုများ (လေးထောင့်ကွက် ၁၄ ကို ကြည့်ပါ) အချို့ကိုလည်း ဖြေရှင်းပေးနိုင်ခဲ့သည်။ မွန်ဂိုလီးယားတွင် အာရှဖောင်ဒေးရှင်းက ပြည်နယ်၊ ခရိုင်အစိုးရများနှင့် ပူးပေါင်း၍ စီမံကိန်းတစ်ခုကို အစပြု ဖော်ဆောင်ခဲ့ကာ ASM ကဏ္ဍတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ပေးခဲ့သည်။ စီမံကိန်း၏ ရည်မှန်းချက်မှာ ကုန်ကျစရိတ်သက်သာပြီး ဂေဟစနစ်အရ အဆင်ပြေစေမည့် သဘာဝပတ်ဝန်းကျင် ပြန်လည်ထူထောင်ရေး နည်းလမ်းများ ထားရှိခြင်းဖြင့် တရားဝင် သတ်မှတ်သည့်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး ဖြစ်သည်။ ထိုစီမံကိန်းမှတစ်ဆင့် တစ်နိုင်တစ်ပိုင် သတ္တုတူးဖော်သူ ၉၀၀ ကျော်သည် ၁၄၃ ဟက်တာကျယ်သော သတ္တုမြေ ပြန်လည်ထူထောင်ရေး၌ ပါဝင်ခဲ့သည်။ ပြည်ထောင်စုအစိုးရကလည်း ပြန်လည်ထူထောင်ရေး နည်းစနစ် တစ်ပေါင်းတည်း ဖော်ဆောင်ရာ၌ ပါဝင်ရန် စိတ်ဝင်စားကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ ပြန်လည်ထူထောင်ရေးနည်းစနစ်သည် နောက်ပိုင်းတွင် အမျိုးသား ASM စည်းမျဉ်းစည်းကမ်းများ ဖြစ်လာခဲ့သည်။ [၁၇၄]

### လေးထောင့်ကွက် (၁၄) ဖိလစ်ပိုင်နိုင်ငံ၊ Cotabato တောင်ပိုင်းပြည်နယ်အတွင်းရှိ ASM စီမံအုပ်ချုပ်မှု [၁၇၅]

ASM ကဏ္ဍကို တရားဝင်သတ်မှတ်ရေးအတွက် ပြည်ထောင်စုအစိုးရ၏ ကြိုးပမ်းမှုများ ရှိသော်လည်း ဖိလစ်ပိုင်နိုင်ငံသည် တရားမဝင် သတ္တုတူးဖော်မှုလုပ်ငန်းများနှင့် ဆက်လက်ရင်ဆိုင်နေရသည်။ ယင်းကို တိုက်ဖျက်ရန် Cotabato တောင်ပိုင်းပြည်နယ် အစိုးရသည် မီနာဟန် ဘာယာနီဟန် (Minahang Bayanihan) အစီအစဉ်ကို စတင်ဖော်ဆောင်ခဲ့သည်။ အဆိုပါ အစီအစဉ်သည် အသေးစား သတ္တုတူးဖော်ရေးလုပ်ငန်းနှင့် ကျောက်ကျင်းများတွင် လုပ်ဆောင်နေသူ အားလုံးကို စစ်ဆေးသည့် စနစ်တစ်ရပ်ကို ပြဋ္ဌာန်းခဲ့သည်။ မှတ်ပုံတင်ရန်အတွက် သတ္တုတူးဖော်သူများသည် ဘေးအန္တရာယ် လုံခြုံရေး၊ အရေးပေါ် ကယ်ဆယ်ရေး၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု၊ သဘာဝဘေး အန္တရာယ် လျှော့ချမှုနှင့် ကျန်းမာရေး နှင့် အညစ်အကြေးစွန့်သည့် ကိစ္စရပ်တို့နှင့်ပတ်သက်၍မဖြစ်မနေ သင်တန်းတက်ရသည်။ သင်တန်းများကို ပြည်နယ်အစိုးရက ပြည်ထောင်စုအစိုးရ၊ အရပ်

---

၁၇၃ Government of India, *2006 EIA Notifications* (2006); The Times of India, *Amendments in Rajasthan Mining Rules Illegal: HC* (10 April 2015); “Rajasthan: Thousands of Quarries Shut Down as Deadline to Obtain NGT Nod Closes In,” *First Post,* 30 January 2017.

၁၇၄ Bolormaa Purevjav and Jonathan Stacey, *Mongolia’s Small-Scale Miners Play Critical Role in Safeguarding Natural Resources* (The Asia Foundation, 2016).


၁၇၅ Philippine Extractive Industries Transparency Initiative, *Volume II of the PH-EITI Country Report 2015* (2015).

ဘက် အဖွဲ့အစည်းများမှ အကျိုးတူပူးပေါင်း၍ ဆောင်ရွက်ခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ်ရောက်ချိန်တွင် အလုပ်သမား ၁၇၀၀ ကျော် မှတ်ပုံတင်နိုင်ခဲ့ပြီး နောက်ထပ် အလုပ်သမား ၁၃၀၀ ကျော်အတွက် ဆက်လက်လုပ်ကိုင် ဆောင်ရွက်နေခဲ့သည်။

ထိုအစီအစဉ်သည် အကျိုးရှိသော ရလဒ်များစွာ ဖြစ်ပေါ်စေခဲ့သည်။ ခွင့်ပြုမိန်ချမှတ်သည့် ပုံစံမှာလည်း ကွန်ပျူတာစနစ် ဖြစ်လာသည့်အတွက် လိုင်စင်ကိစ္စနှင့် အမြတ်ခွန်ကောက်ခံသည့် ကိစ္စများလည်း အဆင့်မြင့်လာခဲ့သည်။ စောင့်ကြည့်ကင်မရာများ၏ အကူအညီကြောင့် စစ်ဆေးစောင့်ကြည့်မှု လုပ်ငန်းများလည်း ပိုမို အားကောင်းလာခဲ့သည်။ Cotabato တောင်ပိုင်းပြည်နယ်သည် လက်ရှိတွင် မင်ဒါနာအို ကျွန်းဆွယ်ပေါ်၌ မှတ်ပုံတင်ထားသော အသေးစား သတ္တုတူးဖော်ရေး လုပ်ငန်းအရေအတွက် အများဆုံးရှိသည့် ပြည်နယ်ဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် ASM ကဏ္ဍမှ ရသော ဒေသန္တရ ကောက်ခံရရှိသည့် အခွန်ပမာဏသည် ဖိလစ်ပိုင် ပီဆို ၁၀၆၅၆၈၅ (အမေရိကန်ဒေါ်လာ ၂၁၃၆၂ နှင့် ညီမျှသည်) အထိ မြင့်တက်လာခဲ့သည်။ တစ်ချိန်တည်းတွင် သတ္တုတူးဖော်ရေးလုပ်ငန်းများသည် ဒုတိယအကြီးဆုံး စီးပွားရေးလုပ်ငန်းဖြစ်ပြီး နိုင်ငံအတွင်း ရွှေရောင်းအား အမြင့်ဆုံးဖြစ်၍ အဝယ်ဆိုင် အများအပြားရှိသည့် ဘန်ဂွက်ပြည်နယ်သည် ပီဆို ၁၅၃၄၃၅ (အမေရိကန်ဒေါ်လာ ၃၀၇၆ ဝန်းကျင်) [၁၇၆] ကိုသာ ဒေသန္တရ အခွန်အဖြစ် ရရှိခဲ့သည်။

ထိုအစီအစဉ်သည် အချို့သော သတ္တုတွင်းလုပ်ငန်း၏ လူမှုဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကိုလည်း ဖြေရှင်းရာတွင် အထောက်အကူ ဖြစ်ခဲ့သည်။ ဥပမာအားဖြင့် စစ်ဆေးအတည်ပြုခြင်း စနစ်ကြောင့် ကလေးလုပ်သား လျော့ကျလာသည်။ ထို့အပြင် ထိုအစီအစဉ်သည် သဘာဝပတ်ဝန်းကျင် စံချိန်စံနှုန်းများကိုလည်း တိုးတက်စေခဲ့သည်။ ရလဒ်အနေဖြင့် ပြဒါးမပါသော တူးဖော်ခြင်း နည်းစနစ်များနှင့် သတ္တုတူးဖော်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှု မြင့်တက်လာခဲ့သည်။ ထိုအစီအစဉ်ကြောင့် Cotabato တောင်ပိုင်းပြည်နယ် အစိုးရသည် Galing Pook ဆု ချီးမြှင့်ခံခဲ့ရသည်။ ထိုဆုသည် ဆန်းသစ်ကောင်းမွန်သော ဒေသန္တရ စီမံအုပ်ချုပ်ရေး ဖော်ဆောင်မှုနှင့်ပတ်သက်၍ နိုင်ငံတော်ကပေးသော ဆုဖြစ်သည်။

*ဖိလစ်ပိုင် မြေပုံ*




၁၇၆ Both USD values are calculated with P/USD values of 1/0.02 on 18 January 2016.

## မြန်မာနိုင်ငံအတွက် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များ

ပြီးခဲ့သောနှစ်များအတွင်း မြန်မာနိုင်ငံတွင် တစ်နိုင်တစ်ပိုင်နှင့် အသေးစားအဆင့် သတ္တုတူးဖော်ရေးနှင့် တစ်နိုင်တစ်ပိုင် ရေနံလုပ်ငန်းများကို စီမံအုပ်ချုပ်ရေး၌ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရ ပိုမိုပါဝင်လာရေးအတွက် ဆောင်ရွက်ခဲ့သည်။ ရှေ့ဆက်လုပ်ဆောင်ရာတွင် အောက်ပါအကြံပြုချက်များကို ထည့်သွင်းစဉ်းစားနိုင်ပါသည် –

- **ပြည်နယ်နှင့် တိုင်းဒေသကြီးဆိုင်ရာ Stakeholder များ၏ လုပ်ပိုင်ခွင့်ကို တရားဝင် ခွင့်ပြုပါ** ။ ။ ဖြစ်လာမည့် ဥပဒေအပြောင်းအလဲများအရ ယခင်က ပြည်ထောင်စု ဝန်ကြီးဌာနများကို တာဝန်ခံရသော ဒေသန္တရ ကိုယ်စားလှယ်ကို လုပ်ပိုင်ခွင့်အာဏာ လွှဲပေးလာနိုင်ဖွယ်ရှိသည်ကို တွေ့ရှိရသည်။ ဤအချက်သည် ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများကို လျှော့ကျစေပြီး တရားဝင်ခွင့်ပြုသတ်မှတ်ရေးနှင့် စည်းကမ်းကြပ်မတ်ခြင်းအတွက် အသုံးဝင်သော ခြေလှမ်းတစ်ရပ် ဖြစ်သည်။ ပါမစ်ချပေးသည့် ဘုတ်အဖွဲ့သည် ဒေသက ရွေးချယ်ထားသည့် ကိုယ်စားလှယ်များပေါ် တာဝန်ခံမှုရှိစေရန် ဆက်လက်ဆောင်ရွက်နိုင်သည်။ ဒေသခံ လုပ်ငန်းရှင်များ နှင့် အရပ်ဖက်အဖွဲ့အစည်းများ လုပ်ငန်းစဉ်အတွင်း ပါဝင်ခြင်းသည် အားလုံးသဘောတူသည့် ဆုံးဖြတ်ချက်ချမှတ်ရေး လုပ်ငန်းစဉ် (broad-based buy-in) ဖြစ်ရေးကို သေချာစေသည့် နည်းလမ်းဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံ၏ ဥပမာက ဖော်ပြနေသည်။ ထို့အပြင် အချို့သော လုပ်ပိုင်ခွင့် တာဝန်များကို မြို့နယ်အဆင့်သို့ လွှဲပြောင်းခြင်းသည် တရားဝင်သတ်မှတ်ရေး လုပ်ငန်း၏ ဝန်ထုပ်ဝန်ပိုးများကို များစွာ လျှော့ချပေးနိုင်သည်။ (ခွင့်ပြုမိန့် လျှောက်လွှာတစ်စောင် တင်ရန်အတွက် အချိန်ပေးခရီးသွားရခြင်း လိုအပ်မှုကို လျှော့ချခြင်း)

- **အကြီးစားလုပ်ငန်းဆိုင်ရာ မူဝါဒနှင့် ညှိနှိုင်းဆောင်ရွက်မှု ပြုလုပ်ပါ** ။ ။ အကြီးစား လုပ်ငန်းများ လုပ်ဆောင်မှုများနှင့်ပတ်သက်၍ လုပ်ပိုင်ခွင့်များကို ပြည်ထောင်စုအစိုးရက ဆက်လက်ကိုင်တွယ်နေ၍ အသေးစားနှင့် တစ်နိုင်တစ်ပိုင် လုပ်ငန်းများအတွက် လိုင်စင်ချပေးသည့်ကိစ္စကို ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများလက်ထဲ လွှဲပြောင်းပေးရာတွင် အခက်အခဲ စိန်ခေါ်မှုများ ကြုံတွေ့လာနိုင်သည်။ အကယ်၍ ကောင်းမွန်သော စီမံခန့်ခွဲမှု မရှိပါက စောင့်ကြည့်စစ်ဆေးမှု အားနည်းခြင်းကြောင့် လိုင်စင်ချပေးရာတွင် လုပ်ကွက်တစ်ခုနှင့် တစ်ခု ထပ်ကုန်ပြီး လုပ်ကွက်ပိုင်ဆိုင်မှု ခိုင်မာမှုမရှိခြင်း အခွန်ဆုံးရှုံးမှုတို့ ဖြစ်လာနိုင်သည်။ အကယ်၍ လုပ်ပိုင်ခွင့်အာဏာကို ပြည်ထောင်စုဝန်ကြီးဌာနများအစား ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရထံ တာဝန်ခံမှုရှိသော အဖွဲ့အစည်းများထံသို့ လွှဲပြောင်းပေးမည်ဆိုပါက ညှိနှိုင်း ပူးပေါင်းဆောင်ရွက်မှု စနစ်တစ်ခု လိုအပ်လာမည်။ ညှိနှိုင်းပူးပေါင်းရာတွင် မြေယာစာရင်းစနစ် မျှဝေသုံးစွဲမှုလည်း ပါဝင်နိုင်သည်။ (အခန်း ၄ ကိုကြည့်ပါ)

- **အနိမ့်ဆုံး စံချိန်စံညွှန်းများကို ထိန်းသိမ်းဆောင်ရွက်ရေး** ။ ။ သဘာဝ သယံဇာတကို ဖက်ဒရယ်နည်းကျ ခွဲဝေခြင်းနှင့်ပတ်သက်သည့် အခြားကိစ္စရပ်များကဲ့သို့ပင် အကောင်အထည်ဖော်မှုတာဝန်ကို ပြည်နယ်အဆင့်သို့ အပြည့်အဝ လွှဲပြောင်းလိုက်သည့်တိုင် တစ်နိုင်ငံလုံး ကျင့်သုံးရမည့် အနိမ့်ဆုံး စံနှုန်းကို ဆက်လက်စွဲကိုင်ထားရန် လိုသည်။ သတ္တုတူးဖော်သူများသည် စီးပွားရေး အခွင့်အလမ်းများ ရှာဖွေရန် ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ခုနှင့်တစ်ခု ကူးသန်းသွားလာနေကြရ၍ ယင်းအချက်သည် ASM နှင့် ပိုမိုသက်ဆိုင်မှုရှိသည်။ ၎င်းတို့သည် လုပ်ငန်း တရားဝင်ဖြစ်ရေး လုပ်ဆောင်ရန် မက်လုံးကောင်းကောင်း ပေးသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများထံ ရောက်လာနိုင်သလို တရားမဝင် လုပ်ငန်းများ လုပ်သော်လည်း အပြစ်ပေးမခံရသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးသို့လည်း ရောက်ရှိနိုင်သည်။ အကယ်၍ ရေထုညစ်ညမ်းမှုမျိုး ဖြစ်ပြီဆိုပါက တစ်ပိုင်တစ်နိုင် လုပ်ငန်းများ၏ ဆိုးကျိုးများသည် ပြည်နယ်တစ်ခုမှ အခြား ပြည်နယ်တစ်ခုပေါ်အထိ သက်ရောက်မှု ရှိနိုင်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရက ကျင့်သုံးနိုင်သော ပြည်ထောင်စုအဆင့် အနိမ့်ဆုံး စံချိန်စံနှုန်းများ ချမှတ်ခြင်းသည် အဆိုပါစိန်ခေါ်မှုကို ကျော်လွှားရန် အသုံးဝင်သော နည်းလမ်းများဖြစ်သည်။

## နောက်ဆက်တွဲ ၁။ အကျဉ်းချုပ် ဇယားများ

### ဘဏ္ဍာရေးဆိုင်ရာ သတ်မှတ်ချက်များ ပြဌာန်းခြင်း

| | တိုက်ရိုက်ပေးချေမှုများ | | | | | | | | အခြားအခွန်တော်များ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | တွင်းဝခွန် | | အရင်းအမြစ်မှ ရရှိသော ဝင်ငွေ သို့မဟုတ် အကျိုးအမြတ် အပေါ် အခွန် ကောက်ခံခြင်း | | အရင်းအမြစ် အမျိုးအစား အလိုက် ကောက်ခံသော ကုန်သွယ်ခွန်နှင့် အကောက်အခွန် သို့မဟုတ် ယစ်မျိုးခွန် | | မြေငှားရမ်းခ | | ထုတ်လုပ်မှု ရှယ်ယာ မျှဝေခြင်း | | Equity share | |
| ရေနံနှင့် သဘာဝဓာတ်ငွေ့ | ဗဟို | ဒေသန္တရ | ဗဟို | ဒေသန္တရ | ဗဟို | ဒေသန္တရ | ဗဟို | ဒေသန္တရ | ဗဟို | ဒေသန္တရ | ဗဟို | ဒေသန္တရ |
| သြစတြေးလျ | X* | X* | X | | X | | | | X* | | | |
| အိန္ဒိယ | X | | | | | | X | | X | | | |
| အင်ဒိုနီးရှား | X | | | | | | | | X | | X | |
| မလေးရှား | X | | X | | X | | | | X | | X | |
| မွန်ဂို | | | | | | | | | | | | |
| လီးယား | X | | | | | | | | X | | | |
| မြန်မာ | X | | | | X | | | | X | | X | |
| ဖိလစ်ပိုင် | | | | | | | | | X | | | |
| သတ္တုတူးဖော်ရေး | ဗဟို | ဒေသန္တရ | ဗဟို | ဒေသန္တရ | ဗဟို | ဒေသန္တရ | ဗဟို | ဒေသန္တရ | ဗဟို | ဒေသန္တရ | ဗဟို | ဒေသန္တရ |
| သြစတြေးလျ | X* | X* | | | | | | | | | | |
| အိန္ဒိယ | X | | | | X | | X | | | | | |
| အင်ဒိုနီးရှား | X | | | | | | X | | | | | |
| မလေးရှား | | X | | | | | | | | | | |
| မွန်ဂို | | | | | | | | | | | | |
| လီးယား | X | | | | | | | | | | X | |
| မြန်မာ | X | | | | X | | X | | X | | X | |
| ဖိလစ်ပိုင် | X | X* | | | X | | | | X | | | |

## သဘာဝ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု

| နိုင်ငံ | ဥပဒေ | သက်ဆိုင်သော ဥပဒေအပိုဒ်များ |
|---|---|---|
| တရားဝင်မူဘောင် ဒီဇိုင်းပုံစံ | | |
| ဩစတြေးလျ | သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဇီဝမျိုးစိတ်များ ကာကွယ်ရေး အက်ဥပဒေ ၁၉၉၉ နှင့် ဓနသဟာယ နိုင်ငံများ ဩစတြေးလျ ဖွဲ့စည်းပုံ အခြေခံအက်ဥဒေ (The Commonwealth of Australia Constitution Act) | ယူရေနီယမ် တူးဖော်ခြင်းနှင့် သမိုင်းဝင် နိုင်ငံတော် အမွေအနှစ်များ တူးဖော်ခြင်း အစရှိသော "နိုင်ငံတော်အဆင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရေးပါသည့် အချက်များ" မှလွဲ၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များအပေါ် ဥပဒေပြုရာတွင် ပြည်နယ်နှင့် ဒေသဆိုင်ရာ အစိုးရများအား လုပ်ပိုင်ခွင့်အာဏာ ပေးထားသည်ဟု ဖော်ပြထားသည်။ |
| | ပြည်နယ်ဒေသအဆင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေပြုခြင်း | ပြည်နယ် သို့မဟုတ် ဒေသတစ်ခုအတွင်းရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုများနှင့်စပ်လျဉ်းသော တရားဝင် တာဝန်ဝတ္တရားများနှင့် လုပ်ငန်းစဉ်များကို အသေးစိတ် ဖော်ပြထားသည်။ |
| အင်ဒိုနီးရှား | နိုင်ငံတော် သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှု အကဲဖြတ်အဖွဲ့ ဖွဲ့စည်းမှု | သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာနသည် EIA စနစ်အား ကြီးကြပ်ရန်အတွက် တာဝန်ရှိသည်။ ယင်းဝန်ကြီးဌာနသည် ပဓာနကျသော EIA စည်းမျဉ်းစည်းကမ်းတို့ကို ထုတ်ပြန်သည်။ ပြည်နယ်နှင့် ခရိုင်အဆင့်တွင် နိုင်ငံတော် စည်းမျဉ်းစည်းကမ်း များအား ပိုမိုပြည့်စုံမှုရှိစေရန်အတွက် ပိုမိုတင်းကျပ်သော EIA စည်းမျဉ်းစည်းကမ်းများကို ဖော်ဆောင်နိုင်သည်။ |
| သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်ဆန်းစစ်ခြင်း | | |
| အင်ဒိုနီးရှား | သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး နှင့် စီမံခန့်ခွဲရေး ဥပဒေ ၂၀၀၉ | ဘဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှု အကဲဖြတ်ဆန်းစစ်ချက်တွင် စီမံကိန်းများကြောင့် အကျိုးသက်ရောက်မှုရှိသော လူမှုအသိုင်းအဝိုင်းများအတွက် အကြံပြုချက်များနှင့် ဝင်ရောက်လုပ်ဆောင်ရမည့် အချက်များ ပါဝင်ရမည်။ |
| မွန်ဂိုလီးယား | မွန်ဂိုလီးယားနိုင်ငံ သဘာဝ ပတ်ဝန်းကျင် အကျိုးသက်ရောက်မှု ဆန်းစစ်ချက်များ ဥပဒေ | ကုမ္ပဏီများအနေဖြင့် သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှု အစီရင်ခံစာများတွင် ဒေသန္တရ အာဏာပိုင်အဖွဲ့အစည်းနှင့် စီမံကိန်းကြောင့် ထိခိုက် အကျိုးသက်ရောက်မှုရှိနိုင်မည့် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးမှုများ၏ မှတ်ချက်များကိုပါ ထည့်သွင်းရန် လိုအပ်သည်။ |
| ဖိလစ်ပိုင် | ပီဒီ ၁၅၈၆ ဥပဒေ (သဘာဝ ဝန်းကျင် စီမံမှုဆိုင်ရာ လုပ်ငန်းများ နှင့် အခြားသော ရည်ရွယ်ချက်များ အတွက်ပါ အကျုံးဝင်သည့် သဘာဝဝန်းကျင်ထိခိုက်မှု ဆန်းစစ်သည့် စနစ် ကျင့်သုံးရန် သတ်မှတ်သည့် ဥပဒေ) ၁၉၇၈ တွင် အတည်ပြုခဲ့ပြီး စည်းမျဉ်းများ လုပ်ထုံးလုပ်နည်းများနှင့် တွဲဖက်ကျင့်သုံးသည်။ | သယံဇာတ တူးဖော်ရေးကုမ္ပဏီများ အနေဖြင့် ရှုပ်ထွေးသည့် EIA လုပ်ငန်းစဉ်တစ်ရပ်ကို လိုက်နာဆောင်ရွက်ရန် လိုအပ်သည်။ ကုမ္ပဏီမှ တင်ပြထားသည့် သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှု အစီရင်ခံစာတွင် အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးမှု နှင့် လူမှုအသိုင်းအဝိုင်းဆိုင်ရာ လက်ခံနိုင်မှု ထုတ်ပြန်ချက်များ၏ ရလဒ်များကို ထည့်သွင်းရန် လိုအပ်သည်။ ဒေသန္တရ အစိုးရ အာဏာပိုင်အဖွဲ့များ (LGUs) သည် အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းအားဖြင့် လူမှုဝန်းကျင် ပူးပေါင်းပါဝင်ဆောင်ရွက်မှု စီမံဆောင်ရွက်ခြင်းအတွက် တာဝန်ရှိသည်။ |

| သယံဇာတ တူးဖော်ထုတ်ရေးအတွက် ဆုံးဖြတ်ခြင်း။ EIA နှင့် EPP ပြန်လည်ဆန်းစစ်သုံးသပ်မှု နှင့် လုပ်ငန်းသဘောတူ ညှိနှိုင်းဆွေးနွေးမှု | | |
|---|---|---|
| သြစတြေးလျ | ဌာနေများ ပိုင်ဆိုင်ခွင့်အက်ဥပဒေ (၁၉၉၃) နှင့် ပြည်နယ်နှင့် ဒေသ များ၏ ဌာနေတိုင်းရင်းသားများ ရေးရာ ဥပဒေ | အစဉ်အလာအားဖြင့် ဌာနေတိုင်းရင်းသားများ ပိုင်ဆိုင်သည့်မြေပေါ်တွင် လုပ်ဆောင်နိုင်သည့် မည်သည့်သယံဇာတ တူးဖော်ထုတ်လုပ်ရေး ဆောင်ရွက်ချက်များမဆို ဌာနေ တိုင်းသားများ၏ သဘောတူခွင့်ပြုချက် လိုအပ်သည်။ ဌာနေတိုင်းရင်းသားများသည် လိုင်စင် သဘောတူ ခွင့်ပြုချက် များနှင့် အခြား သဘောတူချက်များ အောက်တွင် သတ်မှတ်ချက်များနှင့် ကတိကဝတ် တောင်းဆိုချက်များကို အဆိုပြုရန် အခွင့်အရေးရှိသည်။ |
| ဖိလစ်ပိုင် | ဌာနေတိုင်းရင်းသားများ အခွင့်အရေး အက်ဥပဒေ ၁၉၉၇ | ဂေဟစနစ် နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ရေး သတ်မှတ်စံနှုန်းများကို ခိုင်မာသေချာစေရန် အလို့ငှာ ဌာနေတိုင်းရင်းသားများသည် စည်းကမ်းသတ်မှတ်ချက်များကို ညှိနှိုင်းဆွေးနွေးရန် အခွင့်အရေးရှိသည်။ |
| | ဒေသန္တရ အစိုးရ အက်ဥပဒေ ၁၉၉၁ | သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများ ရှိနိုင်သည့် စီမံကိန်းများအားလုံးအတွက် ဒေသန္တရအစိုးရ၏ သဘောတူညီချက် လိုအပ်သည်။ |
| အိန္ဒိယ | လေထု အက်ဥပဒေ၊ ၁၉၈၁<br>ရေထု အက်ဥပဒေ၊ ၁၉၇၄<br>အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်း ဆိုင်ရာ စည်းမျဉ်းများ၊ ၁၉၈၉ | သယံဇာတ တူးဖော်ထုတ်လုပ်ရေး စီမံကိန်းများသည် ပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းချုပ်ရေး ဘုတ်အဖွဲ့ထံမှ ပြည်နယ်အဆင့် ခွင့်ပြုချက် လိုအပ်သည်။ သို့ရာတွင် သစ်တောစီမံခန့်ခွဲရေးနှင့် စပ်လျဉ်းသော EIA လုပ်ငန်းစဉ်နှင့် ကိစ္စရပ်များသည် ပြည်ထောင်စု အစိုးရ၏ စီရင်ပိုင်ခွင့်အောက်တွင် ရှိသည်။ |
| အင်ဒိုနီးရှား (သတ္တုတူးဖော်ရေး) | သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခွင့်ပြုချက် စည်းမျဉ်းများ၊ ၂၀၁၂ နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် စီမံခန့်ခွဲမှု ဥပဒေ၊ ၂၀၀၉ | EIA လုပ်ငန်းစဉ်တွင် အဆုံးအဖြတ်ပြုခြင်းကို ဗဟိုချုပ်ကိုင်မှု လျှော့ချသည်။ ခရိုင်၊ ပြည်နယ်နှင့် ဗဟိုအစိုးရများ အားလုံးသည် ၎င်းတို့၏ စီရင်ပိုင်ခွင့်များအတွင်း EIA များအားလုံးအတွက် တာဝန်ရှိသည်။ အစိုးရအဆင့်တိုင်းတွင် နစ်နာရသည့် လူမှုအသိုင်းအဝန်းများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်းများအား ကိုယ်စားပြုသော သဘာဝပတ်ဝန်းကျင် အကဲဖြတ် ဆန်းစစ်ရေး ကော်မတီတစ်ရပ် ရှိသည်။ |
| မလေးရှား | သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး အက်ဥပဒေ၊ ၁၉၇၄ | Sabah နှင့် Sarawak ပြည်နယ်များတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးထိန်းသိမ်းရေး ကောင်စီတွင် ကိုယ်စားပြုနိုင်သည့် အထူး သတ်မှတ်ပြဋ္ဌာန်းချက်တစ်ရပ် ရှိသည်။ အခြားပြည်နယ်များမှာ ကောင်စီတွင် ကိုယ်စားပြုခြင်းမရှိပါ။ ကောင်စီ၏ ရည်ရွယ်ချက်မှာ သဘာဝပတ်ဝန်းကျင် ဌာနအား EIA စစ်တမ်းများအပါအဝင် ယင်းအက်ဥပဒေနှင့်စပ်လျဉ်းသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များအတွက် အကြံပြုရန် ဖြစ်သည်။ |
| မွန်ဂိုလီးယား | မွန်ဂိုလီးယား သတ္တုတွင်းထွက် လုပ်ငန်းများ ဥပဒေ၊ ၂၀၀၆ | သတ္တုတွင်း သယံဇာတ ရှာဖွေမှုများအတွက် သဘာဝပတ်ဝန်းကျင် ကြိုတင်ကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များ (EPPs) အား သယံဇာတရှာဖွေမှုများ ပြုလုပ်သည့် soum (ခရိုင်) ၏ အုပ်ချုပ်ရေးမှူးထံသို့ တင်ပြရသည်။ သယံဇာတ တူးဖော်ရေး လိုင်စင်များသည် ဗဟိုအစိုးရ အာဏာအောက်တွင် ဖြစ်သည်။ |

| စောင့်ကြည့်စစ်ဆေးခြင်း | | |
|---|---|---|
| အင်ဒိုနီးရှား (သတ္တုတူးဖော်ရေး)၊ ဩစတြေးလျ | EIA ဥပဒေ | ပြည်နယ်ဒေသအဆင့် အစိုးရများသည် သတ္တုတွင်းလုပ်ငန်းလိုင်စင်ချပေးမှုအတွက် အရေးပါသည့် လုပ်ပိုင်ခွင့်အာဏာ တစ်ရပ်ရှိသည်။ ယင်းလုပ်ပိုင်ခွင့်ဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကြီးကြပ်စစ်ဆေးရေးကို လုပ်ဆောင်ခြင်း ဖြစ်သည်။ |
| ဖိလစ်ပိုင် နှင့် မွန်ဂိုလီးယား | သဘာပဝတ်ဝန်းကျင် နှင့် ဒေသန္တရ အစိုးရများနှင့်စပ်လျဉ်းသော ဥပဒေ | ပြည်နယ်ဒေသအဆင့် အစိုးရများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် တာဝန်ဝတ္တရားများအား ကုမ္ပဏီများမှ လေးစားလိုက်နာမှုကို စောင့်ကြည့်စစ်ဆေးရန်အတွက် ပူးတွဲလုပ်ပိုင်ခွင့် အခွင့်အာဏာရှိသည်။ ပြည်နယ်ဒေသ အစိုးရသည် ၎င်းတို့ စီရင်ပိုင်ခွင့်အောက်ရှိ ဆက်စပ်သည့် စီမံကိန်း ဟူသမျှ EIA လုပ်ငန်းစဉ် အပြီးသတ် ဆောင်ရွက်ထားမှုအား အတည်ပြုစစ်ဆေးရန် တာဝန်ရှိသည်။ |
| ပြစ်ဒဏ်များ | | |
| မွန်ဂိုလီးယား | မွန်ဂိုလီးယား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှု အကဲဖြတ်ဆန်းစစ်ချက်များဆိုင်ရာ ဥပဒေ ၂၀၁၄၊ နှင့် မွန်ဂိုလီးယား သတ္တုတွင်း ဥပဒေ | Soums နှင့် aimags အုပ်ချုပ်ရေးမှူးများသည် လိုင်စင်ရ သယံဇာတ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းအနေဖြင့် ၎င်းတို့၏ ပတ်ဝန်းကျင်ဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များကို ပြည့်မီအောင် ဆောင်ရွက်ရန် ပျက်ကွက်ပါက သယံဇာတ ရှာဖွေရေး လိုင်စင်များအတွက် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ တူးဖော်ဆယ်ယူမှု လုပ်ခွင့်ကို Soums နှင့် aimags အုပ်ချုပ်ရေးမှူးများသည် ရပ်ဆိုင်းထားနိုင်သည်။ စီမံကိန်း လုပ်ဆောင်သည့် လုပ်ငန်းမှ ပတ်ဝန်းကျင်ဆိုင်ရာ တူးဖော်ဆယ်ယူမှု နှစ်စဉ်အာမခံများကို လွှဲပြောင်းပေးရန် ပျက်ကွက်ပါကလည်း အုပ်ချုပ်ရေးမှူးများအနေဖြင့် စီမံကိန်းများကို ရပ်ဆိုင်းပိုင်ခွင့်ရှိသည်။ လိုင်စင်ကိုင်ဆောင်ထားသည့် လုပ်ငန်းမှ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်ပါကလည်း soums နှင့် aimags အုပ်ချုပ်ရေးမှူးများသည် သယံဇာတ ရှာဖွေရေး နှင့် တူးဖော်ရေး ဆောင်ရွက်ချက်များ အားလုံးကို ရပ်ဆိုင်းနိုင်ခွင့်ရှိသည်။ |

## ဒေသခံများအကျိုးစီးပွားတိုးတက်ရေး

| နိုင်ငံ | ဥပဒေ | သက်ဆိုင်သော ခေါင်းစဉ်များနှင့်စပ်လျဥ်း၍ ဖော်ပြချက် |
|---|---|---|
| တရားဝင် မူဘောင် ဒီဇိုင်းပုံစံ | | |
| အင်ဒိုနီးရှား | ဒေသန္တရ အစိုးရများ၏ စည်းမျဉ်းများ အမှတ် ၄၈/၂၀၁၁ | Bojonegoro ပြည်နယ်သည် ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်းတွင် ဒေသခံအကျိုး ဖွံ့ဖြိုးရေးဆိုင်ရာ ကိုယ်ပိုင် ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ တူးဖော်ရေးကုမ္ပဏီများအနေဖြင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းများ၊ ဒေသခံများကို ၎င်းတို့လုပ်ငန်း နှင့် လက်တွဲဆောင်ရွက်ရန် လမ်းညွှန်များ ဖော်ပြထားခြင်းဖြင့် နိုင်ငံအဆင့် ဥပဒေ (ဒေသခံများ အကျိုးစီးပွား တိုးတက်ရေး အတွက် ပင်မ ဥပဒေကြီး) ထက်ပို၍ တိကျသည်။ |
| ဖိလစ်ပိုင် | ဌာနေတိုင်းရင်းသားများ အခွင့်အရေး အက်ဥပဒေ၊ ၁၉၉၇ | ဖိလစ်ပိုင်နိုင်ငံရှိ ဌာနေတိုင်းရင်းသားများသည် ပြည်ထောင်စုနှင့် ဒေသန္တရအဆင့်များ အားလုံးတွင် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို ဖော်ဆောင်ခြင်း နှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့တွင် ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။ |
| လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ။ ဒေသခံများ အကျိုးစီးပွားတိုးတက်ရေး အစီအစဉ် နှင့် စာချုပ်ညှိနှိုင်းဆွေးနွေးမှု | | |
| ဩစတြေးလျ | ဌာနေများပိုင်ဆိုင်ခွင့် အက်ဥပဒေ၊ ၁၉၉၃ နှင့် ပြည်နယ်နှင့် ဒေသများ၏ ဌာနေတိုင်းရင်းသားများရေးရာ ဥပဒေ | အစဉ်အလာအားဖြင့် ဌာနေတိုင်းရင်းသားများ ပိုင်ဆိုင်သည့် မြေပေါ်တွင် လုပ်ဆောင်နိုင်သည့် မည်သည့်သယံဇာတ တူးဖော် ထုတ်လုပ်ရေး ဆောင်ရွက်ချက်များမဆို ဌာနေတိုင်းသားများ၏ သဘောတူခွင့်ပြုချက် လိုအပ်သည်။ ဌာနေတိုင်းရင်းသားများသည် လိုင်စင်သဘောတူ ခွင့်ပြုချက်များနှင့် အခြားသဘောတူချက်များ အောက်တွင် သတ်မှတ်ချက်များနှင့် ကတိကဝတ် တောင်းဆိုချက်များကို အဆိုပြုရန် အခွင့်အရေးရှိသည်။ လက်တွေ့တွင် အဆိုပါ ဥပဒေအောက်တွင် အဆိုပြုသော သတ်မှတ်ချက်များသည် အများစုအားဖြင့် ဒေသခံများ အကျိုးစီးပွားတိုးတက်ရေးနှင့် ဆက်စပ်သည်။ |
| ဖိလစ်ပိုင် | ဌာနေတိုင်းရင်းသားများ အခွင့်အရေး အက်ဥပဒေ (၁၉၉၇) | ဌာနေတိုင်းရင်းသားများသည် ၎င်းတို့ ဘိုးဘွားပိုင်မြေပေါ်တွင် လုပ်ဆောင်မည့် သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ရေးလိုင်စင်များအတွက် သတ်မှတ်ချက်များကို ညှိနှိုင်းဆွေးနွေးပိုင်ခွင့် ရှိသည်။ |
| | DENR အုပ်ချုပ်စီမံခန့်ခွဲရေး ညွှန်ကြားချက် အမှတ် ၂၀၀၀–၉၉၊ ပြန်လည်စိစစ်တည်းဖြတ်ထားသည့် လက်တွေ့အကောင်အထည်ဖော်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ရီပက်ဗလစ် အက်ဥပဒေ အမှတ် ၇၉၄၂၊ ၁၉၉၅ ဖိလစ်ပိုင်သတ္တုတွင်း အက်ဥပဒေ ဟုလည်း ခေါ်ဆိုသည်။ | သတ္တုတွင်းများနှင့် ဘူမိသိပ္ပံ ဗျူရို ၏ ဒေသဆိုင်ရာ ရုံးများအား ဗဟို MGB မှ တိုက်ရိုက်ခန့်အပ် ဆောင်ရွက်ပြီး ၎င်းတို့သည် ယင်းဧရိယာအတွင်း လူမှုဖွံ့ဖြိုးတိုးတက်ရေး နှင့် စီမံခန့်ခွဲရေး ပရိုဂရမ်များ (SDMP) အား ပြန်လည်သုံးသပ် စစ်ဆေးမှုနှင့် အတည်ပြု ခွင့်ပြုချက်များ ပေးရန် တာဝန်ရှိသည်။ |
| မွန်ဂိုလီးယား | မွန်ဂိုလီးယား ရေနံဥပဒေ၊ ၂၀၁၄ | ရေနံလုပ်ငန်း သဘောတူညီချက်များတွင် ဒေသခံများ အကျိုးစီးပွား တိုးတက်ရေး သတ်မှတ်ချက်များအား ဗဟိုအစိုးရနှင့် soum သို့မဟုတ် aimag အုပ်ချုပ်ရေးမှူးများမှ တွဲဖက်ညှိနှိုင်း ဆွေးနွေး ဆောင်ရွက်သည်။ |

| စောင့်ကြည့်စစ်ဆေးခြင်း | | |
|---|---|---|
| ဖိလစ်ပိုင် | DENR အုပ်ချုပ်စီမံခန့်ခွဲရေး ညွှန်ကြားချက် အမှတ် ၂၀၀၀-၉၉၊ ပြန်လည်စိစစ် တည်းဖြတ်ထားသည့် လက်တွေ့အကောင်ထည်ဖော်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ရီပက်ဗလစ်အက်ဥပဒေ အမှတ် ၇၉၄၂၊ ၁၉၉၅ ဖိလစ်ပိုင် သတ္တုတွင်းအက်ဥပဒေဟုလည်း ခေါ်ဆိုသည်။ | သတ္တုတွင်းများနှင့် ဘူမိသိပ္ပံ ဗျူရို (ဗဟို MGB မှ တိုက်ရိုက်ခန့်အပ်သည်) ၏ ဒေသဆိုင်ရာ ရုံးများသည် စီမံကိန်းတည်ရှိရာ လူမှုအသိုင်းအဝိုင်းနှင့် ဒေသခံ အသိုင်းအဝိုင်းတို့၏ အကူအညီဖြင့် SDMP လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုကို ကာလအလိုက် စောင့်ကြည့်စစ်ဆေးသည်။ အဆိုပါရုံးများသည် စာရင်းစစ်ရန်အတွက် MGB အား စောင့်ကြည့်စစ်ဆေးမှုဆိုင်ရာ အစီရင်ခံစာများ တင်ပြသည်။ SDMP လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုတွင် စီမံကိန်းတည်ရှိရာ လူမှုအသိုင်းအဝိုင်းနှင့် အိမ်နီးချင်း အသိုင်းအဝိုင်းများအကြား ချိတ်ဆက်မှုများကို ဆောင်ရွက်ရန်အတွက် လူမှုအသိုင်းအဝိုင်း ဆက်ဆံရေးအရာရှိ (CRO) တစ်ဦးကို ကုမ္ပဏီမှ ခန့်အပ်သည်။ အဆိုပါ CRO သည် ဒေသခံတစ်ဦးဖြစ်ရမည်ဟု ဥပဒေတွင် မဖော်ပြထားပါ။ |
| မလေးရှား | နိုင်ငံတော် သတ္တုတွင်းထွက်လုပ်ငန်းများ ဥပဒေ၊ ၂၀၀၉ | ပြည်တွင်းအလုပ်သမားများကို သင်တန်းပေးရမည်ဟု လျော့ရဲသော လမ်းညွှန်ချက်များ ရှိသည်။ ယေဘုယျအားဖြင့် ပြည်နယ်အစိုးရများသည် ပြည်ထောင်စု မူဝါဒများအား လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ထိရောက်အကျိုးရှိမှုတို့ကို ဆန်းစစ်ရန် စောင့်ကြည့်စစ်ဆေးရေး တာဝန်များရှိသည်။ |
| မွန်ဂိုလီးယား | မွန်ဂိုလီးယား သတ္တုတွင်းထွက်လုပ်ငန်းများ ဥပဒေ၊ ၂၀၀၆ | လုပ်ငန်းလိုင်စင်ရှိသည့် လုပ်ငန်းအနေဖြင့် ဒေသခံများ အကျိုးစီးပွား တိုးတက်ရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များတွင် ဒေသန္တရ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဟု ဖော်ပြထားသည်။ နိုင်ငံသားများသည် လိုင်စင်ရ လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို စောင့်ကြည့်စစ်ဆေးရန်အတွက် ကိုယ်စားလှယ်တစ်ဦးအား ရွေးချယ်သည်။ |
| | မွန်ဂိုလီးယား ရေနံဥပဒေ၊ ၂၀၁၄ | ဒေသခံများ အကျိုးစီးပွားတိုးတက်ရေးနှင့်စပ်လျဉ်းသည့် စည်းမျဉ်းဥပဒေများအား လေးစားလိုက်နာမှု ရှိမရှိအား စောင့်ကြည့်စစ်ဆေးရန် ပြည်ထောင်စုအဆင့် ရေနံအုပ်ချုပ်ရေး အာဏာပိုင်အဖွဲ့နှင့် ဒေသန္တရအဆင့် soum (ခရိုင်) အုပ်ချုပ်ရေးမှူးတို့မှ ပူးတွဲတာဝန်ယူ ဆောင်ရွက်သည်။ |
| အင်ဒိုနီးရှား | သတ္တုတွင်းနှင့် ကျောက်မီးသွေး ဥပဒေ (၂၀၀၉) စွမ်းအင်နှင့် သဘာဝသယံဇာတ ဝန်ကြီးဌာန အမိန့်ထုတ်ပြန်ချက် အမှတ် ၃၁၊ ဒေသန္တရ အစိုးရဥပဒေ၊ ၂၀၁၄ | သတ္တုတွင်းကဏ္ဍတွင် ဒေသခံများ အကျိုးစီးပွားတိုးတက်ရေး သတ်မှတ်ပြဋ္ဌာန်းချက်များသည် အဆိုပါဥပဒေများတွင် ပါဝင်ပြီး စည်းကမ်းကြီးကြပ်ရေး အခွင့်အာဏာသည် ၂၀၁၄ ဒေသန္တရအစိုးရဥပဒေအောက် ပြဋ္ဌာန်းချက်များနှင့်အညီ ဝန်ကြီးများနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးများ လက်ထဲတွင် ရှိသည်။ |

## တစ်နိုင်တစ်ပိုင်နှင့် အသေးစား တူးဖော်ထုတ်လုပ်မှု

| နိုင်ငံ | ဥပဒေ | သတိပြုမိသော သတ်မှတ်ပြဋ္ဌာန်းချက်များအား ဖော်ပြချက် |
|---|---|---|
| သတ်မှတ်ရွေးချယ်ထားသော နိုင်ငံများတွင် ASM လိုင်စင်ချပေးမှု အခွင့်အာဏာများနှင့်သက်ဆိုင်သည့် ဥပဒေပြဋ္ဌာန်းမှု | | |
| အိန္ဒိယ | အိန္ဒိယနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သတ္တုတွင်းများနှင့် သတ္တုတွင်းထွက်ပစ္စည်းများ (ထုတ်လုပ်ရေးနှင့် ထိန်းသိမ်းရေး) အက်ဥပဒေ၊ ၁၉၅၇၊ ၂၀၁၅ ခုနှစ်တွင် ပြန်လည်ပြင်ဆင်ခဲ့သည်။ | အိန္ဒိယသည် တစ်နိုင်တစ်ပိုင် နှင့် အသေးစားလုပ်ငန်း၏ တရားဝင် အနက်အဓိပ္ပာယ်အား ဖွင့်ဆိုထားမှု မရှိသေးပေ။ ASM အတွက် လိုင်စင်ချပေးခြင်းနှင့်သက်ဆိုင်သည့် သီးခြား ဥပဒေသတ်မှတ်ပြဋ္ဌာန်းချက်များကို ဖော်ဆောင်ထားခြင်းမျိုး မရှိသေးပါ။ ASM အား အထွေထွေ သတ္တုတွင်းဆိုင်ရာ ဥပဒေအရ အကြွင်းမဲ့ အုပ်ချုပ်စီမံ ခန့်ခွဲသည်။ ထို့ကြောင့် ဗဟိုအစိုးရ၏ ခွင့်ပြုချက်ဖြင့် လိုင်စင်များ အား ပြည်နယ်များမှ ချပေးသည်။ |
| အင်ဒိုနီးရှား | သတ္တုတွင်းဥပဒေ ၂၀၀၉၊ သတ္တုတွင်းဧရိယာဆိုင်ရာ အစိုးရ ပြဋ္ဌာန်းသည့် စည်းမျဉ်းအမှတ် ၂၂/၂၀၁၀ | ဒေသနတရ အစိုးရများနှင့် မြို့တော်ဝန်များသည် ASM လိုင်စင်များ ထုတ်ပေးရန် အခွင့်အာဏာရှိသလို ASM အတွက် လျာထားသည့် ဧရိယာများကိုလည်း အဆုံးအဖြတ်ပေးသည်။ |
| | ဒေသန္တရ အစိုးရဥပဒေ ၂၀၁၄ | ခရိုင်တစ်ခုအတွင်းရှိ လုပ်ကွက်များ ချထားခွင့်ကို ခရိုင်အုပ်ချုပ်ရေးမှူးကိုသာ အပြည့်အဝ ပေးထားပြီး မြို့တော်ဝန်များ နှင့် ဒေသအုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍ မပါသောကြောင့် ဒေသန္တရ အစိုးရဥပဒေသည် သတ္တုတွင်းဥပဒေနှင့် ပဋိပက္ခဖြစ်နေသည်။ အစိုးရများနှင့် မြို့တော်ဝန်များသည် လိုင်စင်ချပေးခြင်း လုပ်ငန်းများကို ညှိဖျင်းစွာ ဆောင်ရွက်မှုများ ဖြစ်ပေါ်ခဲ့ပြီး နောက်ပိုင်းတွင် ယင်းဥပဒေအား ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ယခုစာတမ်းရေးသားနေသည့် အချိန်တွင်လည်း အဆိုပါဥပဒေ နှစ်ရပ်အတွင်း ဆီလျော်မှုမရှိသည့် ပဋိပက္ခများကို ဖြေရှင်းနိုင်ခြင်း မရှိသေးပါ။ |
| မလေးရှား | ပြည်နယ်၏ သတ္တုဥပဒေများ (SMEs) | ပြည်နယ်များမှ ၎င်းတို့အသီးအသီး လက်အောက်ရှိ SMEs များအရ အသေးစား သတ္တုတူးဖော်ရေးလုပ်ငန်းများအတွက် လိုင်စင်များကို ချပေးသည်။ အသေးစား သတ္တုတူးဖော်ရေးလုပ်ငန်းအား အနည်ကျ ကျောက်များ တူးဖော်ရေးဟု အဓိပ္ပာယ်ဖွင့်ဆိုပြီး လုပ်ကွက် အရွယ်အစားအတွက် ကန့်သတ်ချက်များ မရှိပါ။ |
| မွန်ဂိုလီးယား | မွန်ဂိုလီးယား သတ္တုတွင်းထွက် ဥပဒေ (၂၀၁၀ တွင် ပြင်ဆင်) အသေးစား သတ္တုတွင်းများမှ သတ္တုတွင်းထွက်ပစ္စည်းများ တူးဖော်ထုတ်ယူမှုဆိုင်ရာ စည်းမျဉ်းများ | တစ်နိုင်တစ်ပိုင်နှင့် အသေးစား သတ္တုတွင်းလုပ်ငန်းအတွက် လုပ်ငန်းလိုင်စဉ်တစ်ခု လျှောက်ထားရာတွင် ငါးဦးထက်မနည်းသော အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုကို ၎င်းတို့ကိုယ်တိုင် စီစဉ်ဆောင်ရွက်ရသည်။ ခရိုင်အဆင့် အစိုးရများသည် ASM အတွက် သတ်မှတ်လျာထားသည့် ဧရိယာများအား ရွေးချယ်ပြီး သတ္တုတွင်းတူးဖော်ခွင့် လိုင်စင်များအား ချပေးသည်။ |
| ဖိလစ်ပိုင် | အသေးစား သတ္တုတွင်းလုပ်ငန်း အက်ဥပဒေ၊ ၁၉၉၁ (RA 7076) ဌာနေတိုင်းရင်းသားများ အခွင့်အရေး အက်ဥပဒေ၊ ၁၉၉၁ | ပြည်နယ်/မြို့ပြ သတ္တုတွင်းလုပ်ငန်းများ ကြီးကြပ်ရေး ဘုတ်အဖွဲ့များက ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသည့် မြို့များတွင် ASM လိုင်စင်များ ချပေးသည်။ ဘုတ်အဖွဲ့အစည်းတွင် MGB ၏ ပြည်နယ်ဒါရိုက်တာ (ဗဟိုမှခန့်အပ်) သည် ဥက္ကဋ္ဌအဖြစ် ပါဝင်ပြီး ပြည်နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသည့် မြို့၏ မြို့တော်ဝန် ကိုယ်စားလှယ်များ၊ သတ္တုတွင်းလုပ်ငန်းမှ ကိုယ်စားလှယ်များ (အသေးစား၊ အကြီးစား) နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းမှ ကိုယ်စားလှယ် တစ်ဦး အစရှိသဖြင့် အဖွဲ့ဝင်များအဖြစ် ပါဝင်သည်။ |

| သတ်မှတ်ရွေးချယ်ထားသော နိုင်ငံများတွင် ASM လုပ်ငန်းအား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြည့်စစ်ဆေးခြင်း | | |
|---|---|---|
| အိန္ဒိယ | EIA ထုတ်ပြန်ချက်များ ၂၀၁၆ (၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ပြင်ဆင်) | ၅ ဟက်တာအောက် လုပ်ကွက်များပေါ်ရှိ ဆောက်လုပ်ရေးသုံး ပစ္စည်းများ (အိန္ဒိယ ဥပဒေတွင် သာမည သတ္တုတွင်းထွက်ပစ္စည်း များဟု သတ်မှတ်ထားသည်) တူးဖော်ထုတ်လုပ်မှုအတွက် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ခွင့်ပြုမိန့်များ (EC) ကို ခရိုင် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ် ဆန်းစစ်ရေး အာဏာပိုင်အဖွဲ့ (DEIAA) မှ ချပေးသည်။ ၅၀ ဟက်တာအောက်ရှိ ကျောက်မီး သွေးမဟုတ်သော သတ္တုတွင်းထွက် စီမံကိန်း ဟူသမျှအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခွင့်ပြုမိန့်များကို ပြည်နယ် DEIAA အာဏာပိုင်အဖွဲ့မှ ထုတ်ပြန်သည်။ (အမျိုးအစား ဘီ EIA မူဘောင်အောက်ရှိ စီမံကိန်းများ) |
| အင်ဒိုနီးရှား | သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခွင့်ပြုချက် စည်းမျဉ်းများ၊ ၂၀၁၂ နှင့် သဘာဝပတ် ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက် ရေး နှင့် စီမံခန့်ခွဲမှု ဥပဒေ၊ ၂၀၀၉ | ခရိုင်အဆင့်၊ ပြည်နယ်အဆင့် နှင့် ဗဟိုအစိုးရများ အားလုံးသည် ၎င်းတို့ စီရင်ပိုင်ခွင့်အတွင်း တည်ရှိသည့် စီမံကိန်းများအတွက် EIAs အကဲဖြတ် ဆန်းစစ်မှုနှင့် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရေးအတွက် တာဝန်ရှိသည်။ အစိုးရအဆင့်တိုင်းတွင် စီမံကိန်းကြောင့် အကျိုးသက်ရောက်မှုရှိသည့် ဒေသခံများအား ကိုယ်စားပြုသည့် EIA အကဲဖြတ်ကော်မတီ တစ်ခုရှိသည်။ |
| မွန်ဂိုလီးယား | သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုး သက်ရောက်မှု အကဲဖြတ်ဆန်းစစ်ခြင်း ဥပဒေ (၂၀၁၁ ခုနှစ်တွင် ပြင်ဆင်)၊ အသေးစား သတ္တုတွင်းများမှ သတ္တုတွင်း ပစ္စည်းများ တူးဖော်ထုတ်ယူမှုအတွက် စည်းမျဉ်းစည်းကမ်း (၂၀၁၀) | ASM အပါအဝင် EIA အသိအမှတ်ပြုလက်မှတ်များ အားလုံးကို ဗဟိုအစိုးရမှ ထုတ်ပြန်ပေးသည်။ ခရိုင် အုပ်ချုပ်ရေးမှူးများတွင် EIA ဥပဒေအောက်၌ ပြန်လည်ထူထောင်ရေး နှုန်းစံများနှင့် သဘာဝပတ်ဝန်းကျင် ပြန်လည်ထိန်းသိမ်းပြုပြင်ရေး ရံပုံငွေများကို သုံးသပ် ဆန်းစစ်ရန် တာဝန်ရှိသည်။ |
| ဖိလစ်ပိုင် | ၁၉၉၁ အသေးစား သတ္တုတွင်းလုပ်ငန်း အက်ဥပဒေ ၏ အကောင်အထည်ဖော် ဆောင်ရွက်မှု စည်းမျဉ်းများ(RA 7076) | အသေးစား သတ္တုတွင်းများအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေးစားလိုက်နာမှု အသိအမှတ်ပြုလက်မှတ် (ECC) လိုအပ်ပြီး ယင်းလက်မှတ်အား သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်း အမြစ်များ (DENR) ဌာန၏ ဒေသဆိုင်ရာ အမှုဆောင်ဒါရိုက်တာ မှ ထုတ်ပြန်ပေးပြီး ယင်း ဒါရိုက်တာအား ဗဟို DENR ရုံးမှ ခန့်အပ်သည်။ |
| | ဒေသန္တရ အစိုးရ အက်ဥပဒေ၊ ၁၉၉၁ | သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှု ရှိနိုင်သည့် စီမံကိန်း အားလုံးအတွက် ဒေသန္တရ အစိုးရများ၏ ကြိုတင် သဘောတူ ခွင့်ပြုချက် လိုအပ်သည်။ |

## နောက်ဆက်တွဲ ၂။ ကျမ်းကိုးစာရင်း


Anderson, George. *Oil and Gas in Federal Systems.* OUP Canada, 2012.

Bauer, Andrew, Paul Shortell and Lorenzo Delesgues. *Sharing the Wealth: A Roadmap for Distributing Myanmar's Natural Resource Revenues.* Natural Resource Governance Institute, 2016.

Bauer, Andrew, Rebecca Iwerks, Matteo Pellegrini and Varsha Venugopal. *Subnational Governance of Extractives: Fostering National Prosperity by Addressing Local Challenges.* Natural Resource Governance Institute, August 2016.

Burke, Adam, Nicola Williams, Patrick Barron, Kim Jolliffe and Thomas Carr. The *Contested Areas of Myanmar: Subnational Conflict, Aid, and Development.* The Asia Foundation, 2017.

Center for Constitutional Transitions, International IDEA and UNDP (United Nations Development Programme). *Oil and Natural Gas: Constitutional Frameworks for the Arab States Region.* 2014.

Cust, Jim and Claudia Viale. *Is There Evidence for a Subnational Resource Curse?* Natural Resource Governance Institute, April 2016.

Esteves, Ana Maria, Bruce Coyne and Ana Moreno. *Local Content Initiatives: Enhancing the Subnational Benefits of Oil, Gas and Mining.* Natural Resource Governance Institute, 2013.

Global Witness. *Jade: Myanmar's 'Big State Secret.'* October 2015.

Haysom, Nicholas and Sean Kane. *Negotiating Natural Resources for Peace: Ownership, Control and Wealth-sharing.* Centre for Humanitarian Dialogue, October 2009.

Heller, Patrick and Lorenzo Delesgues. *Gilded Gatekeepers: Myanmar's State-owned Oil, Gas and Mining Enterprises.* Natural Resource Governance Institute, 2016.

International Crisis Group. *Building Critical Mass for Peace in Myanmar.* 2017.

Iwerks, Rebecca and Varsha Venugopal. *It Takes a Village: Routes to Local-level Extractive Transparency.* Natural Resource Governance Institute, February 2016.

Kurauchi, Yuko, Antonio La Vina, Nathan Badenoch and Lindsey Fransen. *Decentralization of Natural Resources Management – Lessons from Southeast Asia: Case Studies under REPSI.* World Resources Institute, May 2006.

Lynn, Thet Aung and Mari Oye. *Natural Resources and Subnational Government in Myanmar: Key Considerations for Wealth Sharing.* IGC, MDRI-CESD and The Asia Foundation, 2014.

Myanmar Centre for Responsible Business. *Myanmar Mining Sector Wide Impact Assessment on Limestone, Gold and Tin: Draft for Consultation.* 2016.

Myanmar Centre for Responsible Business. *Myanmar Oil and Gas Sector Wide Impact Assessment.* 2014.

Natural Resource Governance Institute and the United Nations Development

Programme. *Natural Resource Revenue Sharing.* 2016.

Natural Resource Governance Institute. *2017 Resource Governance Index.* 2017.

Nixon, Hamish, Cindy Joelene, Kyi Pyar Chit Saw, Thet Aung Lynn and Matthew Arnold. *State and Region Governments in Myanmar.* MDRI and the Asia Foundation, 2015.

Oxfam. *Community Consent Index 2015.* Oxfam Briefing Paper, 23 July 2015.

Shortell, Paul and Maw Htun Aung. *Mineral and Gemstone Licensing in Myanmar.* Natural Resource Governance Institute, 2016.

Smith, Erin and Peter Rosenblum. *Enforcing the Rules: Government and Citizen Oversight of Mining.* Revenue Watch Institute, 2011.

The Asia Foundation. *The State of Conflict and Violence in Asia.* 2017.

Venugopal, Varsha. *Assessing Mineral Licensing in a Decentralized Context: The Case of Indonesia.* Natural Resource Governance Institute, 2014.

Venugopal, Varsha. *Thinking Locally: Community Consultation in the Philippines.* Natural Resource Governance Institute, 2016.

လွတ်လပ်ပြီး အကျိုးအမြတ်မရှာဖွေသည့် အဖွဲ့အစည်းတစ်ခုဖြစ်သော သဘာဝသယံဇာတအရင်းအမြစ် စီမံခန့်ခွဲမှု အကြံပေးအဖွဲ့ (Natural Resource Governance Institute) သည် ပြည်သူများ မိမိတိုင်းပြည်မှထွက်သော ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် သတ္တုတွင်းထွက်များ ကြွယ်ဝမှု၏ အကျိုးကျေးဇူးများကို သိရှိနားလည်စေရန် လက်တွေ့အသုံးချ သုတေသနပြုခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ နည်းပညာဆိုင်ရာ အကြံဉာဏ်ပေးခြင်း နှင့် စည်းရုံးရေး ပြုလုပ်ပေးခြင်းဖြင့် ကူညီပေးပါသည်။
ထပ်မံလေ့လာရန် – www.resourcegovernance.org

Natural Resource Governance Institute

Oil, gas and mining for development